# ကောင်းကင်ဆိုင်ရာ သတို့သားနှင့် လောကဆိုင်ရာ သတို့သမီးအတွက် အနာဂတ်အိမ်

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်

၆၄ - ၁၈၀၂

1 ၁။ ကျွန်တော်တို့ ခဏလေးမတ်တပ်ရပ်ကြပါစို့။ ပြီးရင် ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ နှလုံးသားတွေနဲ့ ဆက်ကပ်ဆုတောင်းကြပါစို့။

ကောင်းကင်ဘုံရှင် အဖဘုရားသခင် ဒီနေ့ ဒီကိုရောက်လာဘို့ အခွင့်ပေးတဲ့အတွက် ကျွန်တော်တို့ တစ်ကယ်ဘဲ ကျေးဇူးတင်မိ ပါတယ်။ သခင်ယေရှုနာမ၌ ကျွန်တော်တို့ အတူတကွ စုဝေးခွင့်ရပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ရဲ့အပြစ်တွေကို ခွင့်လွှတ်ဘို့ဆု တောင်းပါတယ်။ ကျွန်တော်တို့ဟာ ထာဝရအရာတွေကို ဦးတည်ပြီးတော့ ပြောင်းလဲနိုင်ဘို့ ကိုယ်တော်ရှင် မစတော်မူပါ။ မပျက်စီးနိုင်တဲ့ အသက်တာတွေကို ရောက်နိုင်ဘို့ မစတော်မူပါ။ ကိုယ်တော်ရှင်ရဲ့ လမ်းပြမှု ကျွန်တော်တို့ကို ပေးသနားပါမည့်အကြောင်း ကျွန်တော်တို့ ဆုတောင်းပါတယ်။ အဲဒါမှ ကျွန်တော်တို့ဟာ အနာဂတ်မှာ ဘာလုပ်ရမလဲဆိုတာ သိပြီးဦးတည်ချက်ကို ရရှိမှာ ဖြစ်ပါတယ်။ အခုအချိန်ကာလမှာလည်း ကျွန်တော်တို့ကို ကိုယ်တော်ရှင် ပေးထားတဲ့ ဂတိတော်အ တိုင်း ကျွန်တော်တို့ ထိုနေရာကို ရောက်ရှိနိုင်ဘို့ မစတော်မူပါ။

ဖျားနာတဲ့သူတွေ အများကြီးရှိပါတယ်။ ဒီနယ်တစ်ဝိုက်မှာ အကူအညီ လိုအပ်တဲ့သူတွေလည်း အများကြီးရှိပါတယ်။ သူတို့ ခရီးမဆုံးသေးပါဘူး။ ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ရန်သူ ကျွန်တော်တို့ရဲ့ရန်သူသာမက သင်တို့ရဲ့ရန်သူလည်းဖြစ်ပါတယ်။ ရန်သူကလာပြီး တော့ သူတို့ကို ရင်ဆိုင်ပါတယ်။ သူတို့ရဲ့ အသက်တာတွေကို ရပ်တန့်စေပါတယ်။ အချိန်မတိုင်မီဘဲ သချႋင်းကုန်းကို သူတို့ရောက်သွား ကြပါတယ်။ သူတို့အတွက် ကျွန်တော်တို့ ဆုတောင်းပေးပါတယ်။ ယနေ့ကိုယ်တော်ရှင်နှင့် ကိုယ်တော်ရှင်ရဲ့ ဂရုဏာတော်ကျေးဇူးတော်တွေက ကြီးမားပြီးတော့ ကိုယ်တော်ရှင်က သူတို့ရဲ့ နေ့ရက်ကာလတွေကို ပိုမိုပြီးတော့၊ ရှည်လျားပြီးတော့ ကိုယ်တော်ရှင် သတ်မှတ်ထားတဲ့အချိန်အထိ နေထိုင်ခွင့် ပြုတော်မူပါ။

2 ၂။ ကျွန်တော် ဒီတရားဟောစင်ပေါ်မှာ လက်ကိုတင်ထားပြီးတော့ ဆုတောင်းခံဘို့ လက်ကိုင်ပုဝါလေးတွေ အထုပ်ကလေး တွေကို ချထားပါတယ်။ ခန်းမဆောင်ကြီးထဲမှာနဲ့ ဒီအနီးအနားတစ်ဝိုက်မှာတော့ သူတို့ကို ထမ်းစင်တွေနဲ့ နောက်ပြီးတော့ ကုတင်သေး သေးလေးတွေနဲ့ လူတွေကို လူနာတွေကို တင်ထားပါတယ်။ ပရိတ်သတ်တွေထဲမှာလည်း မတ်တပ်ရပ်နေ လောက်အောင် သူတို့ ခွန်အားမရှိပါဘူး။

အိုထာဝရဘုရားသခင် ကောင်းချီးပေးတော်မူပါ။ ကျွန်တော်တို့ရဲ့ ဆုတောင်းသံကို ဒီမနက် နားညောင်းတော်မူပါ။ သခင် ယေရှုရဲ့ အသွေးတော်အားဖြင့် ကျွန်တော်တို့ရဲ့ ဒုစရိုက်တွေကို မကြည့်ဘဲနဲ့ ကျွန်တော်တို့ကိုယ်စား ကိုယ်တော်ရှင် ခံရပ်ပေးတာကို ကျွန်တော်တို့ သိပါတယ်။ ကိုယ်တော်ရှင်ဟာ ဒီဆုတောင်းချက်မှာ ကျွန်တော်တို့ကို ကိုယ်စားပြုဆုတောင်းအယူခံဝင်ပေးပြီးတော့ ရှိနေစေပါတယ်။ ကိုယ်တော်ရှင် ဘုန်းတော်ထင်ရှားစေဘို့အတွက် လူတိုင်းတစ်ယောက်စီ အနာရောဂါငြိမ်းစေဘို့ မစတော်မူပါ ကိုယ်တော်။

လက်ကိုင်ပုဝါလေးတွေကိုလည်း ကောင်းချီးပေးတော်မူပါ။ ဒီလက်ကိုင်ပုဝါလေးတွေကို ဖျားနာတဲ့သူတွေအပေါ်မှာ တင်ပြီးတော့ ဆုတောင်းတဲ့အခါမှာ သူတို့တွေရဲ့ အနာရောဂါတွေကို ငြိမ်းစေတော်မူပါ။

ယခုအခါမှာ ခမည်းတော်ဘုရား တစ်ကယ်ကြီးမားတဲ့အနာရောဂါငြိမ်းစေခြင်း စည်းဝေးကို ကျွန်တော်တို့ စောင့်စားနေကြပါ တယ်။ မကြာခင် စတင်နိုင်မှာ ဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ကို ကိုယ်တော်ရှင် ခွင့်ပြုတော်မူပါ။ ကိုယ်တော်ရှင် နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်ရှင်ကို ကျွန်တော်တို့ သိပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်နိုင်ဘို့ မစတော်မူပါ။ သခင် ယေရှုနာမ၌ ကျွန်တော်တို့ ဆက်ကပ်ဆုတောင်းပါတယ်။ အာမင်။

3 ၃။ အမြဲတမ်းဘဲ အမြင့်မားဆုံး အခွင့်အရေးတွေကို ကျွန်တော် မြှော်လင့်ခဲ့ပါတယ်။ အဲဒီအခွင့်အရေးက ဘာလဲဆိုတော့ ဘုရား သခင် အိမ်တော်မှာ နေဘို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်ရဲ့လူတွေကို စကားပြောဘို့ဘဲ ဖြစ်ပါတယ်။ အခုအ ချိန်မှာ ကျွန်တော် အတွေ့အကြုံရခဲ့ပါပြီ။ သင်ခန်းစာလည်း အတော်များများ ရခဲ့ပါပြီ။ ကျွန်တော် ယုံကြည်တဲ့အရာကတော့ ခင်ဗျားတို့ အားလုံး အဆင်ပြေမယ်။ သက်တောင့်သက်သာ နေရမှာဖြစ်ပါတယ်။ ကဲနောက်ဆုံး သတင်းစကားကို ကျွန်တော်တို့ ရရှိတဲ့အထိဘဲ ဖြစ်ပါတယ်။

4 ၄။ အခု ပူအိုက်ပါတယ်။ လေအေးပေးစက်ရှိလို့ ကျွန်တော် ကျေးဇူးတင်မိပါတယ်။ ဒီလောက်များပြားတဲ့ လူအုပ်ကြီးအတွက် ကတော့ ဒီလေအေးပေးစက်နဲ့တောင် လုံလောက်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ရဲ့ကိုယ်ခန္ဓာကလည်း အပူထွက်တဲ့ ယူနစ်တစ်ခုလို ဖြစ်ပါတယ်။ (၉၈)ဒီဂရီကတော့အမြဲတမ်းဘဲ ရှိနေပါတယ်။ အမြဲတမ်းဘဲ အပူထွက်နေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နီးကပ်စွာ ထိုင်နေတဲ့အခါမှာ ပိုပြီးတော့ အပူထွက်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့အားလုံး နေရထိုင်ရတာ အဆင်ပြေဘို့ ဘုရားသခင်မစမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

5 ၅။ ကျွန်တော်တို့အားလုံး ဒီလိုအဆောက်အဦကြီးထဲမှာ စုဝေးတဲ့အခါမှာ ခင်ဗျားတို့ ဒီကိုလာနိုင်မှာ မဟုတ်ပါဘူး။ ဘယ်လိုနည်း နဲ့ဘဲဖြစ်ဖြစ် ခင်ဗျားတို့ကိုလည်း ကူညီနိုင်မယ်လို့ မထင်ပါဘူး။ ခင်ဗျားတို့အတွက် ကျွန်တော် ကောင်းမယ်လို့ မထင်ပါဘူး။ ခင်ဗျားတို့ အတွက် အကျိုးရှိမယ်လို့လည်း မထင်ပါဘူး။ ကျွန်တော်တို့ အချိန်များများ မယူနိုင်လို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအဆုံးသတ်ရ တော့မဲ့အချိန်ရောက်နေပါတယ်၊ ကျွန်တော် တစ်ချိန်တစ်ချိန်စီကို သေသေချာချာ မှတ်သား ထားချင်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နိုင်ငံတော်အတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခု စုဝေးတဲ့အခါမှာ ကိုယ်တော်ရှင် ဘုရားသခင်က ကျွန်တော်တို့ကို အခု ကောင်းချီး ပေးမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

6 ၆။ ခင်ဗျားတို့ကို ကျွန်တော် ကောက်ချက်ချပြီးတော့ ဝေဖန်လိုပါတယ်။ မနေ့ကဆိုရင် ကျွန်တော် တစ်ခြားနေရာ တစ်နေရာကို သွားခဲ့ပါတယ်။ အနာရောဂါ ခံစားနေရတဲ့သူတွေကို မော်တယ်တွေမှာလည်း တွေ့ရတယ်။ ဒီအပါတ်အတွင်းမှာ ကျွန်တော် မန်နေဂျာ အချို့နဲ့ တွေ့ဆုံခဲ့ရပါတယ်။ စားသောက်ဆိုင်တစ်ခုမှာလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော် ဒီအပါတ်ထဲမှာလည်း ရက်ဒ်ဟောက်စ်ကို လည်း ရောက်ခဲ့ပါတယ်။ ဟိုနားမှာ ရှိပါတယ်။ မန်နေဂျာက ကျွန်တော့်ကို လက်ဆွဲနုတ်ဆက်ပြီးတော့ ကျွန်တော်တို့ စကားစပြောဖြစ်ခဲ့ ပါတယ်။ သူက ကျွန်တော်ကို ဘရာသာဇရမ်ဟမ်လို့ ခေါ်ပါတယ်။ သူကျွန်တော့်ကို သိတဲ့အတွက် ကျွန်တော် အံ့သြနေမိပါတယ်။ သူ ဘာပြောလဲဆိုတော့ သူကျွန်တော့်ကို စကားစပြောလို့ ကျွန်တော်ကလည်း ခင်ဗျားက မန်နေဂျာလားလို့ မေးလိုက်မိပါတယ်။

သူက ဘာပြောလဲဆိုတော့ ကျွန်တော်က ပိုင်ရှင်ဖြစ်ပါတယ်လို့ ပြောပါတယ်။ ခင်ဗျားလူတွေ ဒီကိုဝင်လာပြီးတော့ စား သောက်ကြပါတယ်လို့ ပြောပါတယ်။ သူဆိုလိုတဲ့ အဓိပ္ပါယ်ကိုလည်း ကျွန်တော် နားလည်တဲ့အတွက်ကြောင့် လူအရမ်းများ ပြီးတော့ ပြည့်ကြပ်သွားတယ်လို့ ကျွန်တော်ထင်ပါတယ်လို့ ပြန်ပြောလိုက်မိပါတယ်။

7 ၇။ သူကလည်း ဘာပြောသလဲဆိုတော့ ဒီလူဟာ ကျွန်တော် တွေ့ဘူးသမျှ လူတွေထဲမှာတော့ အကောင်းဆုံးလူတွေပါဘဲ။ သူတို့ တစ်ကယ်ကောင်းတဲ့လူတွေပါဘဲလို့ ပြန်ပြောပါတယ်။

မနေ့က ကျွန်တော် မော်တယ်တစ်ခုကို ရောက်သွားပါတယ်။ အမျိုးသမီးငယ်တစ်ယောက်ကို ကျွန်တော်စကားပြောချင်လို့ပါ ဘဲ။ သူမဖခင်မိခင်တွေလည်း ရှိနေပါတယ်။ ကျွန်တော်က သူတို့ဘယ်အခန်းမှာ နေသလဲဆိုတာကို သိချင်လ်ို့ မန်နေဂျာကိုသွားမေး ခဲ့ပါတယ်။

သူက ခင်ဗျား ဘရာသာဇရမ်ဟမ်လားလို့မေးပါတယ်။ အဲဒါကတော့ အုပ်ပ်ဟော်တယ်မှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကလည်း ဟုတ်ပါတယ်လို့ ဖြေလိုက်မိပါတယ်။

သူက ဘာပြောဘလဲဆိုတော့ ခင်ဗျားကို လက်ဆွဲနုတ်ဆက်ချင်ပါတယ် ဆိုပြီး လက်ဆွဲနုတ်ဆက်ပါတယ်။ သူ့ဇနီးသည်နဲ့လည်း မိတ်ဆက်ပေးပါတယ်။ သူတို့နှစ်ယောက်စလုံး အင်မတန်မှ ကောင်းတဲ့ ဇနီးမောင်နှံတွေ ဖြစ်ပါတယ်။ သူတို့ ဘာပြောလဲဆိုတော့ ဒီမော်တယ်မှာ လာရောက်တည်းခိုပြီးတော့ ခင်ဗျားရဲ့ဝတ်ပြုစည်းဝေးကိုတက်တဲ့ လူတိုင်းဟာ သူတို့အားလုံး တစ်ယောက်စီအ တွက် ကျွန်တော်တို့ အခန်းတွေ သပ်သပ်ဖယ်ထားပေးပါတယ်။ ကျွန်တော်တို့ တစ်ခြားလာပြီးတည်းခိုမဲ့သူတွေကိုတော့ ကျွန်တော်တို့ တည်းခို ခွင့်မပေးဘဲနဲ့ ထားလိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း အဲလိုလုပ်ပေးလို့ ကျေးဇူးတင်ပါတယ်လို့ သူကိုပြောလိုက်ပါတယ်။

သူကဘာပြောလဲဆိုတော့ ဘရာသာဇရမ်ဟမ် ကျွန်တော် တွေ့ဘူးသမျှ လူတွေထဲမှာတော့ ဒီလူတွေဟာ အကောင်းဆုံးဘဲ။ အ ခုရောက်လာတဲ့သူတွေ၊ ခင်ဗျားရဲ့ဝတ်ပြုစည်းဝေးကို တက်ရောက်လာတဲ့သူတွေအကုန်လုံးဟာ လူကောင်းတွေဖြစ်တယ်လို့ သူပြောပါ တယ်။

8 ၈။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆီကို ကျွန်တော် မနေ့ညက သွားခဲ့ပါတယ်။ သူကတော့ မစ္စတာဘက်ကာဘဲ ဖြစ်တယ်။ သူလုပ်တဲ့ စန်းဝတ်ရှ် အသားညှပ်ပေါင်မုန့်တွေ ကျွန်တော် အမြဲတမ်းဘဲ နှစ်သက်ခဲ့တယ်။ သူ့ကို ဟိုးလူငယ်ကလေး ဘဝကတည်းက ကျွန်တော် သိခဲ့ပါတယ်။ သူနဲ့တောက်လျှောက် သူငယ်ချင်း ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ဇနီးမောင်နှံ စုံတွဲတစ်တွဲ ထိုင်နေပါတယ်။ အဲဒါကတော့ ရေးဗဲဆိုက်ဟော်တယ်၊ ဟော်တယ်ဟောင်းဘဲ ဖြစ်ပါတယ်။ မစ္စတာဘက်ကာက ဘာပြောလဲ ဆိုတော့ ဘီလီလို့ ပြောပါတယ်။

ကျွန်တော်ကလည်း ဘာပြောချင်လို့လဲ ဟိုးမားလို့ ပြောလိုက်ပါတယ်။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်ကတော့ အရမ်းတရင်းတနှီးကို သိကြတဲ့ လူတွေဘဲ ဖြစ်ပါတယ်။ သူက ဘာပြာလဲဆိုတော့ ခင်ဗျားတို့ လူတွေဒီမှာအားလုံးရောက်နေ တယ်လို့ ကျွန်တော်တွေ့ရတယ်။ သူတို့အားလုံးကိုလည်း ကျွန်တော် အစားအသောက်တွေ ကျွေးရတယ်လို့ ကျွန်တော် ပြောပါတယ်။

တနင်္ဂနွေနေ့တိုင်း အချို့သောသူတွေဟာ လူအယောက်(၂၀၀)လောက်ရှိမယ်။သူတို့ (Blue Boar) မှာ သွားပြီးစားသောက် ကြတယ်။ ကျွန်တော် သွားတဲ့နေရာတိုင်းမှာ ခင်ဗျားတို့ ဘယ်လောက်ကောင်းလဲဆိုတဲ့ ဝေဖန်ချက်၊ ကောက်ချက်ချတာတွေကို ကျွန်တော် အမြဲကြားနေရပါတယ်။

ဒီလူတစ်ယောက်က ဘာပြောလဲဆိုတော့ (River View) မြစ်ကမ်းနံဘေးမှာ ရောက်သွားရင် ဒီဝတ်ပြုစည်းဝေးပွဲတွေကို လာတက် တဲ့သူတွေအားလုံးနဲ့ဘဲ ပြည့်နှက်နေပါတယ်။ လူအယောက်(၁၀၀)လောက်ကတော့မရောက်န်ိုင်အောင်ဘဲရှိနေပါ တယ်။

9 ၉။ ထို့ကြောင့် ကျွန်ုပ်တို့ကို ပြောပါသည်။ ဤလောက၏ဆားဖြစ်ပါသည်။ ကျွန်တော် ဝမ်းမြောက်ခြင်းအားဖြင့် နားလည်ရပါ သည်။ လူထုများ အပြစ်သားဖြစ်ကြပါ သည်။ ဒီလူများသည် အပြစ်သားဟု မပြောပါ။ သို့သော် ဒီပုဂ္ဂိုလ်များကို ဆိုလိုသင့်သည့် အချက်မှာ စီးပွားရေးလုပ်ကြပါတယ်။ ထို့ကြောင့် သူတို့သည် လူကောင်းများဖြစ် ကြပါသည်။ ကျွန်တော်လည်း သူတို့၏ လုပ်ငန်းကို ချီးမွမ်းပါတယ်။ ပတ်ဝန်းကျင်နေရာ အားလုံး သင်သိပါသည်။ ငန်သောအရသာရှိသောသူများ ဖြစ်ကြပါသည်။ ငါသည် ဝမ်းမြောက်ပါ ၏။ သူတို့၏အသက်တာ၊ သူတို့၏နာခံခြင်း၊ ဂရုစိုက်ခြင်း နည်းလမ်း အားလုံးကို ကျွန်ုပ် ချီးမွမ်းပါသည်။

ကျွန်တော် အမြဲတမ်း ပြောခဲ့ပါတယ်။ တစ်စုံတစ်ယောက်သောသူက ဝင်လာပြီးတော့ သူ့ကုန်ကျစရိတ်တွေကို အကုန်ခံနိုင်ဘို့ ငွေမရှိဘူးဆိုရင် သင်သူ့ကို ခေါ်လိုက်ပါ။ ကျွန်တော် ဘာပြောလဲဆိုတော့ အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော် တစ်ခုခု လုပ်မယ်လို့ ပြောပါတယ်။ နောက်ပြီးတော့ ကျွန်တော် ဘာပြောလဲဆိုတော့ အမြဲတမ်းဘဲ သူတို့ကို ကျွေးမွေးတယ်။ သူတို့ ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျွေးမွေးတယ်။ တစ်ခုခု လုပ်ပေးလို့ရမလားဆိုတာကိုလည်း မေးကြည့်ပါတယ်။

သင်တို့ဟာ ကျွန်ုပ်ရဲ့သားသမီးတွေ ဖြစ်တယ်လို့ ကျွန်တော်ခံစားရပါတယ်။ သင်တို့ဟာ ကြယ်များဖြစ်ပါတယ်။ ကျွန်တော် ကောင်းကင်ရောက်တဲ့အခါမှာ ရမဲ့ကြယ်လေးတွေဘဲ ဖြစ်ပါတယ်။ သင်တို့ဟာ ကျောက်မျက်ရတနာလေးတွေ ဖြစ်ပြီးတော့ တောက်ပနေမှာ

ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ သာသနာပြုခြင်း သရဖူမှာ တောက်ပမဲ့ ကျောက်မျက်ရတနာလေးတွေဘဲ ဖြစ်ပါတယ်။ သရဖူဆောင်း လိုက်တဲ့အခါမှာ သင်တို့ဟာ ကျောက်မျက်ရတနာလေးတွေ ဖြစ်မှာဖြစ်ပါတယ်။

10 ၁၀။ သင်တို့ကို ကျွန်တော် ပြောပြနေပါတယ်။ ပြီးခဲ့တဲ့ အချိန်တုန်းက တံဆိပ်(၇)ခု၊ အသင်းတော်(၂)ပါးနဲ့ ဖြစ်ပျက်နေတဲ့အ ရာတွေ ဘဲ ဖြစ်ပါတယ်။

ဒီမနက်မှာ အင်မတန် အရေးကြီးတဲ့အကြောင်းအရာကို ကျွန်တော် ပြောမှာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်ကတော့ အင်မတန် ကောင်းချီးခံစားရတဲ့အရာဘဲ ဖြစ်ပါတယ်။ သင်တို့ကိုလည်း အဲဒီလိုဘဲ ထိခိုက်စေမဲ့အရာဖြစ်တယ်လို့ ကျွန်တော်မျှော်လင့်ပါ တယ်။ အကယ်၍ ကျွန်တော်ဟာ ကျွန်တော်ရရှိထားတဲ့ ဝိညာဉ်ရေးရာအတိုင်း ကျွန်တော် ပေးမယ်ဆိုရင် နှစ်သက်ဖွယ်ဖြစ် ပါတယ်။ ကျွန်တော်ဟာ အဲဒါကို ပြုလုပ်နိုင်ဘို့အတွက် ဘုရားသခင်လက်ထဲမှာ ပေးဆပ်ထားခြင်းဘဲ ဖြစ်ပါတယ်။

11 ၁၁။ ကျွန်တော် ပြောနေတဲ့အရာကတော့ သင့်ကို ဘယ်နေရာကနေ ဘာဖြစ်သလဲဆိုတာကို ပြောပြနေခြင်းဘဲ ဖြစ်ပါတယ်။ ဒါတွေ အားလုံးကို ဖြစ်ပျက်နေတယ်ဆိုတာကို ကျွန်တော် တွေ့ရပါတယ်။

အခုအခါမှာ ကျွန်တော် ပြောနေပါတယ်။ ဒီမနက်ဘဲ ဖြစ်ပါတယ်။ ကောင်းကင်ဆိုင်ရာ သတိုးသားနှင့် လောကဆိုင်ရာ သတိုး သမီးအတွက် အနာဂတ်အိမ် ဖြစ်ပါတယ်။ ကောင်းကင်ဆိုင်ရာ သတို့သားနှင့် လောကဆိုင်ရာ သတို့သမီးတို့ရဲ့ အနာဂတ်အိမ် ဖြစ်ပါတယ်။ ဘယ်နေရာမှာ သူတို့သွားပြီးတော့ နေထိုင်ကြမလဲဆိုတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ကျေးဇူးတော် အားဖြင့် ကျွန်တော်တို့အားလုံးဟာ အဲဒီကြီးမားလှတဲ့ ဘုရားသခင်ရဲ့ အစီအစဉ်ကဏ္ဍထဲမှာ တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။

12 ၁၂။ ကျွန်တော် ယုံကြည်စိတ်ချရတဲ့အရာကတော့ ကျွန်တော်နဲ့အတူ သင်ခံစားရမှာဘဲ ဖြစ်ပါတယ်။ သင်တို့သမ္မာကျမ်းစာ တွေ ခဲတံတွေ သင်တို့မှာ ဘာဘဲဖြစ်ဖြစ် ဖတ်မဲ့အရာတွေ သင်တို့နဲ့အတူ ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျမ်းချက်အတော်များ များကို ကျွန်တော်က ရည်ညွှန်းပြီးပြောဆိုမှာ ဖြစ်ပါတယ်။ အချိန်အတိုင်းအတာ တစ်ခုအတွင်း ပြီးဆုံးသွားအောင်လုပ်မှာ ဖြစ်ပါတယ်။ ဖျားနာသူတွေအတွက်လည်း ဆုတောင်းပေးဘို့ အချိန်အတိုင်းအတာ တစ်ခုအထိ ရှိပါတယ်။ နောက်ပြီးတော့ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော် ကတိပေးပါတယ်။ အထဲကိုဝင်လာပြီးတော့ ဆုတောင်းပေးပါ။ နောက်ဆုံးအချိန်အတွက် ဆုတောင်းပါ။ အခန်းမှာ ဆုတောင်းပါ။ အခန်းပတ်လည်မှာ ဆုတောင်းပါ။ နောက်ပြီးတော့ လုံးဝအသရေကင်းမဲ့ပြီး မျှော်လင့်ချက်ကင်းမဲ့တဲ့ လူတွေအတွက်ကိုလည်း ဆုတောင်းပေးပါ။

ကိုယ်တော်ရှင်အလိုတော်နဲ့ညီရင် ကျွန်တော် နောက်ထပ် ဝတ်ပြုကိုးကွယ်မှု အစီအစဉ်တစ်ခုလုပ်မှာ ဖြစ်ပါတယ်။ (၁၆)ကြိမ်မြောက်ဘဲ ဖြစ်ပါတယ်။ အဲဒီမှာ အနာရောဂါဖြစ်နေတဲ့သူတွေအတွက် ဆုတောင်းပေးမှာ ဖြစ်ပါတယ်။

13 ၁၃။ ကျွန်တော် အားလပ်ရက်ကို ယခုစတင်မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန္နဝါရီလက ကျွန်တော် ခရီးထွက်ခဲ့ပါတယ်။ အခု ကျွန် တော်ပြန်လာပါပြီ။ ကျွန်တော် မိသားစုကို မနက်ပိုင်းမှာ တူးလ်စန်ကို ခေါ်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီးရင် ကျွန်တော် ကင်တာ ကီမှာ သွားပြီးတော့ အချိန်ယူဘို့အတွက် သွားပြီးတော့ ကျွန်တော် ပြန်လာမှာဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေတွေနဲ့အတူ သွားပြီးတော့ ရှဉ့်ကလေးတွေ ဖမ်းမယ်။ အမဲလိုက်မှာ ဖြစ်ပါတယ်။ နှစ်ပတ်လောက်ကြာမှာ ဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် (၇)ရက်(၈)ရက်၊ (၁၀)ရက်လောက်ကြာမှာ ဖြစ်ပါတယ်။ဘယ်လောက်ဘဲကြာကြာကိုယ်တော်ရှင် လမ်းပြတဲ့အတိုင်းဘဲ ကျွန်တော် သွားရမှာ ဖြစ်ပါ တယ်။ ကျွန်တော် ဘယ်တုန်းကမှ မသိခဲ့ပါဘူး။ ဘယ်မှာ ခင်ဗျားတို့ ရောက်မလဲဆိုတာ မသိရပါဘူး။ ကျွန်တော်တို့ မသိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ရဲ့ လက်တော်ထဲမှာဘဲ ရှိပါတယ်။ ကိုယ်တော်ရှင်တစ်ပါး တည်းရဲ့ လက်တော်ထဲမှာဘဲ ရှိလို့ဘဲ ဖြစ်ပါတယ်။

14 ၁၄။ ဒီဘာသာရပ်အတွက် ကျွန်တော် ပြောချင်တဲ့အရာကတော့ ကျွန်တော် ဆက်လက်ပြီး အချိန်ယူသွားမှာ ဖြစ်ပါတယ်။ ခင်ဗျား တို့လည်း ရက်သတ္တပတ်ပေါင်းများစွာ ကြာပြီးတော့ လိုအပ်တဲ့အရာတွေကို ယူလာရမှာ ဖြစ်ပါတယ်။ ကျွန်တော် ကျမ်းချက်အချို့ကို ရေးချထားပြီး ဖြစ်ပါတယ်။ မှတ်စုအချို့လည်းရေးချထားပါတယ်။ တစ်ကယ် အရေးကြီးတဲ့ အချက်အ လက်တွေကို ထိထိရောက်ရောက် မှတ်သားနိုင်ပြီးတော့ ဘယ်နေရာမှာ ကျွန်တော်တို့ လေ့လာရမလဲ ဆိုတာတွေကိုလည်း ခင်ဗျားတို့ကို ပြောပြရမှာဖြစ်ပါတယ်။

ကိုယ်တော်ရှင် အလိုတော်ရှိပါက အောက်တိုဘာလအတွင်းမှာ ဖြစ်ရင်လည်းဖြစ်မယ်။ ဘယ်အချိန်လည်းတော့ ကျွန်တော် လည်း အတိအကျ မသိပါဘူး။ ကိုယ်တော်ရှင် ပြင်ဆင်ပေးတဲ့အချိန် ဘယ်အချိန်ဘဲဖြစ်ဖြစ် ဖြစ်နိုင်ပါတယ်။ ကျွန်တော် ရက်အနည်း ငယ် ယူပြီးတော့ အမြဲတမ်းဆုံတွေ့မှာ ဖြစ်ပါတယ်။ (ဗျာဒိတ်ကျမ်း ၁၂)ကိုလေ့လာကြမှာ ဖြစ်ပါတယ်။ ဤအရာနဲ့ ကိုက်ညီမယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါ အင်မတန်ကြီးမားပြီး ကောင်းမွန်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဘယ်လိုလုပ်လဲဆိုတာကို တွေ့ရှိပြီး တော့ သိမြင်ရရင် အင်မတန်ကြီးမားတဲ့အရာဘဲ ဖြစ်ပါတယ်။

15 ၁၅။ ကျွန်တော်တို့ အခု အတူတကွရောက်လာပြီးတော့ မနေ့ညက ကျွန်တော် ပြောသလိုဘဲ ဘယ်အချိန်လဲဆိုတာ ကျွန်တော် မပြောနိုင်ပါဘူး။ မနက်မိုးလင်းလာရင် မနက်တိုင်း၊ မနက်တိုင်း ကျွန်တော် စဉ်းစားသလိုဘဲ ဖြစ်ပါတယ်။ ဒီနေရာကို ကျွန်တော် ရောက်လာရခြင်းဟာ ကျွန်တော့် မိတ်ဆွေအားလုံးကို ပြန်ပြီးတော့ နှုတ်ဆက်ဘို့ဘဲဖြစ်ပါတယ်။ အခု ကျွန်တော် ဆက်ပြီးတော့ လုပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့အတူ ကျွန်တော့်ရဲ့မိတ်ဆွေကောင်းတစ်ဦး ပါလာပါတယ်။ ဒေါက်တာဘေလီလ်ဘဲ ဖြစ်ပါတယ်။ သူက ဟိုးအ နောက်မှာ ထိုင်နေပါတယ်။ သူ့ဇနီးသည်နဲ့ သမီးလေးလည်း ပါတယ်၊ ဘရာသာရှိုင်းဘော်ဒယ်လည်း ပါတယ်။ ဘရာသာ ရိုတေးလ်၊ ဘရာသာဗီးလား၊ ဘရာသာ ပါးမား၊ ဘရာသာဂျက်ဆင်တို့လည်း ရှိကြပါတယ်။ ဒီညီကိုတွေအားလုံးဟာ နေရာတိုင်း ကနေပြီးတော့ လာကြတာဘဲ ဖြစ်ပါတယ်။

ဘရာသာအန်တိုနီ၊ နီလန်နီလည်း ပါပါတယ်။ ဘယ်နေရာကိုဘဲကြည့်ကြည့် တခြားညီကိုတွေကိုလည်း တွေ့ရပါတယ်။ အာကင်းစပ်ကလာတာလည်း ရှိပါတယ်။ သူတို့နံမည်တွေ ကျွန်တော် မမှတ်မိပါဘူး။ ဘရာသာဂျွန်၊ ဘရာသာအဲလ်မာတင်၊ ဘရာသာဘာလဲ စသည်တို့ဖြစ်ပါတယ်။ အများကြီးပါဘဲ။ မဆုံးနိုင်တော့ပါဘူး။ အဲလိုမျိုး ကျွန်တော် အုပ်စုလိုက်တွေ့ရလို့ အရမ်း ဝမ်းသာပါတယ်။ ကျွန်တော် အခု နှုတ်ကပတ်တော်ကို သွန်သင်တဲ့အခါမှာ ကျွန် တော့်ကို လာပြီးတော့ ဝိုင်းရံထားကြပါတယ်။ သူတို့ဟာ အင်မတန်တော်တဲ့သူတွေ ဘုရားကိုတစ်ကယ် ဆက်ကပ်တဲ့သူတွေဘဲ ဖြစ်ပါတယ်။

16 ၁၆။ ဒီတဲတော်လေးအတွက် ကျွန်တော် တစ်ကယ်ဘဲ ကျေးဇူးတင်ပါတယ်။ လူအားလုံးအတွက်လည်း တံခါးပေါက်တွေ ဖွင့်ထားပါတယ်။ တံခါးပေါက်ကြီးတွေ (၅)ပေါက်လောက်ကို ဖွင့်ထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ တံခါးပေါက် တစ်ပေါက်စီမှာ ကျွန်တော်တို့ သင်းထောက်လူကြီး (၄)ယောက်စီ ရှိပါတယ်။ ဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့သူတွေဘဲ ဖြစ်ပါတယ်။ တံခါးတစ်ပေါက် တစ်ပေါက်စီမှာ သင်းအုပ်ဆရာ (၂)ယောက်စီ ရှိနေကြပါတယ်။ အရှေ့ဖက်မှာဆိုရင် တံခါးပေါက်(၂)ပေါက်ရှိပါတယ်။ သင်းအုပ်ဆရာ နှစ်ပါးအတွက် ဖြစ်ပါတယ်။ သိုးထိန်းကြီး(၂)ပါးဘဲ ဖြစ်ပါတယ်။

17 ၁၇။ ခင်ဗျားတို့အားလုံး ရောက်လာတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာပါတယ်။ ဘုရားသခင်ကိုလည်း ကျေးဇူးတင်ပါ တယ်။ ခင်ဗျားတို့ကို ဘုရားသခင်ကောင်းချီးပေးပါစေ။

အခုအခါမှာ ကျွန်တော်တို့ ခဏမတ်တပ် ထရပ်ရမှာ ဖြစ်ပါတယ်။ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် အခန်းကြီး (၃)ကို ကျွန်တော်တို့ ဖတ်ကြမှာ ဖြစ်ပါတယ်။ (ဗျာဒိတ် ၂၁)ကိုလည်းဖတ်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မတ်တပ်ရပ်နေတဲ့အခါမှာ ကိုယ်တော်ရှင်ဘုရား ကျွန်တော်တို့ စိတ်နှလုံးတွေကို ဝမ်းမြောက်ခြင်းနဲ့ ပြည့်စုံစေပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင် နှုတ်ကပတ်တော်ကို ဖတ်တဲ့အခါမှာ သခင်ယေရှုပြောတဲ့အတိုင်းဘဲ ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကား တည်လိမ့်မည်ဆိုတာ ကျွန်တော်တို့ သိလို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ ကျမ်းချက်တွေအားလုံးဟာ ပြည့်စုံရမှာ ဖြစ်ပါတယ်။ ဒီ ကျမ်းချက်တွေကိုဖတ်သွားတဲ့အခါမှာ နားလည်မှုကို ကိုယ်တော်ရှင် ကျွန်တော်တို့ကိုပေးတော်မူပါ။ ကျွန်တော်တို့ နေထိုင်တဲ့ ခေတ်ကာလကိုလည်း သိနိုင်ဘို့ မစတော်မူပါ။ ယေရှုနာမ၌ ဆက်ကပ်ဆုတောင်းပါတယ်။ ကိုယ်တော်ရှင်ယေရှုဟာ ဒီစာစောင်ရဲ့ စာရေးဆရာကြီးဘဲ ဖြစ်ပါတယ်။ အာမင်။

18 ၁၈။ (၂ပေ ၃) ချစ်သူတို့ ဤဒုတိယဩဝါဒစာကို သင်တို့အား ငါရေးပေးလိုက်၏။ သန့်ရှင်းသော ပရောဖက်တို့အားဖြင့် အထက်က ဟောပြောခဲ့သော စကားများကိုငင်း၊ ကယ်တင်ရှင်နှင့် အရှင်သခင်ဘုရား၏ တမန်တော်ဖြစ်သော ငါတို့၏ ပညတ်ကိုငင်း၊ သင်တို့သည် အောက်မေ့စေခြင်းငှာ ဤစာစောင်၊ ဤစာ(၂)စောင်၌ သင်တို့၏ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို ငါသတိပေးနှိုးဆော်၏။ ရှေးဦးစွာ သိမှတ်အပ်သောအရာမူကား နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည် မိမိတို့ တပ်မက်ခြင်းအတိုင်း ကျင့်နေ၍ သခင်ဘုရား ကြွလာမည်ဟူသော ဂတိတော်သည် အဘယ်မှာ ရှိသနည်း? ဘိုးဘေး များအိပ်ပျော်သည်နောက် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းစကကဲ့သို့ ဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျှက် ကဲ့ရဲ့ခြင်း နှင့်ကင်းလျှက်တကွ ပေါ်လာကြလိမ့်မည်။ ရှေးကာလ၌ မိုဃ်း ကောင်းကင်ကိုငင်း၊ ရေနှင့်တကွ ရေထဲကထွက်၍ မြေကြီးကိုငင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့် ဖြစ်ဖူးသော လောကဓါတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမိုး၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ် မရှိကြ၊ ယခုရှိသော မိုဃ်းကောင်းကင်နှင့် မြေကြီးမူကား တရားဆုံးဖြတ် ၍ အဓမ္မလူတို့ကို ဖျက်ဆီးသောနေ့တိုင်အောင် ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျှက်ရှိ၍ မီးရှို့ခြင်းနှင့် အဘို့အလိုငှာ နေလိမ့်သတည်း။ ချစ်သူတို့ ထာဝရဘုရားမှာ တစ်ရက်သည် နှစ် (၁၀၀၀)ကဲ့သို့ငင်း၊နှစ် (၁၀၀၀)သည် တစ်ရက်ကဲ့သို့ငင်း၊ ဖြစ်သည် အရာတစ်ခုကို မမေ့လျော့ကြနှင့်။ လူအချို့တို့က နှေးသည်ဟု ထင်တတ်ကြ၏။ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ ၍ ငါတို့ကို သီးခံတော်မူ၏။ သူခိုးသည် ညအခါလာသကဲ့သို့ ထာဝရဘုရား၏ နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံ နှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓါတ်တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီး ကိုယ်မှစ၍မြေကြီးပေါ်မှာ ပြုလုပ် သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ ဤအရာအလုံးစုံတို့သည် အကုန်အစင် ပျက်သုန်းပျောက်ကွယ် ပျောက် ကွယ်လိမ့်မည်။ မိုဃ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓါတ်တို့သည် ပူအားကြီး၍ အရည်ပျော်သောနေ့ဖြစ်သော ဘုရားသခင်၏နေ့ အလျင်အမြန်လာနေသည်ကို သင်တို့မြော်ရှုလျှက် သန့်ရှင်းစွာ ကျင့်ကြံပြုမူပြောဆိုခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူ ဖြစ်အပ်သည်ကို သတိပြုလော့။ ယခုရှိသော အရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်းတရား တည်ဟူသော တည်နေရာ မိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ဂတိတော်နှင့်အညီ မြော်လင့်တတ်၏။ ထိုသို့ မြော်လင့်ခြင်းရှိသောကြောင့် ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့် ကင်းစင်၍ အဘယ်အ ပြစ်မှမပါဘဲ ရှေ့တော်သို့ ငြိမ်ဝပ်စွာ ရောက်မည် အကြောင်း ကြိုးစားအားထုတ်လော့။ ငါတို့ချစ်သောညီပေါလုသည် မိမိခံရသော ညဏ်ပညာအတိုင်း သင်တို့အား ရေး၍ပေးလိုက် သောစာ၌ငင်း သူသည် ဤအရာများကို ပြော၍စီရင်သော ဩဝါဒရှိသမျှ တို့၌ငင်း ပါသည်နှင့်အညီ ငါတို့ သခင်ဘုရား သီးခံတော်မူ ခြင်းသည် ကယ်တင်မည်အကြောင်း ဖြစ်သည်ဟု သိမှတ်ကြလော့။ ထိုစာ၌ ခက်ခဲသောအရာ အချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည် ခြင်းမရှိသောသူတို့သည် ထိုအရာမှစ၍ ကြွင်းသောကျမ်းစာ အနက်ကို မှောက်လှန်၍ကိုယ်ကိုယ်ကို ဖျက်ဆီးတတ်ကြ၏။ သို့ဖြစ်၍ ချစ်သူတို့ မတရားသောသူတို့၏ ပရိယယ်အားဖြင့်လည်း သင်တို့သည် သွေးဆောင်ရာသို့လိုက်၍ သင်တို့ တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း ဤအရာများကို သိနှင့်သည်ဖြစ်၍ ကိုယ်ကိုကိုယ် စောင့်ရှောက်ကြလော့။ ကျေးဇူးတော်၌ငင်း ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်း ခြင်းနှင့်ငင်း ကြီးပွားကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေရှိတော် မူစေသတည်း။ အာမင်။

19 ၁၉။ ယခုအခါ သခင်ယေရှုခရစ်၏ဗျာဒိတ်တော် အခန်းကြီး (၂၁)မှာအောက်ပါတို့ကို ဖတ်ရပါတယ်။ ကောင်းကင်သစ်နှင့် မြေကြီး သစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ၊ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ပြင်ဆင်လျှက်

ဘုရားသခင့်အထံတော် ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ ကောင်းကင်မှ ကြီးသော အသံကား ဘုရားသခင်၏တဲ တော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော် ၏လူဖြစ်ကြ၏။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။ ဘုရားသခင် သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာငြီးတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။ ပလ္လင်တော် ပေါ်မှာ ထိုင်တော်မူသောသူကလည်း ငါသည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသည်ကို မိန့်တော်မူ၏။ တဖန်တုံ ရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သောစကားဖြစ်၏ ဟူ၍၎င်း၊ အမှုပြီးပြီ၊ ငါသည် အာလဖဖြစ်၏။ ဩမေဃလည်း ဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား သက်စမ်းရေကို အဖိုးမယူဘဲ ငါပေးမည်။ အောင်မြင်သောသူသည် ဤအရာ တို့ကို အမွေခံရလိမ့်မည်။ ငါသည် သူ၏ဘုရားသခင်ဖြစ်မည်။ သူသည်လည်း ငါ၏သား ဖြစ်မည်။ တစ်ဖန် ဆုတောင်းကြပါစို့။

20 ၂ဝ။ ကိုယ်တော်ရှင်ယေရှု ထိုကဲ့သို့သော ဂတိတော်မျိုးနဲ့ ထိုကဲ့သို့ တင်းမာစွာ ပြောဆိုမှုကို သခင်ယေရှုကိုယ်တိုင် လုပ်ခဲ့သ ကဲ့သို့ တမန်တော်များကလည်း ကျွန်ုပ်တို့ကို ဒီအချိန်ကာလ၌ ပတ်သက်ပြီးတော့ နီးကပ်လာပြီအကြောင်းကို ဖော်ပြပါတယ်။ ကိုယ်တော်ရှင် ကျွန်ုပ်တို့ကို လမ်းပြတော်မူပါ။ မည်ကဲ့သို့ မှန်ကန်သောလမ်းကို ရွေးချယ်ရမလဲဆိုတာကို ဖော်ပြတော်မူပါ။ သိခွင့်ပေးတော်မူပါ။ အချိန်ကာလရောက်လုနီးပြီဖြစ်တယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ ကျမ်းစာပြည့်စုံရမှာ ဖြစ်ပါတယ်။ ကျမ်းစာအတိုင်းဘဲ ဖြစ်ရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်၊ ကိုယ်တော်ရှင့်ထံတော်မှ ဂရုဏာတော် ကျွန်တော်တို့အပေါ်ကို ကျ ရောက်ပါမည့်အကြောင်း ကျွန်တော်တို့ ဆုတောင်းပါတယ်။ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ လေ့လာသည်နှင့်အမျှ ပိုမို သိရှိနားလည်ပါတယ်။ ကိုယ်တော်ရှင် ကျွန်ုပ်တို့နဲ့အတူ ရှိတော်မူပါ။ ကျွန်ုပ်တို့ကို ဖော်ပြတော်မူပါကိုယ်တော် သခင်ယေရှုခရစ် ရဲ့နာမ၌ ဆုတောင်းပါသည်။ အာမင်။ ခင်ဗျားတို့အားလုံး ထိုင်နိုင်ပါပြီ။

21 ၂၁။ အခုအခါမှာ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ နည်းလမ်းရှိ၊ မရှိဘဲ ဖြစ်ပါတယ်။ သူတို့ မီးတွေကို တစ်ကယ့်ခန်းမ ဆောင်ကြီးကနေပြီးတော့ ဖယ်ရှားလိုက်ပြီး ဒီစင်ပေါ်မှာဘဲ သူတို့ကို ထားခဲ့လို့ရမလား၊ ပိုကောင်းမလား၊ ဒါမှမဟုတ်ရင်လည်း တစ်ခြားကနေ မီးသွယ်ယူရင်ကောင်းမလားဆိုတာ စဉ်းစားမိပါတယ်။ ထရန်စဖေါ်မာ လောင်ကျွမ်းသွားပြီးဖြစ်ပါတယ်။ ဟိုတစ် နေ့ညက ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ပိုင်ရှင်က ပြုလုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့ အရမ်းကျေးဇူးတင်မှာ ဖြစ်ပါတယ်။ အောက်ကမီးတွေအားလုံးကို ကျွန်တော်တို့ အစက လူစုဝေးတဲ့ဖက်ကို လှည့်ထားတဲ့မီးတွေ အားလုံး ကျွန်တော်တို့ ပိတ်လိုက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲလိုလုပ်လိုက်မယ်ဆိုရင် တစ်ခြားနေရာမှာ အလင်းတွေအများကြီးဖြစ်လာမှာ ဖြစ်ပါတယ်။

22 ၂၂။ အခုတစ်ဖန် ထိုအကြောင်းအရာကို ပြန်လည်ကြေငြာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောမဲ့အကြောင်းအရာကတော့ ကောင်းကင်ဆိုင်ရာသတို့သားနှင့် လောကဆိုင်ရာ သတို့သမီးအတွက် အနာဂတ်အိမ် အကြောင်းဘဲ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီအပေါ်မှာဆို တစ်အားပူနေပါတယ်။ ကျွန်တော့်ဇနီးသည်ကလည်း ကျွန်တော့်ကို အဲလိုလုပ်တာ မကြိုက်ပါဘူး။ ကျွန်တော် ကုပ်အင်္ကျီချွတ်လိုက်တာကို မသိပါဘူး။ ဒါပေမဲ့လည်း ဒီအိမ်ပေါ်မှာ အရမ်းပူ နေပါတယ်။ လေပူတွေဘဲ ဖြစ်နေပါတယ်။

23 ၂၃။ ဟိုးအရင်က လွန်ခဲ့တဲ့ကာလမှာ ကျွန်တော်တို့ တံဆိပ်(၇)ခု၊ အသင်းတော်(၇)ပါး စသည်တို့ကို လေ့လာခဲ့ပါတယ်။ ဘရာသာ ဗီးလ်နဲ့တကွ တစ်ခြားလူတွေအားလုံးဟာလည်း သစ္စာရှိစွာနဲ့ဘဲ သူတို့စာအုပ်တွေကို ယူလာပေးပါတယ်။ စာအုပ်တွေပုံစံနဲ့ ဒီလေ့လာ ချက်တွေကို ထုတ်ပေးကြပါတယ်။

24 ၂၄။ နက်နဲတဲ့အရာတွေကို တွေ့ပြီးတဲ့အခါမှာ ကျွန်တော်တို့ သိရတဲ့အကြောင်း ရှိပါတယ်။ ၎င်းနောက် ကျွန်တော် စဉ်းစားမိတဲ့အ ရာကတော့ ထိုအရာကို ကျွန်တော် နားလည်ပြီးသည့်နောက် တစ်နာရီအတွင်းမှာ ကျွန်တော်တို့ အသက်ရှင်နေထိုင်တာဘဲ ဖြစ်ပါ တယ်။ အသက်ရှင်နေထိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ ဘယ်သူမှ သေသေချာချာ စူးစိုက်စိုက်နဲ့ စစ်ဆေးပြီးတော့ ဘာတွေပြောခဲ့သ လဲဆိုတာကို အာရုံစိုက်မဲ့လူ မရှိပါဘူး။ ဂတိထားတော်မူတဲ့အတိုင်း ဖြစ်ပျက်လာမှာ ဖြစ်ပါတယ်။ ဘာတွေဖြစ်ပျက်ခဲ့သလဲ ? ဒါတွေအား လုံးပြည့်စုံရမယ်ဆိုတာ ဘယ်လိုပြောနိုင်မလဲ စသည်တို့ဘဲ ဖြစ်ပါတယ်။ အတိအကျ ပြောရမယ်ဆိုရင် စသည်ဖြင့် သူအမှုပြုမယ်ဆိုတဲ့ အတိုင်း အတိအကျဘဲ နောက်ပိုင်းမှာ ကိုယ်တော်ရှင် ပြုလုပ်ပါတယ်။

25 ၂၅။ ကိုယ်တော်ရှင် သခင်ယေရှု ဘယ်အချိန်မှာ ပြန်လာမလဲဆိုတာ ကျွန်တော်တို့ သိကြမှာ မဟုတ်ပါဘူး။ ကောင်းမယ် လို့ဘဲ ကျွန်တော်တို့ စဉ်းစားမိပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် အနေနဲ့လည်း နှစ်သက်လိမ့်မယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ တစ်ဖန် ပြန်လာပြီးတော့ နှစ်ခါသုံးခါလောက် ဒီအကြောင်းကို ပြောပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အချိန်ကို သေသေချာချာ အတိအကျ ပြောလို့မရလို့ဘဲ ဖြစ်ပါတယ်။

ဒီအကြောင်းအရာနဲ့ပတ်သက်လို့ ခင်ဗျားတို့ သဘောပေါက်မယ်ဆိုရင် ကောင်းပါတယ်။ ဒါပေမဲ့လည်း တစ်စုံတစ်ယောက် သောသူအတွက်ကတော့ ထိမိ၍လဲစရာ အနည်းငယ် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အားလုံးရှင်းရှင်းလင်းလင်း ဖြစ်အောင်လို့တော့ သင်ပြုလုပ်နိုင်မှာ မဟုတ်ပါဘူး။ ထွက်သွားလိုက် ပြန်ဝင်လာလိုက်နဲ့တော့ ဒီအကြောင်းအရာကို ကောင်းစွာနားလည်မှာ မ ဟုတ်ပါဘူး။

ကိုယ်တော်ရှင် အလိုတော်နဲ့ညီမယ်ဆိုရင် (၁၂)ခုမြောက်တံဆိပ်ကို ကျွန်တော်တို့ ပြောပြမှာဖြစ်ပါတယ်။ ကျွန်တော်မှားသွား ပါတယ်။ (၁၂)ခုမြောက်တံဆိပ်မဟုတ်ပါဘူး။ (ဗျာဒိတ်ကျမ်း အခန်းကြီး ၁၂) ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာကတော့ ကိုယ်တော် ရှင် ကြွလာတော်မူခြင်းနဲ့ တံပိုးမှုတ်သံတွေ အဆုံးကြား ကာလဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာကို ကျွန်တော် ပြန်ပြောပြ ချင်ပါတယ်။ စာတန်ဘယ်သူလဲဆိုတာ ဖော်ပြမှာ ဖြစ်ပါတယ်။ သူဘာလုပ်လဲ ? သူဘယ်ကလာလဲ ? သူ့ရဲ့ရည်ရွယ် ချက်က ဘာလဲ ? သူဘယ်လောက်လှပတဲ့

လုပမှုမျိုးကို ဘယ်လိုရရှိပြီးတော့ သူကျဆုံးခဲ့ရတဲ့ အကြောင်းတွေဘဲ ဖြစ်ပါတယ်။ သူ့လှည့်ဖျားမှုကြောင့် သူဟာ ကျဆုံးခဲ့ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ အလှအပဘဲ ဖြစ်ပါတယ်။

26 ၂၆။ ဘယ်သူဘဲဖြစ်ဖြစ် မဖြစ်နိုင်ဘူးဆိုတာတော့ မရှိပါဘူး။ ဘယ်လိုဘဲဖြစ်ဖြစ် ကြည့်ပြီးနားလည်ချင်မှာ ဖြစ်ပါတယ်။ မြွေရဲ့မျိုးစေ့နဲ့ပတ်သက်တဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီ အကြောင်းနဲ့ပတ်သက်လို့ စိန်ခေါ်ချင်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ် အဲဒီအကြောင်းအရာကို ပြန်ပြီးတော့ လေ့လာချင်မှာ ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် နားလည်နိုင်မှာ ဖြစ်ပါတယ်။ ကလေးငယ်တောင်မှ နားလည် နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ မကြာခင် ကျွန်တော်တို့ လေ့လာကြမှာ ဖြစ်ပါတယ်။

27 ၂၇။ အခုအခါမှာ ကျွန်တော်တို့ နားလည်တဲ့အရာကတော့ ကျမ်းချက်(၂)ချက်ဘဲ ဖြစ်ပါတယ်။ (၂ပေ ၃)ကို ဖတ်ပြီး တော့(ဗျာဒိတ် ၂၁) နှိုင်းယှဉ်ခြင်းဘဲ ဖြစ်ပါတယ်။ဒီအကြောင်းအရာ (၂)ခုစလုံးကတော့ တစ်ခုတည်းသော ဒီကျမ်းပိုဒ်(၂)မျိုး စလုံးကတော့ တစ်ခုတည်းသော အကြောင်းအရာကို ပြောဆိုနေခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ယောဟန်က ရေးမထားပါ ဘူး။ ပေတရုကတော့ ရေးသားထားပါတယ်။ ဒီသတို့သမီးရဲ့ ကြီးမားလှတဲ့အိမ်ဟာ ကျွန်တော်တို့ နားလည်သလောက်ဆိုရင် ဒီကမ္ဘာလောကကြီးမှာ ရှိမယ်လို့ဘဲ ကျွန်တော်တို့ နားလည်ကြပါတယ်။

အခန်းကြီး ၂၁၊ ဗျာဒိတ်ကျမ်း အခန်းကြီး(၂၁)ကိုသင်ဖတ်လိုက်မယ်ဆိုရင်တမန်တော်ကြီးက ဒါမှမဟုတ် ပရောဖက်က ဘာပြောလဲဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကောင်းကင်အသစ်နဲ့ မြေကြီးအသစ်ကို ငါမြင်တယ်လို့ ဆိုထားပါတယ်။ လုံး၀ ဥဿုံပျက်စီးသွားတဲ့ပုံစံမျိုး ထင်ရပါတယ်။

28 ၂၈။ ကျွန်တော်ရဲ့ သတင်းစကားတွေထဲမှာ ကျွန်တော် အမြဲတမ်းတွေ့ရှိချက်ကတော့ ဆုတောင်းခြင်းအားဖြင့်ဘဲ ဖြစ်ပါတယ်။ ကျွန်တော် ထိုင်ပြီးတော့ ဆုတောင်းနေပါတယ်။ အဲဒီအခါမှာ တစ်စုံတစ်ခုက ကျွန်တော့်ကို ဖေါ်ပြပါတယ်။ ကျွန်တော် မိနစ်အနည်း ငယ်ကြာ စောင့်စားခြင်းဖြစ်ပါတယ်။ အဲဒါမှန်တယ်ဆိုရင် ပိုပြီး နီးကပ်လာတယ်လို့ ကျွန်တော် ခံစားရပါတယ်။ တစ်ခါတစ်ရံမှာ ကျွန် တော် စောင့်နေပါတယ်။ နောက်ဆုံး ရူပါရုံပေါ်လာတဲ့အထိ ကျွန်တော် စောင့်ပါတယ်။ အကယ်၍ စတင်လာပြီဆိုရင် ဘုရားသခင် ထံက လာခြင်းဖြစ်တယ်လို့ ကျွန်တော် ကြေနပ်သွားပါတယ်။ အဲဒီအခါမှာ ကျွန်တော်ဟာ ကျမ်းစာတွေကို ပြန်ဖတ်ကြည့်ပါတယ်။ အဲဒါကတော့ အတည်ပြုခြင်းဘဲ ဖြစ်ပါတယ်။ ဖြစ်ပြီးခဲ့သမျှ ဝိညာဉ်အရာတိုင်းအတွက် အတည်ပြုခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို တော့ သမ္မာကျမ်းစာက သခင်ယေရှုခရစ်ရဲ့ ဗျာဒိတ်တော် အပြည့်အစုံဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ကိုယ်တော်ရှင်ရဲ့ ကိုယ်ခန္ဓာဘဲ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်လို့ ကြည့်မယ်ဆိုရင် သမ္မာကျမ်းစာထဲမှာဘဲ တွေ့ရမှာ ဖြစ်ပါတယ်။ မမှန်သလိုဘဲ ဖြစ်နေပါတယ်။ ကျွန်တော် တွေးမြင်မိပါတယ်။ ကျွန်တော် တစ်ဖန်ပြန်ဆုတောင်းပါတယ်။ တစ်ဖန်ပြန်ပြီးတော့ ပေါ်လာပါတယ်။ အဲဒီအခါမှာ ကျွန်တော် ကျမ်းစာကို တစ်ဖန်ပြန်ပြီးတော့ စစ်ဆေးကြည့်ပါတယ်။

29 ၂၉။ ကျွန်တော်တို့ရဲ့သမ္မာကျမ်းစာကို အင်္ဂလိပ်လို ရေးသားထားပါတယ်။ အင်္ဂလိပ်စကားလုံးတွေကလည်း ပြောင်းလဲပါ တယ်။ တစ်ချိန်လုံး ပြောင်းလဲနေပါတယ်။ ဥပမာအားဖြင့် (ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး ၁၄)မှာဆိုရင် ငါ့အဖရဲ့ အိမ်တော်မှာ အခန်းများစွာ ရှိတယ်လို့ဆိုထားပါတယ်။ အင်္ဂလိပ်လို Massion မန်းရှင်းလို့ ဆိုထားပါတယ်။အိမ်တစ်အိမ် ထဲမှာရှိတဲ့ မန်းရှင်းလို့ ပြောထားပါတယ်။ အဲဒါဆိုရင် ခင်ဗျားဘယ်လို စဉ်းစားမလဲ ? မူရင်းကို ပြန်ပြီးတော့ စဉ်းစားရမှာ ဖြစ်ပါတယ်။ King James Verson က ဘယ်လို အဓိပ္ပါယ်မျိုး ဖြစ်ပါသလဲ ? ဒါမှမဟုတ်ရင်လည်းဟေဗြဲမူရင်းစကားလုံးတွေနောက်ပြီးဂရိစကားလုံးတွေ၊ပထမဆုံး ဘာသာပြန်လိုက်တဲ့ စာလုံးတွေ ဘယ်လိုရှိမလဲလို့ စဉ်းစားပါတယ်။ အဲဒီအထဲမှာ ဘာပြောလဲဆိုတော့ ငါ့ခမည်းတော်ရဲ့ နိုင်ငံတော်မှာ အခန်းတွေ အများကြီးရှိတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့်မို့လို့ King James ကို ဘာသာပြန်နေတဲ့အချိန်က ဘာကြောင့်မို့လို့ ဘာသာပြန်တဲ့လူတွေကို ပြန်စဉ်းစားကြည့်မယ်ဆိုရင် အဲဒီအချိန်မှာ နိုင်ငံတော်ဖြစ်တဲ့ ခင်းဒမ်းကို အင်္ဂလိပ်လို ဟောက်စ်(အိမ်) လို့ခေါ်ခြင်း ဖြစ်ပါတယ်။ဘုရင်ဟာဆိုရင် သူ့ရဲ့ကိုယ်စားလှယ်တွေ အားလုံးရဲ့ ခမည်းတော်၊ ဒါမှမဟုတ် အဖေဖြစ်ပါတယ်။ ငါ့အဖရဲ့အိမ်မှာ အခန်းများစွာ ရှိတယ်လို့ ဘာသာပြန်လိုက်ခြင်းဖြစ်ပါ တယ်။ အဲဒီ စာလုံးတွေကို သင်သိပြီးဖြစ်ပါတယ်။ အဲဒီ စာလုံးတွေကို သင်ရှာ ဖွေရမှာ ဖြစ်ပါတယ်။

30 ၃၀။ ဝိညာဉ်တော် ဖေါ်ပြခြင်းအားဖြင့် ဒီမနက် ဒီတရားဟောပလ္လင်ကနေ ကျွန်တော် ပြောလိုတဲ့ အကြောင်းအရာကတော့ တစ်ချိန်တုန်းကတော့ ဘာမှမဟုတ်ပါဘူး။ တိုက်ရိုက်ဘဲ သမ္မာကျမ်းစာဘဲ ဖြစ်ပါတယ်။ မြွေရဲ့မျိုးစေ့ဟာ ဘယ်လိုဖြစ်ခဲ့သလဲ ? အခြားအရာတွေလည်း ဘယ်လိုပေါ်ပေါက်လာသလဲဆိုတာဘဲ ဖြစ်ပါတယ်။

အမှန်တစ်ကယ်ဘဲ တစ်စုံတစ်ယောက်သောသူက ဖတ်ရှုပြီးတော့ ငါ့ခမည်းတော်ရဲ့အိမ်မှာ အခန်းများစွာရှိမယ်လို့ ဆိုမယ်ဆို ရင် ခင်ဗျားဟာ ရပ်ပြီးတော့ လေ့လာတာတို့၊ ဆုတောင်းတာတို့ မလုပ်ဘူးဆိုရင် အကုန်လုံး ရှုပ်ထွေးသွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လည်း ဆက်ပြီးဆုတောင်းပါ။ ဘုရားသခင် အမြဲတမ်းဘဲ မှန်မှန်ကန်ကန် ဖေါ်ပြမှာ ဖြစ်ပါတယ်။ ဘုရားသခင်ထံကနေ လာတဲ့အရာ ဟာ အမြဲတမ်းဘဲ မှန်ကန်ပါတယ်။

31 ၃၁။ ယောဟန်က အပြောင်းအလဲနဲ့ ဘယ်လိုလာသလဲဆိုတဲ့အကြောင်းကို သူသေသေချာချာ မရှင်းပြထားပါဘူး။ ဒါပေမဲ့ ပေတရုကတော့ သေသေချာချာ ရှင်းပြထားပါတယ်။ ယောဟန်က ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါမြင်၏။ အဘယ်သို့နည်း ဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ၊ သန့်ရှင်းသော မြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ ပြင်ဆင်လျှက် ဘုရားသခင့်အ ထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏လို့ ဆိုထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း ရှင်ပေတရု ဩဝါဒစာ ဒုတိယစောင်ကို ကျွန်တော်တို့ ဖတ်ကြည့်တဲ့အခါမှာ ဘာတွေ့ရသလဲဆိုတော့ ဒီလိုအဆင့်ဆင့် ဖြစ်ပေါ်လာရတာတွေက ဘယ်လိုပေါ်ထွက်လာမလဲဆိုတာ ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။

ယောဟန်ဖော်ပြထားတာကို ကြည့်လိုက်တဲ့အခါမှာ ပထမကောင်း ကင်နဲ့ ပထမမြေကြီးက ပျောက်ကွယ်သွားမယ်လို့ ဆိုထားပါတယ်။ လုံးဝဥဿုံ ပျက်စီးသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အင်မတန် ထူးဆန်းသလို ဖြစ်ပါတယ်။ အဲဒါက ကျွန်တော့် စိတ်ထဲမှာ ထိခိုက်စရာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဟာ အဲဒီစကားလုံးနဲ့ပတ်သက်လို့ ရှာဖွေလေ့လာပါတယ်။ ပျောက်ကွယ် သွားတယ်ဆိုတဲ့ စကားလုံးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နှစ်ခုစလုံးကတော့ ရှင်းလင်းပါတယ်။ တမန်တော်နဲ့ ပရောဖက်က အကြောင်းအရာတစ်ခုတည်းကို ပြောဆိုနေခြင်းဘဲဖြစ်ပါတယ်။

32 ၃၂။ ဟေရှာယအနာဂတ္တိကျမ်းမှာလည်း တွေ့ရပါတယ်။ ဒီကျမ်းချက်ကိုလည်း လိုက်ပြီးရေးထားနိုင်ပါတယ်။ (ဟေရှာယ ၆၅း၁၇) ဖြစ်ပါတယ်။မိလေနိကာလအကြောင်းဖြစ်ပါတယ်။အနှစ်(၁၀၀၀)ကာလဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့လူမျိုးတော်အ တွက်ဘဲ ဖြစ်ပါတယ်။ ဟေရှာယက ဘာပြောထားသလဲဆိုတော့ အရင်မိုးကောင်းကင်နှင့် မြေကြီးကို မအောက်မေ့ရ၊ နှလုံး မှတ်မိရလို့ ဆိုထားပါတယ်။ သူတို့အိမ်တွေကို ဘယ်လိုဆောက်ခဲ့တယ်၊ သူတို့ဘယ်လိုနေထိုင်ခဲ့သလဲ ကျွန်တော်တို့ အချိန်ရမယ် ဆိုရင် ကျမ်းချက်ကို ဖတ်လို့ရပါတယ်။ (ဟေရှာယ ၆၅)ဖြစ်ပါတယ်။အနည်းငယ်အချိန်ယူပြီးဖတ်ကြည့်မှာ ဖြစ်ပါတယ်။ (ဟေရှာယ ၆၅း၁၇)ဖြစ်ပါတယ်။ကြည့်ရှုလော့။ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည်။ သင်သည် မိုးကောင်းကင်နှင့်မြေကြီးကို မအောက်မေ့ရ၊ နှလုံးမမှတ်မိရ။

ဟေရှာယက ပရောဖက်ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲတွင် သူ့ရဲ့ပရောဖက်ပြုချက်ကို တိတိကျကျ ရေးသားထားခြင်း ရှိပါတယ်။ သူက ဖန်ဆင်းခြင်းနဲ့ စတင်ပါတယ်။ သူ့ရဲ့ စာစောင်ရဲ့အလယ်မှာ အခန်းကြီး(၄၀)လောက်မှာဗတ္တိဇံယောဟန်အ ကြောင်း ပေါ်လာပါတယ်။ ဓမ္မသစ်ကျမ်းဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့စာစောင်ထဲမှာ ဗျာဒိတ်ကျမ်းလည်း ပါပါတယ်။ မိလေနိကာလဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ စာစောင်ပေါင်း(၆၆)စောင်ရှိပါတယ်။ ဟေရှာယအနာဂတ္တိကျမ်းမှာ အခန်းကြီး(၆၆)ခန်းရှိပါတယ်။ သူက အပြည့်အစုံဘဲ ရေးသားထားပါတယ်။ အပြည့်အစုံ အနက်ဖွင့်ထားခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ ရှာဖွေတွေ့ရှိတဲ့အရာကတော့ အခန်းကြီး(၆၅)မှာနောက်ထပ်တစ်ခန်းဘဲကျန်တော့တဲ့ နောက်ထပ်အခန်းဘဲ ဖြစ်ပါတယ်။ သူဟာ မိလေနိကာလအကြောင်း ပြောကြားပါတယ်။ မည်မျှ နှစ်သက်ဖွယ် ကောင်းပါသလဲ? ကြည့်ရှုလော့၊ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည်။ အရင်မိုးကောင်းကင်နှင့် မြေကြီးကို မအောက်မေ့ရ၊ နှလုံးမမှတ်မိရ။ ငါဖန် ဆင်းလတံ့သောအရာကြောင့် သင်တို့သည် ဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရုရှလင်မြို့ကို ဝိုင်းရံ၍ ကြောက်စရာအ ကြောင်း မြို့သားတို့ကို ရွှင်လန်းစရာအကြောင်း ဖြစ်စေခြင်းငှာ ငါဖန်ဆင်းမည်။ ငါသည်လည်း ယေရုရှလင်မြို့ကြောင့် ဝမ်း မြောက်မည်။ ငါ၏လူတို့ကြောင့် ရွှင်လန်းမည်။ ထိုမြို့၌ ငိုကြွေးသံနှင့် အော်ဟစ်သံကို နောက်တစ်ဖန် မကြားရ၊ ထိုမြို့၌ အသက် ငယ်သောသူငယ် မရှိရ။ အသက်မ ပြည့်စုံသော လူအိုလည်း မရှိရ။ အသက်(၁၀၀)ရှိ၍သေသောသူကို သူငယ်ဟူ၍ မှတ်ရ၏။ အပြစ်မရှိသောသူသည် အသက်(၁၀၀)ရှိလျှက်သေလျှင် ကျိန်ခြင်းကိုခံရသောသူဟူ၍ မှတ်ရ၏။ ထိုသူတို့သည် ကိုယ်ဆောက် သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မဟုတ်၊ သူတို့သည် စပျစ်ဥယျာဉ်ကို စိုက်၍ အခြားသောသူ စားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ ဖြစ်၍သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာ သုံးဆောင်ကြလိမ့်မည်။ ငါရွေးကောက်သော သူတို့သည် အချည်းနှီး မလုပ်ဆောင်ရကြ။ အသက်ပျိုသောသားကို မဖွားမြင် ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည် ထာဝရဘုရား ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာကို ခံရသောသူဖြစ်ကြလိမ့်မည်။

မကြာခင်မှာ ကျွန်တော် ဒီအကြောင်းကို ပြောပြမှာ ဖြစ်ပါတယ်။ ငါသည်သူတို့ မခေါ်မှီကပင် ထူးမည်။ ရှောက်စဉ်တွင်ပင် ငါနားထောင်မည်။ တောခွေးနှင့် သိုးသူငယ်တို့သည် အတူကျက်စားကြလိမ့်မည်။ ခြင်္သေ့သည် နွားကဲ့သို့ မြက်ကိုစားလိမ့်မည်။ မြွေမူကား မြေမှုန့်ကိုသာ စားရလိမ့်မည်။ ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်း ညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြဟု ထာ ဝရဘုရား မိန့်တော်မူ၏။

33 ၃၃။ မည်မျှကြီးမားသော ဂတိတော် ဖြစ်ပါသလဲ? ဒီပရောဖက်များနဲ့ ဒီကြီးမားတဲ့ အကြောင်းအရာတွေ၊ သမ္မာကျမ်းစာ သွန်သင်တဲ့ဆရာများ ဟိုးရှေးကာလ၊ နေ့ရက်အကြောင်းအရာဘဲ ဖြစ်ပါတယ်။ ဒီကြီးမြတ်လှတဲ့နေ့ကို ကြိုတင်တွေ့မြင်ကြခြင်းဘဲ ဖြစ်ပါတယ်။

ဒီကျမ်းချက်များအားဖြင့် တစ်စုံတစ်ယောက်သောသူအနေနဲ့ ဒီကမ္ဘာကြီးတစ်ခုလုံး ဒီစကြ်ာဝဠာကြီးတစ်ခုလုံး ပျက်စီးသွားလိမ့် မယ်လို့ ထင်ကောင်းထင်ကြမှာ ဖြစ်ပါတယ်။ ငါ ကောင်းကင်အသစ်နဲ့ မြေကြီးအသစ်ကို ဖန်ဆင်းမယ်လို့ ဆိုထားပါတယ်။ အဲဒီ ကောင်းကင်တွေ ပျောက်ကွယ်ပြီးတော့ ကမ္ဘာကြီးလည်း ပျောက်ကွယ်သွားလိမ့်မယ်။ လုံးဝ ပျက်စီးသွားလိမ့်မယ် ဖြစ်ပါတယ်။ အဲလိုမျိုး ထင်မြင်ယူဆကောင်း ယူဆကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သေသေချာချာ လေ့လာတဲ့အခါမှာ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လမ်းပြမှု အားဖြင့် သမ္မာတရားကို တွေ့ရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဆက်လက်ပြီးကြည့်မဲ့ နေရာဘဲ ဖြစ်ပါတယ်။

34 ၃၄။ အဲဒါဘာလဲဆိုတော့ ဘေးပတ်လည်မှာရှိတဲ့ ပတ်ဝန်းကျင်နေရာတွေဘဲ ဖြစ်ပါတယ်။ ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့အပြစ် ဖြစ်ပါ တယ်။ အဲဒီအပြစ်တွေအားလုံးကို ဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်။ ကောင်းကင်ရဲ့ အဓိပ္ပါယ်ကို ကျွန်တော်တို့ သိကြမှာ ဖြစ်ပါတယ်။ အ ထက်အရပ်မှာရှိနေတဲ့ အထက်အရာဘဲ ဖြစ်ပါတယ်။

35 ၃၅။ အဲဒါဘာလဲ၊ အဆင်မပြေမှုတွေ၊ ဖျားနာတာတွေ၊ သေခြင်းတွေ နိုင်ငံရေးတွေ၊ အပြစ်လုပ်တဲ့လူသားတွေ၊ အပြစ်လုပ်တဲ့ ယောကျ်ားတွေ၊ ဝိညာဉ်ဆိုးတွေ အားလုံးဖျက်ဆီးသွားမှာ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ အဲဒီနည်းအတိုင်းဘဲ ပြုလုပ်မှာ ဖြစ်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ဒီနေရာမှာ ဆက်လက်ပြီး အသက်ရှင်နေထိုင်မှာ ဖြစ်လို့ပါဘဲ။ သမ္မာကျမ်းစာအားဖြင့် ကျွန်တော်တို့ သက်သေပြနိုင်ပါတယ်။ အခု ကျွန်တော်တို့ နေနေတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဆေးတွေ၊ ရောဂါပိုးတွေ၊ ဖျားနာခြင်းတွေ အစုံဖြစ်နေပါတယ်။ လုံးဝ အဲဒါတွေအားလုံးကို ဖယ်ရှားပစ်လိုက်မှာ ဖြစ်ပါတယ်။ အခုအချိန်မှာ အဲဒါက ကမ္ဘာလောကကြီးပေါ်မှာ ရှိနေပါတယ်။

လူလုပ်တဲ့စံနစ်တွေ၊ နိုင်ငံရေးတွေ၊ အပြစ်တွေ၊ ဝိညာဉ်ဆိုး အမျိုးစုံ အဲဒါတွေနဲ့ ကမ္ဘာလောကကြီးဟာ ပုပ်သိုးပျက်စီးနေ ရပါတယ်။ ကျွန်တော်တို့ အပေါ်မှာရှိတဲ့ ကောင်းကင်အားလုံးဟာလည်း ရှိနေပါတယ်။ အဲဒီဝိညာဉ်ဆိုးတွေနဲ့ဘဲ ပုပ်သိုးပျက်စီးနေပါ တယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ လေးလေးနက်နက်နဲ့ ရှည်ရှည်လျားလျား လေ့လာသွားကြမှာ ဖြစ်ပါတယ်။

ကောင်းကင်မှာရှိတဲ့ အရာတွေအားလုံး ကောင်းကင်ပတ်လည်မှာ ရှိနေတဲ့ဟာတွေ အကုန်လုံး အခုရှိနေတဲ့ ကမ္ဘာမြေကြီး လည်း ပါပါတယ်။ ကမ္ဘာလောကကြီးဟာ ဒီအရာတွေအားလုံးကို ထိမ်းသိမ်းထားပါတယ်။ ဒါပေမဲ့လည်း အဲဒီရည်ရွယ်ချက်နဲ့ ကမ္ဘာ လောကကြီးကို ဖန်ဆင်းထားတာ မဟုတ်ပါဘူး။ အပြစ်ကြောင့်လား¿ ကမ္ဘာလောကကြီးကို ဖြစ်နေပါတယ်။ဘုရားသခင်က ဖန်ဆင်း တယ်။ ဘုရားသခင်က ဖန်ဆင်းရှင်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာတွေအားလုံး အခု ကျွန်တော်တို့ အသက်ရှင်နေထိုင်လျှက် ရှိပါတယ်။ အဲဒါတွေကို ကမ္ဘာမြေကြီး ပေါ်မှာ ချထားလျှက် ရှိပါတယ်။ ဘုရားသခင် ဖန်ဆင်းတဲ့အချိတ်က ချထားလိုက်ခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်ဟာ မြေမှုန့်ကနေ ဖန်ဆင်းခြင်းခံထားရဘို့ဘဲဖြစ်ပါတယ်။ အဲဒါတွေအားလုံးကို ချထားပါတယ်။ ဘုရားသခင် ကိုယ်တော်တိုင် ဖန်ဆင်းတဲ့အ ခါမှာ ကိုယ်တော်ရှင်ရဲ့အတွေးထဲမှာ သင်ရှိနေပါတယ်။ ကိုယ်တော်ရှင်ရဲ့အထဲမှာ အင်မတန်ကြီးမားလှတဲ့ ထာဝရအရာ ရှိပါတယ်။ အဲ ဒါကတော့ သူ့ရဲ့အတွေးဘဲဖြစ်ပါတယ်။ သူ့ရဲ့လက္ခဏာဘဲဖြစ်ပါတယ်။

အပြစ်က ဒါတွေအားလုံးကို ဖြစ်ပေါ်စေပါတယ်။ ဘုရားသခင်က ဒီခေတ်ကာလမှာ သူ့ရဲ့အရာဝတ္ထုတွေအားလုံးကို စုသိမ်း လျှက်ရှိပါတယ်။

36 ၃၆။ စာတန်ကလည်း ကြည့်နေဆဲဖြစ်ပါတယ်။ ဒီအရာတွေအားလုံး ဖြစ်ပေါ်လာရတဲ့ အကြောင်းဘဲဖြစ်ပါတယ်။ သူရှိနေ ဆဲဖြစ်ပါတယ်။ သူ့ရဲ့ မကောင်းဆိုးဝါးအရာတွေလည်း ရှိနေဆဲဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာလောကကြီးက ညစ်ညူးနေဆဲ ဖြစ်ပါတယ်။ အင်မတန်မှ ရယ်စရာကောင်းတဲ့အရာတွေ၊ ရွံစရာကောင်းတဲ့အရာတွေ ဆက်လက် ဖြစ်ပေါ်နေပါ တယ်။ သွေးထွက်သံယိုဖြစ် ခြင်း၊ စစ်ဖြစ်ခြင်း၊ နိုင်ငံရေး၊ မတရားသောမေထုန်မှီဝဲခြင်း၊ စတဲ့ ညစ်ညူးတဲ့အရာတွေ ဆက်လက် ဖြစ်ပေါ်နေပါတယ်။ ဘာကြောင့်လဲ ဆိုတော့ စာတန်က ဒီကမ္ဘာလောကကြီးနဲ့ သူ့ရဲ့ပတ်ဝန်းကျင်အရာအားလုံးကို အုပ်စိုးထားလို့ဘဲ ဖြစ်ပါတယ်။ သင်က ပတ်ဝန်းကျင် လေထုကြီး တစ်ခုလုံးလို့ဆိုပါတယ်။ ဟုတ်ပါတယ်။

37 ၃၇။ ကောင်းကင်နှင့်မြေကြီးက ညစ်ညူးလျှက်ရှိပါတယ်။ နတ်ဆိုးတွေက ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့ကို အပြစ်တင်လို့ ရပါတယ်။ သခင်ယေရှုကတော့ ကျွန်တော်တို့အတွက် ကိုယ်စားပြုဆုတောင်း ပေးနေပါတယ်။ အပြစ်တင်တဲ့သူတွေက ကျွန်တော်တို့ကို လက်ညှိုးထိုးပြီးတော့ အပြစ်တင်နေတယ်။ သူတို့ ဟိုဟာလုပ်တယ်။ သူတို့ဒီဟာလုပ်တယ်။ သူတို့ ဒီဉစ္စာလုပ် တယ်။ စသည်ဖြင့် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အသွေးတော်က ဖုံးအုပ်ဆဲ ဖြစ်ပါတယ်။ သူရွေးချယ်ထားတဲ့သူ သူကြိုတင် တွေ့မြင်ထားတဲ့သူကို ကိုယ်တော်ရှင်ကလည်း လာပြီးကယ်တင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီခေတ်ဒီအခါမှာ အရမ်းညစ်ညူးနေခြင်း ဖြစ်ပါတယ်။

38 ၃၈။ တမန်တော်ကြီးက (၂ပေ၂း၅-၆) မှာ ဖေါ်ပြထားတဲ့အတိုင်း အငယ် (၅ နဲ့ ၆)မှာ ဖေါ်ပြထားပါတယ်။ အဲဒီ ကျမ်းချက်တွေကို ကျွန်တော်တွေ့ပါတယ်။ ဒီကမ္ဘာလောကကြီးရဲ့ အဆင့်(၃)ဆင့်ကို ရည်ညွှန်းပြောကြားထားခြင်းဘဲ ဖြစ်ပါတယ်။ အဆင့်(၃)ဆင့်ရှိပါတယ်။ အဲဒီ အဆင့်(၃)ဆင့် ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာကို ကြည့်ရမှာဖြစ်ပါတယ်။

ကမ္ဘာမြေအဟောင်းက ရေထဲကနေ ပေါ်ထွက်လာပါတယ်။ အဲဒါကတော့ ဟိုးအန္တိဒီလူးဘီးယန်းကာလက ကမ္ဘာမြေကြီးဘဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အခုလက်ရှိကမ္ဘာ၊ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ ဒီကမ္ဘာလောကကြီးကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။ ရေမှ ပေါ်ထွက်လာတဲ့ ကမ္ဘာအဟောင်းဘဲ ဖြစ်ပါတယ်။ (ကမ္ဘာ ၁း၁) အခုအခါမှာတော့ အခုလက်ရှိကမ္ဘာဖြစ်ပါတယ်။ နောက် တစ်ဖန် နောက်ထပ်ကမ္ဘာတစ်ခုကို သူရည်ညွှန်းပြောဆိုပါတယ်။ နောက်လာမဲ့ကမ္ဘာ ဖြစ်ပါတယ်။ ကမ္ဘာအသစ်ဖြစ်ပါတယ်။ ကမ္ဘာကြီး အဆင့်(၃)ဆင့်ရှိနေပါတယ်။

39 ၃၉။ အခုအခါမှာ ဘုရားသခင်က သူ့ရဲ့အကြံအစည် ကယ်တင်ခြင်းနဲ့ပတ်သက်တဲ့ အကြံအစည်ကို ရှင်းရှင်းလင်းလင်း ဖေါ်ပြထား ပါတယ်။ ကျွန်တော့် စိတ်နှလုံး အရမ်းကြည်နူးမိပါတယ်။ အဲဒီအကြံအစည်ကို တွေ့တဲ့အခါမှာ ကိုယ်တော်ရှင်ဟာ သူ့ရဲ့ ကယ်တင်ခြင်း အကြံအစည်ကို ကျွန်တော်တို့အတွက် ရှင်းရှင်းလင်းလင်း ပြုလုပ်ပေးထားတာကို တွေ့ရလို့ ဝမ်းမြောက် မိပါတယ်။ ကျွန်တော်တို့ရဲ့ မျက်စိတွေနဲ့ တွေ့မြင်နေရတဲ့ အရာတွေကို နှိုင်းယှဉ်ကြည့်ရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့ ကမ္ဘာကြီးကို ကယ်တင်ဘို့အတွက် ဘယ်လိုလုပ်ခဲ့သလဲဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သူ့ရဲ့ လူမျိုးတော်ကို ကယ်တင်ဘို့အတွက် အလားတူ အကြံအစည်ကို ပြုလုပ်ခဲ့ပါတယ်။ ဘုရားသခင်ဟာ မပြောင်းလဲပါဘူး။ သူ့ရဲ့ အကြံအစည်တွေကလည်း ဘာတစ်ခုမှ မပြောင်းလဲပါဘူး။ သူနဲ့ပတ်သက်တဲ့အရာ ဘာမှ ပြောင်းလဲခြင်း မရှိပါဘူး။ အင်မတန် ဘုန်းကြီးတဲ့အရာတွေဘဲ ဖြစ်ပါတယ်။

40 ၄၀။ ကိုယ်တော်ရှင် ကိုယ်တော်တိုင် ကျွနုပ်တို့အား သူ့ထံကိုမည်သို့ လမ်းပြပို့ဆောင်ပါသလဲ? ကျွနုပ်တို့အထဲမှာရှိတဲ့ တဲတော်ထဲကို အဆင့်(၃)ဆင့် ကျေးဇူးတော်အဆင့်(၃)ဆင့်အားဖြင့်ဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကို အဆင့်(၃)ဆင့် အားဖြင့် ပြည့်စုံအဆင့် (၃)ဆင့်အားဖြင့် ကျော်ဖြတ်ပြီးတော့ ရောက်ရှိသကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲလို အဆင့်(၃)ဆင့်ကို ကျော် လွန်ခြင်းအားဖြင့် ဘုရားသခင်ဟာ ကမ္ဘာလောကကြီးထဲကို ရောက်လာမှာဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေတဲ့ အဆင့်(၃)ဆင့်ဘဲ ဖြစ်ပါတယ်။ ဒီကျေးဇူးတော် အဆင့်(၃)သင့်အားဖြင့် ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ထံကို ရောက်လာပါတယ်။ အစကတည်းက ကျွန်တော် ထိုအကြောင်းကို သင် ပြပေးခဲ့ပါတယ်။ အဲဒီကတည်းက ကျွန်တော် မပြောင်းလဲပါဘူး။ အဲဒါက ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။

41 ၄၁။ သင်ဟာ သင့်ရဲ့(၃)ခုကို အတူတကွထားရမှာ ဖြစ်ပါတယ်။ (၇-ခု၊ ၁၂-ခု) စသည်တို့ကိုအမြဲတမ်းမှတ်သားထားရမှာဖြစ်ပါ တယ်။ သမ္မာကျမ်းစာရဲ့ နံပါတ်တွေဘဲ ဖြစ်ပါတယ်။ အဲဒါမှ သေသေချာချာ ပေါ်လွင်ပြီးတော့ ရှုပ်ရှက်ခတ်မသွားအောင်ဘဲ ဖြစ်ပါ တယ်။ အဲဒါကို သင်နားမလည်နိုင်ပါဘူးဆိုရင် ဆုတောင်းပါ၊ ကြည့်ပါ။ ပြတ်ပြတ်သားသား အတိအကျဘဲ နားလည်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ (၃)ဂဏန်းထဲမှာ ပြည့်စုံပါတယ်။

42 ၄၂။ ကမ္ဘာလောကအဟောင်း၊ အန္တိုဒိုင်လူးဗီးယန်းခေတ်ကာလနဲ့ အခုလက်ရှိ ကမ္ဘာလောကနဲ့ နောက်လာမဲ့ ကမ္ဘာလောကဘဲ ဖြစ်ပါတယ်။

ပထမဆုံးအဆင့်ကတော့ ကျွန်တော်တို့ကို ကိုယ်တော်ရှင် ပို့ဆောင်ခဲ့ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကယ်တင်ခြင်းကတော့ အတိ အကျဘဲ အရာခပ်သိမ်းအားဖြင့် အမှန်အကန် အတိအကျဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အလားတူနည်းအတိုင်းဘဲ ထိုနည်းကို အသုံးပြုပြီးတော့ အလုပ်လုပ်ပါတယ်။ ကိုယ်တော်ရှင် ဘယ်တော့မှ မပြောင်းလဲပါဘူး။ (မာလခိ ၃)မှာပါဝင်ပါတယ်။ ငါဟာ ဘုရား သခင်ဖြစ်တယ်။ ငါမပြောင်းလဲဘူးလို့ ဖော်ပြထားပါတယ်။ ကိုယ်တော်ရှင် အဲဒီနည်းအတိုင်း လုပ်ဆောင်ပါတယ်။ ပထမဆုံးလူသားကို သူကယ်တင်ပေးတယ်ဆိုရင် အသွေးတော်အားဖြင့် သွန်းလောင်းပြီးတော့ အပြစ်ကင်းစင်တဲ့ ဘုရားသခင်ရဲ့ အသွေးတော်ကို သွန်း လောင်းစေခြင်းဘဲ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကို သူထပ်ပြီး ကယ်တင်စရာ မလိုတော့ပါဘူး။ လူတိုင်းကို သူကယ်တင်ပါတယ်။ အဲဒီနည်းအတိုင်းဘဲ ကယ်တင်မှာဖြစ်ပါတယ်။

သူဟာ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် အဲဒီလူကို အနာရောဂါ ငြိမ်းစေတယ်။ ဒီလောက ခရီးတစ်လျှောက်မှာဘဲဖြစ်ဖြစ် ယေရှုခရစ် ရဲ့နေ့ရက်မှာဘဲဖြစ်ဖြစ်၊ တမန်တော်၊ ပရောဖက်တွေ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် အလားတူအခြေအနေတွေ အားလုံးပြည့်စုံတဲ့အ ခါမှာ ကိုယ်တော်ရှင် တစ်ဖန် ထပ်ပြီးလုပ်ရအုန်းမှာ ဖြစ်ပါတယ်။ အဲဒါမှန်ပါတယ်။ ကိုယ်တော်ရှင် ဘယ်တော့မှ မပြောင်းလဲပါဘူး။ လူတွေကသာ ပြောင်းလဲတယ်။ အချိန်တွေပြောင်းလဲတယ်။ ခေတ်ကာလတွေ ပြောင်းလဲတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ဟာ ဘယ်တော့မှ မပြောင်းလဲပါဘူး။ ကိုယ်တော်ရှင်ဟာ ပြီးပြည့်စုံပါတယ်။ ဖျားနာတဲ့ သူတွေကို မည်မျှအံ့သြဘွယ်ကောင်းတဲ့ မြော်လင့်ခြင်း ပေးနိုင်ပါသလဲ?

43 ၄၃။ ကိုယ်တော်ရှင်က လူတစ်ယောက်ကို အနာရောဂါငြိမ်းစေတယ်ဆိုရင် သူတစ်ဖန်ပြန်ပြီးတော့ အလားတူ အခြေအနေမျိုး မှာဘဲ ရောဂါငြိမ်းစေရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ လူတစ်ယောက်ကို ကယ်တင်တဲ့အခါမှာ ထပ်မံပြီး အလားတူ အခြေအ နေမျိုးမှာဘဲ သူကယ်တင်ရမှာ ဖြစ်ပါတယ်။ ပထမဆုံး သူလုပ်ခဲ့သလို သူလုပ်ရမှာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သန့်ရှင်းသောဝိညာဉ်တော်နဲ့ လူတစ်ယောက်ကို ပြည့်စေတယ်ဆိုရင် အလားတူ အခြေအနေမျိုးမှာဘဲ သူထပ်ပြီးတော့ ဖြည့်ပေး ရမှာ ဖြစ်ပါတယ်။ သူပထမဆုံးအကြိမ် ပြုလုပ်ပါတယ်။ လူတစ်ယောက်ကို သချိုင်းဂူကနေ ထမြောက်စေတယ်ဆိုရင် ဒုတိယအကြိမ်မှာလည်း ထိုကဲ့သို့ လုပ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချိန်လည်း အလားတူအတိုင်းဘဲ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

44 ၄၄။ ကိုယ်တော်ရှင် မပြောင်းလဲပါဘူး။ ကိုယ်တော်ရှင် ကျွန်ုပ်တို့အား ပေးတဲ့မြော်လင့်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါဘာလဲ? လူလုပ်တဲ့ သီအိုရီထဲမှာ မရှိပါဘူး။ လူတွေအားလုံး အတူတကွ စုရုံးပြီးတော့ လူအုပ်စု တစ်စုက ရရှိခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကတော့ ပြောင်းလဲခြင်းမရှိပါဘူး။ အဲဒါသမ္မာတရားဘဲလားလို့ သင်မေးမှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင် မိန့်တော်မူတာကတော့ လူတိုင်းရဲ့စကားလုံးတွေက လှည့်ဖျားမှုတွေ ဖြစ်မယ်ဆိုရင်တောင်မှ ငါကတော့ ငါ့ စကားကတော့ လှည့်ဖျားမှု မဟုတ်ပါဘူး။ ကောင်းကင်နဲ့မြေကြီး ပျောက်ကွယ်သွားရင် ပျောက်ကွယ်မယ်။ ဒါပေမဲ့ ငါ့ရဲ့စကား မပျောက်ကွယ်ပါဘူးလို့ဆိုပါတယ်။ နှုတ်ကပတ်တော်တွေအားလုံးကို ဝိညာဉ်တော် မှုတ်သွင်းခြင်းအားဖြင့် ဖြစ်ပြီးတော့ အင်မ တန် ကောင်းမွန်ပြီးတော့ သြဝါဒတွေအတွက် အကျိုးရှိမှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်တွေအားလုံးမှာ ပြည့်စုံမှာ ဖြစ်ပါတယ်။ စကားလုံး တစ်လုံးစီတိုင်း ဖြစ်တယ်လို့ ဆိုထားပါတယ်။

45 ၄၅။ ဘုရားသခင်က ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း နားလည်အောင် ဘယ်လိုလုပ်ထားသလဲဆိုတာကို သတိပြုကြည့်ပါ။ တစ်ကယ် ကြီးမားတဲ့ အတည်ပြုချက် မဟုတ်ခဲ့ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ မေတ္တာရှင် ကောင်းချီးပေးတဲ့ ဘုရားဖြစ်နိုင်မှာ လဲ? ကျွန်တော် ဒီအရာကိုတွေ့တဲ့အခါ လူငယ်ဘဝကတည်းက တွေ့မြင်ပြီးတော့ ပထမဆုံးအကြိမ် ခရစ်တော် ကျွန်တော်နဲ့ပတ် သက်ပြီးတော့ အမှုပြုခဲ့ တဲ့အရာဘဲဖြစ်ပါတယ်။ အဲဒီအဆင့်(၃)ဆင့်ကို ကျွန်တော် အမြဲတမ်း သွန်သင်ပေးမှာ ဖြစ်ပါတယ်။ အကယ်၍ အခုအချိန်မှာ မမှန်ကန်တော့ဘူးဆိုရင် သတိပြုကြည့်ပါ။

46 ၄၆။ ပထမဆုံးအဆင့်ကတော့ ဘုရားသခင်ရှေ့တော်မှာ နောင်တရဘို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးရင် ဘာလဲဆိုတော့ ရေဗတ္တိဇံဘဲ ဖြစ်ပါတယ်။ နောင်တရတယ်။ ယေရှုခရစ်တော်ရဲ့နာမ၌ ဗတ္တိဇံခံရမှာ ဖြစ်ပါတယ်။ ရေဗတ္တိဇံကဘာလဲ? နောင်တရခြင်းဟာ စစ်မှန် တယ်ဆိုတာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အတိတ်က အပြစ်တွေအားလုံးကို ခြေဖျက်ဘို့ဘဲ ဖြစ်ပါတယ်။ နောင်လာမဲ့အပြစ်တွေအ တွက် မဟုတ်ပါဘူး။ အဝေ့ပြယ်ကတော့ နောင်တရပြီး ယေရှုခရစ်တော်ရဲ့နာမ၌ ဗတ္တိဇံခံဘို့ဘဲ ဖြစ်ပါတယ်။ ဘာအတွက်လဲ၊ အပြစ်ဖြေလွှတ်ဘို့ဘဲ ဖြစ်ပါတယ်။ အတိတ်ကအပြစ်တွေအားလုံးကို ချေဖျက်လိုက်ပြီးတော့ အနာဂတ်နဲ့ ဘာမှမပတ်သက်တော့ပါဘူး။ သင့်ရဲ့အ ပြစ်တွေကို ခုတ်ဖြတ်ပစ်လိုက်ပြီး သင်ပြုလုပ်သမျှကို ခုတ်ဖြတ်ပြီးဖြစ်ပါတယ်။

အာဒံပြုခဲ့တဲ့အတွက် သင်နောင်တမရနိုင်ပါဘူး။ သင်ပြုခဲ့တဲ့ အပြစ်မဟုတ်ပါဘူး။ အာဒံပြုခဲ့တာပါ။ သင်ပြုခဲ့တဲ့အပြစ်အတွက်ဘဲ သင်ခွင့်လွှတ်ခြင်းခံရမှာ ဖြစ်ပါတယ်။ ဇာတိသဘောကြီးက ရှိနေဆဲဖြစ်ပါတယ်။

47 ၄၇။ အခုကျွန်တော် ဒီဘုတ်ပြားကြီးကို ပြပါရစေ။ ဘရာသာဇရမ်ဟမ်က ကျောက်သင်ပုန်း အမဲကြီးပေါ်မှာ ပုံတွေဆွဲပြပါ တယ်။ (အယ်ဒီတာမှတ်ချက်) ဒါက လူသားရဲ့နှလုံးသားဖြစ်ပါတယ်။ ကျွန်တော်က ပန်းချီဆရာတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း

ကျွန်တော် လူသားနှလုံးသားကို ဒီနေရာမှာ ဆွဲပြပါတယ်။ ဒါက လူသားနှလုံးသားဘဲ ဖြစ်ပါတယ်။ ဟိုနားမှာ ရှိတာကတော့ မြွေဖြစ်ပါတယ်။ ဒါကအပြစ်ဖြစ်ပါတယ်။ သူဒီမှာ အသက်တာ ရှိထားပြီးဖြစ်ပါတယ်။ ဟိုးဘက်မှာတော့ ဂျိုးငှက်က လေး ရှိပါတယ်။ အဲဒါကတော့ သန့်ရှင်းသောဝိညာဉ်တော် ရှိပါတယ်။ ဒီနေရာမှာ သူ့မှာ အသက်ရှိပါတယ်။ ဒီဥစ္စာက ဒီနားမှာ ရှိပါတယ်။ သူ့မှာ မကောင်းမှုတွေ၊ မုန်းတီးမှုတွေ၊ မနာလိုမှုတွေ၊ အဲဒီအရာတွေအားလုံးကို ဖြစ်စေတဲ့အရာတွေဘဲ ဖြစ်ပါတယ်။ အဲဒီ သတ္တဝါက ဒီသတ္တဝါဘဲ ဖြစ်ပါတယ်။ ဒီမှာရှိတဲ့အရာတော့ မေတ္တာရှင်ရဲ့ ဝမ်းမြောက်ခြင်းရှိတယ်၊ စိတ်ရှည်ခြင်းရှိတယ်၊ အဲဒါ ကတော့ အဲလိုဖြစ်စေတဲ့အရာဘဲ ဖြစ်ပါတယ်။ ဒီအောက်ဖက်မှာ ရှိတယ်။

သင်က အခုမေးခွန်း မေးမယ်ဆိုရင် ဒါမှမဟုတ် သင့်ရဲ့အပြစ်တွေ ခွင့်လွှတ်ပြီးဖြစ်မယ်ဆိုရင် သင်ဒါကို လုပ်ပြီးဖြစ်ပါတယ်။ ဒါတွေအားလုံး ယူဆောင်သွားခြင်း ခံရပါတယ်။ ဒါပေမဲ့လည်း သင့်ကို လုပ်စေတဲ့အရာကတော့ ရှိနေဆဲဖြစ်ပါတယ်။ အဲဒါကတော့ ဒုစရိုက်ရဲ့ ဟောင်းနွမ်းနေတဲ့အရင်းအမြစ်ဘဲ ဖြစ်ပါတယ်။ အဲဒါက ရှိနေဆဲ ဖြစ်ပါတယ်။

48 ၄၈။ သင်နောင်တရပြီးတော့ ယေရှုခရစ်ရဲ့နာမ၌ ဗတ္တိဇံခံမယ်ဆိုရင် သင့်ရဲ့အပြစ်တွေအားလုံးကို ကိုယ်တော်ရှင်က ခွင့်လွှတ်လိုက်ပါတယ်။ ဒုတိယအနေနဲ့ သင့်ရှင်းစင်ကြယ်စေခြင်း ရောက်လာပါတယ်။ ကျွန်တော်တို့ရဲ့စိတ်နှလုံးတွေကို သန့်ရှင်း စင်ကြယ်စေဘို့ဘဲ ဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေခြင်းကတော့ ဂရိစကားလုံးဖြစ်ပြီးတော့ ပေါင်းစပ်ထားတဲ့ စကားလုံးဖြစ် တယ်။ အဓိပ္ပါယ်ကတော့ သန့် ရှင်းတယ်။ အမှုတော်မြတ်အတွက် သီးခြားဖယ်ထားခြင်း ခံရတယ်လို့ အဓိပ္ပါယ်ရပါတယ်။

နောက်တစ်ခုဖြစ်ပါတယ်။ အဲဒါကတော့ မီးနဲ့ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်ုပ်တို့အထဲမှာ ကျိန်းဝပ်မှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့မီးဟာ ကျွန်ုပ်တို့ရဲ့ စိတ်နှလုံးတွေကို ရှိတဲ့အပြစ်တွေအားလုံးကို ဆေးကြောပါတယ်။ နောက်ပြီးတော့ ဝိညာဉ်တော်ကို အထဲမှာထည့်ပေးပါတယ်။ အဲဒီအခါမှာ ဒီအရာကလုပ်တယ်။ အသက်တာကို ပေါ်ထွက်လာ စေပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအရာက ကျွန်ုပ်တို့အထဲမှာ ရှိလို့ဘဲ ဖြစ်ပါတယ်။

49 ၄၉။ သဘာဝအတိုင်း မွေးဖွားလာတဲ့အရာကို ကြည့်ပါ။ အမျိုးသမီးတစ်ယောက် ကလေးမွေးတဲ့အခါမှာ သဘာဝအသက်တာ မှာ ဆိုရင်ဝိညာဉ် အသက်တာအတိုင်းဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက် ကလေးမွေးတဲ့အခါမှာ သဘာဝအတိုင်းဆိုရင် ပထမဆိုရင် ပထမဆုံး ဖြစ်ပေါ်လာတာကတော့ ရေမွှာပေါက်ခြင်းပင် ဖြစ်ပါတယ်။ နောက်ပြီးရင် သွေးဖြစ်ပါတယ်၊ နောက်ပြီးရင် ကလေးမွေးလာပါတယ်။ နောက်ပြီးရင် အသက်ဖြစ်လာပါတယ်။ ကလေငယ်လေးကို ချီပြီးတော့ ရိုက်လိုက်ပါ။ ဘရာသာ ဗရမ်ဟမ်က သူ့ရဲ့လက်တွေကို ဒီလိုလက်နှစ်ဖက် လက်ခုပ်တီးလိုက်ပါတယ်။ (အယ်ဒီတာမှတ်ချက်) အဲလို ရိုက်လိုက်ရင် သူက အော်ငိုသွားမှာ ဖြစ်ပါတယ်။ ရေ၊ သွေးနဲ့ ဝိညာဉ်ဖြစ်ပါတယ်။

50 ၅၀။ အခုအခါမှာ ကလေးငယ်မွေးဖွားလာပြီးတော့ ဘုရားသခင်ရဲ့နိုင်ငံတော်ထဲကို ရောက်လာတဲ့အခါမှာ အလားတူဘဲ ဖြစ်ပါ တယ်။ ရေ၊ သွေးနဲ့ ဝိညာဉ်ဘဲ ဖြစ်ပါတယ်။

အခု သန့်ရှင်းစင်ကြယ်စေခြင်းဘဲ ဖြစ်ပါတယ်။ တတိယမြောက် အဆင့်ကိုကြည့်ပါ။ တတိယမြောက် မဟုတ်ပါဘူး။ ဒုတိယ မြောက်ဖြစ်ပါတယ်။ စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်စေခြင်းဘဲ ဖြစ်ပါတယ်။ စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်စေဘို့ စံနစ်တကျ ပြုလုပ် ခြင်းဘဲ ဖြစ်ပါတယ်။

လူတစ်ယောက်ဟာ အပြစ်လမ်းအတွက် နောင်တရစေပါတယ်။ နောင်ပြီးတော့ သူက အဲဒီအပြစ်တွေကို စဉ်းစားနေဆဲ ဖြစ်ပါ တယ်။ သူဟာ မသေဆုံးနိုင်တဲ့လူ ဖြစ်ကောင်းဖြစ်မယ်။ မသေဆုံးနိုင်တဲ့ အမျိုးသမီးကို သူတွေ့မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီ မှာ သူရှိနေဆဲဖြစ်ပါတယ်။ သူဟာ အရက်သမားဖြစ်ကောင်းဖြစ်မယ်။ သူဟာ အရက်နံ့ကို ရတဲ့အခါတိုင်း အဲဒီမှာ ရှိနေဆဲ ဖြစ်ပါတယ်။

သူဟာ သန့်ရှင်းစင်ကြယ်စေတဲ့အခါမှာ အဲဒီသူ့ရဲ့စိတ်ဆန္ဒတွေကို စိတ်ထဲကနေ ရှင်းထုတ်လိုက်ခြင်း ဖြစ်ပါတယ်။ သူလိုလား တဲ့အရာတွေကို ဖယ်ထုတ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူ့ကို စုံစမ်းနှောက်ယှက်ခြင်း ရှိနေဆဲဖြစ်မှာပါ။ ဒါပေမဲ့လည်း သူဟာ အဲဒီနည်း လမ်းကို ဖယ်ရှားချင်ပါတယ်။ သူဟာမှန်ကန်နေဆဲ မဟုတ်သေးပါဘူး။

သူဟာသန့်ရှင်းသောဝိညာဉ်တော်နဲ့ ဗတ္တိဇံခံလိုက်တယ်။ မီးဗတ္တိဇံဖြစ်တယ်။ သန့်ရှင်းသွားမှာ ဖြစ်ပါတယ်။ လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ သန့်ရှင်းရေးလုပ်ပြီးသား ဖြစ်မှာဖြစ်ပါတယ်။ နောက်ပြီးရင် ကိုယ်တော်ရှင်ရဲ့အမှုတော်မြတ်ထဲမှာ ပါဝင်ရမှာ ဖြစ်ပါ တယ်။ သန့်ရှင်းစင်ကြယ်စေခြင်းက အမှုတော်မြတ်အတွက် သူတို့ကို ဖယ်ထားခြင်းဘဲ ဖြစ်ပါတယ်။

51 ၅၁။ အဲဒါ ဘယ်လိုပေါ်ထွက်လာသလဲဆိုတာကို ကြည့်ပါ။ သတင်းစကားတွေလာမှာ ဖြစ်ပါတယ်။ မာတင်လူသာက ဖြောင့်မတ်ခြင်းတရားကို ဟောတယ်။ ဂျွန်ဝပ်စလီက သန့်ရှင်းခြင်းအကြောင်းကို ပြောတယ်။ ပင်တေကုတ္တေက သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံအကြောင်းကို ပြောပါတယ်။ ဒီသတင်းစကားတွေ ဒီခေတ်ကာလတောက်လျှောက်မှာ ဘယ်လိုမှ ရှိနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ နောက်ဆုံးအချိန်ကို ရောက်နေပါပြီ၊ အဆင့်(၃)ဆင့်ရှိပါတယ်။ ဗတ္တိဇံက သန့်ရှင်း သောဝိညာဉ်တော်နဲ့ လူတွေရဲ့ စိတ်နှလုံး ကို သန့်ရှင်းစင်ကြယ်စေခြင်း ဖြစ်ပါတယ်။

52 ၅၂။ မည်မျှစိတ်လှုပ်ရှားဖွယ် ဖြစ်ပါသလဲ? ကိုယ်တော်ရှင်က ကျွန်တော်တို့ကျိန်းဝပ်ဖို့ နေရာကို ယူပါတယ်။ အလားတူ နည်းစံနစ်အတိုင်းဘဲ ဖြစ်ပါတယ်။

အခုအခါမှာ အသင်းတော်ကို သူက ဖြောင့်မတ်ခြင်းအားဖြင့် ခေါ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေခြင်းအားဖြင့်လည်း ခေါ်ပါတယ်။ ပြီးရင်

သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝစေပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်လည်း ပါသလို မီးလည်း ပါပါတယ်။ သူဟာ အဆင့်ဆင့် တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းပြီး ပြုလုပ်ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ သူကိုယ်တိုင်ဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ် တော် ကိုယ်တိုင်ဖြစ်တယ်။ ဘုရားသားတော်ကတော့ လူသားရဲ့နှလုံးသားထဲမှာ ကျိန်းဝပ်နိုင်ပါတယ်။ အခုအခါမှာ သူကိုယ်တိုင် ဝင်ရောက်မလာနိုင်တဲ့အတွက် ဤအရာအားဖြင့်ဘဲ သွားရမှာ ဖြစ်ပါတယ်။

ကမ္ဘာလောကကြီးကိုလည်း သူက အမှုပြုပြီးဖြစ်ပါတယ်။ အဲဒီကမ္ဘာလောကကြီးထဲမှာ သတို့သမီးက နေထိုင်မှာ ဖြစ်ပါတယ်။ ကယ်တင်ခြင်းကဲ့သို့ အစီအစဉ်ဘဲဖြစ်ပါတယ်။

53 ၅၃။ အန္တိခိုင်လူဒီယန် ကမ္ဘာကြီးကို သတိပြုကြည့်ပါ။ နောင်တရပြီးတဲ့အခါမှာ အဲဒီခေတ်ကာလရဲ့ သတို့သမီးအားဖြင့် နောဧအား ဖြင့် သူကရေဗတ္တိဇံကိုပေးလိုက်ပါတယ်။ ရေနဲ့အကုန်လုံး ဖုံးလွှမ်းလိုက်ပါတယ်။ နောက်ပြီးရင် ဖြောင့်မတ်ခြင်း ရှိပါတယ်။ သူ့ရဲ့ကျဆုံး သွားတဲ့ ကမ္ဘာလောကကြီးကို သူကပြန်ပြီးတော့ ခေါ်မယ်ဆိုတဲ့အကြောင်းကို ပြသပါတယ်။ ဧဒင်ဥယျာဉ်ကြီးကတည်းက ပြသခြင်းဘဲ ဖြစ်ပါတယ်။ ပြန်ပြီးတော့အသက်ရှင်အောင် တစ်ဖန်ပြုလုပ်ပေးခြင်းဘဲ ဖြစ်ပါတယ်။

ဧင်းနောက် ခရစ်တော် ကြွလာပြီးတော့ အသွေးသွန်းလောင်းပါတယ်။ သန့်ရှင်းစင်ကြယ်စေပြီးတော့ ပြန်လည် ရွေးနုတ်ယူပါ တယ်။ ဘရာသာဇရမ်ဟမ်က တရားဟောရင်းနဲ့ တရားဟောပလ္လင်ကို ကြိမ်ဖန်များစွာ ခေါက်လိုက်ပါတယ်။ (အယ်ဒီတာမှတ် ချက်) အခုဒီကမ္ဘာလောကကြီးကတော့ကျွန်တော်တို့ နေထိုင်နေတဲ့ ကမ္ဘာလောကကြီးဘဲ ဖြစ်ပါတယ်။

စာတန်မာရ်နတ်က ကျမ်းချက်ထဲမှာ ဘုရားသခင်ရဲ့ အကြံအစည်ကို ဘယ်လိုဖျက်ဆီးပစ်မလဲ? ဘယ်လိုဖျက်ဆီးဘို့ ကြိုးစား မလဲဆိုတာကို ကြည့်ရမှာဖြစ်ပါတယ်။ တောင်ပေါ်မှာ ကိုယ်တော်ရှင်ကို သူကတွေ့တဲ့အခါမှာ လှည့်ဖျားပါတယ်။ ဒီကမ္ဘာလောကကြီးကို သူ့ကို ပေးအပ်မယ်။ အသွေးတော်အားဖြင့် မဝယ်ရဘဲနဲ့ ရရှိမယ်ဆိုပြီးတော့ သူက ကြိုးစားခဲ့ပါတယ်။

54 ၅၄။ အာဗြဟံက ဘယ်လိုလုပ်မလဲဆိုတာ သင်သတိပြုမိပါသလား? သူ့ကို မြေကြီးတွေကို ပေးဘို့ သူတို့ကြိုးစားတဲ့အခါမှာ သူက ငွေမြောက်များစွာကို ပေးပြီး ဝယ်ယူပါတယ်။ လူတွေရှေ့မှာကော ဝယ်ယူပါတယ်။ အဲဒါကတော့ သက်သေဖြစ်ပါတယ်။ ဒီနေ့မှာလည်း အဲဒါကို သိဘို့ဘဲဖြစ်ပါတယ်။ ဒီသင်္ချိုလ်မဲ့နေရာကို ငါဝယ်ယူခြင်းဘဲ ဖြစ်ပါတယ်။ ဝယ်ယူခြင်း ဖြစ်တယ်ဆိုတာကို သတိပြုပါ။ စာတန်ကတော့ သူ့ရဲ့နိုင်ငံတော်ကို သူပိုင်ဆိုင်တဲ့အတိုင်း ရှိနေပါတယ်။ အဲဒီနိုင်ငံတော်ကို သူကပေးဘို့ ကြိုးစားပါတယ်။ ကိုယ်တော်ရှင်ကို လက်ဆောင်အနေနဲ့ သူက ပေးဘို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ကိုယ်တော်ရှင်က လက်မခံပါ ဘူး။ စာတန်ကတော့ အဲဒီအရာကို လက်ခံ နေဆဲဘဲ ဖြစ်ပါတယ်။ တစ်ကယ်ဆိုရင် ဝယ်ယူရမှာ ဖြစ်ပါတယ်။ အာမင်။ က်ိုယ်တော်ရှင်ဟာ နူတ်ကပတ်တော် ဖြစ်တယ်။ နူတ်က ပတ်တော်အပြည့်အဝဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သူတို့ ဘယ်လိုမှ လှည့်ဖျားလို့ မရပါဘူး။

55 ၅၅။ ဘာဖြစ်သလဲ ကြည့်ပါ။ ခရစ်တော် ကြွလာတယ်။ အသင်းတော်ကို နောင်တရဘို့ ဆင့်ခေါ်ပါတယ်။ ယေရှုခရစ်တော် ရဲ့နာမဥ္ဇ ဗတ္တိဇံကိုပေးတယ်။ နောင်တရဘို့ဖြစ်တယ်။ အသင်းတော်ကို သန့်ရှင်းစင်ကြယ်စေဘို့ ဖြစ်တယ်။ ဘုရားသခင်ရဲ့ မီးတောက်မီးလျှံတွေနဲ့ ဒီဒုစရိုက်တွေကို လောင်ကျွမ်းစေဘို့ဖြစ်တယ်။ နောက်ပြီးတော့ လူသားတွေရဲ့ နှလုံးသားထဲမှာ လာပြီး တော့ ကျိန်းဝပ်ဘို့ဘဲ ဖြစ်ပါတယ်။

56 ၅၆။ ကမ္ဘာလောကကြီးကို ကယ်တင်ဘို့ရန် ဖြစ်ပါတယ်။ ဒီကယ်တင်ခြင်းရပြီးသား လူအတွက် ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဟာ သူ့ရဲ့ နည်းစံနစ်အတိုင်းဘဲ သူအသုံးပြုသွားပါတယ်။ သူရေထဲမှာ ဗတ္တိဇံပါတယ်။ အန္တိခိုင်လူးဗီးယန်း ပျက်စီးခြင်း ကာလနောက်ပိုင်းမှာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အသွေးသွန်းလောင်းတယ်။ သန့်ရှင်းစင်ကြယ်စေတယ်။ သူပိုင်ဆိုင် တယ်ဆိုတာ သူက ကြေငြာ လိုက်ပါတယ်။ စာတန်ကတော့ ပြောဘို့ ကြိုးစားပါတယ်။ သင့်ကိုငါပေးမယ်လို့ ဆိုပါတယ်။

သူဘာပြောလဲဆိုတော့ ငါဝယ်ယူမယ်။ ဝယ်ပေးမယ်လို့ ပြောပါတယ်။ အဲဒါကတော့ သက်သေဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို မြှောက်ထားပါတယ်။ သက်သေအဖြစ်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဝယ်ယူခဲ့ပါတယ်။

57 ၅၇။ အခုအခါမှာတော့ မီးဗတ္တိဇံ၊ သန့်ရှင်းတဲ့ မီးဗတ္တိဇံ ဘုရားသခင်ထံမှ လာပြီးတော့ အဲဒီဗတ္တိဇံအားဖြင့် သွားရမှာ ဖြစ်ပါ တယ်။ ကမ္ဘာလောကကြီးကို သန့်ရှင်းစင်ကြယ်စေပြီးတော့ အဲဒီပတ်လည်မှာရှိတဲ့ ကောင်းကင်များကိုလည်း သန့်ရှင်းစင်ကြယ်စေ မှာ ဖြစ်ပါတယ်။ အဲဒီလို ဝယ်ယူထားတဲ့ ပြီးတဲ့နောက်မှာ ကယ်တင်ခြင်း ရပြီးတဲ့သူတွေ ဒီကမ္ဘာလောကကြီးပေါ်မှာ နေထိုင်ခွင့်ရ မှာ ဖြစ်ပါတယ်။ ငြိမ်သက်ခြင်းနဲ့ နေထိုင်ရမှာ ဖြစ်ပါတယ်။ မီးဗတ္တိဇံကို ကြည့်ပါ။ အပြစ်တွေအားလုံးကို ဆေးကြောဘို့ဖြစ်တယ်။ ဖျားနာခြင်းတွေ၊ ရောဂါပိုးတွေ၊ အပြစ်တွေ၊ နတ်ဆိုး၊ နတ်ဆိုးနဲ့ သူ့ရဲ့အုပ်စုတွေအားလုံးကနေပြီး သန့်ရှင်းစင်ကြယ်စေမှာ ဖြစ်ပါတယ်။ သူ့ကို မောင်းထုတ်လိုက်မှာ ဖြစ်ပါတယ်။ သူ့ကို မီးအိုင်ထဲကို မောင်းထုတ်လိုက်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ထံက သန့်ရှင်းသောမီး ဖြစ်ပါတယ်။ ကောင်းကင်ကနေ ထွက်ပြီးတော့ ဘုရားသခင်ထံတော်ကို ဆင်းသက်ခဲ့ပါတယ်။ အားလုံးကို လောင်ကျွမ်းသွားစေမှာ ဖြစ်ပါတယ်။ ဘုရားသခင် အဆင်သင့်ကိန်းဝပ်နိုင်ဘို့အတွက်ဘဲ ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဘုရားသခင်က ကမ္ဘာအသစ်ထဲမှာ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာ ကိန်းဝပ်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ လူသား တွေရဲ့ စိတ်နှလုံးထဲမှာ ကျိန်းဝပ်မှာ ဖြစ်ပါတယ်။ သူနဲ့ကိုယ်တော်ရှင်နဲ့ သူ့ရဲ့သတို့သမီးမှာ တစ်ယောက်ထဲ ဖြစ်လာပါတယ်။ သူတို့ကတော့ သူတို့ရဲ့အိမ်အသစ်ဖြစ်တဲ့ ကမ္ဘာအသစ်ကို သွားကြပါတယ်။ ကယ်တင်ခြင်း အစီအစဉ်ကို အသုံးပြုပြီးတော့ ကမ္ဘာလောကကြီးနဲ့တကွ လူသားများအားလုံး ကမ္ဘာပေါ်မှာ နေထိုင်တဲ့သူတွေအားလုံး လူသားများအားလုံးကို ကယ်တင် ဘို့ရန်အတွက် အသုံးပြုခဲ့ပါတယ်။

58 ၅၈။ စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောရမှာ ဖြစ်ပါတယ်။ ဘုရားသခင် သန့်ရှင်းသောဝိညာဉ်တော်တည်း ဟူသော ပုဂ္ဂိုလ်အားဖြင့် ဆင်းသက်ကြွလာခြင်း မရှိမှီ ခရစ်တော်ဘုရားက ဆင်းသက်လာပြီးတော့ လူသားတွေရဲ့နှလုံးသားထဲမှာ ကျိန်းဝပ်ပါတယ်။

ပထမဆုံး နောင်တရဘို့ လိုပါတယ်။ ရေ၌ ဗတ္တိဇံခံရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နာမတော်၌ ဗတ္တိဇံခံရမှာ ဖြစ်ပါတယ်။ အဲဒါမှ ဘယ်သူဘယ်ဝါပ်ိုင်ဆိုင် သလဲဆိုတာကို ဖေါ်ပြနိုင်မှာ ဖြစ်ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်မီးနဲ့ သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်ထံမှ ဆင်းသက်လာပြီးတော့ လူသားတွေရဲ့ အပြစ်တွေ အားလုံးကို လောင်ကျွမ်းသွားပါတယ်။ ကမ္ဘာလောကကြီးရဲ့ သဘာဝတွေအားလုံးလည်း ပါဝင်နေပါတယ်။ သမ္မာတရားကို စိတ်ဆန္ဒပြင်းပြစွာနဲ့ ဆန္ဒရှိစွာနဲ့ ယုံကြည်လက်ခံတယ်ဆိုရင် သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ကနေ မွေးဖွားလာတဲ့ လူသားကတော့ အပြစ်မလုပ်နိုင်ပါဘူး။ သူအပြစ်မပြုလုပ်ပါဘူး။ သူအပြစ်ပြုလုပ်ဘို့ရန်အ တွက်လည်း လမ်းမရှိပါဘူး။ သူဟာ အပြစ်သားလည်း ဖြစ်နိုင်ပါတယ်။ ကယ်တင်ခြင်းလည်း ရနိုင်ပါတယ်။ တစ်ချိန်တဲမှာဘဲ ကယ်တင်ခြင်းလည်း ရနိုင်ပါတယ်။ ကျွန်တော်ဟာ အပေါင်ဆိုင်မှာ ရောက်ပြီးတော့ ဘယ်လိုလုပ်ပြီး အပေါင်ဆိုင်ကနေ ထွက်နိုင်မလဲ? တစ်ချိန်တည်းမှာ ဘယ်လိုဖြစ်နိုင်မှာလဲ? ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့ကို သူ့ရဲ့အသွေးအားဖြင့် ကယ်တင်ပါ တယ်။ သူ့ရဲ့ဝိညာဉ်အားဖြင့် သူကျွန်ုပ်တို့ကို ဆေးကြောပါတယ်။ နောက်ပြီးတော့ ကျွန်ုပ်တို့အထဲမှာ လာရောက်ပြီး ကျိန်းဝပ်ပါ တယ်။ အသင်းတော် ဖြစ်ပါတယ်။ ဂိုဏ်းဂဏမဟုတ်ပါဘူး။ သေသေချာချာ ဂတိထားပြီးတော့ ဒီအရာကို လက်ခံပါ။ ကျွန်တော် တို့ ကျိန်းဝပ်နေထ်ိုင်ရမဲ့ နေရာများဘဲ ဖြစ်ပါတယ်။ အန္တိဒိုင်လူဗီယမ် နောင်တရခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးရင်တော့ ရေဗတ္တိဇံ ရောက်လာပါတယ်။ နောက်ပြီးရင် သခင်ယေရှု ရောက်လာပြီးတော့ သူ့ရဲ့အသွေးတော်ကို အဲဒီအပေါ်မှာ သွန်းလောင်းပါတယ်။ သန့်ရှင်းစင်ကြယ်စေပြီးတော့ အဲဒီအရာကို ကြွေးကြော်ဘို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အခုလိုဘဲ ကမ္ဘာလောကကြီးဟာ ပျက်စီးသွားမှာ ဖြစ်ပါတယ်။

59 ၅၉။ အထက်ကောင်းကင်မှာရှိတဲ့ အပြစ်တွေအားလုံးဟာ လေထုထဲမှာရှိတဲ့ နတ်ဆိုးရဲ့တန်ခိုးတွေဘဲ ဖြစ်ပါတယ်။ သူဟာ ဘုရား သခင်ထံကလာတဲ့ကောင်းချီးတွေကို တိုက်ခိုက်ပါတယ်။ အဲဒီမှာ မိုးကြိုးသံတွေ၊ လျှပ်စီးလက်သံတွေ ကမ္ဘာလောကကြီးမှာ သက်ရောက် ပါတယ်။ အားလုံးဖြစ်ပေါ်လာပါတယ်။ ကောင်းကင်က တန်ခိုးတွေဘဲ ဖြစ်ပါတယ်။ မိုးရေတွေ ကျဆင်းလာတယ်။ မုန်တိုင်းတွေ တိုက်ခတ်လာပါတယ်။ လေမုန်တိုင်းကြီးတွေ ဆိုင်ကလုန်းမုန်တိုင်းကြီးတွေဘဲ ဖြစ်ပါတယ်။ အထက်က လာပါတယ်။ အဲဒါကတော့ စေ တန်ဖြစ်တယ်။ လေထုရဲ့တန်ခိုးတွေကို ပိုင်ဆိုင်တဲ့ နတ်ဆိုးရဲ့တန်ခိုးတွေဘဲ ဖြစ်ပါတယ်။

60 ၆၀။ စာတန်က အဲဒါကို ဘယ်လိုကြိုးစားပြီးတော့ ရယူပါသလဲ? မိနစ်အနည်းငယ်ခန့်ကကျွန်တော်ပြောခဲ့တဲ့အတိုင်းဘဲဖြစ်ပါ တယ်။ သခင်ယေရှုကို ပေးအပ်လိုက်ပြီးတော့ ဝယ်ယူခြင်း မရှိပါဘူး။ စာတန်က သူပ်ိုင်ဆိုင်တယ်ဆိုတာကို ပြောပိုင်ခွင့် ရှိနေခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါကတော့ နားနဲ့ကြားရတဲ့အရာ ဖြစ်လို့ဘဲဖြစ်ပါတယ်။ သခင်ယေရှုကတော့ သူ့အသွေးတော်နဲ့ သွန်းလောင်းပြီးတော့ ဝယ်ယူပါတယ်။ နောက်ပြီးတော့ တစ်ကယ့်ပိုင်ဆိုင်တဲ့ လက်ထဲကို ပြန်လည်ယူ ဆောင်လာတယ်။ အဲဒီနည်းနဲ့ ကိုယ်တော်ရှင် ကျွန်တော့်ရဲ့ အပြစ်တွေကို ဝယ်ယူပါတယ်။ ကိုယ်တော်ရှင်ရဲ့ အသွေးတော်နဲ့ ဝယ်ယူခဲ့ပြီးတော့ အသင်းတော်ကို ဝယ်ယူ ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။

ယခုအခါမှာ မီးပန်းရှူးတိုင်ကတော့ ရောဂါပိုးတွေအားလုံးကနေ သန့်ရှင်းစေခြင်းဘဲ ဖြစ်ပါတယ်။ ရောဂါတွေအားလုံးဘဲ ဖြစ် ပါတယ်။ အနာရောဂါတွေ အမျိုးမျိုးဘဲ ဖြစ်ပါတယ်။ ဝိညာဉ်ရေးရာအရာတွေ အားလုံးပါပါတယ်။ ကျွန်ုပ်တို့အားလုံးအတွက် ပါပါတယ်။ အဲဒီ နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ကိန်းဝပ်နိုင်ဘို့ရာ အဆင်သင့်ပြုလုပ်ပေးခြင်းဘဲ ဖြစ်ပါတယ်။ ဒီကြီးမားတဲ့ ခေတ်ကာလကြီးထဲမှာ အသစ်သောကမ္ဘာလောကကြီးထဲကို ရောက်ရှိလာခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က အဲဒီနည်း လမ်းအတိုင်းဘဲ သူ့ရဲ့လူတွေကို ကယ်တင်ခဲ့ပါတယ်။ အားလုံးကို ကိုယ်တော်ရှင် တမျိုးတည်းဘဲ ပြုလုပ်ပါတယ်။ သူ့ရဲ့ ကယ်တင်ခြင်း အကြံအစည်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ပြောင်းလဲခြင်း မရှိတဲ့ ဘုရားဖြစ်ပါတယ်။ သူ့ရဲ့ အစီအစဉ်တွေထဲမှာ အမြဲတမ်းဘဲ မ ပြောင်းလဲဘဲ ရှိနေပါတယ်။

61 ၆၁။ ယခင်က သင့်ကို ကျွန်တော် ပြောပြခဲ့ဘူးပါတယ်။ သင်သိစေနိုင်ရန် ပြုလုပ်ခဲ့ပါတယ်။ ဒီခေတ်ကာလအားလုံးမှာ ဘုရားသခင်က မပြောင်းလဲပါဘူး။ မိမိကိုယ်ကို နည်းမျိုးစုံနဲ့ သိစေပါတယ်။

ကိုယ်တော်ရှင်က ပထမဆုံး သတင်းစကားအားဖြင့် မိမိကိုယ်ကို သိစေပါတယ်။ အန္တိဒိုင်လူးဗီးယန်း ကမ္ဘာလောကကြီးမှာ ဖြစ် ပါတယ်။ နောဧတည်းဟူသော ပရောဖက်အားဖြင့် ဖြစ်ပါတယ်။

62 ၆၂။ ကျွန်တော်ဟာ ရင်းနှီးတဲ့ညီအစ်ကိုတစ်ဦးကို စကားပြောပါတယ်။ အခု သူကျွန်တော်နဲ့အတူ ထိုင်နေပါတယ်။ မနေ့က သူဘာ ပြောလဲဆိုတော့ ခင်ဗျားပြောတာ တစ်ခုဘဲရှိတယ် ဘရာသာဗရမ်ဟမ်၊ အဲဒါ ကျွန်တော့်ကို အမြဲတမ်းခြောက်ခြား စေပါတယ်။ ဘာလဲ အစ်ကိုလို့ ကျွန်တော် ပြန်မေးလိုက်ပါတယ်။

သူဘာပြောလဲဆိုတော့ ဒီမှာ ခင်ဗျားပြောတဲ့အရာက ဒါဘဲဖြစ်ပါတယ်။ အဲဒါက မှန်ပါတယ်။ လူအနည်းငယ် အုပ်စုသေးသေး လေးကသာ ကယ်တင်ခြင်းရပြီးတော့ ကိုယ်တော်ရှင် ကြွလာတော်မူတဲ့နေ့ရက်မှာ ကိုယ်တော်ရှင်နဲ့အတူ ဝင်စားခွင့်ရမှာ ဖြစ်ပါတယ်။ သခင်ယေရှုပြောခဲ့ပါတယ်။ လမ်းကျဉ်းနဲ့ လမ်းကျယ်ဖြစ်ပြီးတော့ လမ်းကျဉ်းရဲ့ ဂိတ်ဂလေးဟာ ဝင်ရန် ခက်ခဲပါ တယ်။ ဒါပေမဲ့လည်း အဲဒါကို တွေ့ရှိဘို့ရန်အတွက် အနည်းငယ်သောသူသာ တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ မိန့်တော် မူပါတယ်။ နောဧခေတ်ကာလ ကကဲ့သို့ဘဲ ရေအားဖြင့် ဝိညာဉ်(၈)လုံး၊ လူ(၈)ယောက်သာ ကယ်တင်ခြင်းရခဲ့ပါတယ်။ အဲဒီလိုဘဲ သခင်ဘုရား ကြွလာတဲ့အခါမှာ အဲလိုဘဲ ဖြစ်မှာ ဖြစ်ပါတယ်။ ကျွန်တော်ကလည်း ညီကို ခင်ဗျားသဘောပေါက်ပါသလားလို့ မေးတဲ့အခါမှာ သူက ဝိညာဉ်(၈)လုံး လူ (၈)ယောက်သာ အဲဒီမှာ ရှိပါတယ်။ အဲဒါဆိုရင် ခင်ဗျား တစ်ဝက်လောက်တော့ သဘော ပေါက်မယ်လို့ ကျွန်တော် ယုံကြည်တယ်လို့ သူ့ကို ပြန်ပြောလိုက်ပါတယ်။

63 ၆၃။ နောဧကတော့ ဘယ်လိုပုံဆောင်ထားသလဲဆိုတော့ ကျန်ကြွင်းတဲ့ လူအနည်းစုလေးဖြစ်ပြီးတော့ ဆက်လက်အသက် ရှင်ပါတယ်။ လုံးဝပြောင်းလဲသွားတဲ့ အုပ်စုတော့ မဟုတ်ပါဘူး။ ဧနောက်ကတော့ တစ်ယောက်ထဲဘဲ ဖြစ်ပါတယ်။ သူကတော့ ရေလွှမ်းမိုး မှုမတိုင်ခင်မှာ

ချီဆောင်ခြင်းခံရပါတယ်။ အသင်းတော်က ဘေးဒါဏ်ကြီးကာလထဲကို မရောက်ပါဘူး။ ဇနောက်က ချီဆောင်ခြင်းခံရတဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်ပါတယ်။ အသင်းတော်လည်း ထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ သတို့သမီးလေး ကတော့ အင်မတန် သေးငယ်တဲ့အုပ်စုဘဲ ဖြစ်မှာပါ။ အဲဒီသေးငယ်တဲ့အုပ်စုက သတို့သမီးဖြစ်မှာပါ။ အသင်းတော်တွေ အများ ကြီးစုပေါင်းပါဝင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သတို့သမီးကတော့ တစ်ဦးတည်းဘဲ ဖြစ်ပါတယ်။ လူ(၈)ယောက်နဲ့ လူတစ် ယောက်ကို နှိုင်းယှဉ်ကြည့်ပါ။ (၈)ဆကွာခြားပါတယ်။ အသင်းတော်ထက် သတို့သမီးကတော့ (၈)ဆဖြစ်နေမှာ ဖြစ်ပါတယ်။

ဖြောင့်မတ်တဲ့သူတွေ ကယ်တင်ခြင်းရမယ်ဆိုရင် အပြစ်သားတွေ ဘုရားသခင်ကို အားကိုးမှု မရှိတဲ့သူတွေ ဘယ်ရောက်မှာလဲ။ ပိုပြီးတော့ ကောင်းအောင်လုပ်နိုင်တဲ့သူတွေ၊ ပိုကောင်းအောင်ထင်တဲ့ လူတွေ ရှေ့ကနေ ဆက်သွားပြီးတော့ ဘယ်လိုဘဲဖြစ်ဖြစ် လုပ် ဆောင်ကြပါတယ်။ ဂိုဏ်းဂဏတွေ၊ စည်းမျဉ်းတွေကို လိုက်နာပြီးတော့ နှုတ်ကပတ်တော်ကို မလိုက်နာဘဲနေကြပါတယ်။ သူတို့ ဘယ် ကို ရောက်မှာလဲ? သူတို့ကို သူတို့ ခရစ်ယာန်များလို့ ခေါ်ပါတယ်။ ယေရှုနာမကို ယူဆောင်ထားပါတယ်။

64 ၆၄။ အခုအခါမှာ အတိအကျ ပြောရမဲ့အရာကတော့ နောဧကတော့ ချီဆောင်ခြင်းခံရတဲ့ ပုံစံဘဲ ဖြစ်ပါတယ်။ နောဧပေါ် ထွက်လာတဲ့အခါမှာ ဟာမက သူနဲ့အတူရှိပါတယ်။ အပြစ်က ရှိနေဆဲဘဲ ဖြစ်ပါတယ်။ အပြစ်ဆက်လက်ပြုလုပ်နေဆဲဘဲ ဖြစ်ပါတယ်။ ဒီသင်္ဘောကြီးထဲကို ရောက်သည့်တိုင်အောင်မယုံကြည်ခြင်းတွေ၊ သံသယတွေ ဆက်လက်ပြီးတော့ ဒီသင်္ဘောကြီး ထဲမှာ ရှိနေဆဲဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တရားစီရင်ခြင်း အထက်မှာတော့ ရောက်နေပါတယ်။ ဇနောက်ကတော့ ဒီနောဧ သင်္ဘောကြီးထက် ပိုပြီးတော့ မြင့်သွားပါတယ်။ ဘုရားသခင် ရှေ့တော်မှောက်ကို သူရောက်သွားပါတယ်။ နောဧကတော့ ဖြတ်သန်းသွားရပြီး ပြန်ထွက်လာပါတယ်။ ဒါပေမဲ့လည်း အပြစ်တွေ ရှိနေဆဲဘဲ ဖြစ်ပါတယ်။ မိလေနိကာလကို ပုံဆောင်ခြင်း ဘဲဖြစ်ပါတယ်။ ကမ္ဘာလောကကြီးရဲ့အခြေအနေက ထိုကဲ့သို့ ဖြစ်နေမှာ ဖြစ်ပါတယ်။

မိလေနိကာလကတော့ အဆုံးမရောက်သေးပါဘူး။ မိလေနိကာလနောက်ပိုင်းမှာ အချိန်ရှိနေအုန်းမှာ ဖြစ်ပါတယ်။ မိလေနိ ကာလကတော့ အချိန်အတိုင်းအတာ တစ်ခုဘဲ ဖြစ်ပါတယ်။ အသစ်သော ကမ္ဘာတစ်ခုမဟုတ်သေးပါဘူး။ အဲဒီအကြောင်းနဲ့ ပတ်သက် လို့ ကျွန်တော်တို့ ဆက်လက်ပြီး ဆွေးနွေးဦးမှာ ဖြစ်ပါတယ်။

65 ၆၅။ ကမ္ဘာလောကကြီး ကယ်တင်ခြင်းရပါတယ်။ သူ့ရဲ့ မူရင်းပိုင်ရှင်ထံကို ပြန်ရောက်သွားပါတယ်။ စာတန်ထံကနေ သူပြန်ယူလိုက် ခြင်းဘဲ ဖြစ်ပါတယ်။ သူက ဆွဲပါတယ်။ စာတန်ထံကနေ ကမ္ဘာလောကကြီးကို ပြန်ဆွဲပြီးတော့ သူ့အတွက် သူသိမ်းပိုက်လိုက်ပါတယ်။ စာတန်ထံကနေ ပြန်ဆွဲယူလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ရေတွင်းနားမှာရှိတဲ့ အမျိုးသမီးကို ဆွဲယူလိုက် သကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒီမှာ ယဇ်ပုရောဟိတ် ရပ်နေပါတယ်။ သူ့ကိုယ်သူ ဘုရားနဲ့အတူ သူရှိတယ်လို့ထင်ပါတယ်။ ဒါပေမဲ့လည်း သူ့မှာဘာမှ မရှိပါဘူး။

66 ၆၆။ ခင်ဗျားတို့အတွက် ကျွန်တော် တစ်ခုပြောချင်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ရှင်းရှင်းလင်းလင်း ဖြစ်စေချင်ပါတယ်။ ဒီ သွန်သင်ချက်ကို သေသေချာချာ မှတ်သားပါ။ ဘရာသာဗရမ်ဟမ်က ကျောက်သင်ပုန်းအမဲပေါ်မှာ ရုပ်ပုံတွေ ဆွဲချပါတယ်။ (အယ်ဒီ တာမှတ်ချက်)

ဒီနေရာမှာ ဘုရားရှိပါတယ်။ ဘုရားကတော့ ထာဝရအရာဖြစ်ပါတယ်။ ကိုယ်တော်ရှင်မှတစ်ပါး မည်သူမှ မရှိပါဘူး။ ဘုရားသခင်၌ သူ့မှာလက္ခဏာများရှိပါတယ်။ ဒီမှာ နှုတ်ကပတ်တော်ကို ကိုယ်စားပြုပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ဖြစ်ပါ တယ်။ အဲဒီ နှုတ်ကပတ်တော်က လူဇာတိကို ခံယူပြီးတော့ ကျွန်ုပ်တို့နဲ့အတူ ကျိန်းဝပ်တော်မူတယ်။ သခင်ယေရှုခရစ်တည်းဟူသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဒီနေရာမှာ ကြည့်မယ်ဆိုရင် ဒီလူတစ်ယောက်ရှိနေပါတယ်။ သူ့ကို ကျွန်တော်တို့ တစ်ခုခု လုပ်ရမှာ ဖြစ်ပါတယ်။ သူကတော့ ရေတွင်းနားမှာ ရှိတဲ့အမျိုးသမီးဘဲဖြစ်ပါတယ်။ သူကတော့ ယဇ်ပုရောဟိတ်ဖြစ်တယ်။ သူကတော့ ဖာရိရှဲဖြစ်တယ်။ ဒီကျောက်သင်ပုန်း အမဲပေါ်မှာ ကျွန်တော် ရေးဆွဲထားပါတယ်။ ကျွန်တော် တွေ့ရပါတယ်။ အဓိပ္ပါယ်ကတော့ ကျေးဇူးတော်နဲ့ ကယ်တင်ခြင်းဘဲ ဖြစ်ပါ တယ်။

67 ၆၇။ အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် လူဇာတိကို ခံယူတော်၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူ သည်။ အဆင့်(၃)ဆင့်ရှိပါသည်။ ပထမဆုံး လက္ခဏာမှာ ဘုရားသခင်၌ရှိပါတယ်။ ကိုယ်တော်ရှင်က သူ့ကိုယ်သူ လူသားအား ဖြင့် ခံယူပါသည်။ သခင်ယေရှုအဖြစ်နဲ့ ဆင်းသက်လာပါသည်။ ကိုယ်တော်ရှင်ဟာ သင်နှင့်အတူ ရှိနေပါသည်။ ထာဝရအသက် ကို ရနိုင်တဲ့ တစ်ပါးတည်းသော ကိုယ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ အစအဦးမှာ သင်က ဘုရားသခင်ရဲ့အစိတ်အပိုင်း ဖြစ်ရပါမယ်။ ကျွန်ုပ်တို့ ရွေးချယ်တဲ့အရာကြောင့် မဟုတ်ပါဘူး။ ကိုယ်တော်ရှင်က သင့်ကို ရွေးချယ်ခြင်းဘဲ ဖြစ်ပါတယ်။ ခမည်းတော်က သင့်အား ပေးသမျှသောအရာတို့ ရောက်လာမှာဖြစ်ပါတယ်။

68 ၆၈။ အခု ဒီယဇ်ပုရောဟိတ်ကို ကြည့်ပါ။ သူ့ရဲ့အောက်ပိုင်းကို ကြည့်ပါ။ သူ့ရဲ့ပြီးခဲ့တဲ့ အသက်တာကို ကြည့်ပါ။ သူ့ရဲ့နောက်ပိုင်းကို ကြည့်ပါ။ သူဘာဖြစ်မလဲဆိုတာကို ကြည့်ပါ။ အားလုံးဟာ အပြစ်နဲ့ ပြည့်ဝနေပါတယ်။ ဒီမှာ ငရဲရှိပါတယ်။ ဒီအောက်မှာ ငရဲရှိပါတယ်။

ဒီအထဲမှာ တစ်စိတ်တစ်ပိုင်းရှိပါတယ်။ ကျောက်သင်ပုန်းအမဲကဲ့သို့ ဖြစ်ပါတယ်။ သူ့ရဲ့ဖြူစင်သန့်ရှင်းခြင်းကို ကိုယ်စားပြုပါ တယ်။ သူက ယဇ်ပုရောဟိတ်ဖြစ်ပါတယ်။ လေးစားလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကို ကိုယ်စားပြုခြင်းဘဲ ဖြစ်ပါတယ်။ သူဟာ လူကောင်းတစ်ယောက်ဖြစ်ရပါမယ်။ မဟုတ်ရင် ယဇ်ပုရောဟိတ် မဖြစ်နိုင်ပါဘူး။ သူဘယ်လိုရခဲ့သလဲ။ သူ့ရဲ့ ပညာတတ်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ ဒီအမျိုးသမီးလေးကတော့ ပထမဆုံး သူမရဲ့အသက်တာမှာ သူမက ပြည်တန်ဆာ ဖြစ်ပါတယ်။ လူတိုင်း သူမကို နှိမ်ထား ပါတယ်။ သူမကို ခပ်ခွာခွာနေကြပါတယ်။ သူမရဲ့ နှလုံးသားထဲမှာတော့ အနည်းငယ် နားလည်မှုရှိပါတယ်။ မေရှိယ ဘယ်အချိန် ကြွ လာမလဲဆိုတာ ငါသိတယ်လို့ သူကဆိုပါတယ်။

69 ၆၉။ သခင်ယေရှုကြွလာတဲ့အခါမှာ နှုတ်ကပတ်တော်ကို ဖေါ်ပြပါတယ်။ နှုတ်ကပတ်တော်ဟာ စိတ်နှလုံးတွေကို ဝေဖန်ပိုင်းခြားပါ တယ်။ (ဟေဗြဲ ၄း၁၂) မှာဖေါ်ပြထားတဲ့အတိုင်းဘဲ နှုတ်ကပတ်တော်က လူသားတွေရဲ့ စိတ်နှလုံးအကြံအစည်တွေကို ပိုင်းခြားဝေဖန်နိုင် ပါတယ်။ သူဟာ ဘုရားသားတော် လူသားအနေနဲ့ ကြွလာပါတယ်။ ပရောဖက်အနေနဲ့ ကြွလာပါတယ်။ ဘာဖြစ်ပါသလဲ¿ ဒီယဇ်ပုရောဟိတ်ကတော့ လူရဲ့ဦးနှောက်နားလည်မှုဘဲ ရှိပါတယ်။ အဲဒါဟာ နတ်ဆိုးဖြစ်ပါတယ်။ သူ့ရဲ့ဂိုဏ်းဂဏက အဲလိုဘဲ ခေါ်လို့ဘဲ ဖြစ်ပါ တယ်။ အဲဒါ ဘာလုပ်ပါသလဲ¿ သူ့မှာကိုယ်စားပြုတဲ့အခါဘာမှမရှိပါဘူး။ သူမအနေနဲ့ သူ့အနေနဲ့ ထုတ်ပယ်ခြင်းကို ခံရပါတယ်။

70 ၇၀။ ယေရှုကတော့ ဒီမိန်းမငယ်လေးမှာ ဘာမှပေးစရာမရှိပါဘူး။ သူမဟာ ညစ်ပတ်စုတ်ပြတ်ပြီးတော့ အပြစ်သားဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့စိတ်နှလုံးသားအတွင်းမှာ ကိုယ်စားပြုခြင်း ရှိပါတယ်။ ဒီအရာက လူ့ဇာတိကို ခံယူတော့မယ်ဆိုတာကို သူမ နားလည်နေပါတယ်။ ကိုယ်တော်ရှင်က မင်းရဲ့ခင်ပွန်းကိုခေါ်ပြီးတော့ ဒီနေရာကို လာခိုင်းပါလို့ ပြောတဲ့အခါမှာ သူမက ကျမမှာ ခင်ပွန်းမရှိဘူးလို့ ပြန်ဖြေပါတယ်။

မင်းဟာ အမှန်တရားကိုဆိုတာဘဲ။ ဘာကြောင့်လဲဆိုတော့ မင်းမှာ ခင်ပွန်း(၅)ယောက်ရှိပါတယ်။ အခုမင်းနဲ့အတူနေတဲ့သူက လည်း မင်းရဲ့ခင်ပွန်း မဟုတ်ပါဘူး။ မင်းမှာ (၅)ယောက်ရှိပါတယ်။ အဲဒီလူနဲ့ပေါင်းလိုက်ရင် (၆)ယောက် ဖြစ်သွားပါတယ်။

သူမက ဘာပြောလဲဆိုတော့ ဆရာ၊ ကိုယ်တော်ရှင်လို့ဘဲ သူမက ပြောပါတယ်။ ဖေလဖေဗုလလို့ မပြောပါဘူး။ ကိုယ်တော် ဟာ ပရောဖက်ဖြစ်တယ်ဆိုတာ ကျမသိပါတယ်။ အခုအခါမှာ ကျွန်တော်တို့က မေရှိယကို သိပါတယ်။ ခရစ်တော်လို့ ခေါ်ခြင်းခံရတဲ့ မေရှိယဘဲဖြစ်ပါတယ်။ သူကြွလာမှာ ဖြစ်ပါတယ်။ သူကြွလာတဲ့အခါမှာ ဒီအရာကို သူအမှုပြုမှာ ဖြစ်ပါတယ်။ ငါသည် ငါဖြစ်၏ဟု ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။

သံသယဖြစ်ခြင်း လုံးဝမရှိတော့ပါဘူး။ အဲဒီအကြောင်းကို ရှင်းပြစရာ မလိုပါဘူး။ သူမတွေ့မြင်ခဲ့ပါတယ်။ သူမယုံကြည်ခဲ့ပါ တယ်။ သူမအဝေးကို ထွက်သွားပါတယ်။ ဘာကြောင့်လဲ¿ သူမကိုဘာလုပ်လိုက်လို့လဲ¿ သူမကို ကယ်တင်လိုက်လို့ဘဲ ဖြစ်ပါတယ်။

ယခုကြည့်ပါ။ ကိုယ်တော်ရှင် ကယ်တင်ရှင်အဖြစ်နဲ့ ကြွလာပါတယ်။ အဲဒါဟုတ်ပါသလား¿ ပရိတ်သတ်ကလည်း အာမင်လို့ပြောပါတယ်။ (အယ်ဒီတာမှတ်ချက်) ကယ်တင်ခြင်းဆိုသည့်အဓိပ္ပါယ်မှာ အဘယ်နည်း။ ပြန်လည်ယူဆောင်ခြင်းပင် ဖြစ်ပါသည်။ ယဇ် ပရောဟိတ်ကို သူကပြန်ပြီးတော့ ယူဆောင်ပါသလဲ¿သူအဲဒီကို ရောက်ဖို့ ဘယ်တုန်းကမှ မမျှော်လင့်လို့ဘဲဖြစ်ပါတယ်။ သူ့မှာ ကိုယ်စားပြုတဲ့စိတ်နှလုံးမရှိလို့ဘဲဖြစ်ပါတယ်။

ကျဆင်းသွားတဲ့အရာကို သူက လာပြီးတော့ ကယ်တင်ခြင်းဘဲ ဖြစ်ပါတယ်။ ကျဆင်းခြင်းမှာ အကုန်လုံးရှုပ်ထွေးကုန်ပါတယ်။ ထိုမိန်းကလေးနဲ့ဘဲဖြစ်ပါတယ်။ သို့သော်လည်း ဘုရားသခင်က သူမကို ကိုယ်တော်ရှင်ရဲ့အတွေးထဲမှာ ဒီကမ္ဘာလောကကြီးထဲမှာ သူမ ကလောကကြီးရဲ့ အရင်းအမြစ်မစတင်ကတည်းက စဉ်းစားထားပါတယ်။ သူလာပြီးတော့ သူမကို သန့်ရှင်းစေပါတယ်။ သူမမှာ ထာဝရ အသက်ရှိပါတယ်။

71 ၇၁။ ယဇ်ပရောဟိတ်ရှိတဲ့ နေရာမှာ သူ့ကို ဘာလုပ်ပါသလဲ? ရှိရမဲ့နေရာမှာ သူ့ကို ပြန်ပို့ဆောင်ပါတယ်။ သူ့မှာ ဘာမှမရှိပါဘူး။ စတင်ဘ်ိုရန်အတွက် အသိပညာတွေရှိပါတယ်။

အခုသေချာနားထောင်ပါ မိတ်ဆွေ၊ သင့်မှာ တစ်ခုတည်းသော ရှိတဲ့အရာက အသိပညာသက်သက်သာဖြစ်ခြင်း၊ အဲဒါနဲ့ ကွာခြားတဲ့အရာတစ်ခု သင်လိုအပ်ပါတယ်။ သင့်မှာ ကိုယ်စားပြုခြင်း မရှိဘူးဆိုရင် အဲဒါကိုရဘို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အဲဒီအ ကြောင်းကြောင့် ကျွန်တော် ယုံကြည်တဲ့အရာဟာ သင်က အရှေ့၊ အနောက်၊ တောင်၊ မြောက်ကလာခြင်းဖြစ်ပါတယ်။ နှုတ်က ပတ်တော် အသက်ရှင်ပြီးတော့ ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။

72 ၇၂။ သူ့ရဲ့ပရောဖက်များအားဖြင့် သူက ဘယ်ကဲ့သို့ သူ့ရဲ့လမ်းကို သူသိစေသပါသလဲ? အစအဦးမှာ သူဘယ်တော့မှ မပြောင်းလဲပါဘူး။ အဲဒီအရာကို သူဘယ်တော့မှ မပြောင်းလဲခဲ့ပါဘူး။

ကယ်တင်ခြင်း ဖြစ်ပါတယ်။ သူဟာ ဖြောင့်မတ်သောသူဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်သောသူလည်းဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ မီးကို စေလွှတ်ပါတယ်။ အပြစ်ကို မီးထဲကနေပြီး လောင်ကျွမ်းသွားစေပါတယ်။ သူ့အထဲမှာ ကျိန်းဝပ်စေပါတယ်။

သူက ကမ္ဘာလောကကြီးကို အသုံးပြုပါတယ်။ သူ့ရဲ့ ကယ်တင်ခြင်းစီမံကိန်းကို ဒီကမ္ဘာလောကကြီးအတွက် အသုံးပြုမှာ ဖြစ်ပါ တယ်။ ထိုနည်းတူဘဲ ဖြစ်ပါတယ်။ နောင်တရပြီး ဗတ္တိဇံခံမယ်ဆိုရင် ယေရှုခရစ်ကြွလာတော်မူပြီး သန့်ရှင်းစင်ကြယ်စေမှာ ဖြစ်ပါတယ်။ သူ့ရဲ့ အသွေးတော်ကို သွန်းလောင်းမှာဖြစ်ပြီးတော့ သူပ်ိုင်ဆိုင်တယ်လို့ သူက ကြွေးကြော်မှာဖြစ်ပါတယ်။ ကမ္ဘာအသစ်မှာ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံခံဘို့အတွက်ရှိပါတယ်။ နတ်ဆိုးနဲ့ ပတ်သက်တဲ့အရာတွေ အားလုံးကို ဆေးကြောဘို့အတွက်ဘဲ ဖြစ်ပါ တယ်။ ရောဂါဆိုးတွေ၊ ဖျားနာခြင်းအားလုံးတွေ ရှိသမျှအရာတွေအားလုံးကို အသစ်တစ်ဖန် ပြန်ဖြစ်စေမှာ ဖြစ်ပါတယ်။ ငါကောင်းကင် အသစ်နဲ့ မြေကြီးအသစ်ကိုတွေ့ရတယ်လို့ ဆိုထားပါတယ်။

သင်ဟာ လူသစ်ဖြစ်လာပါတယ်။ အာမင်။ အဟောင်းသောအရာတွေကို ပြန်ထုတ်ခြင်း မဟုတ်ပါဘူး။ အသင်းတော်မှာပါ ဝင်ခြင်း စာမျက်နှာအသစ်ဖွင့်ရန် ကြိုးစားခြင်း မဟုတ်ပါဘူး။ သင်ဟာ လုံးဝအသစ်စက်စက် ဖြစ်သွားပါပြီ။ ဘုရားသခင်က လူ ဟောင်းကို ယူပြီးတော့ မီးရှို့လိုက်ပါပြီ။ သန့်ရှင်းသောဝိညာဉ်တော် မီးနဲ့ဘဲ ဖြစ်ပါတယ်။ မိမိကိုယ်တော်တိုင် စေလွှတ်တော်မူပြီး သင့်ရဲ့ စိတ်ထဲမှာ ကိုယ်စားပြုပါဝင်နေပါတယ်။ ငါ့ခမည်းတော်မှတစ်ပါး ဘယ်သူမှ ငါ့ထံကို မလာနိုင်ပါဘူး။ ငါ့ခမည်းတော် ပေးထားတဲ့သူ တွေဟာ

ငါ့ထံကိုလာပါလိမ့်မယ်။ ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။ အကြံအစည်တစ်ခုဘဲ ဖြစ်ပါတယ်။ လမ်းခရီးတစ်ခုထဲဘဲ ဖြစ်ပါတယ်။

73 ၇၃။ စာတန်ကတော့ ကမ္ဘာလောကကြီးထဲက နုတ်ယူမှာ ဖြစ်ပါတယ်။ စာတန်က သင့်အထဲက နုတ်ယူခြင်းခံရသကဲ့သို့ဖြစ်ပါ တယ်။ စာတန်က ဂရုမစိုက်ပါဘူး။ သူမနှောက်ယှက်နိုင်ပါဘူး။ သူကတော့ ဝိညာဉ်တော်နဲ့မွေးဖွားတဲ့ ခရစ်ယာန် အသစ်တစ်ဖန် မဖြစ်နိုင်ပါဘူး။ ဘုရားသခင်က ကမ္ဘာလောကကြီး အစကတည်းက ကိုယ်တော်ရှင်ကို စေလွှတ်ပါတယ်။ သခင်ယေရှုကို စေလွှတ်ပြီးတော့ သူ့ကို ကယ်တင်စေပါတယ်။ အသွေးတော်က သူ့အတွက် စကားပြောပါတယ်။ မမြင်မတွေ့ရဘဲနဲ့ ဘယ်လို လုပ်ပြီး သူ့ကို အသစ်ပြုလုပ်နိုင်မှာလဲ? ကိုယ်တော်ရှင်ရဲ့အသံကိုသာ ကြားရမှာ ဖြစ်ပါတယ်။ သင့်ရဲ့စိတ်နှလုံးထဲမှာ ရှိတဲ့ ကိုယ်စားပြုခြင်းကို ကိုယ်တော်ရှင် မြင်တွေ့ရပါ တယ်။ အာမင်။ အဲဒါမှန်ကန်ပါတယ်။

74 ၇၄။ ထိုနည်းအတိုင်းဘဲ ကမ္ဘာလောကကြီးက သူ့ရဲ့လက္ခဏာများ ရှိပါတယ်။ ကိုယ်တော်ရှင်ရဲ့လက္ခဏာများဟာ သင်နဲ့ တူညီသကဲ့ သို့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးက ကိုယ်တော်ရှင်ရဲ့ လက္ခဏာများဘဲ ဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ကမ္ဘာလောကကြီးမှာ ဘုရင်ဖြစ်ဘို့အတွက် ကယ်တင်ရှင်ဖြစ်ဘို့အတွက် အနာရောဂါ ငြိမ်းစေခြင်းရှိဘို့အတွက် ဖြစ်ပါတယ်။ အဲဒါကတော့ သူ့ရဲ့ လက္ခဏာများဘဲ ဖြစ်ပါတယ်။

75 ၇၅။ သင့်ရဲ့အခြားသော လက္ခဏာတစ်ခုကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ စာတန်အကြောင်း မပြောမီ ကျွန်တော် ထိန်းထားပြီး မပြောနိုင်ပါဘူး။ လူအကြောင်း စဉ်းစားပြီးမှသာ ကျွန်တော် လူအကြောင်း ပြောနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော် လူအကြောင်း စဉ်းစား ပြီးမှသာ လူလို့ ပြောနိုင်ပါတယ်။ ကျွန်တော် သဘောတရားကတော့ ကျွန်တော့်ရဲ့အတွေးဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ဖော်ပြ ခြင်းဘဲ ဖြစ်ပါတယ်။

ဟေရှာယကဲ့သို့ ဖြစ်ပါတယ်။ အပျိုကညာက ပဋိသန္ဓေဆောင်ယူမယ်လို့ ဘယ်လိုပြောနိုင်မှာလဲ¿ အဲလိုအတွေးမျိုးက ဘယ်လိုဖြစ်နိုင်မှာလဲ?

76 ၇၆။ အသင်းတော် တော်တော်များများ အဲဒါကို စဉ်းစားမိမှာ ဖြစ်ပါတယ်။ ပိုင်းခြားနားလည်ခြင်း ဘယ်လိုလာလဲဆိုတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် ပြောပြမှာပါ။ အဲဒါကတော့ ကျွန်တော် ပြောတဲ့စကားလုံးဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အတွေး မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ သိဘို့ ဖြစ်ပါတယ်။ အဲဒီအတွေးကို ကျွန်တော် အခုပြောမှာ ဖြစ်ပါတယ်။ သင် ဘယ်သူဖြစ်သလဲဆိုတာ ကျွန်ုပ် ဘယ်လိုပြနိုင်မှာလဲ? သိနိုင်မှာလဲ? သင့်ကို မသိတဲ့အခြေအ နေကတည်းက သင်ဘယ်က လာပါသလဲ? လွန်ခဲ့တဲ့(၁၀)နှစ်က သင်ဘာလုပ်သလဲဆိုတာ ပြောပြနိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဘီလ်က သူတို့ကို ဇာဝေလိတရားအကြောင်း ပြောပါတယ်။ ဘဝမှာ ခင်ဗျားကို တစ်ခါမှ မမြင်တွေ့ဖူးပါဘူး။ ခင်ဗျား ဘာလုပ်မလဲ? ခင်ဗျား ဘယ်နေရာမှာ ဘာလုပ်မလဲ? ဟိုးလွန်ခဲ့တဲ့ (၁၀)နှစ်ကစပြီးတော့ ယေရှုခရစ်ကဘယ်မှာလဲ? အခုကစပြီးတော့ နောက်(၁၀)နှစ်အတွင်းမှာ ခင်ဗျားဘာလုပ်မလဲ? အနာဂတ်ကို ကျွန်တော် ဘယ်လိုသိမှာလဲ? ဒါကတော့ တစ်စုံတစ်ရာသော ပုဂ္ဂိုလ်ကြီးရဲ့ အတွေးဘဲ ဖြစ်ပါတယ်။

ခရစ်တော်ရဲ့စိတ်နှလုံးမျိုး သင့်အထဲ၌ ရှိပါစေ။ ခရစ်တော်ရဲ့စိတ်နှလုံးမျိုး သင့်အထဲ၌ ရှိပါစေ။ အဲဒီအခါကျမှ အဲဒီအတွေးအ ခေါ်ဟာ သင့်ရဲ့အတွေးအခေါ် မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့အတွေးအခေါ်ဘဲ ဖြစ်ပါတယ်။ သင့်အားဖြင့် ကိုယ်တော်ရှင် တွေးခေါ်ခြင်းဘဲ ဖြစ်ပါတယ်။ သင့်ရဲ့စကားတွေကို သင်ဖော်ပြနေခြင်းမဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့စကားတွေကို ဖော်ပြနေခြင်း ဘဲ ဖြစ်ပါ တယ်။

77 ၇၇။ ကြိမ်ဖန်များစွာ ညီအစ်ကိုများ ရှုပ်ထွေးခဲ့ရတဲ့ အကြောင်းအရာဘဲဖြစ်ပါတယ်။ အခြားသောဘာသာစကားရဲ့ အနက်ကို ဖွင့်ဆို ခြင်း စသည်တို့ ဖြစ်ပါတယ်။ မမှန်ကန်တဲ့အရာတွေကို သူတို့ပြောကြပါတယ်။ အဲဒါစာတန်နဲ့ ဆိုင်တယ်ဆိုတာ သူတို့ မသိကြပါဘူး။ ဘုရားသခင်ရဲ့ ဉယျာဉ်ထဲမှာ ဘယ်လိုဖြစ်နေပါသလဲ¿ ကျွန်တော်တို့ အဲဒါကိုသေသေချာချာ ရှာဖွေလေ့လာမှာ ဖြစ်ပါတယ်။ ပေါင်းပင် တွေနဲ့ ဂျုံပင်တွေဟာ ကွင်းထဲမှာ အတူတကွ ကြီးထွားလာကြပါတယ်။ နေနဲ့မိုးရေတွေက သူတို့အပေါ်မှာ ကျဆင်းပါတယ်။

သင်တို့အထဲမှာ ပရောဖက်တစ်ပါး ရှိနေခဲ့မယ်ဆိုရင် ငါက သူ့ကိုစကားပြောမှာ ဖြစ်ပါတယ်။ သူပြောတဲ့အရာက ဖြစ်ပျက်လာ တယ်ဆိုရင် အဲဒါကတော့ ငါဘဲဖြစ်ပါတယ်။ သူ့အကြောင်းကို သူဖော်ပြနေခြင်း မဟုတ်ပါဘူး။ ငါရဲ့အတွေးတွေကို သူက ဖော်ပြနေခြင်း ဖြစ်ပါတယ်။ ငါ့ရဲ့အတွေးတွေကတော့ နောင်လာမဲ့ တစ်ကယ်ဖြစ်လာမဲ့ အတွေးတွေဘဲ ဖြစ်ပါတယ်။ အဲဒီအရာ တွေကို ဖော်ပြဘို့ရန်အတွက် သူ့ရဲ့နှုတ်ကို ငါအသုံးပြုပါတယ်။ သူအဲဒါကို သူတို့ကို ပြောပြပြီးတဲ့နောက်ပိုင်းမှာ အဲဒီ အဖြစ်အ ပျက်တွေ တစ်ကယ်ဘဲဖြစ်ပျက် လာမှာ ဖြစ်ပါတယ်။ ကောင်းကင်နဲ့မြေကြီး မတည်မြဲဘဲ ပျောက်ကွယ်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ငါ့စကားကတော့ ဘယ်တော့မှ မပျောက်ကွယ်ပါဘူး။

ဟေရှာယက ဘာပြောလဲဆိုတော့ အပျိုကညာမာရိက ပဋိသန္ဓေစွဲယူမယ်လို့ ဆိုပါတယ်။ အဲဒါက ဖြေရှင်းပြီး သားဖြစ်ပါ တယ်။ သူမ ပဋိသန္ဓေစွဲယူမှာဖြစ်ပါတယ်။ ဘုရားသခင်ပြောတဲ့အတိုင်းဘဲ ဘုရားသခင် အမှုပြုပါတယ်။

78 ၇၈။ သူ့ရဲ့ပရောဖက်တွေအားဖြင့် သိစေပါတယ်။ သူ့ရဲ့ဖော်ပြချက်တွေအားဖြင့် အလုပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အ တွေးတွေကို ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။

ဒီမိန်းမမှာဆိုရင် သူမကတော့ ကိုယ်တော်ရှင်ရဲ့ ဖော်ပြခြင်းများဘဲ ဖြစ်ပါတယ်။

ယဇ်ပုရောဟိတ်ရှိပါတယ်။ အလင်းကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ အဲဒါကို သူက သမ္မာကျမ်းစာထဲကနေ သိရှိရပါတယ်။ ဘုရားသခင်က ဘုရားသခင်ဖြစ်တယ်ဆိုတာကို သိရှိခဲ့ကြတယ်။ သန့်ရှင်းစင်ကြယ်စေခြင်းက မှန်ကန်တယ်ဆိုတာကို သူသိရှိပါ တယ်။ အဲဒါက ဘုရားသခင်ရဲ့ ပညတ်တော် ဖြစ်တယ်ဆိုတာကိုလည်း သူသိခဲ့ပါတယ်။ ဘာကြောင့် အဲလိုသိရှိရသလဲဆိုတော့ သူက သင်ယူ လေ့လာခဲ့လို့ဘဲ ဖြစ်ပါတယ်။ သူဟာ မှန်ကန်တဲ့မျိုးရိုးကနေ ဆင်းသက်လာတယ်။ သူဟာ ယဇ်ပုရောဟိတ် ဖြစ်တယ်။ ဒါပေမဲ့လည်း

ဦးနှောက်အတွေးအခေါ်အားဖြင့်သာ သူသိရှိခဲ့ခြင်း ဖြစ်ပါတယ်။ အလင်း၊ အချိန်နာရီရဲ့အလင်း ရောက်ရှိလာတဲ့အခါမှာ အဲဒါကို သင်ယူရပြီး ဘာဖြစ်သလဲဆိုတာ သူသိရပါတယ်။ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကြောင့် မဟုတ်ပါဘူး။ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် တွေကြောင့်ဘဲ ဖြစ်ပါတယ်။ အဲဒါတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို သူတွေ့ရတဲ့အခါမှာ သူ့ရဲ့ဂိုဏ်းဂဏက အဲဒါနဲ့ပတ်သက်လို့ ဘာမှ မ ပြောပြပါဘူး။ ဒါကြောင့်မို့လို့ သူက အဲဒါနဲ့ပတ်သက်လို့ ကိုယ်စားပြုရခြင်းလည်း သူ့မှာ ဘာမှ မရှိပါဘူး။

79 ၇၉။ သို့သော်လည်း ထိုအချိန်က ကမ္ဘာပေါ်မှာ ကယ်တင်ရှင်ရှိခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်ကို ကယ်တင်ရန်ဘဲ ဖြစ် ပါတယ်။ သူမက လက်ခံပါတယ်။ သူမက လုံးဝမေးခွန်းမထုတ်ပါဘူး။ သူမက မေရှိယကြွလာပါတယ်။ သူမ အမှုပြုပါတယ်လို့ သူမပြောပါတယ်။ သူမတွေ့မြင်ခဲ့ပါတယ်။ ကိုယ်တော်ရှင်ကလည်း ငါဟာမေရှိယဖြစ်တယ်လို့ ပြောပါတယ်။ ဘာမေးခွန်းမှ မမေးပါဘူး။ သူမက တွေ့သမျှလူတိုင်းကို ဒီမှာလာကြည့်ပါ။ ငါမေရှိယကို တွေ့ပြီ။ ငါဘယ်သူ့ကို တွေ့သလဲဆိုတာ လာကြည့်ကြပါလို့ အားလုံးကို မေးတယ်။

80 ၈၀။ ဒီအဆင့်ဆင့်ပြုလုပ်မှုတွေဟာ ကျွန်ုပ်တို့ကို သန့်ရှင်းစေပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကျိန်းဝပ်တော်မူရာနေရာဖြစ်ပါတယ်။ ဗိမာန်တော် နေရာဖြစ်ပါတယ်။ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်မီးနဲ့ ဗတ္တိဇံပေးခြင်း အဲဒါတွေအား လုံးဟာ ဒီဗိမာန်တော်ထဲမှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။

81 ၈၁။ ကမ္ဘာလောကကြီးက မဖျက်ဆီးပစ်လိုက်ပါဘူး။ ကမ္ဘာလောကကြီးကို ရေအားဖြင့်သာ ဆေးကြောခြင်းသာ ဖြစ်ပါတယ်။ ဂြိုလ်ပေါ်မှာရှိတဲ့ ဘောင်တစ်ခုထဲမှာ ဘောင်အဟောင်းထဲမှာ အညစ်အကြေးတွေအားလုံး ရှိနေပါတယ်။ ပထမကမ္ဘာကို ဖျက်ဆီး တော့မယ်။ အားလုံး ပျက်စီးမသွားပါ။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်းဘဲ ဖျက်ဆီးခြင်းခံရတာဖြစ်ပါတယ်။ သို့သော်လည်း ဘောင်ကို မဖျက်ဆီးပစ်ပါ။ အပြစ်နဲ့အပြစ်သားများကိုသာ ဖျက်ဆီးခြင်း ဖြစ်ပါတယ်။ ဘောင်ကြီးကတော့ ကျန်ခဲ့ပါတယ်။

82 ၈၂။ ဖြောင့်မတ်ခြင်းနဲ့ပတ်သက်လို့ နှစ်ခြင်းများ၊ မက်သဒစ်များ၊ အဲဒီအကြောင်းကို စဉ်းစားချင်ပါတယ်။ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်းနဲ့ ဗတ္တိဇံခံခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါနဲ့ မလုံလောက်သေးပါဘူး။ လောကနဲ့ဆိုင်တဲ့အရာတွေမှာ ပြန်လည်ပြီးတော့ သင်လည်ပတ်နေရမှာ ဖြစ်ပါတယ်။ ဆံပင်တိုတိုတွေညှပ်မယ်။ ဘောင်းဘီတိုတိုလေးတွေဝတ်မယ်။ စသည်တို့ဖြင့် ဘာမှ မဖြစ် သေးတဲ့အရာတွေ ဖြစ်ကြမှာ ဖြစ်ပါတယ်။ သင်ပြန်ပြီးတော့ နောက်လှည့်ကြည့်ပါ။ သင်လုပ်ခဲ့တဲ့ အပြစ်တွေ အမှားတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

83 ၈၃။ ဖြောင့်မတ်ခြင်းအားဖြင့် ကမ္ဘာလောကကြီး ဘာဖြစ်လာပါသလဲ? ဘာမှ မဖြစ်လာပါဘူး။ တစ်ဖန်အသစ်ပြန်စရပါတယ်။ အပြစ်က များသလောက်ရှိနေပါတယ်။ လူတွေပြုလုပ်တဲ့ နည်းလမ်းဘဲ ဖြစ်ပါတယ်။ သူဆက်ပြီးတော့ သွားတာနဲ့အမျှဘဲ ဖြစ်ပါ တယ်။

အဲဒီအတိုင်းဘဲ ဘီလီဂရေဟမ်ဖြစ်တဲ့ ဧဝံဂေလိဆရာကြီးက မြင်တွေ့ခဲ့ပါတယ်။ သူဘာပြောသလဲဆိုတော့ ငါသွားပြီးတော့ လူ(၃၀၀၀၀)လောက်သွားပြီးတော့ ဟောပြောနိုင်ခဲ့ပါတယ်။ နောက်တစ်နှစ်ကြာလို့ ပြန်လာတဲ့အခါမှာ အယောက်(၃၀)တောင်မှမရှိ ချင်တော့ပါဘူး။ သူတို့ဘယ်ကို ပျောက်သွားကြသလဲ¿ သူတို့နောင်တရပါတယ်။ သူတို့နောင်တရတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ များသောအားဖြင့် ဒါမှမဟုတ် အချို့ဖြစ်ပါတယ်။ အနည်းဆုံးဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါတွေက မဟုတ်ပါဘူး။ ဒီနေရာမှာဘဲ အထောက်အထားအဖြစ် သက်သေပြထားပါတယ်။

84 ၈၄။ ကမ္ဘာဟောင်းကြီးကတော့ ရေအားဖြင့် ဖျက်ဆီးခြင်း ခံရပါတယ်။ ကမ္ဘာကြီးကို ဖျက်ဆီးပြီးတော့ ဆေးကြောလိုက်ခြင်းဘဲ ဖြစ် ပါတယ်။ ဗတ္တိဇံပေးခြင်းဘဲ ဖြစ်ပါတယ်။ ဗတ္တိဇံခံယူခြင်းဘဲ ဖြစ်ပါတယ်။

အဲဒါမှ ဘောင်က ကျန်ရှိနေမှာ ဖြစ်ပါတယ်။ မီးအားဖြင့် လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကို မဖျက်ဆီး လိုက်ပါဘူး။ ကမ္ဘာပေါ်မှာ ရှိတဲ့အပြစ်တွေကိုသာ ဖျက်ဆီးပစ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။

85 ၈၅။ ဒီနေရာမှာ သတိပြုပါ။ အချို့သော ကျမ်းစာလေ့လာတဲ့ ကျောင်းသားများ အထူးသဖြင့် ဒေါက်တာဒေးလ်က ကျွန်တော့် ကို သိနေပါတယ်။ ရှင်ပေတရု ဩဝါဒစာတတိယစောင် မဟုတ်ရင်လည်း ဒုတိယစာစောင်မှာ သူက ကမ္ဘာလောကကြီးဆိုတဲ့ စကားလုံးကို သုံးထားပါတယ်။ ဂရိစကားလုံးကတော့ ကော့စ်မော့တ် ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ ကမ္ဘာလောကကြီးရဲ့ စံနစ်ဖြစ်ပါတယ်။ ကမ္ဘာမြေကြီး ပျောက်ကွယ်သွားမယ်။ အင်မတန်ပူလောင်တဲ့ အပူရှိန်နဲ့ အရည်ဖျော်ပစ်လိုက်မယ်လို့ဆိုပါတယ်။ ကမ္ဘာမြေကြီးတွေ၊ ဂြိုလ်ကြီးတွေ အရည်ပျော်သွားမယ်။ ပျောက်ကွယ်သွားမယ်လို့ဆိုခြင်း မဟုတ်ပါဘူး သို့သော်လည်း ကမ္ဘာကော့စ်မော့တ် လောကကြီး နိုင်ငံရေးတွေ၊ လောကအပြစ်သားတွေ၊ စံနစ်တွေ၊ အပြစ်တွေ၊ ရောဂါတွေ၊ ရောဂါပိုးတွေ မှားယွင်းနေတဲ့အရာတွေအားလုံး ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဘုရားသခင် တစ်ချိန်က ကောင်းကင်ကြီးကို က်ိုင်လှုပ်ခဲ့ပါ တယ်။ ဒီတစ်ခေါက်တော့ သူကမ္ဘာလောကကြီးကို ကိုင်လှုပ်မယ်လို့ဆိုပါတယ်။ ကမ္ဘာလောကကြီးရဲ့ ကောင်းကင်ရယ်၊ မြေကြီးရယ် သူကိုင်လှုပ်မယ်လို့ ဆိုထားပါတယ်။ ဒီတစ်ခါတော့ ကောင်းကင်ကြီးကို သူက ကိုင်လှုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော် တို့ဟာ မရွှေ့လျားနိုင်တဲ့ နိုင်ငံတော်ကို ရရှိထားပါတယ်။ အဲဒါကတော့ ထာဝရနိုင်ငံတော် ဖြစ်ပြီးတော့ သူဘယ်လိုသွား သလဲဆိုတာက်ို ကြည့်ရမှာဖြစ်ပါတယ်။

86 ၈၆။ ပေတရုပြောသည့်စကားကို ကြည့်ရမှာ ဖြစ်ပါတယ်။ ပေတရုပြောထားတဲ့စကားမှာတော့ အင်မတန် ပူပြင်းတောက် လောင်နေတဲ့ မီးတောက် မီးလျှံတွေက အကုန်လုံးကို ဝါးမြိုသွားလိမ့်မယ်လို့ ဆိုထားပါတယ်။ ကမ္ဘာလောက၊ ကမ္ဘာ့ဂြိုလ်ကြီးကို မဟုတ်ပါဘူး။ သူ့အထဲမှာရှိတဲ့အလုပ်တွေကိုဘဲ ဖြစ်ပါတယ်။ လူတွေရဲ့ အကျင့်တွေကိုဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ နိုင်ငံရေးတွေ၊ သူတို့ရဲ့အကြံအစည်တွေ သူတို့ရဲ့ ဂိုဏ်းဂဏတွေအားလုံး လူလုပ်တဲ့ အကြံအစည်တွေအားလုံးကို ဝါးမြိုသွားမှာ ဖြစ်ပါတယ်။

87 ၈၇။ ကောင်းကင်ဟာဆိုရင် အင်မတန်ကြီးမားတဲ့အသံနဲ့ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားမိပါသ လား?

ကောင်းကင်ငှက်ဟာ အင်မတန်ကြီးမားတဲ့အသံနဲ့ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ သေချာနားထောင်ပါ။ ဒီကမ္ဘာလော ကကြီးတစ်ခုလုံးက မီးလောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ ဒီမြေကြီးပေါ်မှာရှိတဲ့ ဓါတ်ငွေ့တွေအားလုံးကိုလည်း လောင်ကျွမ်း သွားပြီးတော့ ပေါက်ကွဲ သွားမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ ဒီနေရာမှာ ပြောဆိုထားပါတယ်။ ပေတရုပြောတဲ့အတိုင်းဘဲ ကောင်း ကင်က ပျောက်ကွယ်သွားမယ်။ မြေကြီးလည်း ပျောက်ကွယ်သွားမယ်။ အင်မတန်ကြီးမားတဲ့အသံနဲ့ ပျောက်ကွယ်သွားမှာ ဖြစ်ပါ တယ်။ အဲလိုပေါက်ကွဲမှုကြီးကတော့ အင်မတန်ကြီးမားပြီးတော့ လှုပ်ခါသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရောဂါတွေ အားလုံးကို သတ်လိုက်သလိုဖြစ်ပါတယ်။ ဆူးပင်တွေ၊ ပေါင်းပင်တွေအားလုံးကိုလည်း လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ လုပ်ရမဲ့အရာတွေအားလုံး လုပ်ကိုင်ပြီးသွားတော့ ဘီးကနေပြီးတော့ လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ တစ်ကယ့် မီးနဲ့လောင် ကျွမ်းသွားခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းတဲ့မီးဘဲ ဖြစ်ပါတယ်။ စာတန်ကိုလည်း လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ သူ့ရဲ့နတ်ဆိုး တွေအားလုံးလည်း ပါသွားမှာ ဖြစ်ပါတယ်။ ကောင်းကင်နဲ့ မြေကြီးနှစ်ခုစလုံးဘဲ ဖြစ်ပါတယ်။ ကောင်းကင်နဲ့မြေကြီး ပျောက်ကွယ် သွားပါမယ်။ အာမင်။ ရောဂါပိုးတွေအားလုံး၊ ပိုးမွှားတွေအားလုံး သဘာဝသက်ရှိတွေအားလုံးနဲ့ ၎င်းပန်လည်မှာ ရှိတဲ့အရာတွေ အားလုံးကို သတ်လိုက်မှာ ဖြစ်ပါတယ်။ ရေကလည်း ပေါက်ကွဲမှာ ဖြစ်ပါ တယ်။ ရေ $H_2O$ ဓါတ်က ပေါက်ကွဲခြင်းဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။

တူလ်စန်မှာရှိတဲ့အရာဟာ တစ်စုံတစ်ခုဖြစ်တယ်လို့ သင်စဉ်းစားမိပါတယ်။ တံဆိပ်(၆)ခုစလုံးကို ဖွင့်လိုက်တဲ့အခါမှာ တစ်နိုင်ငံ လုံးကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားပါတယ်။ စကားပြောဘို့အတွက် ဖန်တီးလာပါတယ်။ သူမရဲ့ဗတ္တိဇံကို ဒီကမ္ဘာလောကကြီးက လက်ခံရရှိတဲ့အထိ စောင့်ကြည့်ပါ။

88 ၈၈။ လူတစ်ဦးက ရေဗတ္တိဇံကို လက်ခံရရှိတဲ့အခါမှာ အဲဒီပတ်ပတ်လည်မှာ အသံဗလံတွေ မြောက်များစွာ ဆူညံသွားပါတယ်။ အဲဒါရှက်ဖွယ် ဖြစ်တယ်လို့ သူတို့ထင်မြင် ယူဆပါတယ်။ လူတွေအော်ဟစ်ပြီးတော့ လူတွေရဲ့အော်ဟစ်သံကို ကြားရပါတယ်။ ဒီကမ္ဘာ လောကကြီး သူမရဲ့ဗတ္တိဇံကို ခံပြီးသွားတဲ့အထိ စောင့်ကြည့်ပါ။

ရေ $H_2O$ ဟာ ပေါက်ကွဲသွားမှာဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ဗျာဒိတ်ကျမ်း အခန်းကြီး(၂၁)မှာသမုဒ္ဒရာ ရေလုံးဝရှိတော့မှာ မဟုတ်ပါဘူး။ ပေါက်ကွဲသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးရဲ့မျက်နှာပြင်ကို လုံးဝပြောင်းလဲပစ်မှာ ဖြစ်ပါ တယ်။ သူမက ပေါက်ကွဲပြီးတော့ အစိတ်စိတ်အမွှာမွှာ ကွဲသွားမှာ ဖြစ်ပါတယ်။ အပြင်ကအရာတွေ ဖုံမှုန့်တွေ နောက်ပြီးတော့ အောက်မှာရှိတဲ့ ရာပေါင်းများစွာအထိ နက်ရှိုင်းစွာပေါက်ကွဲသွားမှာ ဖြစ်ပါတယ်။ လုံးဝပျက်စီးပြီး ပျောက်ဆုံးသွားမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ အရာအားလုံးဒီကမ္ဘာမြေကြီးထဲမှာရှိတဲ့ ဓါတ်ငွေ့တွေမှ အစ သူတို့ရဲ့ ဒုံးကျည်ထိပ်ဖူးတွေကအစ အင်မတန် ကြီးမားတဲ့ အတိုင်းအတာနဲ့ အားလုံးဟာ ပေါက်ကွဲသွားမှာ ဖြစ်ပါတယ်။ ဓါတ်ငွေ့အမျိုးမျိုး အပေါ်မှာ အဲလိုမျိုးဘဲ ဖြစ်မှာ ဖြစ်ပါ တယ်။ သူတို့ ဘာပြောလဲဆိုတော့ အဲဒါက ပေါက်ကွဲဘို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သန့်ရှင်းတဲ့ အမျက်တော်ဟာ ကျရောက် မှာ ဖြစ်ပါတယ်။ အဲဒါတွေအားလုံး သန့်ရှင်းစေမှာ ဖြစ်ပါတယ်။ ဒီမျက်နှာပြင်တစ်ခုလုံးကို ပြောင်းလဲစေမှာ ဖြစ်ပါတယ်။

89 ၈၉။ သင်တို့အထဲမှာ လူတော်တော်များများကတော့ ဒီဂရိစကားလုံးဖြစ်တဲ့ ပျောက်ကွယ်သွားမယ်ဆိုတဲ့ စကားလုံးကို ရေးချထားချင်မှာ ဖြစ်ပါတယ်။ ဒီစကားလုံးကတော့ ကျွန်တော် ရှာဖွေတွေ့ရှိရသလောက် ကျွန်တော် စဉ်းစားရမိသလောက် ဆိုရင် ဒီကမ္ဘာလောက ကြီး ဘယ်လိုပျောက်ကွယ်သွားမလဲဆိုတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့က အသက်ရှင်လျှက် ကျန်မှာ ဖြစ်ပါတယ်။ အကယ်၍ သင်သတိပြုမိမယ်ဆိုရင် အဲဒါကို လိုက်ကူးရေးနိုင်ပါတယ်။ ကျွန်တော် စာလုံးပေါင်းပေးမှာ ဖြစ်ပါတယ်။ ကျွန်တော် အသံ မထွက်တတ်ပါဘူး။ P-a-r-e-r-e-c-h-o-m-i-a ဖြစ်ပါတယ်။ ဘယ်လိုအသံထွက်ရမလဲ ဆိုတာတော့ ကျွန်တော် မသိပါဘူး။

ယခု ထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော် ပြောခဲ့ပြီး ဖြစ်ပါတယ်။ ဝိညာဉ်တော်တို့ထိမှုကို ကျွန်တော် ခံရတဲ့အခါမှာ တစ်စုံတစ်ခုအတွက် ကျွန်တော်က ပြန်သွားပြီးတော့ အဲဒီစကားလုံးရဲ့ အဓိပ္ပါယ်ကို ကျွန်တော် ရှာဖွေပါတယ်။ အဲဒီစကားလုံးကို ကျွန်တော် စာလုံးမပေါင်းတတ်ပါဘူး။ အသံမထွက်တတ်ပါဘူး။ ဒါပေမဲ့လည်း အဲဒီအထဲမှာ ကိုယ်တော်ရှင်က ကျွန်တော့်ကို နည်းလမ်းပေးဆဲဘဲ ဖြစ်ပါတယ်။ ကျွန်တော် သွားပြီး ရှာဖွေလိုက်တဲ့အခါမှာ အဲဒီစကားလုံးရဲ့အဓိပ္ပါယ်ကို တွေ့ရပါတယ်။ တစ်ဖန် ပြန်ပြီးတော့ ရှာ ဖွေတွေ့ရှိရခြင်းဘဲ ဖြစ်ပါတယ်။

ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကားတည်လိမ့်မည်လို့ ဆိုထားပါတယ်။ တစ်ခုကနေ တစ်ခုပြောင်းလဲခြင်း ဖြစ်ပါတယ်။ လုံးဝဥသုံ့ပျက်စီးသွားခြင်း မဟုတ်ပါဘူး။ အင်္ဂလိပ်စကားလုံးမှာ Pass away လို့ပြောခြင်းကတော့ လုံးဝသေဆုံး သွားခြင်း ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း ပြောင်းလဲသွားခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဟေဗြဲစကားလုံးနဲ့ ဂရိစကားလုံးတွေမှာ လုံးဝဥသုံ့ပျက် စီးသွားခြင်း မဟုတ်ဘဲနဲ့ အခြေအနေ တစ်ခုကနေ နောက်တစ်ခုကို ပြောင်းလဲသွားခြင်းဘဲ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ အပြောင်း အလဲ ဖြစ်သွားခြင်းဘဲ ဖြစ်ပါတယ်။

90 ၉၀။ ပေါလုက အဲဒါကို အသုံးပြုခဲ့ပါတယ်။ အခုအချိန်မှာ ခင်ဗျား ဖတ်ကြည့်ချင်တယ်ဆိုရင် ဖတ်ကြည့်လို့ရပါတယ်။ အခု ကျမ်း ပိုဒ်ကိုရေးထားပြီးတော့ နောက်မှ ပြန်ဖတ်လည်းရပါတယ်။ (တိတု၅း၃)ဖြစ်ပါတယ်။ပေါလုက အလားတူစကားလုံးကိုဘဲ အသုံးပြုထားပါတယ်။ လူတစ်ယောက်ပြောင်းလဲခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ လူတစ်ယောက်က အပြစ်သားဘဝကနေ သူတော် စင်ဘဝကို ပြောင်းလဲသွားခြင်း ဖြစ်ပါတယ်။ လုံးဝဥသုံ့ ပြောင်းလဲသွားခြင်း ပျက်စီးသွားခြင်း မဟုတ်ပါဘူး။ လူတစ်ယောက် ပြောင်းလဲတဲ့အခါ သူဟာ အပြောင်းအလဲ ဖြစ်သွားခြင်းဖြစ်ပါတယ်။ သူဟာ လုံးဝနောက်တစ်ခြားတစ်ယောက် ဖြစ်သွားပါတယ်။ သူဘာဖြစ်သလဲဆိုတာကနေ ပြောင်းလဲသွားခြင်း ဖြစ်ပါတယ်။ ပျက်စီးသွားခြင်း မဟုတ်ပါဘူး။

91 ၉၁။ သခင်ယေရှုကလည်း အလားတူစကားကို အသုံးပြုထားပါတယ်။ (မဿဲ ၁၉း၂၈) ဖြစ်ပါတယ်။ယေရှုက ငါအမှန်အကန်

ဆိုသည်ကား အလုံးစုံတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောအခါ ငါ့နောက်သို့လိုက်ကြသော သင်တို့သည် (၁၂)ခုသောပလ္လင်တော်ပေါ်မှာထိုင်၍ဣသရေလ(၁၂)မျိုးကို စစ်ကြောစီရင်ရကြ လတ့်လို့ ဆိုထားပါတယ်။ အသစ်ပြုပြင်သောကာလ၌လို့ ဆိုထားတာကို တွေ့ရပါတယ်။ ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က အလားတူ စကားလုံးကို အသုံးပြုထားပါတယ်။

သူအဲလိုပြောတဲ့အခါမှာ သူအဲဒီစကားကို အသုံးပြုခြင်းဘဲ ဖြစ်ပါတယ်။ မြင်းငယ်လေးကို ကြိုးဖြည်၍လွှတ်ရန်ပြောသောအခါ လည်း အလားတူစကားလုံးကိုဘဲ သူအသုံးပြုခဲ့ပါတယ်။

လားဇရု ရှင်ပြန်ထမြောက်တဲ့အခါမှာလည်း အလားတူအကြောင်းအရာကို ပြောဆိုခဲ့ပါတယ်။ သူ့ကို လွှတ်လိုက်ပါ။ သူ့ကို ပြောင်းလဲပစ်လိုက်ပါ။ သူချည်နှောင်ခြင်း ခံခဲ့ရပြီဖြစ်ပါတယ်။ သူ့ကို လွှတ်လိုက်ပါ။

အဓိပ္ပါယ်က ဘာဖြစ်ပါသလဲ ? စာတန်မာရ်နတ်ရဲ့ ချုပ်နှောင်မှုအောက်မှ ကမ္ဘာကြီးက လွတ်မြောက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံ ရေးတွေကနေ လွတ်မြောက်ရန် ဖြစ်ပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ ဘာသာရေးတွေကနေ ဖြေလျှော့ပြီး လွတ်မြောက်ပေးရမှာ ဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်ကနေ အသုံးပြုဘို့ဘဲ ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာ တည်ထောင်ဘို့ဘဲ ဖြစ်ပါတယ်။ စာတန်ရဲ့ လက်ထဲမှာ ရှိနေသမျှကာလပတ်လုံး စာတန်ဟာလည်း ဒီကမ္ဘာလောကကြီးကို အုပ်စိုးသူ ဖြစ်ပါတယ်။ သူက ပိုင်ဆိုင်ပါတယ်။ ကမ္ဘာ လောကကြီးကို စာတန်ပိုင်ဆိုင်ထားပါတယ်။ ချည်နှောင်ထားပါတယ်။ ယခုအခါမှာတော့ ခရစ်တော်က ကယ်တင်ခဲ့ပြီး ဖြစ်ပါတယ်။

92 ၉၂။ တစ်ချိန်သောအခါမှာ ကျွန်ုပ်ဟာ သူ့ပိုင်ဆိုင်တဲ့အရာဖြစ်ပါတယ်။ အခုအခါမှာတော့ မဟုတ်တော့ပါဘူး။ တစ်ချိန်သော အခါမှာ အမျိုးသမီးငယ်လေးကတော့ သူမပိုင်ဆိုင်ထားတဲ့အရာ ဖြစ်ပါတယ်။ အခုတော့ မဟုတ်တော့ပါဘူး။ အဲလိုချည်နှောင်မှု ကို သူက ဖြည်လွှတ်ဘို့အတွက် ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ အပြစ်ကနေပြီးတော့ ဖြေလျှော့ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ စာတန်မာရ်နတ်ရဲ့ ချည်နှောင်ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့အသက်တာ သင့်ရဲ့အသက်တာမှာ ယခုအခါမှာ စာတန်ကနေပြီး တော့ ပိုင်ဆိုင်ထားခြင်း မဟုတ်တော့ပါဘူး။

ဆုတောင်းတဲ့အခါမှာ ကျွန်တော်အမြဲဆုတောင်းတဲ့အရာကို သင်တို့မကြားရပေဘူးလား ? ဘုရားသခင်နဲ့ ပိုင်ဆိုင်ထားတဲ့အရာ ကနေ သင့်ရဲ့လက်တွေကို ဖယ်လိုက်ပါ။ အာမင်။ သင်ယုံကြည်ခြင်းရှိပြီးတော့ သင်ပိုင်ဆိုင်တဲ့အရာတွေပေါ်မှာ သင်ပိုင်ဆိုင်တယ် လို့ ယုံကြည်စွာနဲ့ ကြွေးကြော်ပါ။ အဲဒါက သင့်ရဲ့ အခွင့်အရေးဘဲ ဖြစ်ပါတယ်။ သူမအပေါ်ကနေပြီးတော့ သင့်လက်ကို ရုပ်သိမ်း လိုက်ပါ။ သူ့အပေါ်ကနေပြီးတော့ သင့်လက်တွေကို ဖယ်ရှားလိုက်ပါ။ ယုံကြည်ခြင်းနဲ့ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ လုံးဝ ဖျက်ဆီးပစ်လိုက်ခြင်း မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သင့်ရဲ့လက်ကို ဖယ်ရှားလိုက်ခြင်းဘဲဖြစ်ပါတယ်။ အဲဒါကို ဖြေလွှတ်ဘို့ ဘဲဖြစ်ပါတယ်။ သွားခွင့်ပြုလိုက်ပါ။ ပြောင်းလဲပစ်လိုက်ပါ။

ကမ္ဘာလောကကြီးက ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးများလည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဘာသာရေးတွေ လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးတွေ၊ ဂိုဏ်းဂဏတွေလည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးတွေလည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်ကတော့ တည်ထောင်ရမဲ့အရာဘဲ ဖြစ်ပါတယ်။

93 ၉၃။ (ဗျာဒိတ် ၆း၁၄)မှာ ယောဟန်ရေးထားတာကို ကျွန်တော် ဖတ်ရပါတယ်။ စာလိပ်အနေနဲ့ လိပ်ပြီးပျောက်ကွယ်သွားတယ် လို့ ဆိုထားပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ယောဟန်မြင်ထားတဲ့အတိုင်းဘဲ ရေးသားထားပါတယ်။ ငါဟာကောင်း ကင်နဲ့မြေကြီးကို စာလိပ်ကဲ့သို့ ရွေ့လျားသွားတာကို တွေ့ရတယ်လို့ဆိုထားပါတယ်။ (ဗျာဒိတ် ၆း ၁၄)ဘဲဖြစ်ပါတယ်။ မိုးကောင်းကင်သည် စာစောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှ ရွေ့ကြ၏လို့ (ဗျာဒိတ်ကျမ်း ၆း၁၄)မှာရေးသားထားတာကို တွေ့ရပါတယ်။

ယေရှုက ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကားတည်မယ်လို့ ဆိုပါတယ်။ ကောင်းကင်နဲ့မြေကြီး ပြောင်းလဲသွား မယ်လို့ ပြောခြင်းဘဲ ဖြစ်ပါတယ်။ တစ်ဖန် အဲဒီစကားလုံးကို ထပ်မံပြီးတော့ အသုံးပြုထားတာကို တွေ့ရပါတယ်။

လုံးဝပျက်စီးသွားတာ မဟုတ်ပါဘူး။ (ဗျာဒိတ် ၂၁း ၂-၂၄)မှာ ဘာတွေ့ရသလဲဆိုတော့ ယေရှုရှလင်မြို့သစ်က ဘုရားသခင်ရဲ့ ကောင်းကင်နိုင်ငံကနေပြီးတော့ ဆင်းပြီးထွက်လာတယ်။ ကျလာတယ်လို့ တွေ့ရပါတယ်။ ဘုရားသခင်ကလည်း ဒီကမ္ဘာလောက ကြီးအပေါ်မှာ ထိုင်နေတာကို တွေ့ရပါတယ်။ လုံးဝပျက်စီးသွားမယ်လို့ အဓိပ္ပါယ်မရပါဘူး။ စံနစ်တွေပြောင်းလဲ သွားမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

94 ၉၄။ ဒံယေလလည်း အလားတူအရာကို တွေ့မြင်ရပါတယ်။ ကမ္ဘာလောကကြီးကို ကြောက်တုံးတစ်တုံးက ထိခိုက်မိပါတယ်။ နောက်ပြီးတော့ လက်တွေမပါဘဲနဲ့ အဲဒီကျောက်တုံးကြီးကနေပြီးတော့ ထွင်းဖောက်လိုက်တဲ့အခါမှာ အဲဒီစံနစ်တွေရဲ့ ပုံရိပ်ရုပ်ပုံဟာ လုံးဝပျက်စီးသွားခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြာအနေနဲ့ လွင့်ပျောက်ပြီးတော့ သွားခြင်းဘဲဖြစ်ပါတယ်။ လေတိုက်ခတ်တဲ့အခါမှာ လေနောက်ပါသွားခြင်းဘဲ ဖြစ်ပါတယ်။ ကျောက်တုံးကတော့ အင်မတန်ကြီးမားမဲ့ တောင်ကြီးအဖြစ်နဲ့ တစ်ဖြည်းဖြည်း ကြီးမားလာပြီး ကမ္ဘာလောကကြီးကို ဖုံးအုပ်သွားပါတယ်။ အဲဒီတောင်ကို ယခုအခါမှာ ကြည့်ပါ။ အဲဒီတောင် ကတော့ ကမ္ဘာမြေကြီးကို ဖုံးအုပ်သွားပါတယ်။

ကျွန်တော်တို့ ရှာဖွေတွေ့ရှိရတဲ့အရာကတော့ ဗျာဒိတ်ကျမ်းထဲမှာ မြေကြီးအသစ်ရဲ့ဘုရင်များက သူတို့ ဘုန်းတော်ကို ထင်ရှား ပြီးတော့ ထွက်ပေါ်လာမယ်လို့ ဆိုထားပါတယ်။ ဒီကမ္ဘာလောကကြီးပေါ်မှာ ထိုင်နေမယ်။ ယေရှုရှလင်မြို့သစ်ကလည်း ဒီကမ္ဘာလောက ကြီးပေါ်မှာ ထိုင်နေမှာ ဖြစ်ပါတယ်။ အဲဒါက ပြောင်းလဲသွားခြင်းဘဲဖြစ်ပါတယ်။

95 ၉၅။ သင်ဟာ အလားတူ ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ရုပ်တည်ချက် ရှိပါတယ်။ ဘုရားသခင် သင့်ကို ခေါ်တဲ့အခါမှာ အဲဒီအလား တူ အမျိုးသမီးကို ခေါ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါ ဘာဖြစ်ပါသလဲ? အဲဒါဟာ ပြောင်းလဲခြင်းဘဲ ဖြစ်ပါတယ်။ ဟောင်းတဲ့အသက်တာ ပြောင်းလဲသွားပြီးတော့ ဟောင်းနွမ်းတဲ့ ဆန္ဒတွေလည်း ပျောက်ကွယ်သွားခြင်းဘဲဖြစ်ပါတယ်။ သင်ဟာ ရေသောက်ချင်တယ်။ ဒါမှမဟုတ် ဟင်းချိုသောက်ချင်တယ်။ အဲဒါတွေကို သောက်စားပြီးတော့ ပြေးလွှားသွားတယ်။ ပြုပြင်ပြောင်းလဲတတ်တဲ့ မတည်မြဲတဲ့ ကိုယ်ခန္ဓာရှိတယ်။ နောက်ဆုံးတော့ သေဆုံးသွားပါတယ်။ သင်ဟာစာတန်ရဲ့ တန်ဆာပလာဖြစ်ပါတယ်။ ယခုအခါမှာတော့ သင်ကယ် တင်ခြင်းရပြီးဖြစ်ပါတယ်။

ကမ္ဘာလောကကြီးကလည်း အဲလိုဖြစ်မှာ ဖြစ်ပါတယ်။ အလားတူ နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်း ရရမှာ ဖြစ်ပါတယ်။ ကောင်းကင်အသစ်များနဲ့ မြေကြီးအသစ်များဖြစ်ပါတယ်။

သင်ကဲ့သို့ဘဲဖြစ်ပါတယ်။ သင်ဟာအသစ်သော သတ္တဝါဘဲ ဖြစ်ပါတယ်။ သင်၏ခြေသလုံးကတော့ လူတိုင်းသိတဲ့အတိုင်းဘဲ သင်ဟာ အသစ်သော ဖန်ဆင်းခြင်း ခံရသူဖြစ်ပါတယ်။ ဟောင်းနွမ်းနေတဲ့ ဗိမာန်တော်ကြီးမှာ အသစ်သော ဖန်ဆင်းခြင်း ဖြစ်ပါတယ်။ ဟာလေလုယာ၊ ဒီနေရာမှာ ဘာဖြစ်သလဲဆိုတာကိုကြည့်ပါ။ ဘုန်းကြီးပါစေ။

96 ၉၆။ အခု ကျွန်တော်တို့ တွေ့ရှိရတဲ့အရာက ဒီကမ္ဘာလောကကြီးက လောကရဲ့ဘုရင်တွေကို ထိန်းချုပ်ထားမှာဖြစ်ပါတယ်။

တစ်ဖန် (မဿဲ၅း၅)မှာ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ စိတ်နှလုံးနှိမ့်ချတဲ့သူတွေဟာ အမွေခံရမယ်လို့ ဆိုထားပါတယ်။ နောက်ထပ်ကမ္ဘာအသစ် ထပ်မံရရှိမယ်လို့ ဆိုလိုခြင်း မဟုတ်ပါဘူး။ အလားတူကမ္ဘာဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်း စီမံကိန်းကို ခင်ဗျားတို့ကို ကျွန်တော် ပြောပြနေခြင်းဘဲ ဖြစ်ပါတယ်။ တစ်ခြားအကြောင်းအရာတွေကို ဆက်ပြီးမသွားခင် ဒီအကြောင်းကို ပြောပြ ချင်ပါတယ်။ မီးနဲ့ ဗတ္တိဇံခံခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေပြီးတော့ ကိုယ်တော်ရှင် နှိမ့်ချစွာနဲ့ ကျိန်းဝပ်နိုင် မဲ့နေရာအတွက် သင့်တော်တဲ့နေရာဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင် ကျွန်တော်တို့ကို ပြုသကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ဖန်ဆင်းခြင်းကတော့ ထိုအထဲမှာ နေဘို့ဘဲ ဖြစ်ပါတယ်။ သူဝင် မလာခင်မှာ မီးနဲ့ဗတ္တိဇံ ကျွန်တော်တို့ကို ပေးရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာပြီးတော့ အသက်ရှင် ရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်မီးဘဲ ဖြစ်ပါတယ်။ အဲဒီ မီးတောက်မီးလျှံကို ရရှိပြီးတဲ့နောက်မှာ သန့်ရှင်းသော ဝိညာဉ်တော် နှုတ်ကပတ်တော်အားဖြင့် ဆန့်ကျင်ဘက်အရာများအားလုံး ပျက်စီးသွားလေသည်။ နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။ မြင်လား?

97 ၉၇။ အခြားသောနေ့မှာ စကားဆက်ပြောပါသည်။ သန့်ရှင်းသောဝိညာဉ်တော် အထောက်အထားကတော့ နှုတ်ကပတ်တော် ကို သင်လက်ခံရရှိတယ်ဆိုရင် တစ်ခြား စံနစ်တစ်ခုကို လက်ခံရရှိခြင်း မဟုတ်ပါဘူး။ သေသေချာချာနားလည်အောင် ရှင်းရှင်း လင်းလင်း နားလည်အောင် ပြုလုပ်ပါ။ နှုတ်ကပတ်တော်ဟာ သန့်ရှင်းတယ်၊ ရှင်းလင်းတယ်ဆိုတာ သင်ဘယ်လိုသိရမှာလဲ? သင်ဘယ် လိုနားလည်မှာလဲ? မိမိကိုယ်ကို မိမိဘယ်လိုဖေါ်ပြသလဲဆိုတာကိုဘဲ သတိထားပြီးကြည့်ပါ။

သင်က ပြောပေလိမ့်မယ်။ ဒါလုပ်တာကိုတွေ့တယ်။ ဟိုဟာလုပ်တာကို တွေ့တယ်။ ဟုတ်ပါတယ်။ ပေါင်းပင်များကလည်း အ လားတူ အတူတကွ အသက်ရှင်ပါတယ်။

ဒါပေမဲ့လည်း အဲဒါကတော့ နှုတ်ကပတ်တော်တစ်ခုလုံး ဖြစ်ရပါမယ်။ သတို့သမီးဖြစ်ဘို့ရန်အတွက် ကိုယ်တော်ရှင်ရဲ့ တစ်စိတ် တစ်ဒေသ ဖြစ်ရပါမယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ အဲဒါကြောင့် သူ့ရဲ့ဘယ်လို တစ်စိတ်တစ်ဒေသ ဖြစ်ပါသလဲ။ ဂတိထားတော်မူတဲ့ နှုတ်ကပတ်တော်ကတော့ သူ့ရဲ့သတို့သမီးကိုသူ ရွေးချယ်တဲ့အချိန်ဘဲ ဖြစ်ပါတယ်။ သင်လည်း အဲဒီအထဲမှာ တစ် စိတ်တစ်ဒေသ ပါဝင်ပါ။ သဘောပေါက်ပါသလား¿ အဲဒါကိုအဆုံးရှုံးမခံပါနဲ့။ထာဝရကာလမှာ နေထိုင်ဘို့ရန်အတွက် ကိုယ်တော်ရှင် က အဲဒီနေရာကို သင့်တော်တဲ့နေရာအဖြစ် က်ိုယ်တော်ရှင် ပြုလုပ်ခဲ့ပါတယ်။

98 ၉၈။ သတိပြုရမဲ့အရာကတော့ အဲဒါနဲ့ပတ်သက်လို့ ပြောထားခြင်း မရှိပါဘူး။ မိလေနီကာလ ကိုယ်တော်ရှင် အုပ်စိုးတဲ့ အနှစ် (၁၀၀၀)ကာလကတော့ဒီကမ္ဘာလောက အသစ်ကြီးပေါ်မှာ မဟုတ်ပါဘူး။ မိလေနီ အုပ်စိုးခြင်းကာလကတော့ တမူထူးခြားတဲ့ အုပ်စိုး ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရောက်ရှိသွားရမဲ့နေရာဘဲ ဖြစ်ပါတယ်။ မိလေနီကာလဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ကမ္ဘာအသစ် ကောင်းကင်အသစ် မဟုတ်ပါဘူး။ အဲဒါကတော့ နားနေတဲ့အရာဘဲ ဖြစ်ပါတယ်။ နားနေတဲ့အချိန်ဖြစ်ပါတယ်။ ကောင်းကင်အသစ်နဲ့ မြေကြီးအသစ်များ မဟုတ်ပါဘူး။ မိလေနီကာလကတော့ အဲဒီနေရာမှာရှိတဲ့ အရာတွေ မိလေနီကာလထဲ ကို မရောက်မဲ့အရာတွေဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ရှေးကာလက သတ္တမမြောက်နေ့ကဘဲ ဖြစ်ပါတယ်။ ဧဒင်ဥယျာဉ်ကြီး ထဲကနေ ဖြစ်ပါတယ်။ သတ္တမမြောက် နေ့ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကမ္ဘာလောကကြီးကို ဖန်ဆင်းပြီးတဲ့နောက် သတ္တမမြောက်နေ့မှာ ဧဒင်ဥယျာဉ်ကြီးထဲမှာ ကိုယ်တော်ရှင် နားနေပါတယ်။ မိလေနီကာလဘဲ ဖြစ်ပါတယ်။

99 ၉၉။ အခုအခါမှာ ကမ္ဘာလောကကြီးက နှစ်ပေါင်း(၆၀၀၀) အသက်အရွယ်ရှိနေပါပြီ။ နှစ်ပေါင်း(၂၀၀၀)ပြည့်တဲ့အခါတိုင်း ပျက်စီးခြင်းကို ရင်ဆိုင်ရပါတယ်။

ပထမဦးဆုံး နှစ်ပေါင်း(၂၀၀၀)အတွင်းမှာရေလွှမ်းမိုးခြင်းခံရပါတယ်။ ကိုယ်တော်ရှင်က ရေနဲ့ဗတ္တိဇံပေးခြင်း ဖြစ်ပါတယ်။

နောက် ဒုတိယမြောက် နှစ်ပေါင်း(၂၀၀၀)မှာသခင်ယေရှုက ဆင်းသက်ကြွလာပြီး သန့်ရှင်းစင်ကြယ်စေပြီး မိမိရဲ့အသွေးတော် နဲ့ ရွေးနှုတ်ကယ်တင်ခဲ့ပါတယ်။

ငါတစ်ဖန် ကြွလာခဲ့အုန်းမယ်လို့ဆိုပါတယ်။ ယခုအခါမှာ ဘုရင်အဖြစ်နဲ့ ကြွလာပြီး သူ့ရဲ့မိဖုရားလည်း ပါလာမှာ ဖြစ်ပါတယ်။

ဘုရင်မလည်း ပါလာမှာ ဖြစ်ပါတယ်။ ဒုတိယ အနှစ်(၂၀၀၀) ဖြစ်ပါတယ်။ကိုယ်တော်ရှင် ဘာလုပ်မှာလဲ? သူကြွလာပြီးတော့ သူဟာ နားနေတဲ့ အချိန်ကာလဘဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ သူမကို လောင်ကျွမ်းသွားစေမှာ ဖြစ်ပြီး ကိုယ်တော်ရှင်ဟာ သူရွေးချယ်ထားတဲ့အရာကို သူပြန်ရုပ်သိမ်းမှာ ဖြစ်ပါတယ်။ သူရွေးချယ်တဲ့ သူပိုင်ဆိုင်ထားတဲ့အရာတွေကို ပြန်လည် ထားရှိမှာ ဖြစ်ပါတယ်။

လုံး၀အပြစ်ကင်းစင်တဲ့ ကမ္ဘာလောကကြီး မဟုတ်ပါဘူး။ ဒီမိလေနီကာလကတော့ သတ္တမမြောက်နေ့ကို ပုံဆောင်ခြင်း ဖြစ်ပါ တယ်။ အဲဒါပြီးရင် ပလ္လင်ဖြူတရားစီရင်ခြင်း ရှိပါတယ်။ ကျွန်တော်တို့မှာ တရားစီရင်ခြင်း ရှိနေဆဲ ဖြစ်ပါတယ်။ မိလေနီအတွင်းမှာ လည်း အဲဒီနေ့ရက်အတွင်းမှာ နှစ်ပေါင်း(၁၀၀၀)ကြာမှာဖြစ်ပါတယ်။ အဲဒီအချိန်ကာလမှာ အသစ်သော ကမ္ဘာမြေကြီးနဲ့ ကျွန်တော်တို့ ရောထွေးမသွားရပါဘူး။ အဲဒီအချိန်ကာလက ကမ္ဘာအသစ်မဟုတ်သေးပါဘူး။

100 ၁၀၀။ ကျွန်တော့်ကို ခင်ဗျား ပြောကောင်းပြောပါလိမ့်မယ်။ တစ်စုံတစ်ယောက်သောသူကလည်း ကျွန်တော့်ကို အဲလိုပြောချင် တယ်လို့ ကျွန်တော် ခံစားမိပါတယ်။ အခု ခင်ဗျားဘာကို လုပ်မှာလဲ¿ သင်တို့ဟာ(၇)များကို ကျော်လွှားသွားပြီးဖြစ်ပါတယ်။ အခု ခင်ဗျား ဘယ်ကိုသွားမှာလဲ? ခင်ဗျားကတော့ ခေတ်ကာလတွေကို ကောင်းကောင်း ပိုင်းခြားနားလည်နိုင်လောက်အောင် ပညာရှင်ဖြစ်နေပါ တယ်။ ဘယ်ဥစ္စာဖြစ်နေပါသလဲ¿ ဘုရားသခင်ကိုကျွန်တော်လည်း ယုံကြည်ပါတယ်။ ခေတ်ကာလအားလုံးကို ကျွန်တော်လည်း ကျော်လွှားသွားပါပြီ။ အဲဒီ သတ္တမနေ့နောက်ပိုင်းကို ခင်ဗျား တစ်ခါထပ်ပြီး အချိန်ယူအုန်းမယ်ဆိုရင် ဘယ်လိုမျိုး ဖြစ်နိုင်မှာလဲ? ခင်ဗျား အခု ဘယ်ကို ရောက်နေမှာလဲ?

ကောင်းပါပြီ။ ကျွန်တော် ခင်ဗျားတို့ သိချင်နေတာကို ပြောပြမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ခေတ်ကာလတွေကို ကျော်လွန် သွားမှာ မဟုတ်ပါဘူး။ နောက်ထပ်ကျမ်းပိုဒ်တစ်ပိုဒ် ရှိနေပါသေးတယ်။ အဲဒါတွေအားလုံး ပြည့်စုံရမယ်။ တစ်ခုစီ တစ်ခုစီ ဘာတစ်ခုမ ကျန်ဘဲနဲ့ အကုန်လုံး ပြည့်စုံရမှာ ဖြစ်ပါတယ်။

101 ၁၀၁။ ဘရာသာဗရမ်ဟမ်လို့ ခင်ဗျားက ပြောမှာ ဖြစ်ပါတယ်။ အဲဒီ သတ္တမနေ့ရက်ကို ကျော်လွန်ပြီးမှ ခင်ဗျားက တစ်စုံတစ်ခုကို ထားထားဘို့အတွက် ကြိုးစားနေပါတယ်။ သတ္တမမြောက် ဥပုဒ်နေ့ဘဲ ဖြစ်ပါတယ်။

ဘုရားသခင် ကမ္ဘာကြီးကို ဖန်ဆင်းပြီးတော့ (၆)ရက်ပတ်လုံး အလုပ်လုပ်ပါတယ်။ သတ္တမမြောက်နေ့မှာ နားနေပါတယ်။ အဲဒါကတော့ အချိန်ကို ပုံဆောင်ခြင်းဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ဟာ ထာ၀ရဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သင်ရဲ့ပုံဆောင်မှုဟာ အခုဘယ်မှာလဲ¿ ခင်ဗျားဟာပုံဆောင်မှုနဲ့ပတ်သက်လို့ခင်ဗျား ကျွမ်းကျင်တယ်လို့ ပြော ပါတယ်။ အခုပုံစံတွေရဲ့ ပြင်ပကို ခင်ဗျားရောက်နေပါပြီလို့ ပြောပါတယ်။ မဟုတ်ပါဘူး။ မရောက်ပါဘူး။ အကယ်၍ ရောက်သွားမယ် ဆိုရင်လည်း ကျွန်တော်တို့ ပြန်ပြီးတော့ စဉ်းစားကြည့်ကြရအောင်။

102 ၁၀၂။ ဝတ်ပြုရာကျမ်း အခန်းကြီး(၂၃)ကိုကြည့်ကြပါစို့။ ဝတ်ပြုရာကျမ်းဘဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကျွန်တော်တို့ ဘယ်ကို ရောက်သွားသလဲ? ကျွန်တော့်ကို ဒါနဲ့ပတ်သက်လို့ အကြံအစည်အတွေးအခေါ်တွေ မေးခြင်းဘဲ ဖြစ်ပါတယ်။ (ဝတ်ပြုရာ၂၃း၂၆) ဘဲဖြစ်ပါတယ်။

ပွဲတော်ရက်ကြီး(၇)ရက် ရှိပါတယ်။ တံပိုးပွဲတော်၊ တဲတော်များပွဲတော်၊ ကောက်လှိုင်းတွေ၊ စပါးတွေကို လှေ့တဲ့ပွဲတော်အဲဒါ တွေဘဲဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ ပွဲတော်ကြီး(၇)ခုရှိပါတယ်။ အဲဒါကတော့ အသင်းတော် ခေတ်ကာလ(၇)ပါးကို ပုံဆောင်ခြင်း ဘဲ ဖြစ်ပါတယ်။ ဥပုဒ်နေ့တွေ ဘယ်နှစ်ရက်ရှိသလဲဆိုတာ ခင်ဗျားတို့ သတိရပါသလား? တစ်ခုနဲ့ တစ်ခုကြားမှာ ဘယ်နှစ်ခုရှိသလဲဆိုတာ သတိရပါသလား? ပင်တေကုတ္တေနဲ့ တံပိုးများကြားမှာ ဥပုဒ်နေ့(၇)နေ့ရှိပါတယ်။ အဲဒါကတော့ အသင်းတော်ခေတ်ကာလ (၇)ပါးဘဲ ဖြစ်ပါတယ်။ ပွဲတော်(၇)ခု ပွဲတော်ရက်(၇)ရက်ရှိပါတယ်။ အဲဒါကတော့ အသင်းတော် ခေတ်ကာလ (၇)ပါးကို ပုံဆောင်ပါတယ်။ ခင်ဗျားတို့ရဲ့ နံပါတ်တွေကို အမြဲတမ်း ရေတွက်ကြည့်ပါ။

103 ၁၀၃။ ဒါဆိုရင် ဘရာသာဗရမ်ဟမ် ခင်ဗျားလုပ်တာ ဟုတ်တယ်။ ခင်ဗျားရဲ့(၇)နဲ့ကတော့ ခင်ဗျားမှန်နေတယ်လို့ ခင်ဗျားပြောမှာ ဖြစ်ပါတယ်။

ကောင်းပြီ။ နောက်ဆုံးပွဲတော်ကို ကြည့်ကြပါစို့။ အဲဒါကတော့ တဲတော်များရဲ့ ပွဲတော်ဘဲ ဖြစ်ပါတယ်။ အခန်းငယ်(၃၆)မှာရှိ ပါတယ်။ (၇)ရက်လုံးလုံး မီးရှို့ရာယဇ်တွေကို ပူဇော်ပါတယ်။ (၈)ရက်မြောက်တဲ့နေ့မှာ အင်မတန် သန့်ရှင်းတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ နောက်ထပ် သန့်ရှင်းတဲ့အချိန်ကို ရောက်လာအုန်းမှာ ဖြစ်ပါတယ်။ အားလုံး စုဝေးတဲ့အချိန် သင့်ထံကို ရောက်လာပြီးတော့ အဲဒီအချိန် မှာ ယဇ်ပူဇော်သက္ကာတွေကို ပူဇော်မှာ ဖြစ်ပါတယ်။ မီးရှို့ရာယဇ်ဖြစ်ပြီးတော့ မီးရှို့ပြီးတော့ ဘုရားသခင်ကို ပူဇော်မှာ ဖြစ်ပါတယ်။ အဲဒါကတော့ လုံး၀စုဝေးပြီး လုပ်ရမဲ့အရာဖြစ်ပါတယ်။ ထပ်မံပြီးတော့ သင်တို့ဟာ တစ်ခြားအလုပ်တွေကို မလုပ်ရတော့ပါဘူး။

အစေခံကျွန်ကဲ့သို့ မဖြစ်ပါနဲ့။ ထိုအချိန်မှာ အစေခံကျွန်ရဲ့အလုပ်တွေကို သင်မပြုလုပ်ရပါဘူး။

104 ၁၀၄။ အခုအခါမှာ ကျွန်တော်တို့က (၈)ရက်မြောက်တဲ့နေ့ကို ရောက်သွားပါပြီ။ ရက်သတ္တပတ်က (၇)ရက်ဘဲ ရှိပါတယ်။ ဒါပေမဲ့ လည်း ဒီနေရာ ကျွန်တော်တို့က (၈)ရက်မြောက်သောနေ့ အကြောင်းကို ပြောနေပါတယ်။ သန့်ရှင်းသောစုရုံးခြင်း ဖြစ်ပါတယ်။ အဲဒီ အချိန်မှာ အလုပ်မလုပ်ပါနဲ့။ (၈)ရက်မြောက်တဲ့နေ့မှာ ပထမဆုံးနေ့ကို ပြန်ရောက်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ထာ၀ရကာလ အကြောင်းကို ပြောလို့ဘဲ ဖြစ်ပါတယ်။ လုံး၀ ရပ်တန့်ခြင်းမရှိတဲ့နေရာကို သူမက ပြန်လည်ပြီးတော့ ရောက်ရှိသွားပြီဘဲ ဖြစ်ပါတယ်။ အာမင်။

သဘောပေါက်ပါသလား¿ ပရိတ်သတ်ကလည်း အာမင်လို့ပြောပါတယ်။ (အယ်ဒီတာမှတ်ချက်)

အဲဒီ(၈)ရက်မြောက်နေ့မှာ နောက်ဆုံးနေ့မှာ တဲတော်များရဲ့ပွဲဘဲ ဖြစ်ပါတယ်။ နောက်ဆုံးပွဲတော်ဘဲ ဖြစ်ပါတယ်။ နောက်ဆုံး အသင်းတော်ခေတ်ကာလ နောက်ပိုင်းဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာ နောက်ဆုံးပြည့်စုံတဲ့(၇)ရက် ရှိပါတယ်။ မိလေနိ ကာလနောက်ပိုင်း ဒီသန့်ရှင်းတဲ့အချိန်ကို ရောက်ရှိမှာ ဖြစ်ပါတယ်။

တံပိုးတော်များရဲ့ ပွဲဘဲဖြစ်ပါတယ်။ လူများ စုရုံးသည့်နေရာဘဲဖြစ်ပါတယ်။ အာမင်။ မိလေနိကာလထဲမှာဘဲ ဖြစ်ပါတယ်။ သမ္မာ ကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူတို့အိမ်တွေဆောက်မယ်။ သူတို့ စုဝေးပြီး နေထိုင်ကြမှာ ဖြစ်ပါတယ်။

105 ၁၀၅။ (၇)ရက်သာ ဖြစ်ပါတယ်။ (၇)ရက်နဲ့ဖန်ဆင်းခြင်း ယခင်ကဖန်ဆင်းခြင်းကို ပြုလုပ်ပေးခဲ့ပါတယ်။ ကမ္ဘာ့အချိန်(၇)ရက်ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ မိလေနိကာလဘဲ ဖြစ်ပါတယ်။ နားနေတဲ့အချိန်ဘဲ နေ့ရက်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က (၆)ရက်လုံးလုံး အလုပ်လုပ်ပါတယ်။ (၇)ရက်မြောက်တဲ့နေ့မှာ နားပါတယ်။ အသင်းတော်ကလည်း (၆)ရက်လုံးလုံး အလုပ်လုပ်ပါတယ်။ (၇)ရက်မြောက်တဲ့နေ့မှာ နားပါတယ်။ သို့သော်လည်း သင်ကတော့ အချိန်ကာလထဲမှာ ရှိနေဆဲဘဲ ဖြစ်ပါတယ်။ ထာဝရကာလနဲ့ပတ်သက်လို့ ကျွန်တော်ပြောဆိုနေခြင်း မဟုတ်ပါဘူး။

သင်တွေ့မြင်ရပါတယ်။ (၈)ရက်လုံးလုံး ထိုကဲ့သို့သောအရာမျိုး သင်မတွေ့ရပါ။ ပထမဆုံးနေ့ရက်ကို သင်ပြန်သွားရပါမယ်။ ပထမဆုံး နေ့ရက်ဖြစ်ပါတယ်။

106 ၁၀၆။ ဥပုဒ်နေ့ကတော့ ပညတ်တရားအဟောင်း အကြောင်းပြောပါတယ်။ အဲဒါကတော့ ပြီးဆုံးသွားတဲ့ အရာဘဲဖြစ်ပါတယ်။ ဥပုဒ် နေ့ကို စောင့်ထိန်းခြင်း ပြီးသွားတဲ့အရာ ဒါမှမဟုတ် ကျွန်တော် ပြောခဲ့သလိုဘဲ တစ်ခြားအရာကို ပြောင်းလဲသွားခြင်း ဘဲဖြစ်ပါတယ်။ အဲဒီဥစ္စာက ကျော်ဖြတ်သွားခြင်း မဟုတ်ပါဘူး။ ပညတ်တရားဟောင်းကနေ ပြောင်းလဲခြင်းဘဲ ဖြစ်ပါတယ်။ ရက်သတ္တပတ်ရဲ့နေ့ရက် တစ်ခုကို စောင့်ဆိုင်းခြင်းဘဲဖြစ်ပါတယ်။

(ဟေရှာယ ၂၈း၁၉)မှာ ဖေါ်ပြထားသည့်အတိုင်း ချင်းနင်းစဉ်တွင် ပါသွားလိမ့်မည်။ နံနက်အချိန်ရောက်သည့်အတိုင်း နေ့ည မပြတ်ချင်းနင်းမည်ဖြစ်၍ သတင်းကြားကာမျှဖြင့် ထိတ်လန့်ခြင်းအကြောင်း ရှိလိမ့်မည်။

သင်အသက်တာထဲကို ရောက်ရှိလာပါတယ်။ သင်ဟာ နေ့ရက်တစ်ရက်ကိုမှ မစောင့်ထိန်းပါဘူး။ ပေါလုဆိုသကဲ့သို့ဘဲ ဖြစ်ပါ တယ်။ (ဟေဗြဲ ၄)မှာ ပါပါတယ်။ သင့်အနေနဲ့ နေ့တွေရက်တွေကို ထိန်းသိမ်းထားတယ်။ သင့်ရဲ့ အတွေ့အကြုံနဲ့ပတ်သက်လို့ ကျွန်တော်ထိတ်လန့်မိပါတယ်။ ကျွန်တော်တို့ဟာ အဲဒီနေ့ရက်ကာလတွေ အစဉ်အလာတွေကို ကျော်ဖြတ်မသွားပါဘူး။ သေခြင်း တရားကနေ ထာဝရအသက်ရှင်ခြင်းကို ရောက်သွားခြင်းဘဲ ဖြစ်ပါတယ်။ သခင်သည်နေ့ရက်တွေကို ဆိုလိုခြင်းမဟုတ်ပါဘူး။ သင်ဟာ ထာဝရကာလကို ဖြတ်ကျော်သွားခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါဟာ သန့်ရှင်းတဲ့ လူအုပ်စုဘဲဖြစ်ပါတယ်။

107 ၁၀၇။ ရက်ပေါင်း(၇)ရက်ရှိပါတယ်။ ကြည့်ပါ။ အဲဒီရက်တွေ ဖြတ်ကျော်သွားတာဘဲဖြစ်ပါတယ်။ ကျွန်တော် ပြောခဲ့သလိုဘဲ တစ်ခုက နေတစ်ခုကို ပြောင်းလဲသွားတာ ဖြစ်ပါတယ်။ (၈)ရက်နေ့မှာ ဖန်ဆင်းခြင်းရှိပါတယ်။ ဟောင်းနွမ်းတဲ့ ဖန်ဆင်းခြင်း မဟုတ်ပါဘူး။ (၈)ရက်နေ့လုံးလုံးမှာတော့အသစ်သောဖန်ဆင်းခြင်းဘဲဖြစ်ပါတယ်။

အဲဒီ(၈)ရက်မြောက်တဲ့နေ့မှာ ကိုယ်တော်ရှင်ဟာ သေခြင်းကနေ ရှင်ပြန်ထမြောက်ပါတယ်။ အဲဒါဟာ တစ်ခြားပဋိညာဉ်တစ်ခု ဘဲဖြစ်ပါတယ်။ သန့်ရှင်းခြင်း ဖြစ်ပါတယ်။ ဥပုဒ်နေ့တွေကို မစဉ်းစားပါဘူး။ လုံးဝမစဉ်းစားပါဘူး။ ဒါမှမဟုတ်ရင်လည်း တဲတော်ပွဲတွေ ကို စဉ်းစားခြင်း မဟုတ်ပါဘူး။ ဒီနေ့ရက်ကာလရဲ့ပွဲတော်ဘဲ ဖြစ်ပါတယ်။ ပင်တေကုတ္တေပွဲတော်နေ့ဖြစ်ပါတယ်။ သခင်ယေရှု သေခြင်းမှ ထမြောက်ပါတယ်။ ကျွန်တော်တို့ ဖြောင့်မတ်စေဘို့အတွက်ဘဲ ဖြစ်ပါတယ်။ (၈)ရက်မြောက်တဲ့နေ့မှာ အဲဒီဥပုဒ်နေ့(၇)ရက် ကျော်လွန်သွားတယ်။ ဥပုဒ်(၇)ရက်ကျော်လွန်သွားတဲ့အခါမှာ အသင်းတော်ခေတ်ကာလ (၇)ပါး ဖြစ်ပါတယ်။ သခင်ယေရှုက သေခြင်းမှ ထမြောက်ပါတယ်။ (၈)ရက်မြောက်တဲ့နေ့မှာ ဖြစ်ပါတယ်။ အဲဒါဟာ သန့်ရှင်းတဲ့နေ့ရက်ဘဲ ဖြစ်ပါတယ်။ အဲဒီဟာ ပထမဆုံးနေ့ရက် ဖြစ်ပါ တယ်။

ဒီအချိန်ကာလကို သင်ကျော်သွားပြီဖြစ်ပါတယ်။ ထာဝရကာလထဲကို တစ်ဖန်ရောက်ရှိသွားပါတယ်။ နေ့ရက်ကာလတွေကို စောင့်ထိန်းခြင်း၊ ဥပုဒ်နေ့တွေကို စောင့်ထိန်းခြင်း အသစ်သောလတွေ ပေါ်ထွက်လာတာကို စောင့်ထိန်းခြင်း အဲဒါကိုစောင့်ထိန်း ခြင်းမ ဟုတ်ပါဘူး။ ကျော်လွှားသွားခြင်းဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ပုံသဏ္ဍာန် ပြောင်းလဲခြင်းဖြစ်ပါတယ်။ လုံးဝဥဿုံ ပျက်စီးသွားခြင်း မဟုတ်ပါ ဘူး။ ဘုန်းကြီးပါစေ၊ သေခြင်းကနေ ထာဝရအသက်ကို ကူးပြောင်းသွားခြင်းဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာက ကျွန်တော်တို့ကို ဘာ သွန်သင်ဘာသလဲ။ တခုကနေတခုပြောင်းသွားခြင်းဘဲဖြစ်ပါတယ်။

108 ၁၀၈။ ကောင်းပါပြီ။ ပြောင်းလဲသွားတယ်။ ဥပုဒ်နေ့အဟောင်းကြီးက ပြောင်းလဲသွားတယ်လို့ ဆိုခြင်းဘဲဖြစ်ပါတယ်။ သခင် ယေရှု (၈)ရက်မြောက်တဲ့နေ့မှာရှင်ပြန်ထမြောက်ပါတယ်။အဲဒါကတော့ နေ့တနေ့အပြည့်အဝဘဲဖြစ်ပါတယ်။ သန့်ရှင်းတဲ့ နေ့တ နေ့ဘဲဖြစ်ပါတယ်။ နေ့တွေကို ဖြစ်ပေါ်စေခြင်း၊ ကုန်ဆုံးသွားစေခြင်း ဖြစ်ပါတယ်။ ထာဝရကာလကို ကူးမြောက်သွားခြင်းဘဲ ဖြစ်ပါတယ်။ ပထမဆုံးနေ့ကို လုံးဝပြန်လည်ရောက်ရှိသွားခြင်းဘဲဖြစ်ပါတယ်။

ထာဝရကာလကတော့ လည်ပတ်နေတဲ့ ကွင်းတကွင်းလိုဘဲဖြစ်နေပါတယ်။ ထောင့်တနေရာကို ရှာလို့မတွေ့ပါဘူး။ ဘယ်နေ ရာမှာ ရပ်မလဲဆိုပြီးတော့ ရပ်နားရမဲ့နေရာကို မတွေ့ပါဘူး။ သင်သွားပြီးတော့ ဆက်တိုက်သွားနေရမှာဖြစ်ပါတယ်။ သင်ဘယ် လောက် ထိသွားလဲဆိုတာလည်း သင်ဂရုစိုက်စရာမလိုပါဘူး။ သင်ဟာသွားနေဆဲဘဲဖြစ်ပါတယ်။ သင်အဲလိုမျိုးစတင်ပြီးတော့ သင်မသွားနိုင်ပါ ဘူး။

သင်ကဒီကြမ်းပြင်ပေါ်ကနေ ဒီကမ္ဘာကြီးပေါ်ကနေ ဒီကမ္ဘာလောကကြီးကနေ သွားနေရမှာဘဲဖြစ်ပါတယ်။ တိတ်ခွေမှာ ကွက်လပ်ဖြစ်နေပါတယ်။

ဖန်ဆင်းတဲ့အရာ အားလုံးဟာဆိုလို့ရှိရင် ပြောင်းလဲသွားတဲ့အရာတွေဘဲဖြစ်ပါတယ်။ စာတန်ကနေဖန်ဆင်းခြင်းမဟုတ်ပါဘူး။ တံပိုးမှုတ်သံတွေကြားရပြီးတော့ ရွှေခေါင်းလောင်းသံကြီးတွေ အသံမြည်လာတဲ့အခါမှာ အဲဒီအရာတွေအကုန်လုံး ပြုတ်ထွက်သွားမှာဖြစ်ပါတယ်။

ၚင်းနောက် အစကနေပြန်စရမှာဖြစ်ပါတယ်။ ဧဒင်ဥယျာဉ်ကြီးထဲမှာ ချည်နှောင်ထားတဲ့တိုင် ရှိနေရာမှာ ဖြစ်ပါတယ်။ လူဟာ ဆိုလို့ရှိရင် ကမ္ဘာမြေကြီးကို ရောက်လာတဲ့အခါမှာ သူဟာ သိုးသူငယ်လေးဖြစ်ပါတယ်။ ၚင်းရဲ့ အသွေးဘဲဖြစ်ပါတယ်။ အင်မတန်ကြီး မြတ်တဲ့ သိုးသူငယ်ကတော့ သူရဲ့အသွေးကို သွန်းဖို့ရန်အတွက် ကြွလာမှာဖြစ်ပါတယ်။ ကားတိုင်ကနေပြီးတော့ ကရာနီကုန်းပေါ်မှာ ကားတိုင်ကို ထူခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ဓမ္မဟောင်းနဲ့သက်ဆိုင်နေပါတယ်။ ဖြောင့်မတ်စေချင် ဘဲဖြစ်ပါတယ်။ အဲဒါကို ရှာဖွေ ကြည့်ပါ။ ဒီအသစ်သောခေတ်ကာလမှာဆိုရင် သခင်ယေရှုကြွလာတော်မူခြင်း ရောက်တဲ့အခါမှာ ကမ္ဘာအသစ်ဖြစ်မှာ ဖြစ်ပါတယ်။ ကယ်တင်ခြင်းကြိုးဖြစ်တဲ့ အသွေးတော်နဲ့တန်ခိုးအကြောင်းကိုတော့ ကျွန်တော် ပြောဆိုခြင်း ဘဲဖြစ်ပါတယ်။ အဲဒီစံနှစ်အားဖြင့်ဘဲ လူတွေနဲ့ ကမ္ဘာလောကကြီးကိုကယ်ခဲ့ပါတယ်။ အဲဒီကယ်တင်ခြင်းက ပြန်ပြီးတော့ ထမြောက်ပြီးတော့ ထာဝရကာလကို ရောက်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီမီးအိုင်ကြီးကလည်း အရာခပ်သိမ်းကို လောင် ကျွမ်းသွားပါတယ်။ ဘုရားတရား ကြည်ညိုမှုမရှိတဲ့ဟာတွေ နောက်ပြီးတော့ ဘုရားတရား ကြည်ညိုမှုရှိအောင် ကြိုတင်ခွဲခန့် မှတ်သားခြင်း မခံရတာတွေ အားလုံးကို ဝါးမြိုသွားမှာ ဖြစ်ပါတယ်။ သဘောပေါက်ပါသလား?

109 ၁၀၉။ (၈)ရက်မြောက်တဲ့နေ့ကို သတိပြုပါ။ သခင်ယေရှု ထမြောက်တာဟာ ဖြောင့်မတ်ခြင်းအတွက် ဖြစ်ပါတယ်။ ထာဝရဘုရင်ဖြစ်ပြီးတော့ ထာဝရနိုင်ငံဖြစ်ပါတယ်။ ထာဝရနေရာ ဖြစ်ပါတယ်။ အဲဒီအထဲကို ဗတ္တိဇံခံယူရမှာ ဖြစ်ပါတယ်။ ထာဝရအသက် ဖြစ်ပါတယ်။ (၇)ရက်မဟုတ်ပါဘူး။ အဲဒီနေ့ရက်တွေနဲ့ပတ်သက်လို့ ဘာမှလုပ်စရာမရှိပါဘူး။ နောက်ထပ် အကြောင်းကို ပြောဆို နေ ခြင်းဘဲဖြစ်ပါတယ်။ ထာဝရကာလ ရောက်လာမှာ ဖြစ်ပါတယ်။ ထာဝရအချိန် ကမ္ဘာလောကကြီးအကြောင်းကို ကျွန်တော် ပြောနေခြင်း ဘဲ ဖြစ်ပါတယ်။

110 ၁၁၀။ ရက်ပေါင်း(၅၀) ကြာသွားတဲ့အခါမှာ ဥပုဒ်နေ့ပေါင်း(၇)နေ့ရှိပါတယ်။ နောက်ပြီးတော့ ဘာလာသလဲဆိုတော့ သန့်ရှင်းတဲ့လူတွေအားလုံး စုဝေးတဲ့နေ့ဘဲ ဖြစ်ပါတယ်။ ဘာဖြစ်ပါသလဲ? သန့်ရှင်းသောဝိညာဉ်တော်က ပင်တေကုတ္တေနေ့မှာ ကျရောက် ခြင်းဘဲဖြစ်ပါတယ်။ (၇)ရက်မြောက်တဲ့နေ့မှာ ဖြစ်ပါတယ်။ (၈)ရက်မြောက်တဲ့နေ့ (၈)ရက်မြောက်နေ့မှာ ကျရောက်ခြင်းဘဲဖြစ် ပါတယ်။ ဥပုဒ်သီတင်း (၇)သီတင်းကြာသွားတဲ့အခါမှာအတိအကျဘဲ ဖြစ်ပါတယ်။ သူရှင်ပြန်ထမြောက်ပြီးတဲ့ နောက်ပိုင်းမှာ တွေ့ရပါတယ်။ အဲဒါကြောင့်မို့ တစ်ဖန်ပြန်ပြီးတော့ (၇)ကြိမ်တိုင်တိုင် လို့ဆိုထားခြင်းဘဲ ဖြစ်ပါတယ်။ ပထမနေ့ရဲ့တစ်နေ့၊ ရက်သတ္တပတ်၊ ပထမဆုံးနေ့ရက်ကို ပြန်ပြီးတော့ ရောက်ရှိခြင်းဘဲ ဖြစ်ပါတယ်။

111 ၁၁၁။ အဲဒီမှာ သင့်ရဲ့သန့်ရှင်းတဲ့ ပရိတ်သတ် စုဝေးတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဘာမှမရှိပါဘူး။ ဘာမှ လုပ်စရာမရှိပါဘူး။ ဒါပေမဲ့ လည်း ဘုရားသခင်ရဲ့နိုင်ငံတော်အထဲကို ထာဝရအသက်နဲ့အတူ ကြိုတင်ခွဲခန့်မှတ်သား ထားပြီးတော့ လုံးဝစတင်ရခြင်း မရှိတဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒီနေ့ရက်မှာ စတင်ခြင်း မဟုတ်ပါဘူး။ သင်ဟာ အဲဒီနေ့ရက်မှာ ကယ်တင်ခြင်းရခြင်း မဟုတ်ပါ ဘူး။ သင်ဟာ အမြဲတမ်းကယ်တင်ခြင်းရမှာ ဖြစ်ပါတယ်။ အာမင်။ သခင်ယေရှု ကြွလာပြီးတော့ ကယ်တင်ခြင်း ပေးဘို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းသင်က ကယ်တင်ခြင်းရရှိပါတယ်။ အစအဦးကတည်းက ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင့်မှာ ထာဝရအသက်ရှိပြီးတော့ ထိုသို့ စတင်ဘို့ရန်အတွက် ထာဝရအသက် သင့်မှာ ရှိလို့ဘဲ ဖြစ်ပါတယ်။

112 ၁၁၂။ စေဉ်ရိုင်းလေးကတော့ ဘယ်လိုနည်းနဲ့မှ ဖားတစ်ပိုင်းငါးတစ်ပိုင်းအကောင်လေး မဖြစ်နိုင်ပါဘူး။ သူဟာ ရေထဲမှာဘဲ ရှိနေမှာ ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အစကတည်းက သူက စေဉ်ရိုင်းဖြစ်နေလို့ပါဘဲ။ ငါးဖမ်းပိုက်ထဲမှာ သူ့ကို ဖမ်းမိပါတယ်။ သူက ဟိုးအစအဦးကတည်းက အဲလိုဘဲ ဖြစ်မယ်ဆိုတာဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့က ခေတ်ကာလတွေရဲ့ အပြင်ဘက်ကို ရောက်နေခြင်းမဟုတ်ပါဘူး။ ရောက်နေတယ်လို့ ထင်ပါသလား? ကျွန် တော်တို့ဟာ သမ္မာကျမ်းစာအတိုင်းဘဲ ရှိနေပါတယ်။ ရက်ပေါင်း(၅၀)ကြာတဲ့အခါအဲဒီအရာပြည့်စုံလာပါတယ်။

113 ၁၁၃။ ရှစ်ကို ရေတွက်လိုက်တဲ့အခါမှာ တစ်ပတ်လို့ ရေတွက်လို့ရပါတယ်။ တစ်ပတ်မှာ (၈)ရက်လို့တော့ ရေတွက်လို့ မရပါဘူး။ အဲလိုမလုပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ပတ်မှာ (၆)ရက်ရှိလို့ပါ။ ဒါပေမဲ့ သင်ဘယ်လိုဘဲရေတွက် ရေတွက် ရေတွက်လိုတဲ့ ပုံစံမျိုး ရေတွက်နိုင်ပါတယ်။ တနင်္ဂနွေနေ့ကတော့ တစ်ပတ်မှာ ပထမဆုံးနေ့ရက် ဖြစ်ပါတယ်။ နောက်ပြီး (၇)ရက် သင်ရေတွက်ပါတယ်။ နောက်ပြီးတော့တစ်ဖန် သင်နောက်ကို ပြန်ရောက်သွားပါတယ်။ တစ်ဖန်ပြန် စတင်ပါ။ (၇)ရေတွက်ပါ။ တစ်ဖန်ပြန်လာပြီးတော့ ရေတွက်ပါ။

မှတ်ချက် ။ ယခုတိုး၍ လာကြပါ။ ကျွန်ုပ်တို့သည် ဤအရာများကို ဆက်လက် လုပ်ကိုင်ကြပါစို့။ ထိုနေ့၌ ကျွန်ုပ်တို့သွားပြီး မိဿဟာယ ဖွဲ့ကြပါစို့။ ယခု နောင်တတရားများသည် ဗတ္တိဇံရေကန်သို့ သယ်ဆောင်သွားလေ့ရှိပါ၏။ ခရစ်တော်လာခဲ့ပြီး အသွေးတော်အားဖြင့် သန့်ရှင်းခြင်းသို့ ပို့ဆောင်ပါ၏။ ထို့နောက် လာကြပါသည်။ နောက်တစ်ဖန် ဤလောကကြီးသို့ ဖြန့်ဝေဖို့ရန် အတွက် ယခု အသင့်ရှိပါသည်။

114 ၁၁၄။ ကျွန်တော်တို့ဟာ ဒီလိုပုံစံအတိုင်းဘဲ အသက်ရှင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ရှစ်ကိုရောက်တဲ့အခါမှာ ထာဝရကာလကို သင် ရောက်ရှိသွားပြီ ဖြစ်ပါတယ်။ သင်ဟာ ပညတ်များအားဖြင့် အစဉ်အလာများအားဖြင့် တစ်ခြားလုပ်ထုံး လုပ်နည်းတွေ အားဖြင့် ရောက်လာတာ မဟုတ်ပါဘူး။ သင်ဟာ ကြိုတင်ခွဲခန့်မှတ်သားချိန် ရောက်လာခြင်းဘဲဖြစ်ပါတယ်။ အာမင်။ အဲဒီမှာ တစ်ကယ်စစ်မှန် သန့်ရှင်းတဲ့ လူအုပ်စုကြီး ရှိနေပါတယ်။ ကျွန်တော်တို့ဟာ အသင်းတော်ခေတ်ကာလ (၇)ပါးကို အဆုံးသတ် တော့မှာ ဖြစ်ပါတယ်။ ပင်တေကု တွေခေတ်ကာလကိုလည်း

အဆုံးသတ်တော့မှာ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို သင်သိပါ သလား? ကျွန်တော်တို့ဟာ သန့်ရှင်းတဲ့ပ ရိတ်သတ်၊ သန့်ရှင်းတဲ့ အစုအဝေးကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ တစ်ကယ် စစ်မှန်ပြီးတော့ မှန်ကန်တဲ့ ထာဝရအသက်တာကာလကို ကျွန်တော်တို့ ဝင်ရောက်နေပြီဖြစ်ပါတယ်။ အသင်းတော်ကို ရွေးနုတ်တဲ့ နေရာဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏတစ်ခု နေရာတစ်ခုကို ကျွန် တော်တို့ ရှိနေခြင်း မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့ရဲ့ ထာဝရဘုရင်နဲ့အတူ ထာဝရနေရာကို ရောက်ရှိနေခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မရှိခဲ့ပါဘူး။ အဲလိုနေ့ရက်များ မရှိခဲ့ပါဘူး။ အဲလိုအရာများ၊ အဲလိုအချိန်များလည်း မရှိခဲ့ပါဘူး။ သင်ဟာ ထာဝရ ကာလကို ကျော်ဖြတ်သွားပြီးတော့ သင်ဘယ်နေရာက လာသလဲဆိုတာကို သင်ကျော်ဖြတ်သွားရမှာ ဖြစ်ပါတယ်။ သင်အဲဒီနေရာကို ရောက်ပြီးတော့ စတင်ရမှာဖြစ်ပါတယ်။

115 ၁၁၅။ သင်ထာဝရအသက်ကို ရတယ်ဆိုရင် ပုံစံတစ်ခုဘဲ ရှိပါတယ်။ အဲဒါကတော့ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ သင်ဟာ ဖော်ပြ ခြင်းခံရတဲ့ ပုံသဏ္ဍာန်တော်ဘဲ ဖြစ်ပါတယ်။ မဟုတ်ခဲ့ရင် သင်ဟာ အဲဒီနေရာကို ဘယ်လိုနည်းနဲ့မှ မသွားနိုင်ပါဘူး။ ငါ့ခမည်းတော်ထံ ကို ငါမှတစ်ပါး မည်သူမှ မသွားနိုင်ပါဘူးလို့ ဆိုထားတဲ့ကျမ်းပိုဒ် ရှိပါတယ်။ ပျောက်ကွယ်ပြီးသွားတဲ့အရာတွေ ဟောင်းတဲ့အရာတွေ အားလုံး ထာဝရကာလကို ဆိုလိုထားခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က တည်မြဲပါတယ်။ သင်ဟာ ထာဝရကာလထဲမှာ ရှိပါတယ်။ သင်တစ်ချိန်လုံးရှိနေတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သင်ဘာဖြစ်သလဲဆိုတာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

သင်ဟာ ထာဝရကာလအတွက် ရည်ရွယ်ချက်နဲ့ ဖန်ဆင်းခြင်းခံရပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်ဟာ ဘုရားသခင်ရဲ့ပုံ သဏ္ဍာန်တော်ထဲမှာရှိနေတဲ့ ဖော်ပြခြင်းဘဲ ရှိလို့ဘဲ ဖြစ်ပါတယ်။ သင့်ကိုယ်သင် ဘယ်လိုစဉ်းစားထားသလဲ? သင့်ကိုယ်သင် ဘယ်လို ဖော်ပြထားသလဲ အဲဒါတွေအားလုံးဟာ ကိုယ်တော်ရှင်က သင့်အတွက် ထာဝရဖြစ်တယ်။ သင့်ကို မြေကြီးထဲကနေ ဖန်ဆင်းပြီးတော့ ထုတ်ယူခြင်းဘဲ ဖြစ်ပါတယ်။ ပြီးတော့မှသာ သင့်ကို လူသားတစ်ဦး ဖြစ်လာစေပါတယ်။ နောက်ပြီးတော့ အပြစ်ပေါ်ထွက်လာပါတယ်။ ကိုယ်တော်ရှင်ရဲ့နည်းလမ်း ပြောင်းလဲစေပါတယ်။ သင်လာပြီးတော့ ဘယ်လိုနည်းနဲ့ဘဲဖြစ်ဖြစ် ဒီကမ္ဘာလောကကြီးထဲမှာ သင်ဟာ ပျောက်ဆုံးသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူကရောက်လာပြီးတော့ သင့်ကို ကယ်တင်ပါတယ်။ ဖော်ပြထားတဲ့ ပုံသဏ္ဍာန်ဘဲ ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးကို ကယ်တင်တယ်။ အလားတူနည်းလမ်း အားဖြင့်ဘဲ ကယ်တင်ပါတယ်။ ပြီးရင် သူ့ရဲ့ရည်ရွယ်ချက်ကတော့ ဆက်လက်ပြီးတော့ ပျက်သုန်းသွားတာဘဲ ဖြစ်ပါတယ်။ ဟာလေလုယာ၊ အဲဒါက ကျွန်တော့်အတွက် အင်မတန်ကောင်းပါတယ်။ ရှေ့ရှောက် ဘာတွေပေါ်ထွက်လာမလဲဆိုတာကိုလည်း စဉ်းစားကြည့်ပါ။

116 ၁၁၆။ (ဗျာဒိတ် ၁း၁၀)မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ရေးပြီးတော့ မှတ်ချင်တယ်ဆိုရင် ရေးမှတ်လို့ရပါတယ်။ (ဗျာဒိတ် ၁း၁၀)ကတော့ခေတ်ကာလတွေကို ဖော်ပြခြင်း မဟုတ်ပါဘူး။ သတ္တမမြောက်နေ့ရက် မဟုတ်ပါဘူး။ အဲဒါကတော့ ဒီကာလပြည့်စုံတယ်ဆိုတဲ့ အရာဘဲ ဖြစ်ပါတယ်။ အချိန်ကာလ ပြည့်စုံတဲ့အခါမှာ ထပ်ပြီးတော့ ဘာမှ ပြည့်စုံခြင်း မရှိတော့တဲ့ အခါမှာ ထာဝရကာလထဲကို ရောက်သွားပါတယ်။ သတ္တမမြောက်အသင်းတော်ကာလ ပြီးဆုံးသွားတဲ့ အခါမှာဘဲ ဖြစ်ပါတယ်။ လူသာရဲ့ခေတ်ကာလလည်း ပြီးဆုံး သွားပြီ။ မက်သဒစ်ရဲ့ခေတ်ကာလလည်း ပြီးဆုံးသွားပြီ။ ပင်တေကုတ္တေရဲ့ခေတ်ကာလ လည်း ပြီးဆုံးသွားပြီ။ အခုအခါမှာ သင်ဟာ ဘာအထဲကို သွားသလဲဆိုတော့ ထာဝရကာလအထဲကို သွားပါတယ်။ ခုနှစ်တွေ သုံးတွေ မရှိတော့ပါဘူး။ တစ်ခြားအရာတွေ မရှိတော့ပါဘူး။ သူတို့ဟာ ထာဝရမှာဘဲ ရှိနေပါတယ်။ အဲဒီအချိန်မှာ နံပတ်တွေ မရှိတော့ပါဘူး။ အချိန်တွေ အရာဝတ္ထုတွေလည်း မရှိတော့ပါဘူး။ အာမင်။ သင်အခု သဘောပေါက်ပါသလား?

117 ၁၁၇။ အချိန်ကာလတွေ ပြည့်စုံပြီးတဲ့အခါမှာ အပြစ်တွေအားလုံး ပျောက်ကွယ်သွားပါတယ်။ အပြစ်တွေအားလုံး ယူဆောင်ခြင်း ခံရပါတယ်။ မိလေနီကာလမှာ ဖြစ်ပါတယ်။ သန့်ရှင်းတဲ့ ပလ္လင်ဖြူတရားစီရင်ခြင်းမှာလည်း ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ် တော်ရဲ့ ပုံသဏ္ဍာန်တော်ဘဲ ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီး မီးလောင်သွားတဲ့အခါမှာ ဗတ္တိဇံခံရခြင်းဖြစ်ပြီး အဲဒါကတော့ သန့်ရှင်းသောဝိညာဉ်တော်မီးနဲ့ ဗတ္တိဇံပေးပြီး ကောင်းကင်က ဆင်းသက်လာတဲ့မီးဘဲ ဖြစ်ပါတယ်။ အပြစ်တွေ အားလုံးမရှိတော့ ပါဘူး။ ရောဂါပိုးတွေ အားလုံးလည်း မရှိတော့ပါဘူး။ နတ်ဆိုးတွေအားလုံးလည်း မရှိတော့ပါဘူး။ စုံစမ်းနှောင့်ယှက်ခြင်းတွေ လည်း မရှိတော့ပါဘူး။ မကောင်းတဲ့အရာအားလုံးလည်း မရှိတော့ပါဘူး။ အဲဒီအချိန်မှာ ဘုရားသခင် ဘာလုပ်ပါသလဲ၊ ကိုယ်တော်ရှင်ဟာ ကမ္ဘာမြေကြီးပေါ်မှာ ထိုင်ပြီးတော့ နေနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြစ်တွေ မရှိတော့လို့ပါဘဲ။

118 ၁၁၈။ အဲဒီအတိုင်းဘဲ ကိုယ်တော်ရှင် အမှုပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ သင့်ကို သန့်ရှင်းသောမီးနဲ့ ဗတ္တိဇံပေးခြင်းဘဲ ဖြစ်ပါတယ်။ သင့်အထဲမှာ ပြန်လာပြီးတော့ ကျိန်းဝပ်နိုင်ပါတယ်။ ကောင်းကင်ဆိုင်ရာနေရာတွေမှာ သူထိုင်နေပါတယ်။ သခင်ယေရှုခရစ် အထဲမှာ ထိုင်နေခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လည်း ယခုအခါမှာ ကိုယ်တော်ရှင် အထဲမှာ ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဖြစ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ယခုအခါမှာ ခရစ်တော်၌ထိုင်နေကြပါတယ်။ ကျွန်တော်တို့ အဲဒီအထဲကို ဘယ်လိုရောက်သွားပါသလဲ? သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံခံခြင်း တစ်ခုတည်းအားဖြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဝိညာဉ်တော် တစ်ခုတည်းအားဖြင့် ခရစ်တော်အထဲကို ဗတ္တိဇံ ကြပြီဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ရှိနေကြပြီ ဖြစ်ပါတယ်။ ခရစ်တော်အထဲမှာ ရှိမှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ဟာ အင်မတန်ကြီးမြတ်ပြီးတော့ ဝိညာဉ်ရေးရာဘုရင် ဖြစ်ပြီးတော့ ကျွန်တော်တို့အထဲမှာရှိတဲ့ ဝိညာဉ်တော်အပေါ်မှာ ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်အထဲမှာ အစအအ ဦး၌ကတည်းက ရှိနေလို့ ဖြစ်ပါတယ်။

119 ၁၁၉။ ဘုရားသခင်က အစအဦးမှာ ကိုယ်တော်ရှင်က သင့်ကိုစဉ်းစားမယ်ဆိုရင် တစ်ခြားလူတွေကိုလည်း ထိုကဲ့သို့ စဉ်းစားတာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ရုပ်ထွေးတယ်လို့ စဉ်းစားကြပါတယ်။ အဲဒီအရာကတော့ ကိုယ်တော်ရှင်ရဲ့ အတွေးများဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့အတွေးတွေကို နှုတ်ကပတ်တော်အားဖြင့် ဖော်ပြပါတယ်။ ဖြစ်စေ၊ ဖြစ်စေ၊ ဖြစ်စေလို့ ဖြစ်ပါတယ်။ ဆိုတဲ့အတိုင်းလည်း ဖြစ်ပါတယ်။

မကြာခင်မှာ ကိုယ်တော်ရှင်က ဖြစ်ပါစေဆိုပြီးတော့ ဆိုပါတယ်။ နောက်ဆုံးမှာ လူတွေဟာ တစ်နေ့သောအခါမှာ ဘုရားသခင်ကို မပြောပါစေနဲ့ဆိုပြီးတော့ ပြောတဲ့အထိဘဲ ဖြစ်နေပါတယ်။

ပရောဖက်အားဖြင့် ကျွန်တော် သူတို့ကို စကားပြောမယ်လို့ ဆိုပါတယ်။ အဲဒီအခါမှာ ငါပရောဖက်အားဖြင့် သူတို့ကို စကား ပြောမယ်လို့ဆိုပါတယ်။

ပရောဖက်က ဘာပြောလဲဆိုတော့ လာလိမ့်မယ်။ ပေါ်လာလိမ့်မယ်လို့ ဆိုပါတယ်။ အဲဒီအတိုင်းဘဲ လာပါတယ်။ အဲဒီနည်း လမ်းအတိုင်းဘဲ ဖြစ်စေလို့ဆိုရင် ဖြစ်လာပါတယ်။ သင်သဘောပေါက်ပါသလား¿

120 ၁၂၀။ အချိန်ကာလ ပြည့်စုံတဲ့အခါမှာ ပြည့်စုံရမဲ့အရာဖြစ်တဲ့အတွက်ကြောင့် ပြည့်စုံတဲ့အချိန်ဖြစ်တဲ့အတွက် ဖြစ်ပေါ်လာပါ တယ်။ အပြစ်တွေမရှိတော့ပါဘူး။ ကမ္ဘာမြေကြီးကို ဗတ္တိဇံပေးပြီးတဲ့နောက်မှာ သင့်တော်တဲ့နေရာဖြစ်သွားပါတယ်။ ဘာအပြစ် တွေမှ မရှိတော့ပါဘူး။ ရောဂါပိုးတွေလည်း မရှိတော့ပါဘူး။ ဆူးတွေလည်း မရှိတော့ပါဘူး။ သေခြင်းတရားလည်း မရှိတော့ပါဘူး။ ဝမ်းနည်းကြေကွဲဘွယ်ရာတွေ၊ စိတ်နှလုံးကြေကွဲဘွယ်ရာတွေ၊ အသက်ကြီးသွားတာတွေ ဘာတစ်ခုမှ မရှိတော့ပါဘူး။ သေခြင်း ကို ကိုယ်စားပြုတဲ့အရာတွေ ဘာတစ်ခုမှ မရှိတော့ပါဘူး။ ဘာမှ မမှားပါဘူး။ အားလုံးမှန်ပါတယ်။ ဘာမှ သဘာဝမကျတဲ့အရာ မရှိတော့ပါဘူး။ ထာဝရ အရာတွေဘဲ ရှိပါတယ်။

သူ့ရဲ့ပုံသဏ္ဍာန်တော်တွေကို ဖော်ပြတဲ့အခါမှာ အဲဒီမှာ တွေ့ရပါတယ်။ ပထမဆုံး စတင်ဘို့ဘဲဖြစ်ပါတယ်။ အဲဒါကတော့ ကိုယ် တော်ရှင် စဉ်စားတဲ့အရာဘဲဖြစ်ပါတယ်။ ဘုရာသာဗရမ်ဟမ်က ကျောက်သင်ပုန်းအမဲပေါ်မှာ ပုံဆွဲပြပါတယ်။

121 ၁၂၁။ နောက်ပြီးရင် ဘာဖြစ်လာပါသလဲ? သူက အာဒံဇဝကို ဤကမ္ဘာလောကကြီးပေါ်မှာ ဖန်ဆင်းပြီး ထားထားပါတယ်။ မြောက်များစွာ ပွားများပြီးတော့ ကမ္ဘာမြေကြီးကို ပြည့်နှက်စေကြပါလို့ ပြောပါတယ်။ သူတို့ကိုယ်ခန္ဓာတွေက အဲဒီမှာ ရှိနေပါ တယ်။ သင်တို့ သတ္တဝါတွေကို စားသုံးပြီးတော့ သင်တို့ ကိုယ်ခန္ဓာတွေကို တည်ဆောက်ဘို့ဘဲ ဖြစ်ပါတယ်။ အဲဒီနည်းလမ်းအ တိုင်းဘဲ ကိုယ်တော်ရှင် ပြုလုပ်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အပြစ်ပေါ်ထွက်လာပါတယ်။ ကိုယ်တော်ရှင်ရဲ့အကြံအစည်တော်ကို နှောက်ယှက်ပစ်လိုက်ပါတယ်။ သူမက လိုမ့်ပြီး ဝင်လာပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ အချိန်တန်တဲ့အခါမှာဘဲ ဖြစ်ပါတယ်။

122 ၁၂၂။ ဒါပေမဲ့လည်း သခင်ယေရှုဘာလုပ်ပါသလဲ? ဘုရားသခင် ဆင်းသက်လာပြီးတော့ မိမိကိုယ်ကိုမိမိ လူသားရဲ့ပုံသဏ္ဍာန် တော်အတိုင်း ဖော်ပြပါတယ်။ လူသားဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပေးပါတယ်။ အဲဒီမှာနေမဲ့ အစားအသက်ပေးခဲ့ပါတယ်။ ကိုယ်တော်ရှင်က ဘုရင်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့ကိုယ်သူပေးပြီးတော့ ကျန်တဲ့လူတွေကို ကယ်တင်ဘို့ဘဲ ဖြစ်ပါတယ်။ သင်သဘောပေါက်ပါသလား?

အဲဒါတွေအားလုံး ပြီးဆုံးသွားတဲ့အခါမှာ ဘုရားသခင်ရဲ့အကြံအစည်တွေအားလုံး ပြည့်စုံသွားပါတယ်။ ထာဝရဘုရင်ကလည်း တစ်ဖန်ပြန်ပြီးတော့ သူ့ရဲ့ထာဝရအရာတွေနဲ့ ရောက်ရှိနေပါတယ်။ လူသားရဲ့ဇာတိအားဖြင့် ဖော်ပြပါတယ်။ သူ့မှာရှိတဲ့ နည်းလမ်းအတိုင်းဘဲဖြစ်ပါတယ်။ သူ့ကို ဖယ်ထုတ်လိုက်ပြီး ဖြစ်ပါတယ်။ နတ်ဆိုးလည်း မရှိတော့ပါဘူး။ အဲဒါတွေအားလုံး မရှိတော့ပါဘူး။

123 ၁၂၃။ အဲဒါဘာဖြစ်မလဲ? ဒီကမ္ဘာမြေကြီးကတော့ ကောင်းကင်ထိုင်မဲ့နေရာကို ကြည့်ပါ။ အဲဒါ အပြစ်ရှိပါတယ်။ အဲဒီအပြစ်ကို ရှင်းလင်းလိုက်ဘို့ လိုပါတယ်။

ဘယ်သူမှ၊ ဘယ်ပုဂ္ဂိုလ်မှ၊ ဘယ်အမျိုးသမီးမှ ဘယ်မိန်းကလေး၊ ဘယ်ယောကျ်m;လေးမှ သူဘယ်သူလဲဆိုတာကို ဂရုမစိုက်ပါ ဘူး။ တရားဟောပလ္လင်မှာ သွားပြီးတော့ မိမိကိုယ်ကိုမိမိ ခရစ်ယာန်လို့ပြောဘို့အတွက် ဝိညာဉ်တော်နဲ့ မပြည့်ဝဘဲနဲ့ မဖြစ်နိုင်ပါဘူး။ သင်ဟာ ကိုယ်တော်ရှင်ရဲ့ပွဲတော်ဝတ်ကို သွားခွင့်မရှိပါဘူး။ ပွဲတော်ယူခွင့် မရှိပါဘူး။ ခြေတွေဆေးဘို့လည်း ပြုလုပ်ခွင့် မရှိပါဘူး။ သင်ဟာ ဘုရားသခင်ရဲ့သန့်ရှင်းသော မီးနဲ့ဆေးပြီးမှသာ အဲဒါတွေကိုလုပ်ရမှာ ဖြစ်ပါတယ်။

ဘယ်သူမှ တရားဟောခွင့်လည်း မရှိပါဘူး။ မောရှေကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သန့်ရှင်းတဲ့ မြေကြီးပေါ်မှာ၊ သန့်ရှင်း တဲ့တောင်တော်ပေါ်မှာ သန့်ရှင်းတဲ့ မီးတိုင်အားဖြင့် တွေ့နေရမှသာ သူဘယ်နေရာကို ရောက်နေသလဲဆိုတာကို သူသိနေခြင်းဘဲ ဖြစ်ပါတယ်။

124 ၁၂၄။ ကျွန်တော်တို့ ဘယ်လိုသွားသလဲဆိုတာကို ယခုအခါမှာ သတိပြုကြည့်ပါ။ ကမ္ဘာလောကကြီးကို မီးနဲ့ ဗတ္တိဇံပေးပြီး တဲ့နောက် ရောဂါပိုးတွေအားလုံးလည်း မရှိတော့ဘူး။ သင့်တော်တဲ့ နေရာတစ်နေရာဖြစ်ပြီးတော့ ကောင်းကင်ကနေပြီးတော့ ဆင်းသက်လာပြီး တော့ ဒီကမ္ဘာမြေကြီးပေါ်မှာ ကျိန်းဝပ်မှာဖြစ်ပါတယ်။

ခရစ်တော်၌ ကောင်းကင်ဆိုင်ရာနေရာတွေကို ထိုင်နေဘို့ဘဲ ဖြစ်ပါတယ်။ ဒီနေရာကနေ ပြောင်းလဲသွားခြင်းဘဲဖြစ်ပါတယ်။ အင်မတန်မှ ညစ်ပတ်တဲ့ အမျိုးသမီးတစ်ဦးကဲ့သို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်ကို ဖော်ပြခြင်း ခံရပါတယ်။ အခုအခါမှာ ကျွန်တော်တို့ဟာ ဘုရားသားတွေ ဖြစ်ပါတယ်။ ဘုရားသားတွေ ဖြစ်လာလိမ့်မယ်လို့ ဆိုလိုခြင်း မဟုတ် ပါဘူး။ အခုအခါမှာဘဲ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့သားတော်တွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင် စဉ်းစားထားတဲ့ ပုံသဏ္ဍာန်တော် တွေဟာ ကျွန်တော်တို့ဘဲ ဖြစ်ပါတယ်။

125 ၁၂၅။ အခုအခါမှာ သင်က ပြောမှာဖြစ်ပါတယ်။ ဒီယဇ်ပုရောဟိတ်ကို ကြည့်ပါ။ သူဟာ ဘုရားသားတော် မဟုတ်ဘူးလား? မဟုတ် ဘူးဆိုတဲ့အကြောင်း သက်သေပြနေပါတယ်။ သူဘယ်လိုမှ မမှတ်မိနိုင်ပါဘူး။ သမ္မာကျမ်းစာကို ငါယုံကြည်တယ်လို့ သူပြောပါသလား? ဒါပေမဲ့လည်း သူ့အနေနဲ့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဒီခေတ်ကာလက ဖော်ပြထားတဲ့အတိုင်း သူ့အသိအမှတ် မပြုနိုင်ပါဘူး။ သူ့မှာ ဦးနှောက်ပိုင်းဆိုင်ရာ လေ့လာသင်ယူမှုတွေရှိပါတယ်။ သူ့ထက်စောပြီးတော့ သွားတဲ့ လူတွေရဲ့ဥစ္စာတစ်ချို့ကနေ သူရရှိတဲ့အရာ တွေဘဲ

ဖြစ်ပါတယ်။

ဒီနေ့လည်း ထိုနည်းဋင်းဘဲ ဖြစ်ပါတယ်။ အဲဒါက ခိုင်မာတယ်။ ဒါပေမဲ့လည်း အဲဒါက သမ္မာတရားဘဲ ဖြစ်ပါတယ်။

နှုတ်ကပတ်တော်ရှိပါတယ်။ အဲဒီနေ့ရက်ကာလအတွက် ဖော်ပြခြင်း အတိအကျဘဲဖြစ်ပါတယ်။ သူကတော့ ကျမ်းစာတတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူကတော့ လူသိများတဲ့ ပုဂ္ဂိုလ်တစ်ဦးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူအဲဒီ နှုတ်ကပတ်တော်ကို အသိအ မှတ် မပြုနိုင်ပါဘူး။ ဘာကြောင့်လဲ? ဘယ်လောက်ဘဲ သူက ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်ပါစေ၊ သူဟာ ကြိုတင်ခွဲခန့်မှတ် သားခြင်းရဲ့ ကိုယ်စားလှယ် မဟုတ်လို့ဘဲဖြစ်ပါတယ်။

ကြိုတင်ခွဲခန့်ပြီးတော့ ရွေးနုတ်ခြင်းခံရတဲ့လူတွေကသာလျှင် ဖြစ်နိုင်ပါတယ်။ သင်သာလျှင် ပြုလုပ်နိုင်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ကြိုတင်ခွဲခန့်ထားတယ်ဆိုတာကို သက်သေပြထားလို့ဘဲ ဖြစ်ပါတယ်။ သူ့မှာ ထာဝရအသက်ရှိတယ်ဆိုရင် သင်ဟာ ဘုရားသခင်ရဲ့ တစ်စိတ်တစ်ဒေသ အမြဲတမ်းဘဲ ဖြစ်နေမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ ထာဝရအရာဖြစ်လို့ဘဲ ဖြစ်ပါတယ်။ သင်သဘောပေါက်ပါသလား? အဲဒီအကြောင်းကိုစဉ်းစားကြည့်ပါ။

126 ၁၂၆။ မိလေနိကာလကြီး ပြီးတဲ့နောက်ပိုင်း ဘာဖြစ်လဲဆိုတာကို ကြည့်ပါ။ အပြစ်တွေအားလုံး မရှိတော့ပါဘူး။ မိလေနိကာ လကြီး ပေါ်ထွက်လာပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က အဲဒီလိုနေရာယူတယ်ဆိုတာကို အဲဒီအချိန်မှာ နေရာယူခြင်းဖြစ် ပါတယ်။

ကိုယ်တော်ရှင် ကျွန်ုပ်တို့အထဲမှာ အမှုပြုခဲ့သလိုဘဲ ဖြစ်ပါတယ်။ သေခြင်းကနေ အသက်ရှင်ခြင်းကို ကူးမြောက်ပါတယ်။ ကောင်းကင်ဆိုင်ရာ ခရစ်တော်၌အတူ ကျိန်းဝပ်ရပါတယ်။ ကိုယ်တော်ရှင်ရဲ့ ဘုန်းကြီးလှတဲ့ ရှေ့တော်မှာ ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သေဆုံးမှုကလည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သေဆုံးမှုက ယခုအခါမှာ ပျောက် ကွယ်သွားပြီ ဖြစ်ပါတယ်။

ဝိညာဉ်ရေးရာ သေဆုံးခြင်းကဲ့သို့ ယခုအခါမှာ မရှိတော့ပါဘူး။ ဗတ္တိဇံခံပြီးသကဲ့သို့ ဘုရားသခင် သူတော်စဉ်ဖြစ်ဘို့ရန်အ တွက် သူဟာသေဆုံးသွားတယ်။ ဒါပေမဲ့လည်း အသက်ရှင်လျှက်ရှိပါတယ်။ ဘယ်သူအသက်ရှင်သလဲ¿ နောက်ပြီးတော့ ငါ့ကိုယုံတဲ့သူ ဟာဘယ်တော့မှ သေဆုံးမှာ မဟုတ်ဘူးလို့ပြောပါတယ်။ ကျမ်းစာအားလုံးမှာဆိုရင် ကျမ်းစာတိုင်းပြည့်စုံရမှာဖြစ်ပါတယ်။ သင်မ သေဆုံးနိုင်ပါဘူး။ သင့်မှာ ထာဝရအသက်ရှိပါတယ်။ သင့်မှာ တစ်ခုတည်းဘဲ ပြောစရာရှိပါတယ်။ ကယ်တင်ခြင်းခံရတဲ့သူတွေ ဟာ အဲဒါကို အသိအမှတ်ရှိပါတယ်။ သင်ဟာ အမြဲတမ်းဘဲ ထိုအရာဘဲဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့် သင်အသက်ရှင် နေထိုင်တဲ့ နေ့ရက်ကာလကိုသိမြင်ရမှာ ဖြစ်ပါတယ်။ ဘယ်နှစ်ယောက် တွေ့မြင်ပါသလဲ? သင်တို့လက်တွေကို မြှောက်ပါ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ နေ့ရက်ကာလကို ကျွန်တော်တို့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

127 ၁၂၇။ အခုအခါမှာ မက်သဒစ်ယောက်က ပြောပါတယ်။ သင်အော်လိုက်တဲ့အခါမှာ သင်ရရှိမှာဖြစ်ပါတယ်။ သူတို့မြောက်များစွာ တို့က အော်ဟစ်နေပေမဲ့လည်း သူတို့မရရှိကြပါဘူး။

ပင်တေကုတ္တေနေ့က သူတို့ ဘာပြောလဲဆိုတော့ သင်ဟာ အခြားသောဘာသာစကားကို ပြောရင် သင်ရရှိမှာ ဖြစ်ပါတယ်။ လူမြောက်များစွာတို့က အခြားသောဘာသာစကားကို ပြောပါတယ်။ ဒါပေမဲ့ မရရှိကြပါဘူး။

ဘယ်လိုဖြစ်လဲဆိုတာကို ကြည့်ပါ။ ဒီဖာရိရှဲတွေမှာ ပုံစံတွေမျိုးစုံရှိပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင် နှုတ်ကပတ်တော်က ဖော်ပြခြင်းခံရတဲ့အခါမှာ သူတို့ အဲဒီအကြောင်းအရာကို မသိပါဘူး။

သင်ဟာ သတို့သမီးဖြစ်ရင် သတိုးသမီးဟာ ခင်ပွန်းသည်ရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ သင်အသိအမှတ်ပြုနိုင်မဲ့တစ်ခု တည်းသော အရာကတော့ အဲဒီခင်ပွန်းဖြစ်တဲ့ နှုတ်ကပတ်တော်ကို ဘယ်အစိတ်အပိုင်းအထိ အသိအမှတ်ပြုသလဲ ဆိုတာကိုဘဲ ဖြစ်ပါတယ်။ သင်ဟာ အသိအမှတ်မပြုဘဲနဲ့ ဘယ်တော့မှ သတို့သမီး မဖြစ်နိုင်ပါဘူး။ ဘယ်နှစ်ယောက် အဲဒါကို သဘော ပေါက်ပါသလဲ? ပရိတ်သတ်ကလည်း အာမင်လို့ဆိုပါတယ်။ (အယ်ဒီတာမှတ်ချက်) သင့်ရဲ့အနေအထားကို သင်အသိအမှတ် ပြုဘို့လိုပါတယ်။

128 ၁၂၈။ တစ်စုံတစ်ယောက်သောသူကို သင်အသိအမှတ်ပြုလို့ မရပါ။ နောဧ၏ခေတ်ကာလ သတင်းစကားနဲ့ပတ်သက်ပြီးတော့ မောရှေနဲ့ ဘယ်လို ဖြစ်မှာလဲ? နောဧသာလျှင် အဲဒီသတင်းစကားရဲ့ တစ်စိတ် တစ်ဒေသဖြစ်ပြီး အလုပ်ဖြစ်မှာဖြစ်ပါတယ်။ သခင်ယေရှုက မောရှေရဲ့သတင်းစကားနဲ့ ရောက်လာရင် ဘယ်လိုဖြစ်မှာလဲ? ဘယ်လိုမှ အလုပ်မဖြစ်ပါဘူး။ ခေတ်ကာလ မတူညီပါဘူး။ ပရောဖက်ပြုချက်လည်း ကွာခြားမှုရှိပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပြည့်စုံစေဘို့ရန်အတွက် အစိတ်အပိုင်းအမျိုးမျိုးရှိပြီး ပြည့်စုံရမှာဖြစ်ပါတယ်။ သူတို့ဟာ ဒီရက်သတ္တပတ်အတွင်းမှာ တစ်ခြားသောနေ့ရက်မှာ ရှိနေပါတယ်။ အင်္ဂါနေ့အလုပ်ကို ဗုဒ္ဓဟူးနေ့မှာ လုပ်လို့မရပါဘူး။ ဗုဒ္ဓဟူးနေ့မှာဘဲ လုပ်ရမဲ့အလုပ်ကို ဗုဒ္ဓဟူးနေ့မှာ လုပ်ရမှာဖြစ်ပါတယ်။ စနေနေ့ကတော့ စနေနေ့ရဲ့ အလုပ်ဘဲလုပ်ရမှာ ဖြစ်ပါတယ်။ သူတို့ကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ အိုမောရှေ၊ ကျွန်ုပ်တို့မှာ မောရှေရှိပါတယ်။

သူဘာပြောသလဲဆိုတော့ သင်ဟာမောရှေကို သိနေမယ်ဆိုရင် ငါ့ကိုလည်း သိနေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မောရှေက ငါ့အကြောင်းကိုပြောတဲ့သူ ဖြစ်လို့ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်တည်းဟူသော သင်၏ဘုရားသခင်က ပရောဖက် တစ်ပါးကို စေလွှတ်မယ်လို့ဆိုပါတယ်။ သဘောပေါက်ပါသလား?

သခင်ယေရှု မိန့်တော်မူတယ်။ (ရှင်ယောဟန် ၄)မှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ကြွလာတဲ့အခါမှာ သင်ဒီအရာ တွေအားလုံးမှတ်မိနိုင်ဘို့ရန်အတွက် သူက ပြုလုပ်မယ်။ ဘယ်လို အသက်ရှင်နေထိုင်ရမလဲဆိုတာကိုလည်း သင့်ကို လမ်းပြမယ် လို့ဆိုပါတယ်။ နောက်တစ်ခု ကိုယ်တော်ရှင်ကို သင်သိနိုင်မဲ့အရာကတော့ နောင်လာမဲ့အရာတွေကို ကိုယ်တော်ရှင်က သင့်ကို ဖော်ပြမှာဘဲဖြစ် ပါတယ်။

ပရောဖက်တွေရဲ့ခေတ်ကာလကို ရောက်ရှိမှာ ဖြစ်ပါတယ်။

129 ၁၂၉။ ကောင်းကင်အသစ်နဲ့ မြေကြီးအသစ်တွေထဲမှာဆိုရင် ဘယ်တော့မှ ပြန်လည်ပြီး မှောင်မိုက်တော့မှာ မဟုတ်တော့ပါဘူး။ ဒီအသစ်သောမြေကြီး ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ အချို့ကို ချည်နှောင်ထားမှာ ဖြစ်ပါတယ်။ စာတန်ကိုတော့ လွတ်ထားပါတယ်။ သူက အပြစ်တင်သူဖြစ်ပါတယ်။ မြေကြီးအသစ်မှာဆိုရင်တော့ သူ့ကို ချည်နှောင်ထားပြီးတော့ ငရဲမီးအိုင်ထဲပစ်ချမှာ ဖြစ်ပါတယ်။ အဲဒါကတော့ သန့်ရှင်းတဲ့မီးဘဲဖြစ်ပါတယ်။

130 ၁၃၀။ ဒီအသစ်သော ကမ္ဘာမြေကြီးပေါ်မှာ အဲဒါနဲ့ ပတ်သက်လို့ မိနစ်အနည်းငယ် ကျွန်တော်ကို ကြည့်ကြရမှာဖြစ်ပါတယ်။ ဒီကမ္ဘာမြေကြီးအသစ်မှာဆိုရင် ကောင်းကင်တွေကလည်း ဘယ်တော့မှ မှောင်မိုက်တော့မှာ မဟုတ်ပါဘူး။ အဲလို မှောင်မိုက်ခြင်း ဖြစ်ရတာက ကျိန်ခြင်းခံရလို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်တော့မှ ရှိတော့မှာ မဟုတ်တော့ပါဘူး။ မိုးတိမ်တိုက်တွေလည်း ရှိတော့မှာ မဟုတ်တော့ပါဘူး။ လေမုန်တိုင်းကြီးတွေလည်း ဘယ်တော့မှ မတိုက်ခတ်တော့ပါဘူး။ သစ်ပင်တွေလည်း ပြိုလဲမှာ မဟုတ်တော့ပါဘူး။ အိမ်တွေလည်း ပြိုပျက်တော့မှာ မဟုတ်တော့ပါဘူး။ လျှပ်စီးလက်ခြင်းတွေ ဘယ်တော့မှ ဖြစ်မှာမဟုတ်ပါ ဘူး။ စာတန်မာနတ်က လူတွေကို သတ်ဖြတ်ပြီးတော့ ဒီမြေကြီးပေါ်မှာ လမ်းမပေါ်မှာ လျှောက်သွားပါတယ်။ အဆောက်အအ ဦးတွေကို မီးရှို့ပစ်ပါတယ်။ အဲဒါတွေ ဘာမှ မရှိတော့ပါဘူး။ တိုင်ဖုန်းလို့ခေါ်တဲ့ မုန်တိုင်းကြီးတွေလည်း ဘာမှ မရှိတော့ပါဘူး။ တော်နေးဒိုးလို့ခေါ်တဲ့ မုန်တိုင်းကြီးတွေလည်း မရှိတော့ပါဘူး။ ကလေးငယ်တွေကိုသတ်ဖြတ်တာတွေ၊ အိမ်တွေပြိုလဲတာတွေ အဲဒါတွေ လုံးဝရှိတော့မှာ မဟုတ်တော့ပါဘူး။ အဲဒါတွေ အားလုံးကို ဖျက်ဆီးပစ်လိုက်မှာ ဖြစ်ပါတယ်။ ဖျက်ဆီးတဲ့အရာတွေ ဘာမှ ရှိတော့မှာ မဟုတ်ပါဘူး။ စာတန်မာရ်နတ်ကို လည်း မောင်းထုတ်လိုက်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အခု အချိန်ရသေးတယ်လို့ ထင်ပါတယ်။ ကျွန်တော် ကျမ်းချက်တွေကို ဖတ်ပြမှာဖြစ်ပါတယ်။ အချိန်သိပ်မ နောက်ကျသေးပါဘူး။ ဒါကြောင့်မို့လို့ ဖျားနာတဲ့သူတွေအတွက် အချိန်ရပါတယ်။

131 ၁၃၁။ ကောင်းကင်နဲ့မြေကြီး အတူတကွဆုံတွေ့တယ်။ ဘုရားသခင်နဲ့လူသားကိုလည်း အသိအမှတ်ပြုပါတယ်။ ဧဒင်ဥယျာဉ် ကြီးလည်း ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းခံရပါတယ်။ ကျိန်ခြင်းအမင်္ဂလာတွေ အားလုံးပျောက်ကွယ်သွားပြီဖြစ်ပါတယ်။

အပြစ်ရဲ့ကျိန်ခြင်းတွေအားလုံး ပျောက်ကွယ်သွားပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သင့်ကို လက်ခံပါတယ်။ သင်က လက်မခံခြင်းဘဲ ဖြစ်ပါတယ်။ သင့်ကို ဝိညာဉ်တော်က လက်ခံပါတယ်။ အဲဒါက ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်တော်ဘဲ ဖြစ်ပါတယ်။ အဲဒါက သန့်ရှင်းသောဝိညာဉ်တော် ဆိုလိုတဲ့အရာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သဏ္ဍာန်တော်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ စဉ်းစားဆင်ခြင်ခြင်း ဖြစ်ပါတယ်။ သင့်ကိုလက်ခံပြီးတော့ သင်ဟာ အဲဒီအကြံအစည် အတွက် ဘိသိတ်ပေးခြင်း ခံရသူဖြစ်ပါတယ်။ သင်ဟာ အပြစ်ထဲမှာ မွေးဖွားပါတယ်။ ဒါပေမဲ့လည်း သင်က အဲဒီပုံသဏ္ဍာန်ကို ရရှိပြီးတော့ သင့်ကို ဒီကမ္ဘာမြေ ကြီးပေါ်မှာ ဖော်ပြထားပါတယ်။ သူဆင်းသက်လာပြီးတော့ သင့်ကိုလက်ခံရယူပါတယ်။ သင်ဟာ ဒီနေရာကို ပြန်လည်ရောက်ရှိပါတယ်။ ဒီနေရာဟာ သင်နဲ့သက်ဆိုင်တဲ့နေရာ ဖြစ်ပါတယ်။ အပြစ်တွေမှာတန်ခိုးမရှိပါဘူး။ အပြစ်ရဲ့ဆန္ဒအားလုံးဟာ ပျောက်ကွယ်သွားပါပြီ။ သင့်ရဲ့နှလုံးသားထဲမှာ မရှိတော့ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော် ဆင်း သက်ကြွလာတဲ့အချိန်မှာ သင်ဟာ အသစ်တစ်ဖန် ပြန် လည်ပြုပြင်ထားတဲ့သူတစ်ယောက် ဖြစ်ပါတယ်။

132 ၁၃၂။ ကမ္ဘာမြေကြီးကို အသစ်တစ်ဖန် ပြန်လည်ပြုလုပ်တဲ့အခါမှာ အလားတူအရာနဲ့ဘဲ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ကျိန်ခြင်းတွေ လုံးဝမရှိတော့ပါဘူး။ မုန်တိုင်းတွေ၊ လေပြင်းတွေ လေမုန်တိုင်းကြီးတွေ မရှိတော့ပါဘူး။ သင့်ကို ပြန်လည်သင့်မြတ်စေပါတယ်။ လူနဲ့ ဘုရား အတူတကွဆုံတွေ့ပြီး ပြန်လည်သင့်မြတ်ပါတယ်။

အသစ်သောမြေကြီးဟာ ဧဒင်ဥယျာဉ်ကြီးရဲ့အလှအပကို တစ်ဖန်ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ အသစ်သောမြေကြီးက ပြန့်နှံ့သွားမှာ ဖြစ်ပါတယ်။ သူမရဲ့မီးနဲ့ ဗတ္တိဇံခံယူပြီးနောက်ပိုင်းမှာဘဲ ဖြစ်ပါတယ်။

စဉ်းစားကြည့်ပါ။ သူမကို မီးလောင်ပြီးတော့ ကျွမ်းလောင်သွားမှာ ဖြစ်ပါတယ်။ သူမအပေါ်မှာ ရှိတဲ့အရာတွေအားလုံးလည်း အင်မတန်ပြင်းထန်တဲ့ မီးအပူရှိန်အားဖြင့် လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာမြေကြီးပေါ်မှာ ရှိနေတဲ့အရာတွေအားလုံး ကျွမ်း လောင်သွားမှာ ဖြစ်ပါတယ်။ ရေတွေလည်း ပေါက်ထွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါတွေအကုန်လုံး လောင်ကျွမ်းပြီးတော့ ပေါက်ထွက်သွားမှာ ဖြစ်ပါတယ်။ အားလုံးဟာ ပေါက်ထွက်သွားမှာ ဖြစ်ပါတယ်။ မီးတောင်တွေ အားလုံးလည်း ပေါက်ကွဲမယ်။ လေထဲကို မိုင်ထောင်ပေါင်းများစွာ ပြန့်နှံ့သွားမှာ ဖြစ်ပါတယ်။ ချော်ရည်တွေ ပြန့်လွင့်သွားပြီးတော့ ပျံ့ဝဲသွားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်က အပြစ်အမှုန်အမွှားကလေး တစ်စစီကို လောင်ကျွမ်းသွားမယ်၊ ရှင်းလင်းပစ်မှာ ဖြစ်ပါတယ်။ အားလုံးတစ်စစီကို ရှင်းလင်းပစ်မှာ ဖြစ်ပါတယ်။ နတ်ဆိုးချည်နှောင်ထားတဲ့အရာအားလုံးကို မီးငရဲအိုင်ထဲကို ပစ်ချလိုက်မှာ ဖြစ်ပါတယ်။ နတ်ဆိုးကိုလည်း ချည်နှောင်ပြီးတော့ ပစ်ချလိုက်ပြီးတော့ မီးတွေလောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အမျက်တော် မီးဘဲ ဖြစ်ပါတယ်။

133 ၁၃၃။ ဘာသားရဲမှ သင့်ကို ဖျက်ဆီးမှု ရှိတော့မှာ မဟုတ်ပါဘူး။ သင်လမ်းထဲကို လျှောက်သွားတဲ့အခါမှာ ပန်းဥယျာဉ်ထဲမှာ သင့်ကို ဟိန်းဟောက်မဲ့ ဘယ်မြွေဆိုးမှ မရှိပါဘူး။ သင့်ကို ကိုက်မဲ့မြွေဆိုးလည်း ရှိမှာ မဟုတ်ပါဘူး။ အဆိပ်ရှိတဲ့မြွေလည်း မဟုတ်ပါဘူး။ အဲဒါ မည်မျှ နှစ်သက်ဖွယ်ကောင်းပါသလဲ? ကမ္ဘာမြေကြီးအသစ်ထဲမှာ ဘာမှ တက်လာမှာမဟုတ်ပါဘူး။ သင်္ချိုင်းဂူတွေလည်း ရှိတော့မှာ မဟုတ်ပါဘူး။

လူနဲ့ဘုရား အတူတကွ ရောက်လာမှာ ဖြစ်ပါတယ်။ ဘုရားနဲ့ သတိုးသမီးဖြစ်ပါတယ်။ ကောင်းကင်များနဲ့ မြေကြီးသစ်မှာ တစ် ယောက်နဲ့တစ်ယောက် ဖက်တွယ်ထားပါတယ်။ ဘုရားသခင် ဆင်းသက်လာပြီးတော့ ကျွန်ုပ်တို့နဲ့အတူ ရှိပါတယ်။ သင့်ရဲ့တဲ တော်ဟာ

ကျွန်ုပ်တို့နဲ့အတူ ရှိပါတယ်။

အပြစ်လုံးဝမရှိတော့ပါဘူး။ ဝမ်းနည်းခြင်းတွေလည်း မရှိတော့ပါဘူး။ မိခင်ရဲ့ပါးပြင်မှာ မျက်ရည်စက်တွေ လိမ့်ဆင်းလာတော့မှာ မဟုတ်တော့ပါဘူး။ မျက်ရည်စက်တွေ လိမ့်ဆင်းပြီး ကလေးငယ်ရဲ့ အပေါ်ကိုကျတော့မှာ မဟုတ်တော့ပါဘူး။ အာမင်။ မြေကြီးအသစ် အဲဒါတွေ မရှိတော့ပါဘူး။ အားလုံးကယ်တင်ပြီးဖြစ်ပါတယ်။ ကိုယ်တော်ရှင် ပိုင်ဆိုင်ပါတယ်။ အဲဒါတွေအားလုံးကို ကိုယ်တော်ရှင် အတွက် ကယ်တင်လိုက်ပြီး ဖြစ်ပါတယ်။

134 ၁၃၄။ သင်ဟာ အဲဒီမြေကြီးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ မှန်ပါသလား? ကိုယ်တော်ရှင် သင့်ကို ကယ်တင်တယ်ဆိုရင် အဲဒီ မြေကြီးနဲ့အတူ သင့်ကိုလည်း ကယ်တင်ပါတယ်။ သင်တို့အတူတကွ ပြန်လည်ရောက်ရှိမှာ ဖြစ်ပါတယ်။ မည်မျှ ရှင်းလင်းပါ သလဲ? သင့်ကို ကယ်တင်ရမှာ ဖြစ်ပါတယ်။ သင်ဟာ အဲဒီအရာရဲ့ တစ်စိတ်တစ်ဒေသဖြစ်လို့ပါဘဲ။ အသွေးတစ်စက်ဟာ သင့် အပေါ်မှာ မကျဘူးဆိုရင် သင့်ကို ကယ်တင်နိုင်မှာ မဟုတ်ပါဘူး။ သင့်ကို ရွေးနုတ်မှာလည်း မဟုတ်ပါဘူး။ သူက သန့်ရှင်းစေ ပါတယ်။ မီးထဲမှာ သူလုပ်တဲ့အရာဘဲ ဖြစ်ပါတယ်။ အသွေးသွန်းလောင်းတဲ့အခါမှာ သန့်ရှင်းစင်ကြယ်စေပါတယ်။ မီးအားဖြင့် ဆေးကြောခြင်းဖြစ်ပါတယ်။ ဘုရားသခင် ကျိန်းဝပ်တဲ့အရာဘဲဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူကျိန်းဝပ်မဲ့နေရာကို အထက်ကို ဆောင်ယူပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ ယခုအခါမှာ ကမ္ဘာမြေကြီးပေါ်ကို ရောက်ရှိလာပါတယ်။ သူ့ရဲ့သန့်ရှင်းသူ သူတော်စင်တွေရဲ့ နှလုံးသားထဲမှာရှိတယ်။ အစအဦးကတည်းက သူစတင်ထားတဲ့ သူ့ရဲ့ပုံရိပ်တွေဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ပုံ ရိပ်တွေကို ကယ်တင်မှာဖြစ်ပါတယ်။ ဘာကိုစောင့်နေပါသလဲ? ကမ္ဘာမြေကြီးကို ကယ်တင်ဘို့ စောင့်နေပါတယ်။ သူ့ရဲ့ပုံရိပ်တွေ ကို အဲဒီမှာ ချမှတ်ဘို့ဘဲ ဖြစ်ပါတယ်။ အားလုံးကို ပြည့်ပြည့်စုံစုံ ပြည့်စုံစေပြီး သူကြိုတင်စီစဉ်ထားတဲ့ အကြံအစည်အတိုင်း ဖြစ်မှာ ဖြစ်ပါတယ်။ သင်သဘောပေါက်ပါသလား?

135 ၁၃၅။ မျက်ရည်စက်တွေ မရှိဘူး။ သင်္ချိုင်းကုန်းတွေ မရှိဘူး။ အသွေးသွန်းရခြင်းတွေ လုံးဝမရှိတော့ပါဘူး။ သူမဟာ မျက်ရည် စက်တွေနဲ့ ဘယ်တော့မှ စိုစွတ်မနေတော့ပါဘူး။ ဒါမှမဟုတ်ရင်လည်း အသွေးတွေနဲ့ ဘာမှ မရှိတော့ပါဘူး။ စစ်ပွဲတွေလည်း မရှိတော့ပါဘူး။ ဆောင်းတွင်းရဲ့တိမ်တိုက်တွေလည်း မရှိတော့ပါဘူး။ သူ့ရဲ့သူမရဲ့ရင်ထဲမှာ အေးစက်တဲ့ နှင်းစက်တွေ မရှိတော့ ပါဘူး။ ပူပြင်းတဲ့ နေရောင်ခြည်လည်း ဘယ်တော့မှ မြက်တွေကိုလောင်ကျွမ်း မသွားတော့ပါဘူး။ ဟာလေလုယာ။ ကန္တာရ တွေကတော့ နှင်းဆီပွင့်တွေကို ယူဆောင်လာမှာ ဖြစ်ပါတယ်။ ဟောင်နွမ်းပြီးတော့ ကပ်စီးကပ်စီးနဲ့ ရှိနေတဲ့ ကန္တာရကြီးဟာ အပွင့်တွေပွင့်လာမှာ ဖြစ်ပါတယ်။ တစ်နေ့သောအခါမှာ နှင်းဆီပန်းကဲ့သို့ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဘုရားသခင် မိန့်တော်မူပါ တယ်။ သူမကို ကယ်တင်လိုက်ပြီဆိုရင် သူမက သူမရဲ့မီးဗတ္တိဇံကို ခံယူမှာဖြစ်ပါတယ်။ အဲဒီမှာ ဆူးပင်တွေအမျိုးမျိုး ကပ်စီးပင် တွေအမျိုးမျိုး အခုအခါမှာ အဲဒီအနားမှာ ရှိနေပါတယ်။ ဒါပေမဲ့လည်း သူမက မီးဗတ္တိဇံနဲ့ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ လူတစ်ယောက်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူ့မှာ မုန်းတီးခြင်းတွေ၊ မနာလိုခြင်းတွေ၊ ဂလဲ့စားချေမဲ့အရာတွေ ရှိနေမယ်ဆိုရင် ရရှိလာ မဲ့အခါမှာ အားလုံးကို ဆေးကြောပစ်လိုက်မှာ ဖြစ်ပါတယ်။ မနာလိုခြင်းတွေ မရှိတော့ပါဘူး။ ဘာမှ မရှိတော့ပါဘူး။ ဘုရားသခင် ကိန်းဝပ်တဲ့နေရာ အတိအကျ ရှိပါတယ်။ သူ့ရဲ့ကိုယ်စားပြုမှုဟာ ကိုယ်တော်ရှင်ကို တွေ့ရတော့မှာ ဖြစ်ပါတယ်။

136 ၁၃၆။ အဲဒါ ပုံပြင်သက်သက် မဟုတ်ပါဘူး။ အဲဒါ သမ္မာတရားဘဲ ဖြစ်ပါတယ်။ အဲဒါဘုရားသခင် မိန့်တော်မူတဲ့အတိုင်းဘဲ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင် ဂတိပေးတော်မူတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီအတိုင်းဘဲ သတို့သမီးက ဆက်ပြီးသွားပါတယ်။ ကန္တာရမှာ နှင်းဆီပန်းလေးတွေပွင့်မယ်လို့ သူကမိန့်တော်မူပါတယ်။

စာတန်ရယ်၊ အပြစ်ရယ်၊ အပြစ်သားများရယ် အားလုံးထောင်ချောက်ထဲမှာ ပျောက်ကွယာ်သွားပါပြီ။ အားလုံး အမှုပြုပြီး ပြီ ဖြစ်ပါတယ်။ ထာဝရကာလကို ရောက်ရှိပြီးပြီဖြစ်ပါတယ်။ ပြောင်းလဲပြီးတဲ့အရာတွေအားလုံးမှာ အင်မတန်ကြီးမြတ်တဲ့ ကောင်းကင်တမန်ကတော့ အဲဒီနေရာမှာ တစ်ချိန်သောအခါမှာထိုင်နေမှာ ဖြစ်ပါတယ်။ စာတန်ကတော့ ဒီမကောင်းတဲ့အရာတွေ အားလုံးကို ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ အားလုံးဟာပျက်စီးသွားမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ မိန့်တော်မူတဲ့အတိုင်းဘဲ အဲဒီဝိညာဉ်က သူပြောတဲ့အတိုင်း မဟုတ်ဘူးဆိုရင်သူပြောတဲ့ ဝိညာဉ်ကို ဖျက်ဆီးပစ်မယ်လို့ ဆိုထားပါတယ်။ သူ့ကိုယ်သူ ဖျက်ဆီးနိုင်မှာ မဟုတ်ပါဘူး။ ဖျက်ဆီးပြီးတော့ ဘုရားသခင်အနေနဲ့ တည်ရှိနိုင်မှာ မဟုတ်ပါဘူး။ အဲဒီ ကမ္ဘာ လောကကြီးနဲ့ အဲဒီ ဝိညာဉ်ဟာဆိုရင် အဲဒီဝိညာဉ်ကို ဖျက်ဆီးပစ်ရမှာ ဖြစ်ပါတယ်။ အဲဒါထာဝရဖြစ်ပြီးတော့ ဘုရားသခင်နဲ့အတူရှိတယ်ဆိုရင် အစမရှိဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်နဲ့ဆိုင်ပြီးတော့ ဖျက်ဆီးပစ်လို့ မရလို့ပါဘဲ။ အာမင်။ အင်မတန် လှပ တယ်။ အင်မတန် ကျေးဇူးတော် ချီးမွမ်းစရာဖြစ်တယ်။ အသင်းတော်လည်း အဲဒါကို တွေ့မြင်ခြင်းအားဖြင့် အင်မတန် ကောင်းမြတ် ခြင်းဖြစ်ပါတယ်။

137 ၁၃၇။ လူတွေအားလုံး သင်တို့လုပ်ခဲ့သမျှအားလုံး ဒီနေရာမှာ ရှိနေပါတယ်။ ဒါကို ကျွန်တော် ပြောလိုပါတယ်။ ကျွန်တော်အချို့ သောအရာတွေကို ချန်လုပ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တစ်ဖန်ပြန်ပြီးတော့ ပြောချင် လို့ဘဲ ဖြစ်ပါတယ်။

138 ၁၃၈။ ဒီအရာတွေ၊ စာတန်အပြစ်သားတွေ မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ထာဝရအရာက ဘယ်တော့မှ မရှိတော့ လို့ဘဲ ဖြစ်ပါတယ်။ စာတန်ကတော့ မဖန်ဆင်းနိုင်တော့ပါဘူး။ သူက ဘုရားမဟုတ်ပါဘူး။ သူဘုရားဖြစ်တယ်ဆိုရင် ဖန်ဆင်း ထားတဲ့အရာတွေကို သူကပြောင်းလဲပစ်နိုင်ပါတယ်။ ပြောင်းလဲထားသမျှ အရာတွေအားလုံး ဘယ်လိုဘဲဖြစ်ဖြစ် ပျက်စီးသွား မှာဘဲ ဖြစ်ပါတယ်။ သေဆုံးခြင်းကတော့ ဘဝအသက်တာကို ပြောင်းလဲပေးခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီလို ပြောင်းလဲပေးခြင်း အရာကိုပြုလုပ်ပေးခြင်းရှိတဲ့အခါမှာ ဘယ်တော့မှ သေဆုံးခြင်း မရှိတော့ပါဘူး။ အသက်ကြီးရင့်အိုမင်းခြင်းကလည်း သေခြင်းရဲ့ နိမိတ်လက္ခဏာဘဲ ဖြစ်ပါတယ်။ အဲဒီသေဆုံးခြင်းရဲ့ အသက်ကြီးရင့်ခြင်း၊ အိုမင်းရင့်ရော်ခြင်း နိမိတ်လက္ခဏာပြီးရင် ဘဝအသက် တာ ဝင်ရောက်လာပါတယ်။ အားလုံး ပြောင်းလဲတဲ့ နိမိတ်လက္ခဏာတွေ အားလုံးအရာခပ်သိမ်းဟာပျောက်ကွယ်သွားပါတယ်။ ဆူးပင်တွေ၊ ပေါင်းပင်တွေကလည်း အပြစ်ရဲ့

နိမိတ်လက္ခဏာတွေဘဲဖြစ်ပါတယ်။ ကမ္ဘာလောကကြီးဟာ သူတို့နဲ့အတူ ကျိန်ခြင်း ကို ခံရပါတယ်။ သူတို့အားလုံးပျက်စီးသွားမှာ ဖြစ်ပါတယ်။ အားနာခြင်းရောက်လာပါတယ်။

139 ၁၃၉။ မည်သူမှ တို့ထိလို့မရ၊ အကြောင်းမှာ သန့်ရှင်းခြင်းနှင့်တကွ ကယ်တင်ပြီးသား ဖြစ်လေသည်။ အို ခံစားချက် ကောင်းပါ တယ်။ ဘုရားသခင်နှင့် သူ၏ဖန်ဆင်းခြင်း သူ၏အသွေးတော်အားဖြင့် ရွေးနုတ်ကယ်တင်ခဲ့သည်။ သူ၏အကြံအစည်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏ဇာတိကိုသတ်ခြင်းနှင့် အပြစ်များကို အဆုံးသတ်ခြင်းဖြစ်သည်။ ဒီဓါတုပစ္စည်းတွေအ ကြောင်းကို သူတို့ပြောကြပါတယ်။ ဆပ်ပြာမှုန့်တွေအကြောင်းဘဲ ဖြစ်ပါတယ်။ အဲဒါတွေဟာ ဘာမှကင်းလွတ်တာ မရှိပါဘူး။ တစ်ခါတည်းနဲ့ သင့်ကို လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။

140 ၁၄၀။ သန့်ရှင်းသောဝိညာဉ်တော်မီးက ဒီကမ္ဘာလောကကြီးကို ဆေးကြောတဲ့အခါမှာ ဓါတုပစ္စည်းတွေနဲ့ ဆေးကြောမှာ ဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့ ဓါတုပစ္စည်းတွေနဲ့ ဖြစ်ပါတယ်။ သူ့ရဲ့သတို့သမီးကို သူက ချီဆောင်သွားမှာ ဖြစ်ပါတယ်။ သူနဲ့အတူ ကောင်းကင်နိုင်ငံကို ဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ အဲလိုဖြစ်ပျက်နေတဲ့အချိန်မှာ ဒီကမ္ဘာလောကကြီးကို တစ်ဖန်ပြန်ရောက်ဦးမှာ ဖြစ်ပါတယ်။ ကောင်းကင်အသစ်နှင့် မြေကြီးအသစ်ဖြစ်ပါတယ်။ ဓမြတဲ့ ဆောင်းရာသီက အဲဒါကို ထိခိုက်နိုင်မှာ မဟုတ်ပါဘူး။ ပူပြင်းတဲ့ ဆောင်းရာသီများကလည်း ထိခိုက်မှာ မဟုတ်ပါဘူး။ ကန္တာရတွေကလည်း နှင်းဆီပင်တွေပေါက်ပြီးတော့ နှင်းဆီပန်း တွေဝေဝေဆာဆာ ဖြစ်နေမှာ ဖြစ်ပါ တယ်။ အပြစ်နဲ့ အပြစ်သားတွေအားလုံး တစ်ယောက်မှ မရှိတော့ပါဘူး။

ဘုရားသခင်နှင့် သူ၏ဖန်ဆင်းသောသတ္တဝါများနှင့် သူ၏ဖန်ဆင်းခြင်းဟာ အားလုံးအတူတကွ သဟဇာတမျှတစွာ အ တူနေထိုင်ကြပါတယ်။ ကောင်းကင်များနဲ့ မြေကြီးက ခင်ပွန်းသည်နဲ့ ဇနီးသည်များကဲ့သို့ဘဲ ဖြစ်ပါတယ်။ ခရစ်တော်နဲ့ အသင်း တော်လည်း ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ အင်မတန်ကြီးမားလှတဲ့ ကယ်တင်ခြင်းစီမံကိန်းကြီးထဲမှာ သူတို့အတူတကွတွေ့ ဆုံပြီး အတူတကွ ဘုရားသခင် ရဲ့ အဖူးအပွင့်တွေထဲကို ယူဆောင်လာခြင်းခံရပါတယ်။

141 ၁၄၁။ မြေကြီးအသစ်မှာ မြို့တော်အသစ်ရှိပါတယ်။ သေချာစွာနားထောင်ပါ။ ဒါကို မေ့မသွားပါနဲ့။ သခင်ယေရှုက (ယောဟန် ၁၄)မှာသူသွားပြီးတော့နေရာပြင်ဆင်ထားမယ်လို့ ဆိုထားပါတယ်။သင်တို့ စိတ်နှလုံးပူပန်ခြင်း မရှိနဲ့။ သူသွားနေတဲ့အချိန်မှာ သူသွားရတဲ့ အကြောင်းရှိပါတယ်။ ဘုရားသခင်ကို သင်တို့ယုံကြည်ပါတယ်လို့ ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။ ငါ့ကိုလည်း ယုံကြည်ကြပါလို့ သူက ဆိုပါတယ်။ ဘုရားသခင်ရဲ့ သားတော်ဖြစ်မှန်း သူတို့ မယုံကြည်ကြပါဘူး။ သင်တို့ဟာ ဘုရားသခင်ကို ယုံကြည်ပါတယ်။ အခုအခါမှာလည်း ငါ့ကိုယုံကြည်ကြပါ။ ငါသွားပြီးတော့ သင်တို့အတွက်နေရာကို ပြင်ဆင်ထားမှာ ဖြစ်ပါ တယ်။ ငါ့အဖရဲ့အိမ်မှာ အခန်းများ စွာရှိပါတယ်။ ငါ့အဖရဲ့ကောင်းကင်နိုင်ငံတော်မှာလည်း နေရာများစွာ ရှိပါတယ်။ ခရစ်တော် ဟာလည်း အဲဒီနေရာမှာရှိပါတယ်။ အသစ်သော ယေရုရှလင်မြို့ကို ကိုယ်တော်ရှင်က ယခုအခါမှာ တည်ဆောက်နေပါတယ်။ သေချာစွာ နားထောင်ပါ။ မလှုပ်ရှားပါနဲ့။ ဒီအရာကို လွဲမသွားစေပါနဲ့။ ခရစ်တော်က ကောင်းကင်မှာရှိပါတယ်။ ယနေ့ အသစ် သောယေရုရှလင်မြို့ကို ပြင်ဆင်နေခြင်းဘဲ ဖြစ်ပါတယ်။

142 ၁၄၂။ ဘုရားသခင်က ကမ္ဘာလောကကြီးကို (၆)ရက်အတွင်းမှာ ဖန်ဆင်းသကဲ့သို့ဘဲ ကမ္ဘာမြေကြီးကိုလည်း (၆)ရက်အ တွင်းမှာဘဲ ဖန်ဆင်းပါတယ်။ ဒါမှမဟုတ် နှစ်ပေါင်း(၆၀၀၀)ဘဲဖြစ်ပါတယ်။ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ မသိနားမလည်ဘဲမနေနဲ့လို့ သမ္မာကျမ်းစာထဲမှာ ဆိုထားပါတယ်။ အနှစ်(၁၀၀၀)ဟာတစ်ရက်ဘဲ ဖြစ်ပါတယ်။

သခင်ယေရှုသွားပြီးတော့ နေရာကိုပြင်ဆင်ထားပြီးဖြစ်ပါတယ်။ အဲဒီနေရာကို နှစ်ထောင်ပေါင်းများစွာ ပြင်ဆင်ရခြင်းဘဲ ဖြစ် ပါတယ်။ ငါသွားပြီးတော့ နေရာကို ပြင်ဆင်ပြီးတဲ့နောက် ငါတစ်ဖန်ပြန်လာမယ်။ သင်တို့ကို လက်ခံမယ်။ ငါဘယ်နေရာဘဲရောက် ရောက် သင်တို့နဲ့ ထိုနေရာမှာ ရှိနေရပါမယ်။ ကယ်တင်ရှင်နဲ့ ကယ်တင်ခြင်းခံရတဲ့သူတွေကို သတိပြုပြီး ကြည့်ပါ။

143 ၁၄၃။ အခုအခါမှာ ကျွန်တော်တို့ အချိန်ရှိပါသေးတယ်။ ကျွန်တော် ဒီမှာ မှတ်သားထားပါတယ်။ ရှောလမုန်မင်းကြီးက ဒီမိန်းက လေး၊ ဒီသတို့သမီးလေးလို့ ဆိုထားပါတယ်။ အဲဒါကို ကျွန်တော်တို့ ဖျက်လိုက်ပါမယ်။ အရမ်းနောက်ကျသွားပါပြီ။ နောက် တစ်ခေါက်မှ ကျွန်တော် ပြန်ပြီးပြောပြပါမယ်။ သူမကို ရယူဘို့ ကြိုးစားတဲ့အခါမှာ သူမကတော့ သိုးထိန်းလေးတစ်ယောက်နဲ့ စေ့စပ်ထားပြီး ဖြစ်ပါတယ်။ သူသီဆိုတဲ့ သီချင်းလို့ဘဲ တစ်ချို့လူတွေက ထင်ပါတယ်။ မဟုတ်ပါဘူး။ ရှောလမုန် မင်းကြီးကတော့ ဒါဝိဒ်မင်းကြီးရဲ့ပလ္လင် ကို ဆက်ခံရတဲ့သူဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီနိုင်ငံတော်ဟာ ပျောက်ကွယ်သွားရမှာပါလို့ ဆိုထားပါတယ်။ အဲဒါကတော့ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်ပြီးတော့ သတို့သမီးနဲ့ ချစ်ခင်နှစ်သက် နေတဲ့ အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်ပါတယ်။

144 ၁၄၄။ သခင်ယေရှု မိန့်တော်မူပါတယ်။ (ယော ၁၄)မှာသွားပြီးတော့ နေရာကို ပြင်ဆင်မယ်လို့ ပြောပါတယ်။

အဲဒါဘာနဲ့ တူမလဲ? သင်အဲဒီအရာကို စဉ်းစားမိပါသလား?သတို့သမီး အဲဒါ ဘာနဲ့ တူပါသလဲ? အဲဒါက ပြင်ဆင်ထားပြီး ဒီဇိုင်းဆွဲ ထားပြီး တစ်ကယ်ကြီးမားတဲ့ မြင့်မြတ်တဲ့ ဗိသုကာကြီးက ပြုလုပ်ထားခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီမြို့တော်ကြီးက ဘာနဲ့တူမှာလဲ?

အခုအခါမှာ ကျွန်တော်တို့ မိနစ်အနည်းငယ်အတွင်း အဲဒီအကြောင်းကို ပြောဆိုကြမှာ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ အင်မတန်ကြီး မားတဲ့၊ မြင့်မြတ်တဲ့ ဗိသုကာကြီးဖြစ်ပြီးတော့ အဲဒါကို ပြင်ဆင်ထားပါတယ်။ ဒီဇိုင်းဆွဲထားပါတယ်။ သူ့ရဲ့ နူးညံ့သိမ်မွေ့တဲ့လက်တွေနဲ့ သူက ဒီဇိုင်းဆွဲထားခြင်းဖြစ်ပါတယ်။ သူချစ်ခင်လှတဲ့ သတို့သမီးအတွက်ဘဲ ဖြစ်ပါတယ်။ အဲဒါ ဘာနဲ့တူမှာလဲ?

ဇနီးသည်ကို လက်ထပ်ထားတဲ့ အမျိုးသားတစ်ယောက်အကြောင်း သင်စဉ်းစားမိပါသလား? သူမလိုချင်တဲ့အရာတိုင်းကို သူ ကလိုက်ပြီး တည်ဆောက်ပေးတယ်၊ ပြုလုပ်ပေးပါတယ်။ သူမကြိုက်မဲ့အရာတွေအားလုံးကိုလည်း သူကပြင်ဆင်ပေးပါတယ်။ အာမင်။

အင်မတန်ကြီးမားတဲ့ ဘုရားသခင်တည်းဟူသော ပိသုကာကြီးကတော့ အသစ်သောမြို့တော်ကို ဒီဇိုင်းဆွဲထားပါတယ်။ သူ့ရဲ့ သတို့သမီးနဲ့သူ နေထိုင်မှာဘဲ ဖြစ်ပါတယ်။ သူမနှစ်သက်တဲ့ ပုံစံအတိုင်း ဖြစ်မှာဘဲဖြစ်ပါတယ်။ တမန်တော်ကြီးက မျက်စိနဲ့မမြင်နိုင်၊ နားနဲ့မကြားနိုင်၊ လူသားတွေရဲ့နှလုံးသားထဲကို မတို့ထိနိုင်တဲ့ အရာတွေလို့လည်း ဆိုထားပါတယ်။ အဲဒါကို ကျွန်တော်တို့ စဉ်းစားမိကြရ မှာ ဖြစ်ပါတယ်။ ဘာနဲ့တူမလဲဆိုတာကို ကျွန်တော်တို့ ခန့်မှန်းကြရမှာ ဖြစ်ပါတယ်။

145 ၁၄၅။ ယခု သူသည် သူ၏သတို့သမီးနှင့် အတူနေဖို့ မြို့ဆီလာ၍ အိမ်အသစ်ဆောက်ပါသည်။ သူ့ကိုကိုင်ဖို့ပါဘဲ။ တမန်တော် ပြောပါသည်။ 'မျက်လုံးသည် မမြင်ပါ။ အမျိုးသား၏ နှလုံးသားသံကို မကြားရပါ။.....' ဒီအချိန်လေးကို ခဏလောက်ကြည့်ရအောင်။ဘာဖြစ်နေလဲဆိုတာ ကြည့်ပါ။ ဆောက်ရေးသမားသည် သူ၏ချစ်သူအတွက် ဒီဇိုင်း လုပ်ပေးပါသည်။ တွေ့လား? အိုး၊ သဘာဝသည် ဒီနေရာမှာ ရှိပါသည်။ ဆောက်လုပ်ရေးသမားသည် သူ၏အလုပ်ကို ဘုရားသခင်ထံမှာ အပ်နှံပါသည်။ ဘယ်သူက အသက်လဲ?

အဲဒီမြို့တော်ကြီးက ဘာနဲ့တူ မှာ ဖြစ်ပါသလဲ? အဲဒါကို စဉ်းစားပါ။

146 ၁၄၆။ အဲဒါကတော့ ကောင်းကင်မဟုတ်ဘူးဆ်ိုတာကို သတိရပါ။ ယောဟန်က ပြောထားပါတယ်။ ကောင်းကင်ကနေ ဆင်းသက်လာ တယ်ဆိုတာကို ကျွန်တော်တွေ့ရပါတယ်လို့ ဆိုထားပါတယ်။ အဲဒါက မြေကြီးပေါ်မှာ ရှိရမှာဖြစ်ပါတယ်။

ဒီကမ္ဘာမြေကြီးက ပျောက်ကွယ်သွားမယ်လို့ ဆိုလိုခြင်း မဟုတ်ပါဘူး။ ကယ်တင်ခြင်းခံရမဲ့ ကမ္ဘာမြေကြီးဖြစ်ပါတယ်။ ဘုရား သခင်ဟာ အသစ်သောမျိုးဆက်တစ်ဆက်ကို ပေါ်ထွန်းစေမယ်လို့ ဆိုထားပါတယ်။ ဒီမှာရှိနေတဲ့ သူတစ်ယောက်ကို ကယ်တင်မယ်လို့ က်ိုယ်တော်ရှင်က ဆိုထားပါတယ်။ မျိုးဆက်အသစ်တစ်ခုကို သူကပေါ်ထွက်စေမှာ မဟုတ်ပါဘူး။ သူကယ်တင် ထားပြီးသား ကယ်တင်ခြင်းရပြီးသားတွေကိုဘဲ ဖြစ်ပါတယ်။ ကမ္ဘာအသစ်ကြီးကို ပြုလုပ်မှာ မဟုတ်ပါဘူး။ အခုဒီမှာရှိတဲ့ ကမ္ဘာကြီးဘဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ ကြီးကို လောင်ကျွမ်းပြီး သန့်ရှင်းစေမှာ ဖြစ်ပါတယ်။ သူယခင်က လုပ်ခဲ့သလိုဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အစီအစဉ်များအားလုံးဟာ အမြဲ တမ်းဘဲ ထာဝရ တည်ရှိနေမှာဖြစ်ပါတယ်။

ထိုအရာသည် မှန်ကန်ပါသည်။ မြင်လား?

147 ၁၄၇။ ကောင်းကင်နိုင်ငံ မဟုတ်ပါဘူး။ ကောင်းကင်ကနေ ဆင်းသက်လာခြင်း ဖြစ်ပါတယ်။ ကျိန်းဝပ်ရာနေရာ ဖြစ်ပါတယ်။ ကျိန်း ဝပ်ရမဲ့နေရာဖြစ်ပြီးတော့ ကိုယ်တော်ရှင် ကျိန်းဝပ်တော်မူမှာ ဖြစ်ပါတယ်။ ယောဟန်ကဲ့သို့ဘဲ ဖြစ်မှာဖြစ်ပါတယ်။ ပတ်မုကျွန်းပေါ်မှာ ဗျာဒိတ်အခန်းကြီး(၂၁)အရသူမြင်တွေ့ခဲ့ရတာကတော့ဆင်းသက်လာတယ်ဆိုတာကိုသူတွေ့ရပါတယ်။ ယောဟန်က မြို့တော်ကိုတွေ့ ရပါတယ်။ ကောင်းကင်ကနေ ဆင်းသက်လာတယ်။ ဂျိုးငှက်ကဲ့သို့ သူတွေ့မြင်ရခြင်းဘဲ ဖြစ်ပါတယ်။

ဘုရားသခင် ကြွလာတော်မူပြီ ဖြစ်ပါတယ်။ သူ့ရဲ့လောက တဲတော်ပေါ်မှာဘဲ ဖြစ်ပါတယ်။ ယေရှုကတော့ ကောင်းကင်ကနေ ဆင်းသက်ကြွလာတော်မူပါတယ်။ သခင်ယေရှုက ဗတ္တိဇံကို ခံယူတော်မူပါတယ်။ နောက်ပြီးတော့ တည့်တည့်ဘဲ ဆက်သွားပါ တယ်။

သူပရောဖက်ကို တွေ့ဆုံတဲ့အခါမှာ နှုတ်ကပတ်တော်က ပရောဖက်ထံကို ရောက်လာပါတယ်။ သူကနှုတ်ကပတ်တော် ဖြစ်ပြီး တော့ အဲဒီပရောဖက်ကတော့ အဲဒီမှာ ရပ်နေပါတယ်။ သူတို့ရဲ့ ဂိုဏ်းဂဏတွေအားလုံးကို ငြင်းပယ်ပါတယ်။ အရာခပ်သိမ်းကို ငြင်းပယ် ပါတယ်။ သူ့နှုတ်ကပတ်တော်ကို တွေ့မြင်တဲ့အခါမှာ နှုတ်ကပတ်တော်က သူ့ထံကိုဘဲ ရောက်ရှိလာတာ ဖြစ်ပါတယ်။ ပရောဖက်က အရမ်းကိုတုန်လှုပ်ခြောက်ခြားသွားပါတယ်။ သူဘာပြောလဲဆိုတော့ ငါဗတ္တိဇံခံဘို့ လိုတယ်လို့ ဆိုပါတယ်။ ကိုယ် တော်ရှင် ဘာကြောင့်ကြွလာသလဲလို့ မေးပါတယ်။

ကိုယ်တော်ရှင်က ဘာပြောသလဲဆိုတော့ သတင်းစကားကို ကျွန်တော်တို့ သိတယ်။ သတင်းစကား ကျွန်တော်တို့ထံကို ရောက်လာတဲ့အခါမှာ ဖြောင့်မတ်ခြင်းအားလုံးပြည့်စုံလာမှာဖြစ်တယ်။ ငါကတော့ ယဇ်ပူဇော်ခံမှာ ဖြစ်ပါတယ်။ အပြစ်တွေအားလုံးကို လည်း ငါက ခံရမှာဖြစ်ပြီးတော့ အပြစ်တွေအားလုံးကို ဆေးကြောလိုက်မှာဖြစ်ပါတယ်။ သူက ဒုက္ခဝေဒနာတွေအားလုံးကို ခံစားရမှာ ဖြစ်ပါတယ်။

148 ၁၄၈။ ရေထဲကနေ သူထွက်လာတဲ့အခါမှာ သူဘာပြောသလဲဆိုတော့ ကောင်းကင်တံခါးဝတွေ ပွင့်နေတာကို ငါတွေ့တယ်။ ပရောဖက်ကလည်း မြင်ရပါတယ်။ ကောင်းကင်တံခါးတွေ ပွင့်နေတာကို သူတွေ့နေရပါတယ်။

ကောင်းကင်ကနေ ထွက်လာတဲ့ ဂျိုးငှက်ရဲ့ပုံသဏ္ဍာန်ဖြစ်ပြီးတော့ အသံတော်က ဘာပြောသလဲဆိုတော့ ဒီဟာကတော့ ကမ္ဘာ မြေကြီးရဲ့ ငါ့ရဲ့တစ်စိတ်တစ်ဒေသဖြစ်ပြီးတော့ ငါကယ်တင်ခဲ့ပြီး ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးထဲကနေ ကယ်တင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်တဲ့အရာတွေကို ငါကယ်တင်မှာ ဖြစ်ပါတယ်။ သူကတော့ ငါ့ရဲ့နှုတ်ကပတ်တော်ဖြစ်ပြီးတော့ ဖေါ်ပြခြင်းကို ခံရပါတယ်။ ကမ္ဘာလောကကြီးတစ်ခုလုံး ငါ့ရဲ့နှုတ်ကပတ်တော်အားဖြင့် ငါပြောဆိုတဲ့အခါမှာ ဖြစ်ပေါ်လာပါတယ်။ (ဟေဗြဲ ၁၁) စာတန်မာရ်နတ်က အဲဒီအချိန်တွေအားလုံးကို ချုပ်ကိုင်ထားပါတယ်။ ဒါပေမဲ့လည်း ငါက လာပြီးတော့ ကယ်တင်ပါတယ်။ သူ့ရဲ့ကိုယ်ခန္ဓာကို သူပြုပြင်ထား ပါတယ်။ ငါအဲဒီအထဲမှာ ကျိန်းဝပ်ဘို့ လာပါတယ်လို့ ဆိုပါတယ်။

149 ၁၄၉။ ယောဟန်က ဘာပြောလဲဆိုတော့ သန့်ရှင်းသောမြို့တော်ကို ငါတွေ့တယ်။ ယေရုရှလင်မြို့သစ် ကောင်းကင်ကနေ ထွက်ကြွတာကို ငါတွေ့တယ်။ သတို့သမီးဟာ သူ့ခင်ပွန်းသည်အတွက် ပြင်ထားတာမျိုးဖြစ်ပါတယ်။ ဘယ်နေရာမှာ အခြေချပါ သလဲ? ကမ္ဘာမြေ ကြီးပေါ်မှာဘဲ အခြေချပါတယ်။

ယေရှုကတော့ ဒီကမ္ဘာကြီးရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်က အဲဒီအပေါ်ကို ဆင်းသက်ပါတယ်။ က်ိုယ်တော်ရှင်အပေါ်မှာ ထာဝရကျိန်းဝပ်ပါတယ်။ ကိုယ်တော်ကို ခွဲခွာမသွားပါဘူး။ အမြဲတမ်း အဲဒီမှာ ရှိပါတယ်။ ဘုရားသခင်နဲ့

ကိုယ်တော်ရှင်ဟာ တစ်လုံးတစ်ဝတည်း ဖြစ်ပြီးတော့ အမြဲတမ်းဘဲ အဲဒီမှာ တည်ရှိနေပါတယ်။

ယောဟန်က သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်အသစ်ကို တွေ့ရပါတယ်။ သာမန်ကဲ့သို့ဘဲ ဆင်းသက်လာပါတယ်။ ဂျိုးငှက် ကဲ့သို့ ကောင်းကင်တံခါးပွင့်ပြီး ဆင်းသက်လာပါတယ်။ ကယ်တင်ခြင်းခံရသူများအပေါ် သက်ရောက်ပါတယ်။ ကမ္ဘာလောကကြီး တစ်ခုလုံး ဘာလုပ်ရမှာလဲ? ကိုယ်တော်ရှင်ပေးခဲ့တဲ့ ဒီကမ္ဘာလောကကြီးရဲ့ လက္ခဏာတွေအားလုံးကို ကြွေးကြော်ဘို့ဘဲဖြစ်ပါ တယ်။ ထာဝရကာလကို ကိုယ်စားပြုထားတဲ့ လူတိုင်းအတွက် အမျိုးသမီးတိုင်းအတွက် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကယ်တင် ခြင်း ရကြမှာဖြစ်ပါတယ်။ သူမကို မီးနဲ့ဆေးကြောပြီးတော့ လောင်ကျွမ်းစေမှာ ဖြစ်ပါတယ်။

ယေရှုကတော့ ပြင်းထန်စွာနဲ့ စုံစမ်းနှောက်ယှက်ခြင်းတွေကို တောထဲမှာ ခံရပါတယ်။ ရက်ပေါင်း(၄၀)တိုင်တိုင်ခံရပါတယ်။ အဲဒါပြီးတဲ့ နောက်ပိုင်းမှာ သူ့ရဲ့သာသနာပြုခြင်းအတွက် သူအဆင်သင့် ဖြစ်သွားပါတယ်။

150 ၁၅၀။ သန့်ရှင်းသောဝိညာဉ်တော်က ကမ္ဘာလောကကြီးကို ဆင်းသက်လာတဲ့အကြောင်းကို စဉ်းစားပါ။ သခင်ယေရှုနဲ့ သူ့ရဲ့သန့်ရှင်းတဲ့အသွေးတော်ဘဲ ဖြစ်ပါတယ်။ ယခုအခါမှာ ကြည့်ပါ။ အင်မတန်မှ နက်နဲတဲ့အထိ ကျွန်တော် မသွားပါဘူး။ သန့်ရှင်းတဲ့ အသွေးတော်ဟာ ဘုရားသခင်က ဖန်ဆင်းပါတယ်။ အသွေးနဲ့အသက်နဲ့ ဘုရားသခင် ဖန်ဆင်းခြင်းဖြစ်ပါတယ်။ ဘုရားသခင် ဖန်ဆင်းခြင်းရဲ့ အစအဦးကတော့ သခင်ယေရှုဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ဖန်ဆင်းတော်မူပါတယ်။ ကိုယ်တော်ရှင်က ဝိညာဉ်ဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူဟာ ဖန်ဆင်းခြင်းရဲ့ အစအဦးဘဲ ဖြစ်ပါတယ်။ သူဘယ်လို စတင်ပါသလဲ? မိန်းမရဲ့ သားအိမ် များအားဖြင့်ဘဲ ဖြစ်ပါတယ်။ ဘာဖြစ်ပါသလဲ?

မျက်မမြင်လူများကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ မြွေရဲ့မျိုးစေ့ကို မတွေ့မြင်ပါဘူး။ ဧဝကတော့ ဒီကမ္ဘာလောကကြီးထဲမှာထည့် သွင်းခြင်း ခံရပါတယ်။ စာတန်သူမကိုမတို့ထိလို့ဘဲဖြစ်ပါတယ်။ ဘုရားသခင်က သူတို့ကို ပြောပါတယ်။ မြောက်များစွာပွား များပြီးတော့ ကမ္ဘာလောကကြီးကို ပြည့်နှက်စေကြပါလို့ ဆိုပါတယ်။ စာတန်က ဝင်ရောက်လာပါတယ်။ အဲဒါက အာဒံရဲ့သားဖြစ် ခဲ့မယ်ဆိုရင် ...

ဘုရားသခင်ထံက တိုက်ရိုက်ဆင်းသက်လာပါတယ်။ သင်ကလည်း သင့်မိဘရဲ့ သဘာဝအတိုင်းဘဲ သင်ဖြစ်ပေါ်လာပါတယ်။

သင်အသစ် တစ်ဖန်မွေးဖွားလာတဲ့အခါမှာ မိဘရဲ့ သဘောသဘာဝကို သင်ယူဆောင်ပါတယ်။ ကောင်းကင်က သဘာဝမျိုးဘဲ ဖြစ်ပါတယ်။ ကောင်းကင်မှာရှိတဲ့ မိဘတွေကတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ ဒါမှမဟုတ် ရင်လည်း သင့်မိဘတွေရဲ့ သဘောစရိုက်လက္ခဏာဘဲ ဖြစ်ပါတယ်။ သင်မည်ကဲ့သို့ ငြင်းပယ်နိုင်မှာလဲ? ဂိုဏ်းဂဏတစ်ခုအတွက်မည်ကဲ့သို့ ငြင်းပယ်နိုင်မှာလဲ? ဒီအကြောင်းအရာကို သင်ဘယ်လိုမှ လွဲမသွားနိုင်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒါက တော့ ဘုရားသခင် ထံကဘဲဖြစ်ပါတယ်။

151 ၁၅၁။ သခင်ယေရှုကြွလာတော်မူပါတယ်။ ဆင်းသက်တော်မူပါတယ်။ သခင်ယေရှုဟာ ဘုရားသခင်ရဲ့ဂုဏ်အင်္ဂါ လက္ခဏာ တော်ဘဲ ဖြစ်ပါတယ်။

မိန်းမလို့ ဆိုတဲ့အခါမှာ ဘုရားသခင် ဘာပြောလဲဆိုတာကို ကြည့်ပါ။ သူတို့ ဒါကို ပြုလုပ်တဲ့အတွက်ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ မျိုးစေ့နဲ့မြွေရဲ့ မျိုးစေ့ကြားမှာ ရန်ဖြစ်စေမယ်။ ရန်ကိုဖြစ်စေမယ်လို့ ဆိုပါတယ်။ အဲဒါမှန်ပါသလား¿ အမျိုးသမီးကတော့ သူ့မှာမျိုးစေ့ ဘာမှ မရှိပါဘူး။ အဲဒါကိုသင်စဉ်းစားမိပါသလား¿ သူမကတော့ကွင်းဘဲဖြစ်ပါတယ်။မျိုးစေ့မဟုတ်ပါဘူး။မြွေကတော့ သူ့ရဲ့မျိုးစေ့ကို အဲဒီထဲမှာ ထည့်လိုက်ပါတယ်။

အမျိုးသမီးမှာ မျိုးစေ့မရှိဘူးဆိုရင် သူမဟာ မျိုးစေ့ရဘို့အတွက် ရှင်သန်ရမှာ ဖြစ်ပါတယ်။

152 ၁၅၂။ လိင်ဆက်ဆံမှုအားဖြင့် စာတန်မာရ်နတ်တည်းဟူသော မြွေထံမှ အဲဒီမြွေကတော့ တွားသွားသတ္တဝါ မဟုတ်ပါဘူး။ သူ့မှာ ခြေထောက်များရှိပါတယ်။ သူ့ရဲ့ခြေထောက်များက သူ့ထံက ထွက်လာပြီး သူဟာအလိမ်မာဆုံး သတ္တဝါဖြစ်ပါတယ်။ သူဟာ မိန်းမနဲ့ပေါင်း စပ်ဘို့အတွက် တစ်ခုတည်းသော သတ္တဝါဘဲဖြစ်ပါတယ်။

ဒီသတ္တဝါရဲ့မျိုးစေ့က အခုအလုပ်မဖြစ်ပါဘူး။ သူတို့ကြိုးစားပါတယ်။ အလုပ်မဖြစ်ပါဘူး။ လူဝယောက်ျားရဲ့ အသက်မျိုးစေ့ကတော့ လူမိန်းမထဲကို ဝင်မှာမဟုတ်ပါဘူး။ မဖြစ်နိုင်ပါဘူး။

153 ၁၅၃။ ဒါပေမဲ့လည်း အဲဒါကတော့ အနီးစပ်ဆုံးအရာ ဖြစ်ပါတယ်။ သူတို့ကတော့ ဒီလူနဲ့ လူဝံကြားမှာ ရှိနေတဲ့မျိုးစေ့ကို သူတို့ ရှာလို့ မတွေ့ပါဘူး။ တစ်ယောက်စီကို ကြည့်ပါ။ သေသေချာချာ ပြန်လည်ပြီးကြည့်ပါ။ ငှက်တွေကနေ မျောက်တွေအထိ ဖြစ်ပါ တယ်။ လူဝံ တွေအထိဖြစ်ပါတယ်။ ဒီအချိန်မှာ ပျောက်ဆုံးခြင်းရှိပါတယ်။ အဲဒါကတော့ မြွေဖြစ်ပါတယ်။ မြွေရဲ့ပုံစံကတော့ သူ့ထံကနေပြီး ပျောက် ဆုံးမသွားပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ကို ကျိန်ဆိုလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူ့ရဲ့ပုံသဏ္ဌာန်အစစ်အမှန်က ပျောက်ဆုံးသွားခြင်း ဖြစ်ပါတယ်။

ဘုရားသခင်က အာဒံကို မကျိန်ဆဲပါ။ သူထိုကဲ့သို့ပင် ပြုလုပ်ပါတယ်။ မြေကြီးကို ကျိန်ဆဲခြင်းဖြစ်ပါတယ်။ ဆူးပင်နဲ့ပေါင်း ပင်တွေ ပေါက်ရောက်ဘို့ဘဲဖြစ်ပါတယ်။

ဧဝကိုလည်း မကျိန်ဆဲပါဘူး။ ဒါပေမဲ့လည်း အာဒံက သူမကို သြဇာလွှမ်းမိုးမယ်လို့ ဆိုပါတယ်။ အခုအချိန်ကစပြီး သူမက ဘာမှ တရားဟောဘို့တွေ၊ ဘာကိုမှ လုပ်လို့မရတော့ပါဘူး။ အာဒံက သူမကို သြဇာလွှမ်းမိုးနေပါတယ်။ သင့်ရဲ့အသက်တာတစ် လျှောက်လုံးမှာ ဝမ်းနည်းကြေကွဲစွာနဲ့ဘဲ ဒီကမ္ဘာလောကကြီးပေါ်ကို သင့်ရဲ့အသက်တာကို သင်ယူဆောင်ရမယ်လို့ဆိုပါတယ်။ သို့သော်လည်း

သူပြောတာကတော့ သင်နဲ့သင့်မျိုးနွယ်ကြားမှာ ရန်ကိုဖြစ်စေမယ်၊ တစ်ယောက်နဲ့တစ်ယောက် မတည့်ဘဲဖြစ် မယ်။ အဲလိုမျိုး ဖြစ်စေမယ်လို့ ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။

သူမမှာ ဘာမျိုးစေ့မှ မရှိပါဘူး။ သူမမှာ မရှိလည်း မရှိခဲ့ပါဘူး။ တစ်နည်းတစ်လမ်းအားဖြင့်သာ သူမက မျိုးစေ့ကို လက်ခံယူ ရမှာဖြစ်ပါတယ်။ သူမကို ဘုရားသခင်က မျိုးစေ့ပေးမယ်။ လိင်ဆက်ဆံမှုအားဖြင့် မဟုတ်ပါဘူး။ ဖန်ဆင်းခြင်းအားဖြင့်ဘဲ ဖြစ်ပါ တယ်။

အဲဒါဟာ မျိုးစေ့ဖြစ်တယ်လို့ လူတွေကို မမြင်ရအောင် သင်မလုပ်နိုင်ပေဘူးလား¿ စာတန်ရဲ့မျိုးစေ့ဖြစ်တယ်ဆိုတာကိုလူတွေ မမြင်တွေ့ကြပါဘူး။ အာဒံထက်စောပြီးစာတန်က အဲဒီနေရာကို ရောက်သွားပါတယ်။ အဲဒီနေရာမှာ မျိုးစေ့ဖြစ်လာပါတယ်။

ဒါပေမဲ့လည်း သူမက မျိုးစေ့ကို လက်ခံလိုက်ပါတယ်။ အဲဒါဘာလဲ¿ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ပါတယ်။ သူဟာ ဘုရား သခင်ဖန်ဆင်းခြင်းရဲ့ အစအဦးဘဲဖြစ်ပါတယ်။

154 ၁၅၄။ ရှေသဘယ်လို မွေးဖွားလာသလဲဆိုတာကိုကြည့်ပါ။ ဒါမှမဟုတ် အာဗေလကိုဘဲကြည့်ပါ။ သူဟာ ဖြောင့်မတ်တဲ့သူဘဲ ဖြစ်ပါ တယ်။ သူ့ဖခင်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ ရှေသလည်း ထိုနည်းအတိုင်းဘဲဖြစ်ပါတယ်။

ဒီဆိုးယုတ်တဲ့သူက ဘယ်ကနေ လာပါသလဲ¿လူသတ်သမား၊ လှည့်ဖျားသူ ဘယ်က လာပါသလဲ¿ဘယ်ကလာသလဲဆိုတာကို ကြည့်ပါ။ အဲဒါမျိုးစေ့ဘဲဖြစ်ရပါမယ်။ ဘာကြောင့်လဲဆိုတော့ သူက မျိုးစေ့ဖြစ်ခဲ့လို့ ဖြစ်ပါတယ်။ ကာဣနကတော့ လူသားတစ်ဦး ဖြစ်ပါတယ်။

လူသားတွေကို မျက်စိကွယ်သွားအောင် ဘယ်လိုလုပ်လိုက်ပါသလဲ? ဘယ်နေရာမှာ လုပ်လိုက်ပါသလဲ? ဒီလောကရဲ့ဘုရားက သူတို့ကို မျက်စိကွယ်စေခြင်းဘဲဖြစ်ပါတယ်။ သခင်ယေရှုက ဘယ်သူမှ မမြင်မတွေ့ရဘဲ ဖြစ်မယ်လို့ဆိုထားပါတယ်။ ဘာကြောင့် သူတို့မမြင်ရသလဲလို့ သင်ကမေးကောင်းမေးပါမယ်။

သခင်ယေရှု တစ်ချိန်က သူ့ရဲ့တပည့်တော်တွေကို ပြောခဲ့ပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ကို သိဘို့ရန်အတွက် သင်တို့အား ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့က သိရမှာ မဟုတ်ပါဘူး။

155 ၁၅၅။ အဲဒီအကြောင်းကြောင့်မိုင်ရာပေါင်း(၁၅၀) စတုရန်းအတွင်းမှာရှိနေတဲ့အရာ နိုင်ငံတော်ကို သင်တို့အားပေးလိုက်ပါတယ်။ အာဖရိကက လာတဲ့သူတွေလည်း ပါပါတယ်။ ဒီနောက်ကျနေတဲ့အချိန်မှာ သတို့သမီးကတော့ ကောင်းကင်နိုင်ငံကို တက်ဘို့အတွက် နိုင်ငံတော်ကို ဝင်စားဘိုအတွက် ပြုလုပ်ခြင်းခံရပါတယ်။ ကျွန်တော် အချိန်မရတော့ပါဘူး။ ဒါပေမဲ့လည်း ဆက်ပြောပါအုန်းမယ်။

မြွေရဲ့မျိုးစေ့ကို သင်တွေ့ရပါသလား? သူဘယ်လိုလုပ်ခဲ့ပါသလဲ? အဲဒါကတော့ အပြစ်အနာအဆာ ကင်းမဲ့ပါတယ်။ သူတို့ တစ်ချို့သောသူတွေက ပြောကြပါတယ်။

ဟိုတစ်နေ့က တူလ်စန်မှာရောက်နေတဲ့ အဲဒီလူလိုဘဲ ဖြစ်ပါတယ်။ သူလည်း ဒီတိတ်ခွေကို နားထောင်နေမှာဖြစ်ပါတယ်။ အဲဒီလူက အမျိုးသားဖြစ်မယ်ဆိုရင် သင့်ကို ကျွန်တော်တစ်ခုခု ပြောချင်ပါတယ်။

ဇဝကပြောတယ်လို့ သူကဆိုမယ်ဆိုရင် အခုသူတို့ ဘာဆိုလိုသလဲဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ထံမှ သားကို ငါရပြီ။ ဒါမှမဟုတ် ဘုရားသခင်ထံမှ လူသားကိုရပြီ။ ဘာကြောင့်လဲ¿ တစ်ကယ်ဘဲဖြစ်ပါတယ်။ ဘုရားသခင်ထံမှာ နိယာမတရားရှိလို့ပါဘဲ။

156 ၁၅၆။ သင်က မျိုးစေ့ဖြစ်ဖြစ်၊ အပင်ဖြစ်ဖြစ်၊ လယ်ကွင်းက ယူမယ်ဆိုရင်၊ အဲဒီမှာ ဂျုံပင်ဖြစ်မယ်ဆိုရင် သင်က တစ်ခြားပေါင်းပင် တွေကို အဲဒီမှာ ဂျုံပင်တွေနဲ့ရောပြီးတော့ စိုက်လိုက်မယ်ဆိုရင် နေနဲ့မိုးက အစေ့တွေကို အပင်ထွက်ပေါ်လာစေမှာ ဖြစ်ပါတယ်။ ဘုရား သခင်ထံမှာ ပညတ်တရား ရှိပါတယ်။ နိယာမတရားရှိပါတယ်။ အဲဒီ နိယာမတရားကတော့ ဘယ်လိုမှ ချိုးဖျက်လို့ မရပါဘူး။

မြို့ထဲမှာ အလှပဆုံး ပြင်ဆင်ထားတဲ့ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ လက်မထပ်ရသေးတဲ့သူဖြစ်စေ၊ ဘာဘဲဖြစ်ဖြစ် သူတို့ အတူတကွနေထိုင်ပြီးတော့ ကလေးမွေးမယ်ဆိုရင် ဘုရားသခင်ရဲ့နိယာမအတိုင်း ဒီကလေးငယ် ဖြစ်လာရပါမယ်။ တစ်ခြားနည်း လမ်းမရှိပါဘူး။ အဲလိုမဟုတ်ဘူးဆိုရင် စာတန်ကို ဖန်ဆင်းရှင်အဖြစ် သင်က ပြုလုပ်ပြီး ဖြစ်ပါတယ်။ သူက ဘုရားဖြစ်လာမှာဖြစ်ပါ တယ်။ သင်မည်မျှ မျက်စိကွယ်နေပါသလဲ¿ ဘုရားသခင်ရဲ့ပညတ်တော်တရားကို ကြည့်ပါ။ သင့်မှာ ကလေးရှိတယ်ဆိုရင် ဇသောလား၊ ယာကုပ်လား၊ ဘယ်သူဘဲဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ပါဘူး။ ဒါမှမဟုတ်ရင်လည်း ကံမကောင်းတဲ့သူ တစ်ယောက်ဘဲ ဖြစ်ပါစေ၊ ယုဒရှကာယုတ်ဘဲဖြစ်ပါစေ၊ ဘုရားသခင်အားဖြင့်ဘဲရမှာ ဖြစ်ပါတယ်။ ဘုရားသခင်မှာ နိယာမတရား ရှိပါတယ်။

157 ၁၅၇။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ နေကဖြောင့်မတ်သောသူရော မဖြောင့်မတ်သောသူအပေါ်မှာ နေရောင်ခြည် ရောက်လာ ပါတယ်။ မိုးကလည်း ဖြောင့်မတ်သောသူအပေါ်မှာရော၊ မဖြောင့်မတ်သောသူအပေါ်မှာ မိုးရွာချပါတယ်။ (ဟေဗြဲ ၆)မှာ ဆိုထားတဲ့ အတိုင်းဘဲ မိုးရေက ကမ္ဘာလောကကြီးအပေါ်မှာ ကျပြီးတော့ ရေလောင်းပေးပါတယ်။ ဆက်လက်ပြီးတော့ သင်အသက်ရှင်နေထိုင်ဘို့ အတွက် ကမ္ဘာလောကကြီးကို အလှဆင်ပေးပါတယ်။ ဒါပေမဲ့လည်း ပေါင်းပင်တွေ၊ ဆူးပင်တွေက အဲဒီရေတွေကို ပေါက်ပြီးတော့ အဲဒီ နေရောင်ခြည်ကိုရရှိပြီးတော့ အတူတကွကြီးပြင်းလာပါတယ်။ အဲဒါက ဘုရားသခင်ရဲ့ နိယာမတရားဘဲ ဖြစ်ပါတယ်။ မျိုးစေ့တွေအား လုံးကို မှည့်ဝင်းလာစေပြီး မျိုးစေ့တိုင်း မိမိကိုယ်ကို မိမိဖော်ထွက်လာစေပါတယ်။

မြွေရဲ့မျိုးစေ့ကို ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ကို ဘယ်တော့မှ အတားအဆီး မထားပါဘူး။ ကိုယ်တော်ရှင်ရဲ့ ပြည့်စုံတဲ့ အကြံအစည်ကို ပြည့်ဝစေပါတယ်။ ကိုယ်တော်ရှင်ကို ကယ်တင်ရှင် ဖြစ်စေပါတယ်။ ဝိညာဉ်မျက်စိ ကွယ်တဲ့သူတွေ နဲ့လည်း အဲဒါကို မြင်နိုင်မှာ ဖြစ်ပါတယ်။ ဖုံးကွယ်မထားဘူးဆိုရင် မြင်ရမှာ ဖြစ်ပါတယ်။ ဒီလောကရဲ့ ဘုရားဖြစ်ပါတယ်။ သင့်ထံက ဖုံးကွယ် ထားခြင်းဘဲ ဖြစ်ပါတယ်။

ဘယ်သူဘဲဖြစ်ဖြစ် ရှင်းရှင်းလင်းလင်းကို မြင်ရမှာဖြစ်ပါတယ်။ မြွေရဲ့မျိုးစေ့ အဲဒီမှာ ရှိနေပါတယ်။ သခင် ယေရှုကတော့ ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်း အစအဦးဘဲဖြစ်ပါတယ်။

158 ၁၅၈။ အခုအခါမှာ မိန်းမက ဘာလုပ်ပါသလဲ? အမျိုးသားထံကနေပြီး ပိုးကို ရရှိတဲ့အခါမှာ အဲဒါကို ငြင်းပယ်ပါသလား? အမျိုး သမီးထံမှာ မရှိပါဘူး။ သူ့မှာ ဥဘဲရှိပါတယ်။ အဲဒါကတော့ လယ်ကွင်းဘဲဖြစ်ပါတယ်။

သင်ဟာ ကွင်းကို ယူလိုက်ပြီးတော့ ထွန်ယက်လိုက်တယ်ဆိုရင် အဲဒီအပေါ်မှာ ပိုးမွှားတွေသေအောင် ဆေးဖြန်းလိုက်တယ်။ အဲဒီမှာရှိတဲ့ ရောဂါပိုးတွေအားလုံးကို ဖြန်းလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဘာအပင်မှ မြက်ပင်ကလေးတစ်ပင်တောင် မပေါက်နိုင်ပါ ဘူး။ နောက်ပြီးတော့ သင်ကတစ်ဖန်ပြန်ပြီးတော့ ဓါတ်မြေသြဇာထည့်ပါတယ်။ ကောင်းတဲ့အစေ့တွေကို စိုက်ပျိုးပါတယ်။ ရန်သူရောက်လာ တဲ့အခါမှာ တစ်ခြားအစေ့တွေကို စိုက်ပျိုးတယ်ဆိုရင် ဘုရားသခင်ရဲ့နိယာမအတိုင်းဘဲ အစေ့တွေအားလုံးဟာ မှည့်ဝင်းလာမှာ ဖြစ်ပါတယ်။

ဘုရားသခင်ကတော့ အဲဒါအတွက် မရည်ရွယ်ပါဘူး။ ဒါပေမဲ့လည်း ဘာဖြစ်ပါသလဲ?

159 ၁၅၉။ အဖိုထံကနေပြီးတော့ ပိုးကနေ ဟီမိုကလိုဘင်ကို ယူဆောင်ပါတယ်။ အဲဒါကတော့ အသွေးဘဲ ဖြစ်ပါတယ်။ အဲဒီအသွေး ထဲမှာအသက်ရှိပါတယ်။ တိရိစ္ဆာန်လေးတွေကို မျိုးစပ်တဲ့အခါမှာ အဲလိုမျိုးအရာတွေကို ကျွန်တော် တွေ့ခဲ့ဘူးပါတယ်။ ဘရာသာရှခါးရီးယန်းနဲ့ကျွန်တော် အဲဒါကို ကြည့်ခဲ့ဘူးပါတယ်။ ဆရာဝန်တွေလည်း အဲလိုလုပ်ပါတယ်။ ဓါတုဗေဒပညာရှင် တွေလည်း ဘယ်လိုလုပ်ခဲ့သလဲဆို တာ ကျွန်တော် ကြည့်ခဲ့ပါတယ်။ အဲဒီအခါမှာ အမထံကနေပြီး မျိုးဥရရှိပါတယ်။ အဲဒါကတော့ ဥကလေးတွေဘဲဖြစ်ပါတယ်။ အဖိုထံမှ ပိုးကိုရရှိပြီးတော့ အဲဒါကတော့ ပိုးအုပ်စု တစ်စုဘဲဖြစ်ပါတယ်။

အဲဒီအထဲမှာ ပိုးတွေအတော်များများ မရှိပါဘူး။ အဲဒါကတော့ လူလုပ်တဲ့အရာဘဲဖြစ်ပါတယ်။ အဲဒီအားဖြင့် သူမက ရရှိပါတယ်။ သူမကတော့ လယ်ကွင်းကဲ့သို့ဘဲဖြစ်ပါတယ်။ ဥဖြစ်ပါတယ်။ ဒီအသက်တာကို ဒီမြေပြင်ပေါ်မှာ ဥချပေးပြီးတော့ မြေသြဇာ ချထားပေးခြင်းဘဲ ဖြစ်ပါတယ်။ ဒီအသက်တာကို ဆက်လက်ပြီးတော့ လှုပ်ရှားပြီးတော့ တွားသွားပါတယ်။ အင်မတန် နက်နဲတဲ့အရာ ဘဲဖြစ်ပါတယ်။

160 ၁၆၀။ ပထမဆုံးအရာကတော့ သူတို့နဲ့တွေ့တဲ့အခါမှာ ကျန်တဲ့အရာတွေအားလုံး သေဆုံးသွားရပါတယ်။ အဲဒါကို ဘယ်လိုဆုံး ဖြတ်ပါသလဲ? ပထမဆုံးအရာက ဆုံးဖြတ်ခြင်းဘဲ ဖြစ်ပါတယ်။ အရှေ့ဆုံးက အရာဘဲဖြစ်ပါတယ်။ အရှေ့ဆုံးကဥဘဲဖြစ်ပါတယ်။ ပထမဆုံးပိုး ဘဲဖြစ်ပါတယ်။ ဟုတ်ပါသလား¿ မဟုတ်ပါဘူး။

ဥတစ်ဥဘဲ ဖြစ်ပါတယ်။ ဟိုးအနောက်ကဘဲဖြစ်ပါတယ်။ ဒါမှမဟုတ် အလယ်ကဘဲ ဖြစ်ပါတယ်။ တစ်ခုခု ပေါ်ထွက်လာပြီးတော့ ဆုံတွေ့ကြမှာ ဖြစ်ပါတယ်။ ခေါင်းအနီဘဲဖြစ်ဖြစ် ခေါင်းအမဲဘဲဖြစ်ဖြစ် ဘယ်လိုဘဲဖြစ်ဖြစ် သူက အင်မတန် စူးစမ်းလေ့လာပြီးမှ ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ ကြီးတာလည်း ဖြစ်ပါတယ်။ သေးတာလည်း ဖြစ်နိုင်ပါတယ်။ မိန်းကလေးလည်း ဖြစ်နိုင်တယ်။ ယောကျ်ားလေးလည်း ဖြစ်နိုင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ သင်ဘာမှ မလုပ်နိုင်ပါဘူး။ အလုပ်မဖြစ်ပါဘူး။ သူတို့ကို ရေယုက် လိုက်ဘို့ဘဲ ဖြစ်ပါတယ်။ ဘာမှ ကွာခြားလာမှာ မဟုတ်ပါဘူးလို့ ဆုံးဖြတ်ပါတယ်။ မကြာခင်အချိန်မှာ ပိုးလေးတစ်ခု ပေါ်ထွက်လာပြီးတော့ အဲဒီကွင်းထဲမှာ တွားသွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ဥကလေးဘဲ ဖြစ်ပါတယ်။ အမြီးကလေးရှိပါတယ်။ ကူးခတ်သွားလာပါတယ်။ နောက်ပြီးတော့မှ တစ်ဖြည်းဖြည်း ကလေးငယ်ရဲ့ ကျောရိုးကလေးပေါ်ထွက်လာပါတယ်။

161 ၁၆၁။ သူမက ဘာဖြစ်ပါသလဲ? သူမမှာ မျိုးစေ့မရှိပါဘူး။ မျိုးစေ့ကို လက်ခံဘို့ လယ်ကွင်းဘဲရှိပါတယ်။

ရန်သူက ထွက်သွားပါတယ်။ ကောင်းသောမျိုးကြဲသူ ထွက်သွားပါတယ်။ သူက မျိုးစေ့တို့ကို ကြဲချလိုက်ပါတယ်။ သူ့နောက်က နေပြီးတော့ ရန်သူလိုက်လာပါတယ်။ မကောင်းတဲ့မျိုးစေ့တွေကို ကြဲချလိုက်ပါတယ်။ မိုးရွာချလိုက်တဲ့အခါမှာ ဖြောင့်မတ်သူရော၊ မဖြောင့်မတ်သူအပေါ်မှာ မိုးရေကျပြီးတော့ နေလည်း သူတို့အပေါ်မှာ ကျပါတယ်။ အားလုံးဟာ ဆက်လက်ကြီးထွားပြီးတော့ လာတာ ဖြစ်ပါတယ်။

သခင်ယေရှု မိန့်တော်မူတာကတော့ သူတို့အတူတကွ ကြီးထွားလာပါစေ။ တစ်နေ့သောအခါမှာ သူတို့ကို စုစည်းပြီးတော့ ပေါင်းပင်တွေ မြက်ပင်တွေနဲ့ ဂျုံပင်တွေကို သီးခြားခွဲပြီး စည်းထားမှာ ဖြစ်ပါတယ်။ သူတို့အခု စုစည်းလျှက်ရှိပါတယ်။ အင်မတန်ကြီးမားတဲ့ အဖွဲ့အစည်းကြီးတွေ ဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ အသင်းတော်၊ ကမ္ဘာ့အသင်းတော်များကောင်စီများ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ဘယ်လိုအဆုံးသတ်မှာလဲ¿ မီးလောင်ဖျက်ဆီးပစ်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မျိုးစေ့ကိုတော့ စပါးကျီထဲမှာ စုသွင်းထားရမှာ ဖြစ်ပါတယ်။ သူတို့အသက်ရှင်တာကတော့ အလားတူအရာ တစ်ခုတည်းအားဖြင့်ဘဲဖြစ်ပါတယ်။ ရေ၊ မိုးရေစသည် တို့နဲ့ဘဲ တူညီတဲ့အရာအားဖြင့်ဘဲ အသက်ရှင်လျှက်ရှိပါတယ်။

162 ၁၆၂။ ချဉ်သီးပင်ကိုကြည့်မယ်ဆိုရင် ဥပမာ-လိမ္မော်သီးပင်ဘဲ ဖြစ်ပါတယ်။ လိမ္မော်သီးပင်က အသီးသီးမှာ ဖြစ်ပါတယ်။ နောက်ပြီး တော့ လိမ္မော်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ လိမ္မော်သီးကို ရေယုက်ပေးမှာ ဖြစ်ပါတယ်။ ကိုင်းကူးပေးမှာ ဖြစ်ပါတယ်။ သဖန်းသီးနဲ့ ကိုင်းကူးမှာ ဖြစ်ပါတယ်။ နောက်တော့ အဲဒီအချိန်မှာ သံပယိုသီး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်လည်း စပျစ်သီးပေါ်ထွက် လာမှာ ဖြစ်ပါတယ်။ လိမ္မော်သီးတော့ မသီးတော့ပါဘူး။ လိမ္မော်သီးပင်ပေါ်ကနေ အသက်ရှင်ပြီးတော့ အတူအသက်တာမျိုးကို ပေါ် ထွက်လာစေခြင်းဘဲဖြစ်ပါတယ်။

ဂိုဏ်းဂဏများအားလုံးကလည်း စပျစ်နွယ်ပင်ထဲကို ထိုးသွင်းခြင်း ခံရမှာ ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့ ခရစ်ယာန်များလို့ ပြောရင် အဲဒီအတိုင်း သူတို့ အသက်ရှင်ရမှာ ဖြစ်ပါတယ်။ ကယာဖလည်း ထိုကဲ့သို့ ဖြစ်ပါတယ်။ သူဟာ ဘာဖြစ်ပါသလဲ¿ ဒါတောင်မှသူ ပရောဖက်ပြုခဲ့ပါတယ်။ အဲဒီ ပရောဖက်ပြုချက်အားဖြင့် သူတို့ အသက်ရှင်ခဲ့ပါတယ်။

ကျွန်တော်တို့ ရက်သတ္တပတ်အချိန်ရမယ်ဆိုရင် ဒီအရာကို တစ်ခါပြန်ပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။ ပိုမိုပြီးတော့ ရှင်းရှင်းလင်းလင်း ရှိအောင် ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ရှောင်ရှားလို့ မရပါဘူး။ ဒါပေမဲ့လည်း တစ်ချို့အရာတွေကို ကျွန်တော်က ဖယ်ရှားပစ်လိုက်မှာ ဖြစ်ပါတယ်။

163 ၁၆၃။ အခုကြည့်ပါ။ သူတို့လက်တွေကတော့ အင်မတန် ချစ်ခင်မြတ်နိုးတဲ့ သတို့သမီးအတွက် ဒီဇိုင်းဆင်ထား တဲ့လက်ဘဲဖြစ်ပါ တယ်။ သူ့ရဲ့သတို့သမီးကို သူအင်မတန်ချစ်ခင်တဲ့ ဒီဇိုင်းဘဲ ဖြစ်ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်က သခင်ယေရှုအပေါ်မှာ သက်ရောက်တာ ဖြစ်ပါတယ်။ သခင်ယေရှုကတော့ ကမ္ဘာလောကကြီးရဲ့ တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲ¿ ဘုရားသခင်ရဲ့သိုးဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အသက်တာဖြစ်ပါတယ်။ မိန်းမရဲ့ သားအိမ်ထဲမှာ နေထိုင်ခွင့်ရပါတယ်။ အဲဒါကတော့ ကမ္ဘာလောကကြီးဘဲ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘုရားသခင်၏ အသက်တာဝင်ရောက်လာပါတယ်။ ကိုယ်တော်ရှင်ဟာ ဖန်ဆင်းခြင်းရဲ့အစအဦးဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အသွေးတော် ကတော့ အဲဒီရောဂါပိုးအားဖြင့်ဘဲ ရောက်လာပါတယ်။ အသွေးတော်ကို ကားတိုင်ပေါ်မှာ သွန်းလောင်းခဲ့ပါတယ်။ ကမ္ဘာလော ကကြီးပေါ်မှာ ကျရောက်လာပါတယ်။ ဘာအတွက်လဲ? ကမ္ဘာလောကကြီးကို ကယ်တင်ရန်အတွက်ဘဲ ဖြစ်ပါတယ်။ ဖြောင့်မတ်ရာကို ရောက်စေပါတယ်။ သန့်ရှင်းစင် ကြယ်စေပါတယ်။ ရွေးနုတ်ခြင်းနဲ့ ကယ်တင်ခြင်းရှိပါတယ်။ မီးအားဖြင့် ဗတ္တိဇံကို ခံရပါတယ်။ သခင်ယေရှုနဲ့ သူ့ရဲ့သတို့သမီးကို သန့် ရှင်းစင်ကြယ်စေပါတယ်။ ဒီကမ္ဘာလောကကြီးကနေပြီး ဆွဲထုတ်ယူသွားရတဲ့ အစိတ်အပိုင်းတွေမှာ သင်လည်း ပါဝင်ပါတယ်။ ကမ္ဘာလောကကြီးဖြစ် တယ်။ သင်ဟာကမ္ဘာလောကကြီးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ သင့်ရဲ့ကိုယ်ခန္ဓာ၊ သင့်ရဲ့ဝိညာဉ်တွေကတော့ ဘုရားသခင်ရဲ့အ စိတ်အပိုင်းတွေ ဘုရားသခင်ရဲ့ကိုယ်ခန္ဓာတွေဘဲ ဖြစ်ပါတယ်။ ကိုယ်ခန္ဓာထဲမှာ ဖေါ်ပြခြင်းခံရပါတယ်။ ကိုယ်ခန္ဓာထဲမှာ ကယ်တင်ခြင်း ခံရမဲ့ ကိုယ်ခန္ဓာဘဲ ဖြစ်ပါတယ်။

အခုအခါမှာ ဝိညာဉ်က ကယ်တင်ခြင်းရပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြစ်ထဲမှာ နစ်နေလို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဆင်းသက်လာပြီးတော့ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံအားဖြင့် အဆင့်ဆင့် ဘုရားသခင်ဆင်းသက်လာပြီးတော့ သင့်ရဲ့ဝိညာဉ်ကို ကယ်တင်ပါတယ်။

164 ၁၆၄။ သင်ဟာ ကမ္ဘာလောကကြီးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရရှိမှာ ဖြစ်ပါတယ်။ သင်ဟာလည်း ဒီအဆင့် ဆင့်ဆင့်ကဲဖြစ်စဉ်တွေမှာ ပါပါတယ်။ ဆက်လက်ပြီးတော့ ကြီးထွားနေပါတယ်။ သင့်ရဲ့ ကိုယ်ခန္ဓာကတော့ နောဧရဲ့ ဗတ္တိဇံအောက်မှာ စီရင်ခြင်းခံရပါတယ်။ အာမင်။ သင့်ရဲ့ဇာတိကို အဲဒီမှာ ချလိုက်တဲ့အခါမှာ ကမ္ဘာလောကကြီးက မီးအားဖြင့် ဆေးကြောခြင်းခံရပါတယ်။ သင်နေထိုင်ရမဲ့ နေရာဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံအားဖြင့် ခရစ်တော်အတွက် ကျိန်းဝပ်ရန်နေရာဖြစ်ပြီးတော့ သူ့ရဲ့သတို့သမီး ယေရုရှလင်မြို့သစ်ဘဲ ဖြစ်ပါတယ်။

165 ၁၆၅။ ဤမြို့တော်ကို စောင့်ကြည့်ရအောင်။ ကမ္ဘာမြေကြီး၊ နေထိုင်စရာအိမ်များကို မြေကြီးမှ ရွေ့ပစ်လိုက်မည်။ ယခုသင်သည် ငါပြောသည့်အတိုင်း မြေလွှင်ပြင်ကို မြင်ရလိမ့်မည်။ ဤအရာအားလုံးသည် ပြောင်းလဲမည်။ ကမ္ဘာမြေကြီးလည်း ပြောင်းလဲသည်။ ၎င်းကဲ့သို့ ဖြစ်ဘို့ ၎င်းတို့ မတတ်နိုင်ပါ။ ၎င်းအသင်းတော်ကို မတတ်နိုင်။ (သို့) လောကကြီးသည်ဖြောင့်မတ်အောင်မသွားနိုင်ပါ။ ..... နှစ်(၁၀၀၀)ကာလ ဖြစ်ပြီးမှ သူမပါလျှင် မပြောင်းလဲနိုင်ပါ။ မြင်လား? ယင်းကဲ့သို့ နေရာပြောင်းမည်။ ၎င်းသည် ပြောင်းလဲဘို့ ဖြစ်သည်။

ကိုယ်တော်ရှင်ရဲ့ သန့်ရှင်းသောမီးအားဖြင့် ကျွန်ုပ်တို့ပြောင်းလဲဘို့ လိုအပ်ပါတယ်။ ကျွန်ုပ်တို့အထဲမှာ အဲဒီအခြေအနေနဲ့ ကိုယ်တော်ရှင်အတွက် နေရာကို ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ သန့်ရှင်းသောဝိညာဉ်တော်ဘဲ ဖြစ်ပါတယ်။

166 ၁၆၆။ ယခု သတိပြုကြည့်ပါ။ ကမ္ဘာအသစ်ထဲမှာ နေစရာနေရာတွေ အများကြီးရှိပါတယ်။ နေရာတွေ အများကြီးရှိပါတယ်။ ပြန်လည်ပြီးတော့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ မီးအားဖြင့်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်သောအခါမှ ပင်လယ်တွေ မရှိတော့ပါ ဘူး။ မြို့တော်က (၁၅၀၀)မိုင်ပတ်လည်ရှိပါတယ်။

ဒီအတိုင်းအတာတွေကို ကျွန်တော်တို့ တိုင်းတာနေတဲ့အခါမှာ သေချာနားထောင်ပါ။ ကျွန်တော် ဒီကျောက်သင်ပုန်းကို ဖျက် ချင်ပါတယ်။ ဘရာသာဗရမ်ဟမ်က ပထမဆုံးဆွဲထားတဲ့ပုံတွေကို ဖျက်လိုက်ပါတယ်။

ဘုရားသခင်ထံမှ နက်နဲတဲ့နှုတ်ကပတ်တော် ဒီနေရာမှာ ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ရပ်နားမှာ ဖြစ်ပါတယ်။ ကျန်တဲ့အရာတွေကိုရော ကိုယ်တော်ရှင်ရဲ့အလိုတော်နဲ့ညီရင် ထပ်ပြီးတော့ ဆွဲမှာဖြစ်ပါတယ်။

167 ၁၆၇။ ဗျာဒိတ်ကျမ်းကို ဖွင့်ကြည့်ပါ။ ကုဗပေတွေ၊ ဖာလုံတွေအားဖြင့်တိုင်းတာရတာ ဖြစ်ပါတယ်။ အခုအခါမှာ အဲဒီမြို့တော်ကို တွေ့ရှိရပါတယ်။ အတိုင်းအတာကို သိရပြီဖြစ်ပါတယ်။ မိုင်ပေါင်း(၁၅၀၀) စတုရန်းကုဗပေဖြစ်ပါတယ်။

ဘယ်လောက်အထိကွာဝေးမလဲဆိုတာ သင်သိပါသလား¿ ဒီအပတ်ဘဲကျွန်တော် တိုင်းတာလိုက်ပါတယ်။ မိန်းကနေဖလော်ရီ ဒါအထိ ရောက်ပါတယ်။ အရှေ့ပိုင်း ပင်လယ်ကမ်းစပ်ကနေပြီးတော့ မိုင်ပေါင်း(၆၀၀) ဝေးကွာပါတယ်။မစ္စပီရဲ့နောက်ပိုင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ တစ်ဝက်ဖြစ်ပါတယ်။ မြို့တစ်မြို့အတွက်ဘဲ တိုင်းတာထားတာ ဖြစ်ပါတယ်။ အဲဒီမှာ နေရာမရှိပါဘူး။

168 ၁၆၈။ ပင်လယ်ပြင်ကြီးက ပျောက်ကွယ်သွားတယ်ဆိုရင် ရေထဲမှာ (၅)ပုံပုံ(၄)ပုံလောက်တော့ (၅)ပုံပုံ(၄)ပုံနီးပါးကတော့ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ပေါက်ကွဲမှုတွေက ပင်လယ်ရေတွေကို ခမ်းခြောက်စေပါတယ်။ ကမ္ဘာလောကကြီးကိုလည်း ပေါက်ကွဲစေပါ

တယ်။ မိုင်ပေါင်း(၁၅၀၀)၊စတုရန်းမိုင်ပေါင်း(၁၅၀၀) ဖြစ်ပါတယ်။ အင်မတန်ကြီးကျယ်တဲ့ မြို့တော်ကြီးဖြစ်ပါ တယ်။ ပင်လယ်ပြင်ကြီးက လည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။

အမြင့်နဲ့ အကျယ်ကလည်း တူညီမှုရှိပါတယ်။ မိုင်ပေါင်း(၁၅၀)ပတ်လည်စတုရန်းဖြစ်ပါတယ်။မိုင်ပေါင်း(၁၅၀၀) မိုင်ပတ် လည် ဖြစ်ပါတယ်။ မိုင်ပေါင်း (၁၅၀၀)ရှိပါတယ်။အလျားနဲ့အနံနဲ့ အမြင့်ဘဲဖြစ်ပါတယ်။ မိုင်ပေါင်း(၁၅၀၀)ဖြစ်ပါတယ်။စဉ်းစားကြည့် ပါ။ ဖေါက်ထွင်းပြီးတော့ မြင်နိုင်ပါတယ်။ အဲဒီမြို့တော်ရဲ့ပတ်လည်မှာလည်း နံရံရှိပါတယ်။

169 ၁၆၉။ အဲဒါကတော့ နံရံတွေနဲ့ အုတ်မြစ်တွေက တူညီမှုရှိပါတယ်။ ကုဗ၊ ဒါမှမဟုတ် စတုရန်းလို့ အဓိပ္ပါယ်ရောက်ခြင်း မဟုတ်ပါ ဘူး။ အောက်ထပ်က ဗလီကျောင်းဆိုင်ရာ အတိုင်းအတာတွေ ရှိပါတယ်။ အတိုင်းအတာတွေဟာ တူညီမှုရှိပါတယ်။ ပိရမစ်ပုံ ဖြစ်ပါ တယ်။ လေးဒေါင့်ဖြစ်ပါတယ်။ နံရံတွေကတော့ တူညီမှုရှိပါတယ်။

170 ၁၇၀။ ဆွဲပြပါရစေ၊ ဗရာသာဇရမ်ဟမ်က ကျောက်သင်ပုန်းပေါ်က ပုံများကို ဆွဲပြပါတယ်။ အလျား၊ အနံ၊ အမြင့် စသည်ဖြင့် တွေ့ရပါတယ်။ ကျွန်တော်တို့ တစ်ခုခုကို သိရမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကဲ့သို့ဘဲ သေချာပါတယ်။ ဒီအတိုင်းအတာ တွေရဲ့ဒေါင့်မှာတော့ တူညီမှုရှိပါတယ်။ သူတို့အားလုံး အလျားလိုက်၊ အနံလိုက်၊ အမြင့်လိုက် ရှိနေပါတယ်။ တစ်ခြားအတိုင်းအတာလည်း ရှိပါ တယ်။ ပိရမစ်ပုံ ရှိပါတယ်။ အဲဒါကို သက်သေပြခြင်းဘဲ ဖြစ်ပါတယ်။

ဒီနည်းအားဖြင့် ဧနောက်ရဲ့လက္ခဏာကို အီဂျစ်ပြည်မှာ အဖြေအတိအကျရမှာ ဖြစ်ပါတယ်။ ပိရမစ်ပုံဖြစ်ပါတယ်။ ဧနောက်က ရေအားဖြင့် ဖျက်ဆီးခြင်းမခံမီကာလက သူဟာဖြောင့်မတ်ရာကို ရောက်လာပါတယ်။ နိမိတ်လက္ခဏာကိုလည်း ယူဆောင်လာပါ တယ်။ ဒီပိရမစ်က အဆင့်(၇)ဆင့်ရှိပါတယ်။ ဘုရင်ရဲ့အခန်းထဲကို ရောက်ဘို့(၇)ဆင့်တက်သွားရမှာ ဖြစ်ပါတယ်။ သတ္တမမြောက် အဆင့်ကို ကြည့်ပါ။ ပိရမစ်ရဲ့အတိုင်းအတာတွေကို သေချာလေ့လာလိုက်ရင် ဘာပေါ်ထွက်လာပါသလဲ ¿ ဘုရင်ထံကိုမရောက်ခင်မှာ ဘာအရင် လာပါသလဲ ¿ ဒီမှာရပ်နေတဲ့ အနေအထားကို ကြည့်ရမှာ ဖြစ်ပါတယ်။ သင်နေထိုင်တဲ့ ခေတ်ကာကို သင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီပိရ မစ်ထဲမှာ တွေ့နိုင်ပါတယ်။

171 ၁၇၁။ ဘုရားသခင်က ကျမ်းစာ(၃)အုပ် ပြုလုပ်ထားခဲ့ပါတယ်။ အဲဒီမှာ ပိရမစ်ပုံ သွန်သင်မှုဖြစ်ပြီးတော့ ဘာမှ အဓိပ္ပါယ်မရှိပါ ဘူး။ ဒါပေမဲ့လည်း တစ်ကယ့်စစ်မှန်တဲ့ ပိရမစ်ရှိပါတယ်။ ပထမဆုံးကျမ်းစာ ဖြစ်ပါတယ်။ (၃)ခု သူလုပ်ထားပါတယ်။ ဘယ်အရာမှာဘဲဖြစ် ဖြစ် (၃)အထဲမှာဘဲ ရှိနေရပါမယ်။

သခင်ယေရှု (၃)ကြိမ်တိုင်တိုင် ကြွလာခဲ့ပါတယ်။ ပထမအကြိမ်ကြွလာတဲ့အခါမှာ သူ့သတို့သမီးကို ကယ်တင်ဘို့ဖြစ်တယ်။ နောက်တစ်ခေါက်လည်း သူ့သတို့သမီးကို ခေါ်ဆောင်ဘို့ဖြစ်တယ်။ နောက်တစ်ခေါက်မှာတော့ သူ့သတို့သမီးနဲ့အတူ ကြွလာခြင်းဘဲ ဖြစ်ပါတယ်။

172 ၁၇၂။ မည်မျှလုပသလဲဆိုတာ သတိပြုကြည့်ပါ။ ဒီပိရမစ်ထဲမှာ အဆင့်(၇)ဆင့် ရှိပါတယ်။ ပြီးတာနဲ့ ဘုရင်ရဲ့အခန်းကို ရောက်မှာဖြစ် ပါတယ်။ ကျွန်တော်တို့ဟာ အသင်းတော်ခေတ်ကာလကို ရောက်နေပါတယ်။ သတ္တမမြောက်ခေတ်ကာလကို ရောက်နေပါတယ်။ ဘုရင်က သူ့ရဲ့ပလ္လင်ကို နေရာမယူခင်ဘဲ ဖြစ်ပါတယ်။ ပိရမစ်ကတော့ သူ့ရဲ့ထိပ်ဖျားမှာ ထိပ်ဦးဆုံးကျောက် မရှိပါဘူး။

173 ၁၇၃။ ဘုရားသခင်ရဲ့ ပထမဆုံး သမ္မာကျမ်းစာကတော့ ကောင်းကင်မှာ ရှိပါတယ်။ ကောင်းကင်က နက္ခတ်တာရာတွေဘဲ ဖြစ်ပါတယ်။ စတင်ပြီးတော့ ခေတ်ကာလတိုင်းကို သူကပြောင်းလဲသွားပါတယ်။ ပထမဆုံး ခေတ်ကတော့ ကမ္ဘာဦးအစဖြစ်ပြီး တော့ သန့်ရှင်းစင်ကြယ်ပါတယ်။ အပျိုကညာကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာပါတယ်။ ပထမဆုံးဘဲဖြစ်ပါတယ်။ နောက်ဆုံးပုံသဏ္ဍာန်က တော့

ဘုရားသခင်ရဲ့ ပထမဆုံး သမ္မာကျမ်းစာကတော့ ကောင်းကင်မှာ ရှိပါတယ်။ ကောင်းကင်က နက္ခတ်တာရာတွေဘဲ ဖြစ်ပါ တယ်။ စတင်ပြီးတော့ ခေတ်ကာလတိုင်းကို သူကပြောင်းလဲသွားပါတယ်။ ဗိုဒါးရက်ဘဲဖြစ်ပါတယ်။ ပထမဆုံး ဗိုဒါးရက်မှာဆိုရင် အပျို ကညာရှိပါတယ်။ အဲဒီနည်းအားဖြင့် ကိုယ်တော်ရှင် ပထမဦးဆုံး ကြွလာခြင်းဖြစ်ပါတယ်။ ဒီဗိုဒါးရက်ရဲ့ နောက်ဆုံး ရုပ်ပုံကတော့ခြ သေ့်တည်းဟူသော လီယိုဘဲ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ကြွလာတော်မူခြင်း ဖြစ်ပါတယ်။ အဲဒီလိုမတိုင်ခင်မှာ တစ်ခုနဲ့တစ်ခု ဖြတ် ကျော်နေတဲ့ ငါးများရှိပါတယ်။ အဲဒါကတော့ ကင်ဆာခေတ်ကာလဘဲဖြစ်ပါတယ်။ အခုကျွန်တော်တို့ နေထိုင်တဲ့ခေတ်ကာလဘဲဖြစ်ပါ တယ်။

အဲဒီနောက်ပိုင်းမှာ ပိရမစ်ရှိပါတယ်။ ဧနောက်ရှိပါတယ်။ အဲဒါကို အတိအကျ သက်သေခံတဲ့ အရာဘဲဖြစ်ပါတယ်။ ကျွန်တော် တို့မှာ အဲဒီအထဲကို ရောက်သွားဘို့အတွက် အချိန်မရှိပါဘူး။ သို့သော်လည်း တစ်နေ့သောအခါမှာ ဘုရားသခင်ရဲ့အကူ အညီအားဖြင့် သင်တို့ကို ကျွန်တော်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ အချိန်ကာလ အတိအကျကို ဖေါ်ပြထားတဲ့ အတိုင်းအ တာဘဲ ဖြစ်ပါတယ်။

ဒီပထဝီအတိုင်းအတာအရ ကျွန်တော်တို့မှာရှိတဲ့အတိုင်းအတာတွေဟာ တူညီမှုရှိပါတယ်။ အဲဒါက ကုဗတုံးတစ်တုံးအတိုင်း ရှိရ မယ်လို့ ဆိုလိုခြင်း မဟုတ်ပါဘူး။ အီဂျစ်တို့ကို အဖြေပေးမဲ့အရာ ဒါမှမဟုတ် အီဂျစ်မှာရှိတဲ့ ဧနောက်ရဲ့ နိမိတ်လက္ခဏာဘဲဖြစ်ပါ တယ်။

174 ၁၇၄။ ကမ္ဘာလောကကြီးရဲ့ သန့်စင်ခြင်း အချိန်ကာလ၊ ဒါမှမဟုတ် ၎င်းရဲ့ မီးအားဖြင့် ဗတ္တိဇံပေးမဲ့အချိန်ကာလမှာ အဲဒီအခါမှာ မီးတောင်ရှိမှာ ဖြစ်ပါတယ်။ ဒီကမ္ဘာလောက ကြီးပေါက်ကွဲမဲ့အရာဘဲ ဖြစ်ပါတယ်။ ပိရမစ်ကဲ့သို့တောင်ကို ထိုးထောင်သွားပြီးတော့ တွန်းပြီး ပွင့်ထွက်သွားမှာ ဖြစ်ပါတယ်။ လုပ်စရာအခန်းတွေ ရှိမှာဖြစ်ပါတယ်။ ဒီအရာ တစ်ခုလုံးပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ မျက်နှာပြင်တစ်ခုလုံး ပြောင်းလဲသွားမှာဖြစ်ပါတယ်။ သင်နားလည်ပါသလား ¿ ပိရမစ်ကဲ့သို့ တောင်းကိုတွန်းပြီးတင်လိုက်မှာ ဖြစ်ပါတယ်။

175 ၁၇၅။ ဒီအတိုင်းဘဲ နှုတ်ကပတ်တော်က ဖြစ်နေပါတယ်။ (ဟေရှာယ၆၅း၂၅)မှာ ကျွန်တော်တို့ ဖတ်ရတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ငါ့ရဲ့တာဝန်ကို မထိခိုက်ဘူး၊ မပျက်စီးဘူးလို့ဆိုပါတယ်။

ငါရဲ့ သန့်ရှင်းတဲ့တောင်တော် ဖြစ်ပါတယ်။ အမြဲတမ်းဘဲ တောင်ဖြစ်ပါတယ်။

နံရံတွေက အထက်အောက် ဖြောင့်တန်းနေတယ်ဆိုရင် မြို့ကတော့ ဟိုးအပြင် ကနေ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အတွင်း(သို့) အတွင်းထဲကနေမြင်ရမှာ ဖြစ်ပါတယ်။ ပလ္လင်ကိုလည်း အတွင်းကနေ မြင်နေရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သတိပြုမိရမဲ့အရာ ကတော့ အထဲကနေဘဲ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အခုအခါမှာ ကျွန်တော်တို့ (ဟေရှာယ ၄း၅)မှာပေးထားတဲ့ဂတိတော်အတိုင်း ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ဖတ်ကြမှာ ဖြစ်ပါတယ်။

176 ၁၇၆။ သင်ကတော့ အလောတကြီးဖြစ်နေမှာ ဖြစ်ပါတယ်။ ပရိတ်သတ်ကလည်း မဟုတ်ပါဘူးလို့ဖြေပါတယ်။ (အယ်ဒီတာမှတ် ချက်) ဒါပေမဲ့လည်းအလျင်အမြန် အဆောတလျင် မဖြစ်ပါနဲ့။ အဲဒီ သီးခြားအရာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ယခုအခါမှာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အလွန်ပင် များပြားပါတယ်။ သေသေချာချာ နားလည်ဘို့အ တွက် ခက်ခဲပါတယ်။ ဒါကို ကျွန်တော် ရှင်းရှင်းလင်းလင်း ပြုလုပ်လိုပါတယ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ကျွန်တော် ပြန်ပြီးတော့ သိရှိမဲ့အခါမှာ ကျွန်တော်တို့ ဘယ်ကိုရောက်နေသလဲ ဆိုတာကို ကျွန်တော်တို့ ခင်ဗျားတို့ကို ပြသမှာ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ကျွန်တော်တို့ ပြောဆိုနေ သလဲ? နောက်ထပ် ဆက်ပြီးတော့ လေ့လာတဲ့အခါမှာ တစ်ခြားအချိန်တစ်ချိန်ရောက်ရင် ကျွန်တော်တို့ ဆက်ပြီးတော့ သိရှိလေ့လာရမှာ ဖြစ်ပါတယ်။

177 ၁၇၇။ သခင်ယေရှုကို ချီးမွမ်းပါတယ်။ ဒီနေရာမှာကြည့်ပါ။ နှုတ်ကပတ်တော်များကတော့ ဘယ်တော့မှ ကျဆုံးသွားမှာ မဟုတ်ပါဘူး။ ဟေရှာယဖြစ်ပါတယ်။ ဒီနေရာမှာ (ဟေရှာယ ၄း၅) ဖြစ်ပါတယ်။ကိုယ်တော်ရှင် ကြွလာတော်မူခြင်းအကြောင်း သူပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေ ဘယ်လောက် အကျင့်ဖာရိတ္တ ပျက်ပြားမလဲဆိုတာကို ဖေါ်ပြထားပါတယ်။ အမျိုးသမီး (၇)ဦးလို့ ဆိုပါတယ်။ အဲဒီကျမ်းချက်ကို သူတို့ဖတ် ကြမှာဖြစ်ပါတယ်။ သူသည် လူဆိတ်ညံ့ရာမြေပေါ်မှာ ထိုင်လိမ့်မည်။ ထိုကာလ၌ မိန်းမ(၇)ယောက်တို့သည် ယောကျ်ားတစ်ယောက်ကို ကိုင်ဆွဲလျှက် ကျွန်မတို့သည် ကိုယ့်မုန့်ကို စားပါမည်။ ကိုယ့်အဝတ်ကိုလည်း ဝတ်ပါမည်။ ကျွန်မတို့ကို မောင်၏နာမဖြင့်သာ သမုတ်ခြင်းသာရှိစေ၍ ကျွန်မတို့ ရှက်ကြောက်ခြင်းကို ပယ်ပျောက်ပါဟု ဆိုကြလိမ့်မည် ဟု ဆိုထားတဲ့ကျမ်းပိုဒ်ရှိပါတယ်။

အဲဒီအချိန်က နောက်ဆုံးအချိန် ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ အချိန်ဘဲ ဖြစ်ပါတယ်။ ထိမ်းမြား လက် ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ပြည်တန်ဆာဖြစ်ခြင်း၊ ဘာဘဲဖြစ်ဖြစ် ကိုယ်တော်ရှင်ရဲ့ နေ့ရက်ကာလမှာ ထိုကာလ၌ ထာဝရ ဘုရား၏အညွန့်သည် ဘုန်းအသရေပွင့်လန်းလိမ့်မည်။ လွတ်သောက္ခသရေလတို့အဘို့ မြေအသီးအနှံသည် ကောင်းမြတ် လျောက်ပတ်လိမ့်မည်။ ထာဝရဘုရားသည် တရားစီရင်သောဝိညာဉ်၊ မီးလောင်သော ဝိညာဉ်တော်၊ ဇိအုန်သတို့သမီးတို့၏ အညစ်အကြေးတို့ကို ဆေးကြော၍ယေရုရှလင်မြို့၏ အသွေးကို ပယ်ရှားပြီးလျှင် ဇိအုန်တောင်မှာကျန်ကြွင်း၍ ယေရုရှလင်မြို့မှာ နေရစ်သောသူ အသက်ရှင် လျှက် စာရင်းဝင်သော သူ ယေရုရှလင်မြို့သားတို့သည် သန့်ရှင်းခြင်း ရှိကြလိမ့်မည်။ အမြဲတမ်းဘဲ သတို့သမီးဖြစ်တဲ့ ဇိအုန်ရဲ့သမီးလို့ ဆိုထားတာကို သတိရပါ။ ယေရုရှလင်မြို့ရဲ့အသွေးဟာ သန့်ရှင်းတယ်လို့ ဆိုပါတယ်။ အဲဒါကတော့ ကျန်ကြွင်းတဲ့ ယုဒအမျိုးတွေနဲ့ အတူ သတို့သမီးကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအလယ်မှာက တရားစီရင်ခြင်း ဝိညာဉ်တည်းဟူသောမီး ရှိနေပါတယ်။

အဲဒါက အမြဲတမ်းဘဲ ဘုရားသခင်ရဲ့ တရားစီရင်ခြင်း ဖြစ်ပါတယ်။ သူ့နောက်ဆုံး တရားစီရင်ခြင်းဖြစ်ပါတယ်။ သင့်ကိုရွေး ချယ်မယ်။ ဖြောင့်မတ်စေမယ်။ ကယ်တင် ခြင်းရစေမှာ ဖြစ်ပါတယ်။ နောက်ပြီးရင် တရားစီရင်ခြင်းဟာ သင့်အပေါ်မှာ သက် ရောက်မှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်နဲ့ မီးက အပြစ်တွေအားလုံးကို ဆေးကြောလိုက်မှာဖြစ်ပါတယ်။ အဲဒါပြီးရင် သူတို့ဟာ ကိုယ် တော်ရှင် ပိုင်ဆိုင်တဲ့သူတွေ ဖြစ်သွားမှာ ဖြစ်ပါတယ်။

အဲဒီလိုဘဲ မြေကြီးကို သူအဲဒီလိုဘဲ လုပ်ပါတယ်။ မီးနဲ့ ဆေးကြောပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် မီးနဲ့ဘဲတောက် လောင်နေခြင်း ဖြစ်ပါတယ်။ သင်အဆင်သင့် ဖြစ်ပြီလား? ကိုယ်တော်ရှင်က ဇိအုန်တောင်ပေါ်မှာ ရှိတဲ့နေရာတိုင်းမှာ ကျိန်းဝပ် တဲ့နေရာတွေကို ဖန်တီးထားပါတယ်။ သူမရဲ့ အစုအဝေးမှာဘဲ ဖြစ်ပါတယ်။ တစ်နေ့ပြီး တစ်နေ့ မိုးတိမ်၊ မီးတောင် တောက်ပနေပါတယ်။ ညအချိန်မှာလည်း မီးတောက် ဖြစ်နေပါတယ်။ အဲဒီဘုန်းရဲ့အောက်မှာ အကာအကွယ်ရှိနေမှာ ဖြစ်ပါတယ်။ အို ထိုမြို့တော် ဇိအုန်တောင် ကိုယ်တော်ရှင် လမ်းပြမှုကြောင့် ယခုတိုင် မေတ္တာရှိသည်။ ယခုမှစ၍ ထိုကာလကို ဖြတ်ကျော်သွားပြီး ကျွန်ုပ်တို့ မြို့တော်တွင် တောင်ပေါ် မြင်လား?

178 ၁၇၈။ ဘုရားသခင်သည်ထိုနေ့ရက်တွင် အပေါ်တွင် မီးလောင်ဖို့အလင်း ဖန်ဆင်းရပါမည်။ ထိုနေ့တွင် ဤအရာသည် အသက်တာ၏ခိုလှုံရာဖြစ်ကြောင်းကို ပြောပါမည်။ သတိပြုပါ။ကျမ်းစာပြောသည်မှ မှန်ကန်ပါသည်။ နံရံသည် အပေါ်နှင့်အောက်ဖြစ်ပါသည်။ သင်မတွေ့ရပါဘူး။သင်မှီရပါမည်။ ‘ကျွန်ုပ်၏တောင်များသည်....’

ထာဝရဘုရားသည်လည်း ဇိအုန်တောင်မှာ ရှိသမျှသော အိမ်များနှင့် စုဝေးရာပရိတ်သတ်များ၊ မိုးတိမ်နှင့်မီးခိုးကိုငင်၊ ညအချိန်မီးလျှံအလင်းကိုငင်း ဖန်ဆင်းတော်မူ၍ မြတ်သောအရာအလုံး စုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်။ နေ့အချိန်၌လည်း နေပူကို ကွယ်ကာတယ်။ မိုးသက်မုန်တိုင်းကြားမှ လုံခြုံသောခိုလှုံရာဖြစ်ပေသည်။ ကျွန်တော်တို့ ထိုသီချင်းကိုဆိုကြပါတယ်။ ဇိအုန်တောင်ပေါ်မှ မြို့တော် ဘုရားဖူးကဲ့သို့ ကျွန်ုပ်ဖြစ်နေဆဲဖြစ်ပါတယ်။ အဲဒီခေတ်ကာလ တွေတစ်လျှောက်မှာ တောင်ပေါ်မှာရှိတဲ့မြို့တော်ကို ကျွန်တော် သိသည့် တိုင်ဖြစ်ပါတယ်။

179 ၁၇၉။ သိနာတောင်ကတော့ ဘုရားသခင်ဆင်းသက်တဲ့တောင်ထိပ်ဖြစ်ပါတယ်။ သူဟာက္ခသရေလကို မီးတိုင်ထဲကနေ စကားပြောပါ

တယ်။ သူဟာ တောင်ထိပ်မှာဆင်း သက်ပါတယ်။ သိနတောင် ဖြစ်ပါတယ်။

ကိုယ်အရောင်အဝါ ပြောင်းလဲတဲ့တောင်မှာ သူကြွေးကြော်တဲ့အရာကတော့ ဒါဟာ ငါချစ်ခင်နှစ်သက်တဲ့ ငါ့သားဖြစ်တယ်။ သူ့စကားသံကို နားထောင်လို့ဆိုထားပါတယ်။ သူဆင်းသက်တဲ့အခါမှာ မီးတိုင်အလင်းအားဖြင့် ဆင်းသက်ပြီးတော့ အရောင် အဝါ တောက်ပလျှက်ဖြစ်ပါတယ်။ တောင်ထိပ်ပေါ်မှာ ဖြစ်ပါတယ်။ ပေတရု၊ ယာကုပ်နဲ့ ယောဟန်တို့ရှေ့မှာ ဖြစ်ပါတယ်။ သူကမောရှေနဲ့ ဧလိယဖြစ်ပြီး ဖန်ဆင်းခြင်း တောင်ထိပ်မှာရှိတဲ့ မြို့တော်၊ အဲဒီမှာ ပလ္လင်ရှိပါတယ်။

180 ၁၈၀။ ဘုရားသခင်ဗရမ်ဟမ်က ဘလက်ဘုတ်ပေါ်မှာ ပုံတွေကို ရေးဆွဲပြပါတယ်။နောက်ပြီး ဆက်လက်ပြီးတော့ အနည်းငယ်ပြသွားပါတယ်။ ပလ္လင်ကအပေါ်ထပ်မှာ ရှိပါတယ်။ ကျိန်းဝပ်တဲ့သူတွေ အားလုံးအပေါ် အောက်တောက်လျှောက် တောင်ပေါ်မှာရှိနေပါတယ်။

ဒါတွေကို ကပ်ထားတဲ့ နံရံတွေအောက်ခြေမှာ အောက်ခြေကျောက် (၁၂)ခုရှိပါတယ်။ တစ်ခုစီမှာ အာရုန်မှာရှိတဲ့ရင်ဖုံး မှာရှိတဲ့ ကျောက်တစ်လုံးစီ ပါဝင်ပြီးတော့ ဣသရေလ လူမျိုး(၁၂)နွယ်ကိုကိုယ်စားပြုထားပါတယ်။

ဂိတ်တံခါးတွေမှာလည်း သူတို့မှာ ဂိတ်တံခါး(၄)ခုရှိပါတယ်။ ဗိမာန်တော်ထဲမှာရှိတဲ့၊ တောထဲမှာရှိတဲ့ ဗိမာန်တော်နဲ့ အတိအကျ တူညီနေပါတယ်။ တောထဲမှာရှိတဲ့ တဲတော်ဘဲ ဖြစ်ပါတယ်။ တစ်ခုကို သတိပြုကြည့်ပါ။ တမန်တော်တွေ ဖြစ်ပါတယ်။ တစ်ဖက်မှာ (၃)ယောက်စီ ဖြစ်ပါတယ်။ တမန်တော်(၁၂)ပါးဖြစ်ပါတယ်။ အဲဒါကတော့ ကုဗပေအမြင့် (၁၄၄)ကုဗဖြစ်ပါတယ်။(၁၄၄)ကုဗက အတိအကျဘဲရှိနေပါတယ်။ (၂၁၆)ပေရှိပါတယ်။ အဲဒီကြီးမားတဲ့ကျောက်တုံးတစ်ခုစီကို အနီးကပ်ဆုံး (၂၄)ပေအရှည်မှာ ရှိနေပါတယ်။ ဗျာဒိတ်ရင်ဖုံးက အဲဒီဂိတ်တံခါးထဲမှာ ရှိနေပါတယ်။ အဲဒီ နံရံတွေကို ထုထားပါတယ်။ အဲဒီမြို့တော် ပတ်လည်မှာဘဲ ရှိနေပါတယ်။

181 ၁၈၁။ မြို့တော်ထဲ အုတ်နံရံတစ်ခုအပေါ်မှာ တည်ထားတဲ့ မြို့တော်မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြို့တော်က မိုင် ပေါင်း (၁၅၀၀) မဖြစ်နိုင်ပါဘူး။ အဲဒီသင်ဝင်လာတဲ့ မြို့ကလေးကတော့ ယေရုရှလင်မြို့ဟောင်းရဲ့ မြို့ရိုးများကဲ့သို့ ဖြစ်ပါတယ်။ နံရံကနေ ဝင်ရောက်လာခဲ့ရခြင်း ဖြစ်ပါတယ်။ အဲဒီအထဲကို နံရံမှတစ်ဆင့် ဝင်ရောက်လာခြင်း ခံရပါတယ်။

ဒီအရာတွေထဲက တစ်ခုစီမှာ အခြေခံအုတ်မြစ်က (၂)ခုရှိပါတယ်။ တစ်ခုစီမှာ မြကျောက်နဲ့ တစ်ခြားကျောက်အမျိုးမျိုး ရှိပါတယ်။ အဲဒါက ဘာကိုကိုယ်စားပြုသလဲဆို တော့ ဣသရေလအနွယ်(၁၂)နွယ်ကိုကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။

တမန်တော်တွေဟာ အဲဒီ အင်မတန်ကြီးမားတဲ့ အဲဒီ ပုလဲလုံးကြီးတွေနဲ့တည် ဆောက်ထားတဲ့ဂိတ်များထဲမှာ တမန်တော်တွေ ရဲ့ နံမယ်တစ်ခုစီကို ရေးထွင်းထားပါတယ်။ သခင်ယေရှု ပြောခဲ့တဲ့စကားအတိုင်းဘဲ ဖြစ်ပါတယ်။ သင်တို့ဟာ ကျောက်(၁၂) လုံးအပေါ်မှာ ထိုင်နေရပါတယ်။ ဣသရေလအနွယ် (၁၂)နွယ်ကိုတရားစီရင်ရမှာ ဖြစ်ပါတယ်။ ဘယ်သူက ဂိတ်တံခါးပေါ်မှာ ထိုင်ပြီး မြို့တော်ထဲကို ဝင်လာတဲ့အခါမှာ တရားစီရင်ပါသလဲ¿ ကမ္ဘာလောကကြီးမှာရှိတဲ့ ဘုရင်တွေဟာ မြို့တော်ထဲကို ဝင်ပြီးတော့၊ တမန်တော်ကြီးတွေဖြစ်တဲ့ တရားသူကြီးတွေရှေ့မှာ တရားစီရင်ခြင်းကို ခံရပါတယ်။ သခင်ယေရှု ဂတိတော်ထားတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။

182 ၁၈၂။ ဒီပလ္လင်ပေါ်မှာ အဲဒီထိပ်ပေါ်မှာ မိုင်ပေါင်း(၁၅၀၀)မြင့်မားပါတယ်။ တကမ္ဘာလုံးကတော့ လောကကြီးရဲ့အလင်းကို မြင်တွေ့ပါတယ်။ သခင်ယေရှုဟာပလ္လင်ပေါ်မှာ ထိုင်တယ်။ ကမ္ဘာလောကကြီးရဲ့ထိပ်မှာထိုင်တယ်။ အသင်းတော်ရဲ့ ထိပ်မှာထိုင်တယ်။ ဇိအုန်တောင်ရဲ့ထိပ်မှာထိုင်တယ်။ မိုင်ပေါင်း(၁၅၀၀)ဖြစ်တယ်။ရှိနေပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ တစ်ဝက်ခန့်မှာ ရှိနေပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်ကို အမြင့် ကမ္ဘာလောကကြီးတစ်ခုလုံးကို မြင်တွေ့နိုင်ရအောင်လို့ မြှောက်ပင့်ထားပါတယ်။ မိုင်ပေါင်း (၁၅၀၀)မြင့်မားပါတယ်။

183 ၁၈၃။ အပေါ်နဲ့အောက် အားလုံးကယ်တင်ခြင်း ရမှာဖြစ်ပါတယ်။ ရွှေအစစ်နဲ့ အိမ်ကလေးတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ တိုက်ခန်းလေးတွေ၊ ပန်းခြံလေးတွေ၊ ခြံလေးတွေတွေ့ ရမှာဖြစ်ပါတယ်။ အသက်မြစ် စီးဆင်းလာပြီးတော့ ပလ္လင်တော်ထဲက ထွက်လာပြီးတော့ အဲဒီမြို့တောကလျှောက်မှာ ရှိနေတဲ့ချောင်းကလေးတွေ၊ လမ်းကလေးတွေထဲကို စီးဆင်းသွားပါတယ်။ အသက်အပင်ကလည်း နေရာတိုင်းမှာ ဖူးပွင့်ဝေဆာလျှက်ရှိပြီးတော့ သူ့ရဲ့အသီးတွေကို တနှစ်မှာ (၁၂)ကြိမ်တိုင်တိုင် သီးပြီးတော့ လစဉ်လတိုင်း မတူညီတဲ့ အသီး အမျိုးမျိုးကို သီးပေးမှာ ဖြစ်ပါတယ်။

ကမ္ဘာလောကကြီးမှာရှိတဲ့ ဘုရင်တွေ အဲဒီထဲကို ဝင်လာမှာဖြစ်ပါတယ်။ သူတို့ရဲ့ ဖုံးတွေကို ယူဆောင်လာမှာဖြစ်ပါတယ်။ အရွက်တွေကလည်း နိုင်ငံတွေမှာ အနာရောဂါ ပျောက်ကင်းစေဘို့ လုပ်ပေးတဲ့ အရွက်တွေ ဖြစ်ပါတယ်။ ဘုရင်တွေဟာ ငြိမ်ဝပ်စွာနဲ့ အဲဒီမှာ နေထိုင်လျှက်ရှိပါတယ်။ သူတို့ ထွက်လာတဲ့အခါမှာ သူတို့က သစ်ပင်ကနေအရွက်တွေကို ခူးဆွတ်မှာ ဖြစ်ပါတယ်။ ဂျိုးငှက်ကလေးဟာ အရွက်ကလေးကိုယူပြီး ပျံသန်းလာသကဲ့သို့ဘဲ ဘုရားသခင်ရဲ့အမျက်တော်ကို ရှင်းပေးမှာ ဖြစ်ပါတယ်။ ပြီးတော့သင်္ဘောထဲကို သစ်ရွက်ကလေးယူဆောင်လာသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘုရင်က ပြန်ထွက် ခွာသွားတဲ့အ ခါမှာ သတို့သမီးရဲ့အခန်းထဲကို သူ့ရဲ့ဘုန်းတော်ကို ပြန်လည်ယူဆောင်လာမှာ ဖြစ်ပါတယ်။ မြို့တော်ထဲကို ယူဆောင်လာ ခြင်းဘဲ ဖြစ်ပါတယ်။ သူဟာ သစ်ရွက်ကို သူ့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ဘုရင်ကို ကိုင် ထားစေပါတယ်။ ကျွန်ုပ်တို့ဟာ ထာဝရဘဲ ငြိမ်းချမ်းခြင်းရှိပါတယ်။ အာမင်။ နိုင်ငံတွေကို အနာရောဂါငြိမ်းစေပါတယ်။ အားလုံးဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ တစ်ချိန်တစ်ခါတုန်းက ကျွန်တော်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ရန်သူတွေလို တိုက်ခိုက်နေကြပါတယ်။ ကျွန်တော်တို့အား လုံး ပျော်ရွှင်မြူး တူးပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ပစ်ခတ်ပြီးတော့ ကလေးငယ်တွေ အားလုံးလည်း လောင်ကျွမ်းခြင်းကို ခံရပါတယ်။ ယခုအခါမှာ ငြိမ်းချမ်းခြင်းဖြစ်ပါတယ်။ အနာ ရောဂါလည်း ငြိမ်းစေခြင်းဖြစ်ပါတယ်။ အနာရောဂါတွေကို ငြိမ်းစေခြင်း အားလုံးမဟုတ်ပါဘူး။ ငိုသံတွေအားလုံးကို ငြိမ်းအေး စေခြင်းဘဲ

ဖြစ်ပါတယ်။ အာမင်။

184 ၁၈၄။ ထိပ်မှာ ပလ္လင်ရှိပါတယ်။ (ဗျာဒိတ် ၂၁း၂၃) မှာဖော်ပြထားတဲ့အတိုင်းဘဲဖြစ်ပါတယ်။ ထိုမြို့သည် နေ၏အရောင်၊ လ၏အ ရောင်ကို အလိုမရှိ၊ အကြောင်းမူကား ဘုရားသခင်၏မြို့တော်သည် ထိုမြို့ကို လင်းစေ၏။ သိုးသူငယ်သည်လည်း ထိုမြို့၏ဆီမီးဖြစ်၏။ ကိုယ်တော်ရှင်က မီးတိုင်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည် မီးတိုင်ဖြစ်၍တောထဲမှာ လည်နေတဲ့အခါမှာ ဣသရေလသားသမီးတွေက အဲဒီ မီးတိုင်နောက်ကို လိုက်ရပါ တယ်။ ကိုယ်တော်ရှင်ဟာ သူ့ပလ္လင်ပေါ်ကို သူဆင်းသက်ပြီး ကြွလာတော်မူပါတယ်။ သူ့ပြီးပြည့်စုံတဲ့ နိုင်ငံတော်မှာရှိတဲ့ ပလ္လင်တော်ဘဲ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်ကို သခင်ယေရှုက သူ့ရဲ့ခမည်းတော်ထံကို ပေးအပ်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က တလုံးတဝတည်း ဖြစ်တယ်။ အားလုံးထဲမှာလည်း ရှိနေပါတယ်။ သခင်ယေရှုဟာ သူ့ရဲ့ပလ္လင်တော်ပေါ်မှာ ထိုင်ပါတယ်။ ယောသပ်ကဲ့သို့ ဖြစ်ပါတယ်။ ဘုရင်ဟာ အလင်းဖြစ်ပြီးတော့ ဖိအုန်တောင်ထိပ်မှာ ထိုင်နေမှာ ဖြစ်ပါတယ်။ သူ့ရဲ့သန့်ရှင်းတဲ့အလင်းက မြို့တော်တစ်ခုလုံးကို အုပ်စိုး လွှမ်းမိုးပြီးတော့ သွားမှာ ဖြစ်ပါတယ်။ ဟာလေလုယာ၊

185 ၁၈၅။ မိုင်ပေါင်း (၁၅၀၀)မြင့်မားပါတယ်။(၁၅၀၀)မိုင် စတုရန်းမီတာ ရှိနေပါတယ်။ ဘုရားသခင်ရဲ့ ပရဒိသုဘုံဥယျာဉ်ရဲ့မြို့ တော်ကို အဲဒီနိုင်ငံရဲ့ မြို့ထဲတိုက်ခန်းတွေမှာ ဖြတ်ပြီးတည်ဆောက်ထားပါတယ်။ (ဗျာဒိတ် ၂၁)ကိုဖတ်ကြည့်ပါ။ ထိုမြို့သည်နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ၊ အကြောင်းမူကား ဘုရားသခင်၏မြို့တော်သည် ထိုမြို့ကို လင်းစေ၏။ သိုးသူငယ် သည်လည်း ထိုမြို့၏ဆီမီး ဖြစ်၏။ ပလ္လင်ပေါ်မှာ တွေ့မြင်နိုင်ရသည့်အရာကား မိုင်ပေါင်း(၁၅၀၀)တွင်ထိုင်နေသည်ကို တွေ့မြင် ရပါသည်။

အဲလိုတည့်တည့်ကြီး သွားတာ မဟုတ်ပါဘူး။ ဒီလို ပိရမစ်ပုံကဲ့သို့ အဖျားရှူးသွားခြင်း ဖြစ်ပါတယ်။ အဝေးကနေ လှမ်းပြီးတော့ ကြည့်မယ်ဆိုရင် ဒီလိုမျိုးဖြစ်နေပါတယ်။ ဒီမြို့ကနေ တစ်ခြားမြို့ ဖြစ်နေပါတယ်။ သင်သတိပြုမိမည်ဆိုရင် မြို့တော်ရဲ့ တစ်ဖက် ကနေ တစ်ဖက်အထိရှိပါတယ်။

186 ၁၈၆။ ဒီနေရာမှာ ကျွန်တော်အနည်းငယ် ပြောချင်ပါတယ်။

ဒီမှာ အုပ်စုလေးတစ်စုကို သတိထားမိပါသလား ?ဒီအတိုင်းဘဲဖြစ်ပါတယ်။ ဒီနားမှာရှိတဲ့ ဂျော်ဂျီယာ၊ ကယ်လီဖိုးနီးယား၊ စားစ်၊ ကက်ချီဝမ်ကနေပြီးတော့ ကင်းန်စပ်စ်အထိ ဖြစ်ပါတယ်။ ကျောက် ဆောင်တွေနဲ့ ပြည့်နေတဲ့မိန်းတိုင်းပြည် အထိဖြစ်နေပါတယ်။ အဲဒီနေရာမှာ စုဝေးကြပါတယ်။ ဒီနေရာမှာ ကိုယ်စားပြုခြင်းဘဲ ဖြစ်ပါတယ်။ မိုင်ပေါင်း စတုရန်းမိုင်ပေါင်း(၁၅၀၀)ပတ်လည်ဖြစ်နေပါတယ်။

အရှေ့ရဲ့အနောက်ကနေ သူတို့ရောက်လာနေပါ တယ်။

ဟိုးဝေးကွာတဲ့တစ် နေရာကနေ ရောက်လာခြင်းဖြစ်ပါတယ်။

ဘုရင်နဲ့အတူ ပွဲခံစားသောက်ရမှာဖြစ်ပါတယ်။

နောက်ထပ် ဘာရှိသေးသလဲ။

လူဟာမုန့်အားဖြင့်သာ အသက်မွေးတာမဟုတ်ပါဘူး။

နှုတ်ကပတ်တော်အားဖြင့် အသက်မွေးခြင်းဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့ ဧည့်သည်များအနေနဲ့ ကိုယ်တော်ရှင်နဲ့အတူ စားသောက်ဘို့ဘဲ ဖြစ်ပါတယ်။

ဒီဘုရားဖူးတွေဟာ ဘယ်လောက် များ ကောင်းချီးခံစားရသလဲ ?

ကမ္ဘာလောက ကြီးပေါ်မှာ ကျွန်တော် ပြခဲ့သလိုဘဲ သူတို့လိုလူတွေကို ကျွန်တော် ဘယ်တုန်းကမှ မတွေ့ဘူးပါဘူး။

သူ့ရဲ့မျက်နှာတော်ဘဲဖြစ်ပါတယ်။

အလင်းနဲ့ ထွန်းလင်းတောက်ပလျှက်ရှိပါတယ်။

ကိုယ်တော်ရှင်ရဲ့ ကျေးဇူး တော်ကို အတူခံစားရတဲ့ အရာတွေဘဲ ဖြစ်ပါတယ်။

သူ့ရဲ့သရဖူပေါ်မှာ ကျောက်မြတ်တွေ တောက်ပနေသကဲ့သို့ဘဲ ဖြစ်ပါတယ်။

ဘုရားသခင် ကြွလာတော်မူမည်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ရဲ့ ဒုက္ခဆင်းရဲတွေကုန်ဆုံးသွားမှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ ဒီအချိန်မှာ ပြန်ကြွလာမယ်ဆိုရင် ဘာဖြစ်မှာ ဖြစ်ပါသလဲ ?

187 ၁၈၇။ တိကျမှန်ကန်မှုရှိပါတယ်။ ပထဝီအရပြောမယ်ဆိုရင် သောဒုံမြို့၊ နောက်ပြီးတော့ သတင်းစကားပို့ဆောင်သူတွေ၊ အရာခပ်သိမ်းဟာ အဲဒီအတိုင်းဘဲ ထိုင်နေကြပါတယ်။ အဲဒါဘာအဓိပ္ပါယ်ရှိပါသလဲ ? စဉ်းစားကြည့်ပါ။ ဒီတဲတော်လေးထဲကို ရောက်လာခြင်း ဖြစ်ပါတယ်။ မိုင်ပေါင်း(၁၅၀၀) စတုရန်းပတ်လည် ရှိပါတယ်။အဲဒီအလားတူ အတိုင်းအတာကတော့ ဖြစ်ပါတယ်။

သေးငယ်တဲ့ ပါလတိနအတိုင်းအတာလေးကိုတော့ ဂရုစိုက်ပြီးတော့ အရမ်းစဉ်းစားပါသလဲ? အဲဒါက တစ်ကယ်တမ်းပြောရ မယ်ဆိုရင် ဘာမဟုတ်တဲ့ မြေကွက်ကလေးတစ်ကွက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီနေရာမှာ ဗိမာန်တော် ရှိခဲ့တဲ့နေရာဘဲ ဖြစ်ပါတယ်။ ယေရုရှလင်မြို့အသစ် ဘယ်တော့မှ မပျက်စီးတော့ပါဘူး။ သံလွင်တောင်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ဘယ်ဘက်နဲ့ ညာဘက်မှာ ရှိနေပါတယ်။ တောင်က မြောက်ထဲကနေ ထိုးထွက်လာတာကို သူမက တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲလိုမျိုး ထိုးထွက်လာတာကို ပြောနေခြင်း မဟုတ်ပါဘူး။ အဲဒါက အဲဒီနေ့ရက်အခါမှာ သူရဲ့ခြေထောက်ကို တောင်ပေါ်မှာ တင်ထားပြီး သူကရပ်နေပါတယ်။ သူ့ရဲ့ဗိမာန်တော် ပေါ်မှာ သူ့ရဲ့ဗိမာန်တော်ဟာ မိုင်ပေါင်း(၁၅၀၀)မိုင်၊သူ့ရဲ့ပလ္လင်ဟာ (၁၅၀၀)မ်ိုင်အမြင့် ရှိပါတယ်။ မိုင်ပေါင်း(၁၅၀၀) အမြင့်ရှိပါတယ်။

188 ၁၈၈။ စာတန်က တချိန်က ကိုယ်တော်ရှင်ကို တောင်ထိပ်မှာ စုံစမ်းနှောင့်ယှက်ဘို့ ကြိုးစားခဲ့ပါတယ်။

ဒီမြို့တော်ဟာ အုတ်မြစ်(၁၂)ခုရှိပါတယ်။ ကျွန်တော်တို့ ဘိုးဘေး(၁၂)ပါးအားဖြင့်ဘဲ ဖြစ်ပါတယ်။ (၁၄၄)ကုဗပေရှိပြီးတော့ အာရုံရဲ့ဗျာဒိတ် ရင်ဖုံးပေါ်မှာ ရှိနေပါတယ်။ပုလဲလုံး (၁၂)လုံးရှိတဲ့ ဂိတ်တံခါးများ ဖြစ်ပြီးတော့ တပည့်တော်(၁၂)ပါးရဲ့အမည် လည်း ရှိနေပါတယ်။

သခင်ယေရှု ရပ်နေပြီးတော့ ပလ္လင်ပေါ်မှာ ရှိနေပါတယ်။ သူ့ရဲ့သန့်ရှင်းသူတွေက သူ့ကို သရဖူဆောင်းပေးလိုက်တဲ့အခါမှာ ဘုရင်တကာတို့ရဲ့ဘုရင် သခင်တကာတို့ရဲ့ သခင်ဖြစ်ပြီးတော့ သူဟာ ထိပ်ဆုံးကကျောက် ဖြစ်လာပါတယ်။

189 ၁၈၉။ ကျွန်တော့်မှာ မှတ်စုစာအုပ် ကျွန်တော့်နဲ့အတူ မရှိပါဘူး။ ဒါပေမဲ့လည်း ခင်ဗျားတို့ရဲ့အိတ်ထဲက မှတ်စုစာအုပ်တွေကို ခင်ဗျားတို့ကြည့်မယ်ဆိုရင် ခင်ဗျားတို့မှာ (၁)ဒေါ် လာတန် အရွက်တစ်ရွက်ရှိမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ တံဆိပ် တပ်ထားတာကို တွေ့ရပါတယ်။ တစ်ဖက်စွန်းမှာ လင်းယုန်ငှက်ပုံရှိပါတယ်။ နောက်ပြီးတော့ လုံတွေကိုကိုင်ထားတာ၊ နောက်ပြီးတော့ လက်မောင်းတံဆိပ်တွေ အဲဒါတွေကို အခြားတစ်ဖက်မှာ ကိုင်ထားတာ တွေ့ရပါတယ်။ အဲဒီမှာ ပိရမစ်ပုံကို တွေ့ရပါတယ်။ အဲဒီ ပိရမစ်ပုံရဲ့ထိပ်မှာ မျက်လုံးကို တွေ့ပါတယ်။ သူတို့ဘာလုပ်နေလဲဆိုတာ သူတို့ မသိကြပါဘူး။ အဲဒီမှာ လက်တင်ဘာသာစကားနဲ့ရေး ထားပါတယ်။ ကြီးမားတဲ့တံဆိပ်ဆိုတော့ အဓိပ္ပါယ်ရတဲ့စကားဘဲ ဖြစ်ပါတယ်။ သူတို့ ဘာလုပ်နေလဲဆိုတာ သူတို့ မသိပါဘူး။ ကယာဖက လည်း သူပရောဖက်ပြုနေတာကို သူမသိပါဘူး။

ဘရာသာဗရမ်ဟမ်က ကျောက်သင်ပုန်းပေါ်မှာ ရေးဆွဲပြပါတယ်။ အဲဒီမှာ အင်မတန်ကြီးမားတဲ့ တံဆိပ်ရှိပါတယ်။ မြို့တော်ဖြစ်ပါ တယ်။ အဲဒီမြို့တော်က ဒီလိုဘဲ ပြားနေတဲ့ ကုဗတုံးဖြစ်တယ်မဟုတ်လား? ဒါပေမဲ့လည်း အဲဒီဥစ္စာက အပေါ်ကို ထောင် တက်သွားပါတယ်။ အားလုံး မြင်တွေ့နိုင်ဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ ဒီသန့်ရှင်းတဲ့ ကိုယ်တော်ရှင်ရဲ့တောင်တော်ပေါ်မှာ ကိုယ်တော် ရှင်ဟာ သူ့ရဲ့တောင်ပေါ်မှာ ဆင်းသက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ်တော်ရှိပါတယ်။ အဲဒီအကြောင်းကြောင့်မို့ ဧနောက်ကနေပြီး တော့ အဲဒီ ထိပ်ဆုံးကျောက်ပေါ်မှာ ထားခြင်းမဟုတ်ပါဘူး။ အဲဒီအကြောင်းကြောင့်ဘဲ ထိပ်ဆုံးကျောက်က ရောက်လာရခြင်းဘဲ ဖြစ်ပါတယ်။ တောင်က တွန်းထွက်လာမှာ ဖြစ်ပြီးတော့ အဲဒါက ကိုယ်တော်ရှင်ရဲ့တောင် ဖြစ်လာမှာ ဖြစ်ပါတယ်။

190 ၁၉၀။ အဲဒီနေရာမှာ ကယ်တင်ခြင်း ရပြီးသားလူတွေ ကျိန်းဝပ်နေမှာ ဖြစ်ပါတယ်။ တိုက်ခန်းတွေရှိမယ်။ အင်မတန် ကြီးမားတဲ့ လမ်းကြီးတွေရှိမယ်။ နောက်ပြီးတော့ ပန်းခြံတွေရှိမယ်။ အသက်မြစ်ရေက စီးဆင်းကျလာမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီကနေဖြတ် သွားလိုက်တဲ့အခါမှာ အိမ်တိုင်းအိမ်တိုင်းမှာ ဖောက်ထွင်းမြင်နိုင်တဲ့ရွှေတွေနဲ့ တည်ဆောက်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ လမ်းများကလည်း ပေလမ်းတွေ ဖြစ်မှာပါ။ အသက်ပင်တွေလမ်းမြောက်များစွာကိုလည်း တွေ့ရမယ်။ အသက်ရဲ့အ သီး (၁၂)သီးကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဘုရင်များနဲ့ ကမ္ဘာလောကကြီးက လေးစားရတဲ့သူ တွေအားလုံးဟာ ဂိတ်တံခါးတွေဆီကို လာပြီးတော့ သူတို့ရဲ့ ဘုန်းတွေ၊ ဂုဏ်တော်တွေကို ယူဆောင်လာမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဂိတ်တံခါးတွေ ပိတ်ထားမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ညမရှိလို့ဘဲ ဖြစ်ပါတယ်။ အဲဒီမြို့ထဲမှာ သိုးသူငယ်ဟာ အလင်းဖြစ်ပါတယ်။ အဲဒီ မြို့ထဲမှာ ဘယ်တော့မှ ညက ရောက်ရှိလာမှာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ တိုက်ခန်းရှိပါတယ်။ အဲဒါတွေဟာ ဘာမှ စိုးရိမ်ပူပန် စရာတွေ မလိုတဲ့ အရာဖြစ်ပါတယ်။ ကျွန်တော် သွားတဲ့အခါမှာ သိုးသူငယ်ဟာ အလင်းဖြစ်တဲ့နေရာကို ကျွန်တော်သွားခြင်းဘဲ ဖြစ်ပါတယ်။

191 ၁၉၁။ မြို့တွေ၊ မြို့တော်တွေ၊ အိမ်တွေကျိန်းဝပ်တဲ့နေရာတွေကို သင်မတွေ့ပေဘူးလား? အဲဒါတွေအကြောင်းကို ပြောဆိုနေ ခြင်းဘဲ ဖြစ်ပါတယ်။ ဒီသဘာဝအရာတွေ အားလုံးကတော့ အရိပ်တွေဘဲ ဖြစ်ပါတယ်။

အဝေးကနေပြီးတော့ အဲဒီအရိပ်တွေကို ကြည့်ပါ။ ကျွန်တော့်ရဲ့လက်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒီလိုမဖြစ်ခင်မှာ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆ်ိုတာ ရှိနေပါတယ်။ ဒါပေမဲ့လည်း ဖြစ်နိုင်ဘို့ဘဲ ဖြစ်ပါတယ်။ အဲဒီ အရိပ်က လက်ချောင်းကလေးတွေကဲ့သို့ ဖြစ်ပါ တယ်။ အနီးကိုကပ်ပြီးတော့ ရောက်လာတဲ့အခါမှာ တစ်ခုခုကို ဦးတည်ပြီး ထားတာကိုတွေ့ရပါတယ်။ ပြီးတာနဲ့ အဲဒီအရိပ်တွေ ဟာ လက်ထဲကို ပြန်ပြီးတော့ ကျလာပြီး ပျောက်ကွယ်သွားပါတယ်။

လူတွေတော်တော်များများက ဘုရား(၃)ဆူ၊ (၄)ဆူ၊ ရှိတယ်လို့ထင်ပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေကိုလည်း သင်တွေ့ရမှာ ဖြစ်ပါတယ်။ ဆင်းလာပါ။ သင်တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ခုထဲရှိတဲ့အထိ ချိန်ဆကြည့်ပါ။

192 ၁၉၂။ သတို့သမီး တစ်ဦးတည်းသာရှိပါတယ်။ သတို့သမီး(၁၂)ယောက်မရှိပါဘူး။ ဂိုဏ်းဂဏလည်း (၁၂)ခုမရှိပါဘူး။ သတို့သမီးတစ်ဦးတည်းဘဲရှိပါတယ်။ ရွေးချယ်ခံရတဲ့ သတို့သမီးက ဒီကမ္ဘာမြေကြီးပေါ်မှာ တစ်ဦးတည်းရှိပြီးတော့ ကြိုတင်ခွဲခန့် မှတ်သားထား ပြီးတော့ သူ့ရဲ့လုပ်ဆောင်ရမဲ့အရာကတော့ ကောင်းကင်နိုင်ငံမှာ အသိအမှတ်ပြုခံရဘို့ဘဲ ဖြစ်ပါတယ်။

193 ၁၉၃။ ဒီပလ္လင်ပေါ်မှာ ကြည့်မယ်ဆိုရင် အင်မတန် မြင့်မားပါတယ်။ မြို့တော်သစ် ဖြစ်ပြီးတော့ အခြေခံအုတ်မြစ်တွေ ရှိပါတယ်။

ဂိတ်တံခါး(၁၂)ခုရှိပါတယ်။ သခင်ယေရှုကတော့ ထိပ်ဆုံးကကျောက် ဖြစ်ပါတယ်။ တမန်တော်တွေ နောက်ပြီးတော့ မျိုးနွယ် (၁၂) နွယ်ရှိပြီးတော့ တရားစီရင်နေတာကို တွေ့ရပါတယ်။

ဇနောက်ရဲ့ပိရမစ်ကတော့ အရိပ်မပေးပါဘူး။ ကျွန်တော်က အီဂျစ်နိုင်ငံကို ရောက်ဘူးခဲ့ပါတယ်။ ပိရမစ်တွေကို သွားကြည့်ခဲ့ ဘူးပါတယ်။ ပထဝီကြောင်းအရ၊ အင်မတန်ကို တိတိကျကျ တိုင်းတာမှတ်သားပြီးတော့ အင်မတန်ကြီးမားလှတဲ့ ပထဝီကြောင်း ဆိုင်ရာ ပုံစံကြီးဘဲ ဖြစ်ပါတယ်။ ဘယ်နေရာမှာဘဲ နေရှိရှိ၊ ဘယ်နေရာမှာဘဲ အရိပ်ရှိရှိ ဘယ်တော့မှ ဒီအရိပ်ထိုးပြီးတော့ ပိရမစ် ပတ်ဝန်း ကျင်မှာ ကျရောက်လာခြင်း မရှိပါဘူး။

ကိုယ်တော်ရှင်နဲ့အတူ တောင်ထိပ်မှာ ရှိမယ်ဆိုရင် ဘယ်တော့မှ ညဆိုတာ မရှိပါဘူး။ ကိုယ်တော်ရှင်ရဲ့ ဘုန်းတော်ထဲမှာဘဲ ရေလွှမ်းမိုးခြင်းတွေ မရှိပါဘူး။ ကိုယ် တော်ရှင်ရဲ့အလင်းတော်ကတော့ တစ်ချိန်လုံးထွန်းလင်းတောက်ပနေမှာ ဖြစ်ပါတယ်။ အဲဒီမှာ ညမရှိပါဘူး။ သခင်ယေရှုကတော့ တောင်ထိပ်ကကျောက်ဘဲ ဖြစ်ပါတယ်။

194 ၁၉၄။ အခုကြည့်ရမဲ့အရာကတော့ ကယ်တင်ခြင်းရပြီးသားသူတွေဟာ အလင်းထဲမှာ လျှောက်လှမ်းရမှာ ဖြစပါတယ်။ ကျွန် တော်တို့ အခုသီးချင်းဆိုမှာ ဖြစ်ပါတယ်။ အလင်းထဲမှာ ကျွန်တော်တို့ လျှောက်မယ်။ အင်မတန်လှပတဲ့အလင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော် တို့ထဲမှာ တစ်စုံတစ်ခုသောအရာက ခေါ်နေတာ ရှိပါတယ်။ အဲဒါကတော့ သေခြင်းကနေ အသက်ရှင်ခြင်းကို ကူးပြောင်းတဲ့အရာဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက စောင့်စားစံနစ်လို့ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ခံစားရမဲ့ အတိုင်းအတာ စရိုက်လက္ခဏာဘဲ ဖြစ်ပါတယ်။

ခင်ဗျားတို့ အဆင်သင့်ဖြစ်ပြီလား¿အာဗြဟံက ရှာဖွေနေတဲ့ မြို့တော်ဘဲ ဖြစ်ပါတယ်။ ပရောဖက်ဖြစ်တဲ့အတွက် အဲဒီမြို့တော် ဟာ တစ်နေရာရာမှာ ရှိတယ်ဆိုတာ သူသိပါတယ်။ သမ္မာကျမ်းစာကလည်း ဆိုထားပါတယ်။ သူဟာ သူနေတဲ့မြို့တော်ကို စွန့်ခွာပြီး တော့ သူထွက်သွားပါတယ်။ သူဘယ်ကိုသွားလဲဆိုတာကိုကြည့်ပါ။ ဘယ်နေရာမှာ ရှိမလဲဆိုတာကိ်ုဘဲ အတိအကျ သွားရပါမယ်။ သူဟာ မြို့တော်ကို ရှာဖွေနေပါတယ်။ အဲဒီမြို့တော်ရဲ့တည်ဆောက်သူ၊ အဲဒီမြို့တော်ကို ပြုလုပ်သူကတော့ ဘုရားသခင် ဘဲဖြစ်ပါတယ်။

195 ၁၉၅။ သခင်ယေရှု သွားပြီးတော့ ပြင်ဆင်ပေးပါတယ်။ သူ့ရဲ့လက်တော်နဲ့ သူဟာ အဲဒီမြို့တော်ကို ဗိသုကာကြီးအဖြစ်နဲ့ ပြင်ဆင်ပါ တယ်။ ကြိုတင်ခွဲခန့် ပြင်ဆင်ထားတဲ့ သူတွေအတွက်ဘဲ ဖြစ်ပါတယ်။ သူသွားရောက်ပြီးတော့ ပြင်ဆင်ပါတယ်။

အာဗြဟံက အဲဒီအတွက် ကြည့်နေပါတယ်။ သူဟာ ဘုရားဖူးဖြစ်တယ်၊ လူစိမ်းတစ်ဦး ဖြစ်တယ်ဆိုတာကို သူဝန်ခံပါတယ်။ သူဟာ ဘုရားသခင်က ဒီမြို့တော်ကို တည်ဆောက်တယ်ဆိုတာကို သူသိပါတယ်။ သူအဲဒီမြို့တော်ကို သူရှာဖွေလျှက်ရှိပါတယ်။ အဲဒီ ပရောဖက်ကတော့ တစ်နေရာရာမှာ ရှိတယ်ဆိုတာကို သိရပါတယ်။ ယောဟန်က အဲဒီဟာဆင်းသက်လာတာကို သိပါတယ်။ ဒါပေမဲ့ လည်း အာဗြဟံက ဘာတွေးနေလဲဆိုတော့ ကမ္ဘာမြေကြီးပေါ်မှာ အခုဘဲရှိမယ်ဆိုတာကို တွေးမိပါတယ်။ ဘာကြောင့်လဲ ? သူက မေလခိဇေဒက်ကို တွေ့ပါတယ်။ ဘုရင်ဖြစ်ပါတယ်။ သူ့ကို ဘာပေးသလဲဆိုတော့ ဆယ်ဖို့တစ်ဘို့ ပေးခြင်းဘဲ ဖြစ်ပါတယ်။ ဘယ်ဖခင်၊ မိခင်တွေမှ မရှိတဲ့အရာဘဲ ဖြစ်ပါတယ်။ သူ့မှာ အစလည်းမရှိသလို အဆုံးလည်း မရှိပါဘူး။ သူ့မိခင်၊ ဖခင်မရှိပါဘူး။ အာဗြဟံ သူနဲ့တွေ့ဆုံပြီးတော့ သူတို့အတူတကွ ပွဲတော်ကို ယူပြီးတော့ အဲဒီမြို့တော်ကို တည်ဆောက် ထားတဲ့နေရာမှာ သူတို့ပွဲတော်ကို ယူပါတယ်။ သန့်ရှင်းတဲ့ တောင်တော်ဘဲ ဖြစ်ပါတယ်။ အဲဒီမှာ ကယ်တင်ခြင်းရတဲ့သူ တွေနေထိုင်အသက်ရှင်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ မနားဘဲ ဆက်သွားမှာပါ။ ကျွန်တော်တို့ရဲ့အချိန်တန်ပြီ ဖြစ်ပါတယ်။ ဒါဟာ ပြီးရင်ထာဝရနဲ့ ဆိုင်တဲ့အကြောင်းအရာကိုပြောမှာ ဖြစ်ပါ တယ်။

196 ၁၉၆။ အိုသန့်ရှင်းသောတောင်တော်၊ ရွှေတွေဟာ ဖန်ကဲ့သို့ ကြည်လင်ပြီးတော့ ရှိနေပါတယ်။ အဲဒီမှာ တိုက်ခန်းတွေရှိတယ်။ အိမ် တွေရှိတယ်။ ပန်းခြံတွေ ရှိပါတယ်။ ဒါကို ဖတ်ကြည့်ချင်တယ်ဆိုရင် (ဗျာဒိတ်ကျမ်း ၂၁ႏ၁၁)မှာဖတ်ကြည့်နိုင်ပါတယ်။အသက်ပင် အဲဒီမှာ ရှိပါတယ်။ အသီး(၁၂)မျိုး၊တစ်ခုနဲ့တစ်ခုမတူတဲ့အသီး(၁၂)မျိုးကို သီးပါတယ်။ တစ်လမှာ တစ်မျိုးစီ သီးပါတယ်။ ကျွန်တော် တို့ အဲဒီအသီးတွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအသီးတွေကို ကျွန်တော်တို့ စားသုံးရင် လစဉ်လတိုင်း ကျွန်တော်တို့ရဲ့ အဟာရက ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

အဲဒါက အောင်မြင်သူတို့အတွက်ဖြစ်ပါတယ်။ ခင်ဗျာတို့ အဲဒါကို သိသလား¿ ဂိုဏ်းဂဏတွေအတွက် မဟုတ်ပါဘူး။အဲဒါကို ဆိုလိုသလားဘရာသာဇရမ်ဟမ်၊

(ဗျာဒိတ် ၂)ကို ကြည့်ကြပါစို့။ တစ်မိနစ်ဘဲ အချိန်ယူပါ။ ရှာတွေ့မှာ ဖြစ်ပါတယ်။ (ဗျာဒိတ် ၂ႏ၇)ဖြစ်ပါတယ်။အဲဒါကို ရှာ တွေ့ပြီးတော့ တစ်ကယ်ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ ကျွန်တော်တို့ ကြည့်ဘို့ဘဲ ဖြစ်ပါတယ်။ (ဗျာဒိတ် ၂ႏ၇)မှာဒီလိုရေး ထားပါတယ်။ နားရှိသောသူမည်သည်ကား ကြားပါစေ၊ ဝိညာဉ်တော်က ဘာကိုဆိုလိုသလဲဆိုတာ နားရှိသောသူမည်သည်ကား ကြားပါစေ။

အခုအခါမှာ ကိုယ်တော်ရှင်က ဂျူးတွေကို စကားပြောနေခြင်း မဟုတ်ပါဘူး။ ဒါကတော့ အသင်းတော် ဖြစ်ပါတယ်။ တစ်ပါး အမျိုးသား ဖြစ်ပါတယ်။ နားရှိသောသူ မည်သည်ကား ကြားပါစေ။ အသင်းတော်များကို သန့်ရှင်းသောဝိညာဉ်တော် ဘာပြောသ လဲဆိုတာ နားရှိသောသူမည်သည်ကား ကြားပါစေ။ အောင်မြင်သောသူဟာ အသက်ပင် ကအသီးကို ငါစားခွင့်ပေးမယ်။ ဘုရားသခင်ရဲ့ ဥယျာဉ်အလယ်မှာ ရှိနေတဲ့အရာဘဲ ဖြစ်ပါတယ်။

197 ၁၉၇။ အောင်မြင်သောသူများသာ ဖြစ်ပါတယ်။ သားရဲကို အောင်မြင်သောသူ ဖြစ်ပါတယ်။ သူ့ရဲ့အမှတ်အသားကို အောင်မြင်သော

သူဖြစ်ပါတယ်။ အဲဒါကတော့ ကက်သ လစ်ဇင်၊ ပရိုတက်စတင့်ဇင်ဝါဒ၊ ဂိုဏ်းဂဏဝါဒများဘဲ ဖြစ်ပါတယ်။ ဘယ်သူက သားရဲကို အောင်မြင်သလဲ¿ သူ့ရဲ့အမှတ်အသား၊ သူ့ရဲ့နံမယ်ကို ရရှိသလဲ¿သူဟာ အသက်ပင်အတွက် သူ့မှာ လုပ်ပိုင်ခွင့်ကို သူရမှာဖြစ်ပါတယ်။ ဂိတ်တံခါးတွေထဲကို ဝင်ပြီးတော့ ဘယ်လိုမှ ညစ်ညူးမှုပြုလုပ်နိုင်တဲ့အရာကို ရရှိမှာဖြစ်ပါတယ်။ အဲဒါကို စဉ်းစားကြည့်ပါ။ (၁)မိနစ် လောက် စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ ဆက်ပြီး လေ့လာကြအုန်းမှာ ဖြစ်ပါတယ်။ အသက်ပင်ကတော့ အောင်မြင်သောသူများအ တွက်သာ ဖြစ်ပါတယ်။

အရွက်တွေကတော့ နိုင်ငံတွေကို အနာရောဂါ ငြိမ်းစေဘို့ ဖြစ်ပါတယ်။ ဘုရင်တွေရှိတယ်။ သူတို့ရဲ့ ဂုဏ်သိက္ခာတွေကို ဘုရား သခင်ရဲ့ပလ္လင်ရှေ့မှာ လာချထားမှာ ဖြစ်ပါတယ်။ ဣသရေလအမျိုးအနွယ်(၁၂)မျိုးနွယ်၊သူတို့ တစ်ယောက်စီ၊ လေဝိအပါအဝင်၊ သူတို့ဟာ သူတို့ရဲ့ သရဖူတွေကို ဒီကောင်းချီးခံစားရတဲ့မြေပေါ်မှာ သူတို့ အသက်ပင် တွေ့တဲ့အခါမှာ သူတို့ရဲ့ သရဖူတွေကို ချထားမှာ ဖြစ်ပါတယ်။ သူတို့ဟာ အသက်ပင်ရဲ့အရွက်တွေကိုယူပြီးတော့ သူတို့လျှောက်ထွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအချိန် မှာ စစ်ပွဲတွေ လည်းမရှိတော့ပါဘူး။ အားလုံးငြိမ်သက်ခြင်းတွေ ရှိမှာပါ။ ဒီအရွက်တွေဟာ နိုင်ငံတွေကို အနာရောဂါငြိမ်းစေဘို့အ တွက် အမှတ်အ သားလက္ခဏာဘဲ ဖြစ်ပါတယ်။

198 ၁၉၈။ အလားတူ သစ်ပင်ဟာ အာဒံကဲ့သို့ မဟုတ်ပါဘူး။ ဧဒင်ဥယျာဉ်ကြီးထဲမှာ အသက်ပင်ရှိနေပါတယ်။ သူက အဲဒီအသက်ပင်အ သီးကို စားလိုက်ရင် အဲဒီအသက်ပင် အသီးကသူ့ကို သတိပေးထားတဲ့အတိုင်း တစ်ချိန်လုံး အမြဲတမ်းဘဲ ဆက်လက်ပြီးတော့ လှုပ်ရှား နေမှာ ဖြစ်ပါတယ်။

နိုင်ငံတိုင်းကလည်း အဲဒီအတိုင်းဘဲ ဖြစ်မှာဖြစ်ပါတယ်။ အရွက်တွေဟာ နိုင်ငံတွေကို အနာရောဂါငြိမ်းစေဘို့ ဖြစ်ပါတယ်။ အခုအချိန်မှာ ဖျားနာခြင်း မဟုတ်တော့ပါဘူး။ အာဒံမှာရှိတဲ့အလားတူအခွင့်အရေးတွေကို သင်ရရှိမှာ ဖြစ်ပါတယ်။ ဂျိုးငှက် ကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဂျိုးငှက်ကလေးမှာ သစ်ရွက်ကလေး ရှိသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘုရင်တိုင်းမှာ အရွက်ကလေးတစ် ခုစီ ယူလာမှာဖြစ်ပါတယ်။

199 ၁၉၉။ အသက်မြစ်ကတော့ ချောင်းကလေးတွေ အများကြီးရှိပါတယ်။ အားလုံးစု ပေါင်းပြီးတော့ ဖြစ်ပေါ်လာပါတယ်။

ကျွန်တော် မကြာခင် နိဂုံးချုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော် မည်မျှအမှတ်အသားများ ရရှိပါသလဲ? အခု မှတ်စုဌ်ရေးတာ စာမျက်နှာ(၃၀)လောက်ရပြီ။

ဒီကမ္ဘာလောကကြီးမှာ ကျွန်တော်တို့ တောင်များပေါ်ကို ရောက်တဲ့အခါမှာ အရမ်းကို ရေငတ်ကြပါတယ်။ တစ်နေ့ညက ကျွန် တော် ပြောသကဲ့သို့ဘဲ စမ်းရေလေးက ပန်းပြီးထွက်နေတယ်။ အဲဒီအသက်တာကိုပေးနိုင်တဲ့ အရင်းအမြစ်ရှိတယ်ဆိုရင် ကျွန်တော်တို့ ကလည်း မောပန်းပြီးတော့ ရေငတ်နေတယ်ဆိုရင် အင်မတန်ကောင်းတဲ့ စမ်းချောင်းလေးမှာ ကျွန်တော်တို့ ထိုင်ချလိုက်ပြီးတော့ အဲဒီမှာ ရောဂါပိုးတွေ မရှိနိုင်တဲ့နေရာမှာ ကမ္ဘာလောကကြီးထဲမှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ နှစ်မြှုပ် လိုက်ပြီးတော့ ဒီစမ်းရေထဲမှာ ပေပေါင်းရာပေါင်းများစွာကနေ ပန်းထွက်လာတဲ့ အင်မတန် သန့်စင်စစ်မှန်တဲ့ အသက်ပေးနိုင် တဲ့ရေကို ကျွန်တော်တို့ ရယူကြမှာ ဖြစ်ပါတယ်။ အဲဒါကို ကျွန် တော်တို့ နှစ်သက်ကြပါတယ်။ အခုအခါမှာ ကမ္ဘာလောကကြီးမှာ စမ်းချောင်းတွေ ရှိပါတယ်။ ကမ္ဘာလော ကကြီးက သန့်စင်တဲ့ရေလေးတွေလည်း ရှိပါတယ်။ သင်ဟာ ဆာငတ်ပြီးတော့ သေလုမြောပါးဖြစ်နေပြီဆိုရင် သင့်မှာ ကောင်းမွန်ဇမြ တဲ့ အရာရှိနေပါတယ်။ သင်အသက်ရှင်နိုင်ဘို့ သင်ယူပေးနိုင်မဲ့ ရေဘဲ ဖြစ်ပါတယ်။

200 ၂၀၀။ ဒါပေမဲ့လည်း ဘယ်ကနေ လာသလဲဆိုတာကြည့်ပါ။ ပလ္လင်ထဲကနေ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ အသက်အရင်း အမြစ် ပေးတဲ့အရာတွေကို ရရှိပါတယ်။ ဘုရားသခင်ရဲ့ပလ္လင်အောက်ကနေ လာပါတယ်။ ဘုရားသခင်ထိုင်နေတဲ့ ပလ္လင်အောက် ကနေဘဲ ဖြစ်ပါတယ်။

အားလုံး ဒီကမ္ဘာလောကကြီးနဲ့ဆိုင်တဲ့အရာတွေ၊ ဒီကမ္ဘာမြေကြီး ကျွန်တော်တို့ ယခုနေထိုင်နေတဲ့အရာတွေ၊ လူတိုင်းတစ် ယောက်စီ ခရစ်ယာန်ဘဲဖြစ်ဖြစ်၊ တစ်ပါးအမျိုးသားဘဲဖြစ်ဖြစ် သူတို့မှာ ဗိမာန်တော်တွေ ရှိပါတယ်။ အဲဒါကို သင်စဉ်းစာမိပါသ လား? အသင်းတော်တွေရှိပါတယ်။သူတို့အားလုံးဘဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီအရာကတော့ ဘာမှ မရှိပါဘူး။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ အဲဒီနေရာမှာ ဗိမာန်တော် မရှိပါဘူး။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်နဲ့ သိုးသူငယ် ကတော့ ဗိမာန်တော်ဘဲ ဖြစ်ပါတယ်။ သိုးသူငယ်က အလင်းဖြစ်တယ်။ သိုးသူငယ်က ဗိမာန်တော် ဖြစ်ပါတယ်။ သိုးသူငယ်က ပလ္လင်တော် ဖြစ်ပါတယ်။ သိုးသူငယ်က အသက် ဖြစ်ပါတယ်။ သူက ဗိမာန်တော် ဖြစ်ပါတယ်။ ဒီဗိမာန်တော်တွေအားလုံးမှာ ဦးတည်ချက် ရှိပါတယ်။ သူတို့ ဝတ်ပြုကိုးကွယ်နေတဲ့ ဦးတည်ချက်ဘဲ ဖြစ်ပါတယ်။ ဒီမြို့တော်ထဲမှာဘဲ ဖြစ်ပါတယ်။ သူက ဦးတည်ချက်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့ သူ့ရဲ့လူမျိုးတော်ဖြစ် ပါတယ်။ သူ့ရဲ့ဝိညာဉ် အလင်းကတော့ ပိရမစ် မြို့တော်ကြီးကို ထွန်းလင်းလျှက်ရှိပါတယ်။

201 ၂၀၁။ ပေတရုနဲ့ ယောဟန်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ တောင်ထိပ်ပေါ်ကို တက်သွားတဲ့အခါမှာ အလင်းကတောင်ထိပ်ကို ဖုံးလွှမ်း သွားပါတယ်။ နောက်ပြီး အသံတော်ကြားပါတယ်။ ဒါငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဆိုတဲ့ အသံဘဲဖြစ်ပါတယ်။

202 ၂၀၂။ (ဗျာဒိတ်၂၁း၃-၄)မှာ လူနဲ့အတူရှိတယ်လို့ ဆိုထားပါတယ်။ ဘုရားသခင်က လူထဲမှာ ကျိန်းဝပ်ပါတယ်။ သူ့ကို ကယ်တင်ခြင်းအားဖြင့်ဘဲ ဖြစ်ပါတယ်။ အဆင့်(၃)ဆင့် အားဖြင့် ဖြစ်ပါတယ်။ ဘုရားသခင်က ကမ္ဘာလောကကြီးကို ကယ်တင် မယ်။ ဒီကမ္ဘာမြေကြီး ပေါ်မှာရှိတဲ့ တဲတော်ကိုလည်း ကယ်တင်မှာဖြစ်ပါတယ်။ သူ့ကိုကိုးကွယ်တဲ့သူတွေဟာ ဒီကမ္ဘာလောက ကြီးပေါ်မှာ ရှိပါတယ်။ ကမ္ဘာ လောကကြီးထဲကနေ သူက ပေါ်ထွက်လာစေခြင်းဘဲ ဖြစ်ပါတယ်။ အပြစ်ကျဆင်းလာတဲ့အခါမှာ သူကတော့ ဆက်ပြီးသွားစေမှာ ဖြစ်ပါတယ်။ ယခုအခါမှာ သခင်ယေရှုကို အဲဒီကျဆင်းနေတဲ့ ကမ္ဘာလောကကြီးကို ကယ်တင်ဘို့ အတွက် သူကစေလွှတ်ပါတယ်။ ကျွန်ုပ်တို့ဟာလည်း တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ သင့်ရဲ့ခေါင်းပေါ်က ဆံချည်မျှင် တစ်မျှင်ကိုတောင် မထွက်ရဘူး။ ဆုံးရှုံးမသွားရ ဘူး။ ပျက်စီးမသွားရဘူးလို့ ဆိုပါတယ်။ သခင်ယေရှု မိန့်တော်မူခြင်းဖြစ်ပါတယ်။ သူပြောတဲ့အတိုင်းဘဲ ငါရှင်ပြန်ထမြောက်ပြီး

နောက်ဆုံးသောနေ့ရက်ကာလမှာ တစ်ဖန်ရှင်ပြန် ထမြောက်အုန်းမယ်လို့ ဆိုထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဟာ ကမ္ဘာမြေကြီးရဲ့ တစ်စိတ်တစ်ဒေသဖြစ်နေလို့ပါဘဲ။

203 ၂၀၃။ ကျွန်တော့်ဇနီးသည်က ကျွန်တော့်ကို ပြောပြတဲ့ ဟာသလေးတစ်ခုရှိပါတယ်။ ကျွန်တော့်ဆံပင်တွေ ကျွတ်တဲ့အကြောင်း ဘဲ ဖြစ်ပါတယ်။ ကျွန်တော်က သူမကို ဘာပြန် ပြောလဲဆိုတော့ ဒီကျွတ်သွားတဲ့ဆံပင်တွေ၊ ဆံချည်မျှင်တွေဟာ တစ်ပင်မှ မပျောက်ပျက်ဘူးလို့ ပြောပါတယ်။ ဒါဆိုရင် သူတို့ ဘယ်ရောက်သွားလဲလို့ သူမက မေးပါတယ်။

ကျွန်တော်က ဘာပြန်ဖြေလဲဆိုတော့ သူတို့ကို ငါမပိုင်ဆိုင်ရခင်မှာ သူတို့ရှိ တဲ့နေရာမှာ သူတို့ပြန်ရောက်သွားတာပေါ့လို့ဖြေ ပါတယ်။ ဘယ်နေရာကဘဲ သူတို့ရှိခဲ့ရှိခဲ့ ဘယ်နေရာမှာဘဲ သူတို့နေခဲ့နေခဲ့ အဲဒီဆံချည်မျှင်လေးတွေက ကျွန်တော့် ခေါင်းပေါ်ကကျွတ် ထွက်သွားပေမဲ့လည်း ကျွန်တော့်ကို စောင့်မျှော်နေမှာဖြစ်ပါတယ်။ တစ်နေ့ကျရင် သူတို့ထံကို ကျွန်တော် ပြန်လည်ရောက်ရှိမှာဖြစ်ပါတယ်။

204 ၂၀၄။ ဒီဟောင်းနွမ်းနေတဲ့ကိုယ်ခန္ဓာကြီးက ရှုံ့တွပြီးတော့ တစ်ဖြည်းဖြည်းနဲ့ ကျဆင်းပြီးတော့ ပုခုံးတွေလည်း ယိမ်းယိုင်ပြီး တော့ ဒူးတွေလည်း နာပြီးတော့ လည်ချောင်းတွေလည်း ဆို့နင့်နေမှာ ဖြစ်ပါတယ်။ ဟိုးမြစ်ထဲမှာ ဒီကိုယ်ခန္ဓာကို ကျိုလိုက်လို့ရပါ တယ်။ ဒါပေမဲ့လည်း တံပိုးမှုတ်သံ ကြားရတဲ့အခါမှာ ပြန်လည် ထမြောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ရက်ကာလတွေကို ရောက်ရင် ကျွန်တော်ဟာ ဒီကမ္ဘာလောကကြီးရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပြီးတော့ ကယ်တင်ခြင်း ရထားပြီးသား ဖြစ်ပါတယ်။ သင်ဟာ ဒီကမ္ဘာလောကကြီးထဲမှာ ရှိပါတယ်။ ဒါပေမဲ့လည်း ကောဇ်မွန်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော်တို့ကတော့ ခြားနားတဲ့အရာတစ်ခုဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရပြီးသားအရာဘဲဖြစ်ပါတယ်။

205 ၂၀၅။ ဘုရားသခင်ရဲ့တဲတော်ဟာ လူနဲ့အတူ ရှိမယ်လို့ ဆိုထားပါတယ်။ ရှိနှင့်ပြီးသားအရာတွေက ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီအရာတွေအားလုံး ပျောက်ဆုံးသွားမှာ ဖြစ်ပါတယ်။ ကောင်းကင်ဆင်းသက်လာတဲ့အခါမှာ လူနဲ့အတူ ရှိဘို့ဘဲ ဖြစ်ပါတယ်။ ကောင်းကင်နဲ့မြေကြီးဟာ တစ်ယောက်နဲ့တစ်ယောက်ဖက်တွယ်ခြင်း ရှိတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဂျိုးငှက်က ကမ္ဘာလောကကြီးအထဲကို ဆင်းသက်တဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီ ဂျိုးငှက်ကတော့ သခင်ယေရှုဘဲ ဖြစ်ပါတယ်။ သူက ကမ္ဘာလောကကြီးရဲ့ မြေကြီးဖြစ်ခဲ့ပါတယ်။ လူသားဖြစ်ခဲ့ပါတယ်။ ဘုရားသခင်ဟာ အသက်တာတည်းဟူသော ပိုးကလေး ထဲကနေ ပေါ်ထွက်လာပါတယ်။ ဖန်ဆင်းခြင်းတန်ခိုးအားဖြင့်ဘဲ ဖြစ်ပါတယ်။ အသွေးတော်ဟာ အဲဒီအထဲမှာရှိပါတယ်။ အသွေးထဲမှာ ရှိတဲ့ အဲဒီအသက်ကတော့ ဘုရားသခင်ထံကို ပြန်ပြီးတော့ တက်သွားပါတယ်။ ဒါပေမဲ့လည်း အသွေးတော်ဟာ မြေကြီးပေါ်ကိုသွန်း လောင်းခဲ့ပါတယ်။ မိမိပိုင်ဆိုင်တယ်လို့ဘဲ ကြွေးကြော်ဘို့ ဖြစ်ပါတယ်။ ဗရာသာဗရမ်ဟမ်က တရားဟောပလ္လင်ကို (၇)ကြိမ်တိုင်တိုင် ခေါက်လိုက်ပါတယ်။ (အယ်ဒီတာမှတ်ချက်)

206 ၂၀၆။ အဲဒီအသွေးတော်ကို ပြန်လည်ယူဆောင်လာခြင်းကြောင့်ဘဲဖြစ်ပါတယ်။ ဒီပိုးဆဲလ်မှ ကာဗွန်ထဲမှာဘဲ ဖြစ်ပါတယ်။ အခုအခါ မှာ သူပြန်လာပြီးတော့ ဖန်ဆင်းခြင်းတန်ခိုးနဲ့ ပြည့်စုံလျှက်ရှိပါတယ်။ အာဒံကို ပြုလုပ်သကဲ့သို့ဘဲ ဖြစ်ပါတယ်။ အာဒံကို ဖန်ဆင်း ခြင်းဘဲ ဖြစ်ပါတယ်။ ဒီအရာကတော့ ဒုတိယအာဒံဘဲ ဖြစ်ပါတယ်။ အဲဒီ ကျိုးပဲ့နေတဲ့ဆဲလ်တွေအားဖြင့် အဲဒီအပြစ်ဟာ အာဒံရဲ့သွေးဆဲ လ်ထဲကို ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဖြောင့်မတ်သောသူတို့ရဲ့ သွေးထဲကို ဝင်ရောက်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီသွေးဆဲလ်ကတော့ အာဗေလကို သူသတ်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အာဗေလက မွေးဖွားကတည်းက အသွေးအသားဆက်ဆံခြင်းအားဖြင့် မွေးဖွားခြင်းဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကိုယ်တော်ရှင်က အသွေးအသားအားဖြင့် မွေးဖွားလာတာ မဟုတ်ပါဘူး။ သူဟာ ဟိုးအစကတည်းက ဘုရား သခင် ဖန်ဆင်းခြင်းအားဖြင့် ဖွားမြင်လာတဲ့သူဘဲဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကို ကယ်တင်ခဲ့ပါတယ်။ ကယ်လစီယမ်၊ ပိုတက်စ်၊ ပက်ထရိုလီယမ်၊ ရေနံတွေ၊ ကောဇ်မိတ်အလင်းတွေ အဲဒါတွေအားဖြင့် သင့်ကို ဖန်ဆင်းထားပြီးတော့ အခုအခါ ကယ်တင်ခြင်းကိုရပါတယ်။ သင့်ရဲ့ဆံချည်တစ်ပင်ကိုတောင် အန္တရာယ်မပေးနိုင်ပါဘူး။ နောက်ဆုံးသောကာလတွေမှာ ပြန်လည်၍ ရှင်ပြန်ခြင်းကို ထမြောက်စေမှာ ဖြစ်ပါတယ်။

207 ၂၀၇။ ၎င်းနောက် ဘာဖြစ်ပါသလဲ? ဘုရားသခင်က ကမ္ဘာလောကကြီးပေါ်မှာ နေထိုင်ဘို့အတွက် ဆင်းသက်ကြွလာပါတယ်။ ကိုယ်တော်ရှင်က တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်ခန္ဓာအားဖြင့် ဖြစ်ပါတယ်။ ဖြောင့်မတ်ခြင်းကနေ သူက ပြန်လည်ပြီးတော့ ရှင်ပြန်ထမြောက်ခြင်းကို ဖြစ်စေပါတယ်။ သူ့ကို ဘယ်လို ဖြောင့်မတ်ခြင်းဖြစ်စေသလဲဆိုရင် ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ရာသို့ရောက် ခြင်းဘဲဖြစ်ပါတယ်။ သူ့ရဲ့ပုံစံတွေကို သတိထားပြီး ကြည့်မယ်ဆိုရင် သခင်ယေရှုကတော့ လူဇာတိကို ခံပါတယ်။ ဘုရားသခင်ကတော့ သူ့ရဲ့ကြိုတင် ခွဲခန့်မှတ်သားထားတဲ့အတိုင်းဘဲ သူ့ရဲ့နေရာကို ယူခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ကယ်တင်ခြင်းဘဲ ဖြစ်ပါတယ်။ ဒီအရာတွေအားလုံး ဖြစ်လာနိုင်ဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ ဒီလှပတဲ့အုတ်နံရံတွေရဲ့ အပြင်ဘက်မှာ မြို့တော်ရဲ့အပြင်မှာ ကြည့်ရ မယ်ဆိုရင် တွေ့နိုင်မဲ့အရာတွေဘဲ ဖြစ်ပါတယ်။

208 ၂၀၈။ မြို့တော်နဲ့ ပတ်သက်လို့ သင်သဘောပေါက်ပါသလား? အဲဒါက သန့်ရှင်းတဲ့မြို့တော်ဖြစ်ပါတယ်။ ဗရာသာဗရမ်ဟမ်က ကျောက်သင်ပုန်းပေါ်မှာ ပုံကို ဆွဲပြပါတယ်။ ငါ့ရဲ့သန့်ရှင်းတဲ့တောင်ပေါ်မှာ ဘယ်အရာကိုမှ ဖျက်ဆီးလို့မရဘူး။ အန္တရာယ် ပေးလို့မရဘူးလို့ ကိုယ်တော်ရှင် ဆိုခဲ့ပါတယ်။ မြို့တော်ကတော့ လေးဒေါင့် အန်ဖာတုံးပုံစံ မဖြစ်ပါဘူး။ အဲဒါက တောင် တော်ဖြစ်ပါတယ်။ အကျယ်နဲ့ အလျား၊ အမြင့်တွေကတော့ တူညီမှု ရှိပါတယ်။ မ်ိုင်ပေါင်း(၁၅၀၀)ဖြစ်ပါတယ်။မိုင်ပေါင်း(၁၅၀၀)က တော့ ပတ်ပတ်လည် ဖြစ်ပါတယ်။ မိုင်ပေါင်း (၁၅၀၀)အထိမြင့်မားပါတယ်။ အဲဒါကြောင့်မို့ အင်မတန်ကြီးမားတဲ့တောင်ကြီးဘဲ ဖြစ်ပါတယ်။ ပိရမစ်ပုံကဲ့သို့ ဖြစ်ပြီးတော့ မြို့တော်ဟာ အဲဒီတောင်ပေါ်မှာတည်ရှိနေပါတယ်။

ဘုရားသခင်ရဲ့ ပရဒိသုဘုံတွေ အဲဒီမှာ ရှိပါတယ်။ ကမ္ဘာလောကကြီးရဲ့အလင်း ဖြစ်ပါတယ်။ အပြစ်အနာအဆာကင်းမဲ့တဲ့နိုင်ငံတော်ဖြစ်ပါတယ်။ သတ္တမမြောက်နေ့ မဟုတ်ပါဘူး။ ထာဝရနေ့ရက်ကာလဘဲ ဖြစ်ပါတယ်။ မိလေနိကာလ မဟုတ်ပါဘူး။ ကမ္ဘာမြေကြီးအသစ်ဘဲဖြစ်ပါတယ်။

209 ၂၀၉။ မိလေနိကာလကို ဖြတ်ကျော်သွားရမယ်။ ဖြတ်ကျော်သွားရတဲ့အခါမှာ သန့်ရှင်းစင်ကြယ်စေတဲ့အဆင့်ကို ဖြတ်သန်းသွား ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း မီးနဲ့လောင်ကျွမ်းစေရမှာ ဖြစ်ပါတယ်။ အသွေးတော်က လူတွေကို ကယ်တင်ပါတယ်။ အဲဒါကိုတော့ အမှတ်ရနေရမှာ ဖြစ်ပါတယ်။ အဖိုးအခကို ပေးခဲ့ပြီး ဖြစ်ပါတယ်။ နှစ်(၁၀၀၀)ကာလအတွက်ဖြစ်ပါတယ်။ အဲဒီအချိန်မှာဘဲ မီးနဲ့ဆေးကြောရမှာ ဖြစ်ပါတယ်။ သင်တို့ကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဒီမြို့တော်တွေရဲ့ ကိုယ်စားလှယ်တွေဘဲ ဖြစ်ပါတယ်။ ကိုယ်စားပြုခြင်းဖြစ်ပါတယ်။

သင်သေဆုံးပြီးတော့ ဒါမှမဟုတ် သင်အသက်ရှင်မယ်ဆိုရင် ဘာကွာခြားမှု ရှိပါသလဲ? ကိုယ်တော်ရှင် ဒီနေ့ကြွလာမယ်ဆိုရင် ဒါမှမဟုတ် နောက်နှစ်ပေါင်း(၁၀၀)မှကြွလာမယ်၊ နှစ်ပေါင်း(၁၀၀၀)မှကြွလာမယ်ဆိုရင်လည်းကျွန်ုပ်ပြောင်းလဲခြင်းခံရမဲ့အချိန်ထိ တိုင်အောင် ကျွန်ုပ်နားနေရမှာဘဲ ဖြစ်ပါတယ်။

210 ၂၁၀။ လူကြီးများ၊ အဖိုးအိုများ၊ အဖွားအိုများ စိတ်ဓါတ်မကျပါနဲ့၊ ဗရာသာဗရမ်ဟမ်က ကျောက်သင်ပုန်းပေါ်မှာ ပုံရေးဆွဲချပါ တယ်။ (အယ်ဒီတာမှတ်ချက်) သင်တို့ဟာ အထက်အရပ်မှာ ကိုယ်စားလှယ်ဖြစ်နေပြီဆိုရင် ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်အ တိုင်း သင်ဖြစ်မှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော် ရှိနေမယ်ဆိုရင် ဒီနေရာမှာလည်း သင်တို့ဟာ ကိုယ်စားလှယ်ဖြစ် နေမှာ ဖြစ်ပါတယ်။ သင်တို့ဟာ ထာဝရနေရာမှာ ရှိနေပါတယ်။ သတ္တမမြောက်နေ့ကို ကျော်လွန်သွားပြီး (၈)ရက်မြောက်တဲ့နေ့ကို ရောက်တဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံအားဖြင့် ထာဝရနေရာကို ရောက်ရှိသွားခြင်းဖြစ်ပါတယ်။ သင်တို့ဟာ ထိုနေရာထဲမှာ ပါဝင်သွားပြီဖြစ်ပါတယ်။ စိတ်ခံစားမှုအပေါ်မှာသာ ယုံကြည်စိတ်ချနေမယ်ဆိုရင် အထက်အောက် ခုန်နေမယ် ဆိုရင် ဒါမှမဟုတ်၊ ဒါကိုလုပ်၊ ငါဒါလုပ်တယ်။ ငါဥပုဒ်နေ့ကိုစောင့်တယ်။ ငါအသားမစားဘူး စသည်တို့ဖြင့် ပြောဆိုနေမယ်ဆိုရင် ပျောက်ဆုံးသွားရမှာဘဲ ဖြစ်ပါတယ်။ ဒါကတော့ ထာဝရအရာဘဲ ဖြစ်ပါတယ်။ ထာဝရအရာဘဲ ဖြစ်ပြီးတော့ တဲတော်များပွဲ တော်မှာ ပွဲတော်ယူဘို့ဘဲ ဖြစ်ပါတယ်။

တဲတော်များရဲ့ ပွဲတော်မှာ နောက်ဆုံးသောပွဲတော် ဖြစ်ပါတယ်။ သတ္တမမြောက် ပွဲတော်ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုဝတ်ပြုကိုးကွယ်နေတာကတော့ တဲတော်များရဲ့ပွဲတော် အောက်မှာဘဲ ဖြစ်ပါတယ်။ သတ္တမမြောက်အသင်းတော်များရဲ့ ခေတ်ကာလဘဲ ဖြစ်ပါတယ်။

211 ၂၁၁။ မိလေနိကာလမှာ ကျွန်တော်တို့ဟာ တဲတော်များရဲ့ ပွဲတော်အောက်မှာ ရောက်ရှိနေပါတယ်။ သတ္တမမြောက်နေ့တစ်ဖန် ဖြစ်ပါတယ်။

အဲဒါပြီးရင်၊ သတ္တမမြောက်နေ့ ပွဲတော် ကျွန်တော်တို့မှာ သန့်ရှင်းတဲ့ ပရိတ်သတ် စုဝေးရာနေရာရှိပါတယ်။ ထာဝရအရာကို ပြန်သွားရမှာဖြစ်ပါတယ်။ မည်ကဲ့သို့ ဖြစ်ပါသလဲ? ထာဝရကိုယ်တော်၊ ကြွလာမဲ့ကိုယ်တော်၊ ကျွန်ုပ်တို့ကို ကယ်တင်တဲ့ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့ကို ပြန်လည် ယူဆောင်ခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တစ်စိတ်တစ်ဒေသ ဖြစ်တယ် ဆိုတာကို အသိအ မှတ်ပြုစေခြင်းဘဲ ဖြစ်ပါတယ်။

အခုအခါမှာ သင်ဟာ တစ်စိတ်တစ်ဒေသဖြစ်တယ်ဆိုတာ ဘယ်လိုသိပါသလဲ? ခေတ်ကာလရဲ့ နှုတ်ကပတ်တော် အားဖြင့်ဘဲ ဖြစ်ပါတယ်။ နေ့ရက်ကာလရဲ့ ဂတိတော်အားဖြင့်ဘဲ ဖြစ်ပါတယ်။ အဲဒါဘာလဲ? ပထမမြောက်နေ့ကို ပြန်လည်ပြီးတော့ ရောက်ရှိစေခြင်းဘဲ ဖြစ်ပါတယ်။ ပထမဆုံးအချက်အနေနဲ့ သူဟာ သားသမီးတွေရဲ့စိတ်နှလုံးကို ဖခင်များထံမှာ ပြန်လည်သင့်မြတ်စေမှာ ဖြစ်ပါတယ်။ ပြန်လည်သင့်မြတ်ခြင်းကို တစ်ဖန်ပြန်လည်ပြီးတော့ ဖြစ်မြောက်စေပြီးတော့ တစ်ကယ်စသစ်မှန်တဲ့ပင်တေကုတ္တေ ဖြစ်လာမှာ ဖြစ်ပါတယ်။ အာရုံခံစားခြင်းများ မဟုတ်ပါဘူး။ ညနေခင်းအလင်းကို ဖေါ်ပြမှာ ဖြစ်ပါတယ်။ အလားတူ သားတော်ကို လည်း မနက်ခင်းအလင်းမှာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နေ့ရက်ကာလအတွက် ဂတိတော်ဘဲဖြစ်ပါတယ်။ အာမင်နှင့်အာမင်။

ကျွန်တော်တို့ရှိနေတဲ့နေရာမှာ ကျွန်တော်တို့ ရှိနေမှာလား? အဲဒီလမ်းကနေ ထွက်သွားဘို့အတွက် စောင့်နေခြင်းသက်သက်ဘဲဖြစ်ပါတယ်။ (ဗျာဒိတ်ကျမ်း ၁၁)မှာတော့ယုဒလူမျိုးတွေကိုသိစေခြင်းဘဲ ဖြစ်ပါတယ်။ ချီဆောင်ခြင်း ရောက်လာတော့မှာ ဖြစ်ပါ တယ်။

212 ၂၁၂။ ကြည့်ပါ။ ဂိတ်တံခါး နံရံတွေရဲ့အပြင်ဖက်ကို ကြည့်ပါ။ ကမ္ဘာမြေကြီးအသစ်ကို ဖြန့်ကျက်လျှက်ရှိပါတယ်။ နိုင်ငံများ ကလည်း ထာဝရငြိမ်သက်ခြင်းမှာ ကျိန်းဝပ်လျှက်ရှိပါတယ်။ လေးစားခြင်းခံရတဲ့ ဘုရင်တွေကလည်း သူတို့ရဲ့ ဘုန်းတော်တွေကို ယူဆောင်လာမှာဖြစ်ပါတယ်။ အပြစ်တွေ အဲဒီမှာ မရှိနိုင်တော့ပါဘူး။ ဆံပင်တိုတိုနဲ့ မိန်းမတွေလည်း အဲဒီမြို့တော်ကို ဝင်ရောက်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်ခင်ဗျားတို့ကို အာမခံပါတယ်။ တိုနန့်နန့်လေးတွေဝတ်ဆင်ထာ၊ စီးကရက်သောက်တာ မကောင်းမှု၊ မတရားသောမေထုန် မှီဝဲတာ၊ ပြည်တန်ဆာမတွေ၊ လှည့်ဖျားတဲ့သူတွေ၊ ရုပ်တုကိုးကွယ် တဲ့သူတွေ၊ ဘယ်လိုဖြစ်ဖြစ် မြို့တော်ကို သူတို့ ဝင်ရောက်ခွင့်ရှိမှာ မဟုတ်ပါဘူး။ အားလုံးပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ အပြစ်လည်း မရှိတော့ပါဘူး။ ၎င်းရဲ့ သန့်ရှင်းခြင်းကို ဘယ်ဟာကမှ ညစ်ညူးအောင် လုပ်မိနိုင်မှာ မဟုတ်ပါဘူး။ သန့်ရှင်းခြင်း ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ အားလုံး ဟာ ထာဝရ ပျောက်ကွယ်သွားပြီး ဖြစ်ပါတယ်။

အဲဒီကွင်းထဲကို ကြည့်လိုက်ပြီးတော့ ဂိတ်တံခါးပတ်လည်ကို ကြည့်လိုက်မယ်ဆိုရင် ဝက်ဝံတွေကလည်း နူးညံ့သိမ်မွေ့ပြီး ဝံပုလွေတွေကလည်း ယဉ်ပါးနေမှာ ဖြစ်ပါတယ်။ ခြင်္သေ့တွေကလည်း သိုးသူငယ်တွေနဲ့အတူ လဲလျောင်းနေမှာ ဖြစ်ပါတယ်။ ရိုင်းစိုင်းတဲ့ သားရဲတွေကို ကလေးငယ်တွေက ခေါ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျွန်ုပ်ကလည်း ကျွန်ုပ်ဖြစ်နေတဲ့ သတ္တဝါကနေပြီး ပြောင်းလဲသွား မှာဖြစ်ပါတယ်။

213 ၂၁၃။ ဒီသေဆုံးခြင်း၊ ကျွန်ုပ်ရဲ့ပျက်စီးနိုင်တဲ့ ကိုယ်ခန္ဓာမှာ လှုပ်ရှားနေတဲ့အခါမှာ အိုမင်းရင့်ရော်ခြင်းတွေ ဝင်ရောက်လာမှာ ဖြစ်ပြီး တော့

ကျွန်ုပ်က ပြောင်းလဲသွားမှာဖြစ်ပါတယ်။

စင်ဟာ သီချင်းတစ်ပိုဒ်ကို ကြားခဲ့ရပြီး ဖြစ်ပါတယ်။ ဝက်ဝံက ယဉ်ပါးမှာ ဖြစ်ပါတယ်။ ဝံပုလွေကိုလည်း ယဉ်ပါးအောင်လုပ် နိုင်မှာ ဖြစ်ပါတယ်။ သူက ခုန်လိုက်မှာ ဖြစ်ပါတယ်။ ကြီးထွားလာပြီးတော့ သင့်ကို သတ်ဖြတ်နိုင်အောင် ကြိုးစားမှာ ဖြစ်ပါတယ်။ လမ်းထဲမှာလည်း သင်နဲ့အတူ လျှောက်မှာဖြစ်ပါတယ်။ ဘယ်သူက နိုင်ငံတော်ကို ဝင်စားကြရတဲ့သူ ဖြစ်မှာလဲ၊ ကယ်တင်ခြင်းရကြတဲ့ သူဘဲ ဖြစ်ပါတယ်။ အဲဒါတွေဟာ ဘယ်သူတွေ ဖြစ်ကြရမှာပါလဲ၊ ပုံစံပြုပြီးတော့ သွန်သင်ပေးနိုင်မှာဖြစ်ပါတယ်။ ဘရာသာလီ၊ သတိ ပြုပြီးတော့ နားထောင်ပါ။

214 ၂၁၄။ ပရောဖက် နောဧနဲ့အတူ ဘယ်သူက ဒီကမ္ဘာအသစ်ပေါ်ကို ထွက်လာပါသလဲ? သူနဲ့အတူ ဝင်စားသွားတဲ့သူတွေဘဲ ဖြစ်ပါတယ်။ သူနဲ့အတူ သင်္ဘောထဲကို ဝင်သွားတဲ့သူတွေဘဲဖြစ်ပါတယ်။ ဘယ်သူက လျှောက်ထွက်ခဲ့ပါသလဲ? နောဧနဲ့အတူ ဝင်သွားတဲ့သူတွေဘဲ ဖြစ်ပါတယ်။ သူ့ရဲ့သတင်းစကားအားဖြင့်ဘဲ ဖြစ်ပါတယ်။ သူနဲ့အတူ ကမ္ဘာမြေကြီးပေါ်ကို လျှောက်ထွက်လာတဲ့သူတွေဘဲ ဖြစ်ပါ တယ်။ ဒီဗတ္တိဇံပြီးတဲ့နောက်ပိုင်းမှာ လျှောက်ထွက်လာခြင်းဘဲ ဖြစ်ပါတယ်။

215 ၂၁၅။ သခင်ယေရှုနဲ့အတူ ယခုအခါမှာ ဝင်သွားတဲ့သူတွေဟာ သူ့အထဲကို ဘယ်လို ဝင်သွားမှာ ဖြစ်ပါသလဲ? ဝိညာဉ်တော် အားဖြင့်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သင်ဟာ ကိုယ်တော်ရှင်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါ တယ်။ သင်ဟာ ကိုယ်တော်ရဲ့ မည်သည့်အစိတ်အပိုင်း ဖြစ်ပါသလဲ? ဒီခေတ်ကာလမှာ အသက်ရှင်တဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သင်ဟာ မိလေနိကာလမှာ ကိုယ်တော်ရှင်နဲ့အတူ လျှောက်ထွက်သွားမှာ ဖြစ်ပါတယ်။ သင်လျှောက်ထွက်သွား တဲ့အခါမှာ သတိပြုကြည့်ပါ။ အသစ်သော မျိုးဆက်မဟုတ်ပါဘူး။ ပြောင်းလဲပြီးတော့ စိုက်ပျိုးထားခြင်းဘဲ ဖြစ်ပါတယ်။ သင်က အိုး.ဗရာသာဗရမ်ဟမ်၊ အိုး.လို့ပြောကောင်းပြောပါလိမ့်မယ်။

ဘုရားသခင်က ဧလိယကို ပေါ်ထွက်စေပြီးတော့ သူ့ကို ခေါ်ဆောင်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)လောက်ကသူ့ကို ပြန်လည်ပြီးတော့ ဒီကမ္ဘာလောကကြီးမှာ ပြန်လည်စိုက်ပျိုးထားမယ်ဆိုရင် ယုဒတွေအတွက် ပရောဖက် ပြန်လည် ပေါ်ထွန်းလာစေခြင်းဘဲဖြစ်ပါတယ်။ သတို့သမီးအတွက်ဆိုရင် သူဟာ ဘယ်လောက်များ ထပ်မံလှုပ်ရှားနိုင်မှာလဲ?

216 ၂၁၆။ နောဧက သင်္ဘောကြီးထဲက ထွက်လာပြီးတဲ့နောက် နောဧကိုပြောတဲ့အရာကတော့ သူဟာ ဒီရေလွှမ်းမိုးခြင်း အမှုကြီး ထဲကနေ ပေါ်ထွက်လာတဲ့အခါမှာ အာဒံကဲ့သို့ဘဲ ဖြစ်နေပါတယ်။ သူထွက်လာပြီးနောက် ကမ္ဘာအသစ် ဖြစ်နေပါပြီ။ မြောက်များစွာ ပွားများပြီး ကမ္ဘာကြီးကို ပြည့်နှက်စေပါလို့ ဆိုပါတယ်။ ရေလွှမ်းမိုးမှုကြီးနောက်ပိုင်းဘဲ ဖြစ်ပါတယ်။ အသီးသီးရမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီး ကိုလည်း ပြန့်နှံ့စေရမှာ ဖြစ်ပါတယ်။ အာဒံက ပထမအချိန်က ဖြစ်သကဲ့သို့ဘဲ ဖြစ်ပါတယ်။ အခုအချိန်မှာ အတိအကျဘဲ ဖြစ်ရပါတယ်။ သေသေချာချာ နားထောင်ပါ။

217 ၂၁၇။ အာဒံကတော့ မြောက်များစွာ ပွားများပြီး ကမ္ဘာလောကကြီးကို ပြည့်နှက်စေဘို့ဘဲ ဖြစ်ပါတယ်။ နောဧကတော့ ကမ္ဘာအသစ် ဒီကမ္ဘာလောကကြီး ဖျက်ဆီးခြင်း ခံရပြီးနောက်ပိုင်းမှာ မြောက်များစွာ ပွားများပြီး ကမ္ဘာလောကကြီးကို ပြည့်နှက်စေရန်ဘဲဖြစ်ပါတယ်။ မြွေရဲ့မျိုးစေ့ကို သင်တွေ့မြင်ပါသလား? ဒီကမ္ဘာလောကကြီးကို ဘာက မြောက်များစွာ ပွားများ စေပါသလဲ? စာတန်က ဧဝကို လှည့် ဖျားပါတယ်။ ဒါကြောင့်မို့လို့ သေခြင်းတရားက ကမ္ဘာလောကကြီး သေခြင်းတရားကို အုပ်စိုးသွားပါတယ်။ ကောင်းကင်မြေကြီး၊ သားရဲ တို့ရဲ့ဩဇာတွေကတော့ ဘုရားသခင်ရဲ့ခြေဖျက်ခြင်း၊ ကျိန်ခြင်းကို ခံရပါတယ်။ အဲဒါကတော့ ကျိန်ခြင်းဖြစ်ပြီးတော့ စာတန်က ပထမဆုံး ရရှိခြင်းဘဲ ဖြစ်ပါတယ်။

သခင်ယေရှုကြွလာပြီးတော့ ဖခမည်းတော်ထံကို ပြန်ပြီးကယ်တင်ပါတယ်။ အဲလို ပြုလုပ်နိုင်ဘို့အတွက် သူက တစ်စိတ်တစ်ဒေ သဖြစ်လာရပါတယ်။ ကျွန်တော် အဲဒါကို လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီမြေမှုန့်ကနေပြီး သခင်ယေရှုကိုယ်တိုင်လည်း မြေမှုန့်နဲ့ ခံယူပြီး ကယ်တင်ခြင်း ခံယူရပါတယ်။ ကိုယ်တော်ရှင်အားဖြင့် ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်တွေ အားလုံးဟာ ပြန်လည်ပြီး တော့ ဒီကမ္ဘာလောကကြီးထဲမှာ ကယ်တင်ခြင်းကို ရရှိခဲ့ပါတယ်။

218 ၂၁၈။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်တော်ရှင်ရဲ့ တစ်စိတ်တစ်ဒေသ အားဖြင့်ဖြစ် ၍ ကယ်တင်ခြင်းရရှိကြပါတယ်။ သင်အသိအမှတ်ပြုနိုင်တယ်ဆိုရင် လက်ခံနိုင်မယ်ဆိုရင် ကောင်းပါတယ်။

ဖာရိရှဲတွေကတော့ သူတို့ လက်ခံနိုင်တယ်လို့ ကြွေးကြော်ကြပါတယ်။ ကျွန်တော့်ရဲ့ ပထမဆုံး သရုပ်ဖော်ပြောပြမှုကို ကြည့်ပါ။ အသိပညာအားဖြင့်သာ ဖြစ်ပါတယ်။ သူတို့ကတော့ နှုတ်ကပတ်တော်ကို အသိအမှတ် မပြုနိုင်ပါဘူး။ သူတို့ရှေ့မှာ ဖော်ပြပေမဲ့ လည်း သူတို့ကတော့ ဒီလူဟာ ဝိညာဉ်ဆိုးလို့ဘဲ ဆိုခဲ့ကြပါတယ်။

ယနေ့ ကျွန်ုပ်တို့ကို မိစ္ဆာပရောဖက်များလို့ ခေါ်ကြပါတယ်။ ကျွန်တော်တို့ကို အညစ်ညမ်းဆုံး ပြောဆိုခံရပါတယ်။ ဘာသာတရား ကိုင်းရှိုင်းသူများက ခေါ်ခြင်းဘဲ ဖြစ်ပါတယ်။ အင်မတန်မှ ကြီးမြတ်ပြီးတော့ တော်တဲ့ပုဂ္ဂိုလ်က ကျွန်တော်တို့ကို ချိုးဖဲ့ပြီး နှိမ့်ချပြီး ခေါ်ဆိုခြင်းဘဲ ဖြစ်ပါတယ်။

219 ၂၁၉။ အဲဒါကတော့ ရေဗတ္တိဇံဘဲ ဖြစ်ပါတယ်။ ရေဗတ္တိဇံနဲ့ ဆေးကြောလို့ မသန့်ရှင်းနိုင်ပါဘူး။ မလုံလောက်နိုင်ပါဘူး။ အသွေး တော်နဲ့သန့်ရှင်းစင်ကြယ်စေမှသာ သန့်ရှင်းနိုင်ပါတယ်။ မီးဗတ္တိဇံကလည်း သန့်ရှင်းစင်ကြယ်အောင် လုပ်နိုင်ပါတယ်။ သူ့ရဲ့သတို့ သမီးကို ဆေးကြောခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံဖြစ်ပါတယ်။

220 ၂၂၀။ အသစ်သော လူမျိုးတစ်မျိုးကို ပေါ်ထွန်းစေမယ်လို့ ဂတိပေးထားခြင်း မရှိခဲ့ပါဘူး။ ကျွန်တော် ပြောသကဲ့သို့ဘဲ ကျဆုံးနေတဲ့

သူတွေကို ပြန်လည်ကယ်တင်ဘို့ ကိုယ်တော်ရှင် ဂတိပေးခဲ့ပါတယ်။ အဲဒါကတော့ ကြိုတင်ခွဲခန့်မှတ်သားထားတဲ့ သူတွေဘဲဖြစ်ပါတယ်။ သူဂတိပေးခဲ့တဲ့အတိုင်းဘဲ ကိုယ်တော်ရှင်ဟာ မပြောင်းလဲသောဘုရား ဖြစ်ပါတယ်။ ထိုအရာကို ကျွန်တော်တို့ သိပါတယ်။

221 ၂၂၁။ ဘုရားသခင်က ဇလိယကို ယူဆောင်ပါတယ်။ ချီဆောင်ခြင်းပြီးတဲ့ နောက်ပိုင်းမှာ ပြောင်းလဲသွားပါတယ်။ လူတွေကြား ထဲမှာ သူ့ကို ပြောင်းလဲစေပါတယ်။ ပရောဖက်နေရာကို ယူပြီးတော့ သူ့ရဲ့လူမျိုးတော်ကြားထဲမှာ နေရာပြန်ယူရန်ဘဲ ဖြစ်ပါတယ်။ မကြာမီ သူ အဲဒီအလုပ်ကို ပြန်လုပ်ရန်ဘဲဖြစ်ပါတယ်။ သူ့ကို အသက်ရှင်ခွင့်ပေးထားပါတယ်။
နှစ်(၂၅၀၀)အတွင်းသူတစ်ဖန်ပြန်ထွက်လာအုန်းမှာဖြစ်ပါတယ်။

222 ၂၂၂။ မောရှေကိုလည်း သေခြင်းမှ တစ်ဖန်ပြန်လည်ထမြောက်စေပါတယ်။ မောရှေ၏သင်္ချိုင်းဘယ်မှာ ရှိပါသလဲ? တစ်ယောက် ယောက် မောရှေ၏သချ႐ႋင်းကို ရှာတွေ့ပါသလား? ယုဒဩဝါဒစာကို ဖတ်ကြည့်ပါ။ ကောင်းကင်တမန်ချုပ်က ကောင်းကင်တမန် ချုပ်ကို သွန်သင်ဆုံးမပါတယ်။ စာတန်မာရ်နတ်ကို သွန်သင်ဆုံးမခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ငါ့ကို သွန်သင်ဆုံးမ တော်မူတယ်လို့ ဆိုထားပါတယ်။ မောရှေရဲ့ ကိုယ်ခန္ဓာကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။ ပေတရု၊ ယာကုပ်နဲ့ယောဟန်တို့ကလည်း မောရှေကို ကြည့်နေ ပါတယ်။ ကိုယ်ရောင်ဝါပြောင်းလဲတဲ့ တောင်ပေါ်မှာဖြစ်တယ်။ အဲဒီနယ်မြေထဲမှာ တောင်တစ်တောင်ကို ပေါ်ထွက်လာစေမှာဖြစ်ပြီး တော့ အဲဒီတောင်ပေါ်မှာ ကျိန်းဝပ်ဘို့ရန်အတွက်ဘဲဖြစ်ပါတယ်။ သူရောက်ရှိလာပြီး ပြန်လည်၍ ကယ်တင်ခြင်းဘဲ ဖြစ်ပါတယ်။

223 ၂၂၃။ ချီဆောင်ခြင်းခံရတဲ့ အသင်းတော်ရှိနေပါတယ်။ ကိုယ်စားပြုခြင်း ခံရပါတယ်။ နောက်ပြီးတော့ သေဆုံးသွားသူတွေလည်း အဲဒီနေရာမှာ ရှိနေပါတယ်။ ကုိယ်စားပြုခြင်း ခံနေရပါတယ်။ ဘယ်နေရာမှာ ရှိပါသလဲ? ဗရာသာဗရမ်ဟမ်က ကျောက်သင်ပုန်း ပေါ်မှာ ပုံဆွဲပြီး ပြပါတယ်။ (အယ်ဒီတာမှတ်ချက်)မြို့တော်ထဲမှာ တောင်ထိပ်မှာ ရှိတဲ့မြို့တော်မှာဘဲ ဖြစ်ပါတယ်။

ပေတရု၊ ယာကုပ်နဲ့ ယောဟန်တို့ ရှိပါတယ်။ သူတို့က သက်သေခံ(၃)ပါးဖြစ်ပြီးတော့ အဲဒါကို ကြည့်နေပါတယ်။ ဇလိယ၊ မောရှေနဲ့ သခင်ယေရှုကတော့ ကောင်းကင်ဆိုင်ရာ သက်သေများဘဲဖြစ်ကြပါတယ်။

အဲဒီမှာ မောရှေရှိပါတယ်။ သေဆုံးသွားသူတွေ ပြန်လည်ရှင်ပြန်ထမြောက်ပါတယ်။ ဇလိယရှိပါတယ်။ ချီဆောင်ခြင်း ရှိပါ တယ်။ ဇလိယက အသက်ရှင်နေဆဲဘဲ ဖြစ်ပါတယ်။ ဒီသန့်ရှင်းသောတောင်ပေါ်မှာ သူတို့နှစ်ဦးကို ကိုယ်စားပြုထားခြင်းဘဲဖြစ်ပါတယ်။

သခင်ယေရှုသည် ကယ်တင်ရှင် ဖြစ်ပါတယ်။ ဘုရားသခင်က ဟိုးကောင်းကင်မှာ ဒီလိုရှိနေပြီးတော့ သူ့ကို အရိပ်လွှမ်းမိုးနေပါ တယ်။ ငါချစ်မြတ်နိုးရာငါ၏ချစ်သားပေတည်းလို့ ဆိုထားပါတယ်။

224 ၂၂၄။ သခင်ယေရှုမိန့်တော်မူသည်မှာ အဲဒီနေ့မတိုင်မီက သူဆိုထားခဲ့တဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ငါအမှန်အကန်ဆိုသည်ကား အဲဒီမှာ ရပ်နေပါ။ သေခြင်းတရားနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော် တည်ထောင်တဲ့အထိ သူတို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အဲဒါဘာလဲ? သေသောသူတွေရှင်ပြန်ထမြောက်ပြီးတော့သန့်ရှင်းသူတွေ အတူတကွ ချီဆောင်ခြင်းခံရတာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို လေထဲမှာ အတူတကွ သွားရောက်ဆုံတွေ့ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က သူ့ကို အရိပ်နဲ့ ဖုံးလွှမ်းလျှက်ရှိပါ တယ်။ ယေရှုကလည်း ဒီအရိပ်ထဲမှာ ရပ်နေပါတယ်။ ငါချစ်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ ငါအင်မတန်နှစ်သက်တဲ့ ငါချစ်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းလို့ ဆိုထားပါတယ်။ ဘုရားသခင် နိုင်ငံတော်အသစ်နဲ့ ပတ်သက်ပါတယ်။ အိုး. ညီအစ်ကိုမောင်နှမတို့၊

225 ၂၂၅။ သေခြင်းတရားက သင့်ကို ပြောင်းလဲစေမှာ မဟုတ်ပါဘူး။ သင်နေထိုင်ရာအရပ်ကိုသာ သေခြင်းတရားက ပြောင်းလဲ စေပါတယ်။

ရှမွေလကို ပြန်လည်ပြီးတော့ အောက်မေ့သတိယပါ။ သူသေဆုံးပြီးနောက် (၂)နှစ်ခန့် မြေကြီးထဲမှာ မြှုပ်နှံခြင်းခံရပါတယ်။ သူဟာ ပရဒိသုဘုံထဲမှာ ရောက်နေပါတယ်။ အင်တာဟုခေါ်သော စုန်းက သူ့ကိုခေါ်လိုက်ပါတယ်။ ရှောလုကလည်း သူ့ကို မှတ်မိပါတယ်။ စုန်းမကတော့ သူ့ကို မှတ်မိပြီးတော့ စုန်းမရဲ့ခြေရင်းမှာ သူပြပ်ဝပ်ပါတယ်။ သူလုံးဝမပြောင်းလဲပါဘူး။ သူဟာ ရှမွေလအတိုင်းဘဲ ဖြစ်ပါတယ်။ (၂)နှစ်လုံးလုံး သေဆုံးပြီးနောက်မှာ ဖြစ်ပါတယ်။ သူဟာ ပရောဖက်ဖြစ်နေဆဲဘဲဖြစ်ပါတယ်။ သူဘာပြောလဲဆိုတော့ မနက်ဖန်မှာ သင်တိုက်ပွဲ ကျဆုံးမယ်၊ သင့်သားလည်း ကျဆုံးမယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာဘဲ မနက်ဖန်ည ဒီအချိန်မှာ သင်ဟာ ငါနဲ့အတူရှိမယ်လို့ ဆိုပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်ခဲ့ပါတယ်။

မောရှေ ပြန်ရောက်လာတဲ့အခါမှာ ဇလိယကတော့ (ဗျာဒိတ် ၁၁)မှာဆိုထားသကဲ့သို့ဘဲသူတို့ဟာ ပရောဖက်များ ဖြစ်နေဆဲ ဖြစ်ပါတယ်။ ဟာလေလုယာ၊

226 ၂၂၆။ ကိုယ်တော်ရှင်အထဲမှာ မြို့တော်က ရှိနေဆဲ ဖြစ်ပါတယ်။ မြို့တော်အလင်းက သိုးသူငယ်ဘဲ ဖြစ်နေပါတယ်။ ဗရာသာ မစ်ကင်မီ ခင်ဗျားကို ကျွန်တော်သိနေပါတယ်။ ငါ့ရဲ့လူတွေ၊ ငါ့ရဲ့သရဖူတွေထဲမှာလည်း ကျောက်မြတ်တွေရှိမှာ ဖြစ်ပါတယ်။ သူတို့ဟာ အရှေ့အရပ်ကနေပြီးတော့ အနောက်အရပ်ကိုလာပြီး မြို့တော်ကို ရောက်လာကြပါတယ်။ မုိုင်ပေါင်း(၁၅၀၀)ပတ်လည်စတုရန်းမိုင်ရှိနေပါတယ်။ သူမအဲဒီမှာ ထိုင်နေမှာ ဖြစ်ပါတယ်။ မြို့တော်ကလည်း လေးဒေါင့်စပ်စပ်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သင်အဲဒီနေရာမှာ ထိုင်နေပြီး သန့်ရှင်းတဲ့တောင်ပေါ်မှာ ရှိနေမယ်ဆိုရင် အဲဒီနေရာမှာ ဘုရားသခင်က တောင် တော်ကို တည်ထောင်ထားတာ ဖြစ်နေပါတယ်။ သခင်ယေရှုက ပလ္လင်တော်ပေါ်မှာ ရှိနေပါတယ်။ ရွှေတံပိုးသံတွေ မှုတ်လိုက်တဲ့အခါမှာ ယောသပ်က ထွက်သွားသကဲ့သို့ဘဲ ပရဒိသုဘုံကို လျှောက်သွားရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သားသမီးတွေအားလုံးဟာ ဒူးထောက်ပြီးတော့ ကုိယ်တော်ရှင်ကို ပြပ်ဝပ်ကိုးကွယ်ကြမှာ ဖြစ်ပါတယ်။ သူတို့ကယ်တင်ခြင်း ရပြီဆိုတာ သိလို့ဘဲ ဖြစ်ပါတယ်။ အာမင်။ ဟာလေလုယာ၊ တစ်ခါတစ်ရံမှာ ကျွန်တော် ကောင်းကင်ကို သတိရပြီးတော့ တမ်းတမိပါတယ်။ အဲဒီ ဘုန်းတော်ကိုလည်း အဲဒီမှာ ရရှိမယ်ဆိုတာ ကျွန်တော် သိပါတယ်။ ငါ့ရဲ့ကယ်တင်ရှင်ကို

ငါတွေ့ရတဲ့အခါမှာ မည်မျှဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါမှာလဲ? အဲဒီလုပတဲ့ ရွှေမြို့တော်ကြီးဘဲ ဖြစ်ပါတယ်။ အဲဒီ လုပတဲ့မြို့ တော်ကြီးထဲမှာ ကျွန်ုပ်ရောက်နေမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

227 ၂၂၇။ ဟေရှာယက (ဟေရှာယ ၉း၆)မှာဆိုထားပါတယ်။ အကြောင်းမူကား ငါတို့အဖို့ သူငယ်ကို ဖွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစကက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ တိရိစ္ဆာန်များပင် ထိုနေရာမှာရှိပြီးဖြစ် ပါတယ်။

ဝက်ဝံများဟာ နူးညံ့သိမ်မွေ့မယ်။

ဝံပုလွေတွေလည်း ယဉ်ပါးနေမှာ ဖြစ်ပါတယ်။

ခြင်္သေ့ကြီးကတော့ သိုးငယ်ဘေးမှာ လဲလျောင်းနေမှာ ဖြစ်ပါတယ်။

သားရဲတိရိစ္ဆာန်တွေက ကလေးလေးတွေနဲ့အတူ ယှဉ်တွဲနေထိုင်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကျွန်ုပ်ကတော့ ပြောင်းလဲမှာ ဖြစ်ပါတယ်။

228 ၂၂၈။ ဒီသတ္တဝါဖြစ်နေတဲ့ ကျွန်တော့်ရဲ့အဖြစ်ကနေပြီးတော့ ပြောင်းလဲပြီးတော့ သွားမှာ ဖြစ်ပါတယ်။ အဲဒီနေ့ရက်ကာလ ရောက်လာတဲ့အခါမှာ မြို့တော်ထဲကို ကျွန်တော် ဝင်သွားမှာ ဖြစ်ပါတယ်။ အဲဒီ လုပတဲ့မြို့တော်အတွက် ကျွန်တော့်ကို ကန့်သတ်ထားမှာ ဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့ ကယ်တင်တော်မူတဲ့ တန်ခိုးတော်ကို ကျွန်တော့်နှလုံးသားထဲမှာ လုံးဝ ခံစားရမှာ ဖြစ်ပါတယ်။

အဲဒါမဟုတ်ခဲ့ဘူးဆိုရင် ကျွန်တော့်ရဲ့အသက်တာကို ကျွန်တော် ပစ်ပယ်ပစ်လိုက်ရမှာ ဖြစ်ပါတယ်။ တစ်ချို့သောသူတွေကို ကျွန်တော် လှည့်ဖျားတဲ့အရာ သွန်သင်ပေးလိုက်ပါတယ်။ ကျွန်တော် အောက်ကိုငုံ့ကြည့်လိုက်တဲ့အခါမှာ အဲဒီဂတိတော်ကို အဲဒီနေ့ ရက်အတွက် သူပြုလုပ်ထားတာကို တွေ့လိုက်ပါတယ်။ အဲဒါက ဖော်ပြခြင်းခံရပါတယ်။ ဒီ(၁၅၀၀)စတုရန်းမိုင်မှာ ပရိတ်သတ်ထိုင်နေ တာကို ကြည့်လိုက်တဲ့အခါမှာ ရွေးချယ်ထားခြင်းခံရတဲ့သူတွေဟာ ဂိုဏ်းဂဏတွေ၊ လူမျိုးတွေ၊ ယုံကြည်ခြင်း အမျိုးမျိုးတွေကနေ ရွေးနုတ်ခြင်းခံရတဲ့သူတွေ ဖြစ်ပြီးတော့ အားလုံးအတူတကွ စုဝေးကြတာကို တွေ့ရပါတယ်။ နှုတ်ကပတ် တော်က မိမိကိုယ်ကိုမိမိဖော်ပြ နေတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ အဲဒီအခါမှာ ကျွန်တော်သိရပါတယ်။ သံသယဖြစ်တဲ့အခါမှာ ကျွန်တော့် သရဖူက ကျောက် မြတ်တွေဟာ ဒီကမ္ဘာလောကကြီးထဲမှာ နေရာတိုင်းမှာ တောက်ပနေမှာ ဖြစ်ပါတယ်။ အဲဒီနေ့ရက်ကာလမှာဘဲ ဖြစ်ပါတယ်။

229 ၂၂၉။ အချိန်တစ်ချိန်ရောက်လာမှာ ဖြစ်ပါတယ်။ လူတွေဟာ ဒီနေရာမှာ စုဝေးတာ အလကားအချည်းနှီးသက်သက် စုဝေးတာ မဟုတ်ပါဘူး။ အဲဒီအချိန်ကာလကကို ကျွန်တော် စောင့်ဆိုင်းနေခြင်း ဖြစ်ပါတယ်။ အရမ်းအရမ်းကို နောက်ကျနေပြီဖြစ်ပါတယ်။ သို့သော် သခင်ယေရှုက အသက်ရှင်နေဆဲဘဲ၊ အလွန်နီးကပ်နေဆဲဘဲ ဖြစ်ပါတယ်။ အင်မတန် နှစ်သက်ဖွယ် ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဘုန်းတော် ထင်ရှားစေမှာ ဖြစ်ပါတယ်။ သူ့ရဲ့နံမည်က တိုင်ပင်ဖက်ဖြစ်ပါတယ်။ အဲဒီမြို့တော်ကတော့ သင့်ကို ပြန်လည်တွေ့မြင်အုန်းမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ သတို့သမီးနဲ့ သတိုးသားအတူတကွ အခြေချနေထိုင်မှာ ဖြစ်ပါတယ်။

230 ၂၃၀။ အဲဒါက နှစ်သက်ဖွယ်ဖြစ်မယ်ဆိုတာ သင်ထင်မြင်ယူဆမိမယ်ဆိုရင် ကျွန်တော်တို့ မိုင်ရာပေါင်းများစွာ ဒီနေရာမှာ ရှိနေပြီးတော့ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို စားသုံးကြရမှာ ဖြစ်ပါတယ်။ အဲဒါက အရိပ်သာသာဘဲ ဖြစ်ပါတယ်။ အဲဒီမြို့တော်ထဲကို ကိုယ်တော်ရှင်နဲ့အတူ ကျွန်တော်တို့ နေထိုင်ရတဲ့အခါမှာတော့ တစ်ကယ့်အစစ်အမှန် ဖြစ်ပါတယ်။ ကျွန်တော်က ခင်ဗျားတို့ရဲ့အိမ်နီး နားချင်းအဖြစ် နေထိုင်တဲ့အခါမှာ အဲဒီသစ်ပင်တွေကို ကျွန်တော်တို့ စားသုံးရတဲ့အခါမှာ ကျွန်တော်တို့ အဲဒီလမ်းမတွေထဲမှာ လျှောက် သွားကြရမှာ ဖြစ်ပါတယ်။ ဒီလမ်းမတွေထဲကမှ ကျွန်တော်တို့လျှောက်တဲ့အခါမှာ ရွှေလမ်းမတွေ ဖြစ်ပြီးတော့ ရေတံခွန်တွေ၊ စမ်းရေ တွေကနေပြီး ကျွန်တော်တို့ သောက်သုံးရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ပရဒိသုဘုံ ဥယျာဉ်ထဲမှာ ကျွန်တော်တို့ လျှောက်သွားရမှာ ဖြစ်ပါတယ်။ ကောင်းကင်တမန်တွေကလည်း ကမ္ဘာမြေကြီးပေါ်မှာ လှည့်လည်ပျံသန်းဘို့လည်း ရှိပါတယ်။ အဲဒီနေ့ရက်ကာလမှာ ထိုက် တန်လှတဲ့အရာဖြစ်ပါတယ်။ လမ်းတွေကို ကြည့်တဲ့အခါမှာ ကြမ်းတမ်းပုံပေါ်ပါတယ်။ တစ်ခါတစ်ခါ ခက်ခဲပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ကို မြင်တွေ့ရတဲ့အခါမှာ ဘာမှမဟုတ်သလို အသေးအဖွဲဘဲ ဖြစ်သွားမှာ ဖြစ်ပါတယ်။ နံမယ်ဆိုးတွေနဲ့ သူတို့က ပြောဆိုခဲ့ ကြပါတယ်။ ကိုယ်တော်ရှင်ကို လုပတဲ့ မြို့တော်ထဲမှာ တွေ့ရတဲ့အခါမှာ မည်မျှနှစ်သက်ဖွယ်ကောင်းတဲ့အရာ ဖြစ်မှာပါလဲ?

231 ၂၃၁။ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ ဆုတောင်းကြပါစို့။

လုပတဲ့မြို့တော်အတွက် ကျွန်တော့်ကို ကန့်သတ်ထားပါတယ်။

သူရွေးချယ် ထားတဲ့သူတွေအတွက် ကိုယ်တော်ရှင်က ကျွန်တော့်ကို ပြင်ဆင်ထားပါတယ်။

ခေတ်ကာလတိုင်းမှာ ရွေးချယ်ထား တဲ့သူတွေ ဖြစ်ပါတယ်။

ဘုန်းထင်ရှားစေဘို့ ပလ္လင်ဖြူပတ်လည်မှာ သီချင်းဆိုရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ ကောင်းကင်ကို သွားဘို့အတွက် ကျွန်တော်က တမ်းတမိပါတယ်။

အဲဒီမှာရှိမဲ့ ဘုန်းတော်တွေအားလုံးအတွက်လည်း ဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ ကယ်တင်ရှင်က ကျွန်ုပ်တို့ကို တွေ့ရ တဲ့အခါမှာ မည်မျှဝမ်းမြောက်ဖွယ် ဖြစ်ပါသလဲ¿

ရွှေမြို့တော်ထဲမှာဘဲ ဖြစ်နေပါတယ်။

ပတ်မုကျွန်းပေါ်မှာ ယောဟန်က တွေ့ရပါတယ်။ ဗရာသာဗရမ်ဟမ်ကလည်း ဝမ်းမြောက်ခြင်းနဲ့ ငိုကြွေးပါတယ်။

232 ၂၃၂။ သခင်ယေရှုဘုရား၊ ဒီမြော်လင့်ခြင်း ဘာပေါ်မှာမှ မဟုတ်ဘဲ ကိုယ်တော်ရှင့်အပေါ်မှာ တည်ဆောက်ထားတဲ့ မျှော်လင့် ခြင်း ဖြစ်ပါတယ်။ အဲဒါက ကျွန်ုပ်နှလုံးသားရဲ့မိခင်ဘဲ ဖြစ်ပါတယ်။ ထိုမြို့တော်မှာ အင်မတန်ကြီးမြတ်တဲ့ ဘုရင်ရှိပါတယ်။ ဘုရားသခင် လုံးဝတစ်ဦးတစ်ယောက်မှ မပျက်စီးစေပါနဲ့။ ကျွန်တော်တို့ရဲ့ အသက်တာတွေကို ကျွန်တော်တို့ တစ်ဖန် ပြန်လည် စစ်ဆေးခွင့်ပေးပါ။ ယနေ့ ကိုယ်တော်ရှင်၊ ကိုယ်တော်ရှင်ကြွလာတော်မူခြင်းကို စောင့်စားလျှက်ရှိပါတယ်။ သူတို့အားလုံး ကယ်တင်ခြင်းရမှာဖြစ်ပါတယ်။ ရောမရဲ့ အားကစားကွင်းကြီးထဲမှာ ခရစ်ယာန်ကို ခြင်္သေ့စာကျွေးပါတယ်။ တစ်နေ့တစ်ရက် ကာလမှာ အဲဒီမှောင်မိုက်တွေအားလုံး ကျိုးပျက်သွားမှာ မဟုတ်ပေဘူးလား?

ဘုရားသခင်ဘုန်းတော်ထင်ရှားစေတဲ့တောင်တော်ဘေးမှာ သင်္ချိုင်းတွင်းတွေ မရှိပါဘူး။ သင်္ချိုင်းကုန်းမှာ ပန်းခွေစွပ်ထားတဲ့အ ရာတွေအတွက် ဘယ်လိုမှ တံခါးဘုတ္တေ ရှိမှာမဟုတ်ပါဘူး။ ဘယ်လိုမှ မျက်ရည်ကျတာတွေ ရှိမှာမဟုတ်ပါဘူး။ ငိုကြွေးခြင်း တွေလည်း တောင်ပုံယာပုံ ရှိမှာမဟုတ်ပါဘူး။ ဘယ်လိုမှန်တိုင်းမျိုးမှ ကျမှာ မဟုတ်ပါဘူး။ ဘုန်းထင်ရှားစေမဲ့အရာဘဲဖြစ်ပါတယ်။

233 ၂၃၃။ ကိုယ်တော်ရှင်ဘုရား ကျွန်ုပ်တို့ကို ကူညီတော်မူပါ။ ဒီသိုးသူငယ်ရဲ့ မင်္ဂလာဆောင်ပွဲလို့ ခေါ်ဆိုတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဒီမိ လေနိကာလ အုပ်စိုးခြင်းကာလ နှစ်ပေါင်း(၁၀၀၀)အတွင်းမှာအဲဒီပျားရည်ဆမ်းခရီးပြီးတဲ့အခါမှာ မြို့တော်ထဲကို ဝင်ရမှာ ဖြစ်ပါတယ်။ မိလေနိကာလကတော့ သာမန်ပျားရည်ဆမ်းခရီးဘဲ ဖြစ်ပါတယ်။ သတို့သားက သတို့သမီးကို အိမ်အပြန်လမ်းကို ခေါ်သွားမှာ ဖြစ်ပါတယ်။ သူမက ပိုင်ဆိုင်တဲ့အိမ်ဘဲ။ သူမရဲ့သတို့သားဖြစ်ပါတယ်။ သူ့ရဲ့သတို့သမီးလည်း ဖြစ်ပါတယ်။ သူဟာ သွားပြီးတော့ အိမ်ကို ပြင်ဆင်ပေးပါတယ်။ သူက စေ့စပ်ထားပြီးသားဖြစ်နေပါတယ်။

ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို ကျွန်တော်တို့အားလုံး သစ္စာရှိကြဘို့လိုပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော် ဖြစ်ပါ တယ်။ ဘယ်သူတွေက ကျွန်တော်တို့ကို ဘာဘဲပြောပြော ကျွန်တော်တို့နဲ့ ဘယ်လိုဘဲ ကွဲကွာအောင်လုပ်လုပ် ကိုယ်တော်ရှင်နား ကို ကျွန်တော်တို့ ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ ကောင်းကင်အတွက် ကျွန်တော် လွမ်းဆွေးမှုကို ခံစားရပါတယ်။

အဲဒီနေရာမှာ ဘုန်းတော်ထင်ရှားစေမှာ ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ ကယ်တင်ရှင်ကို ကျွန်ုပ်တွေ့ရတဲ့အခါမှာ မည်မျှ ဝမ်းမြောက်ဖွယ် ဖြစ်ပါသလဲ?

အဲဒီ ရွှေမြို့တော်ထဲမှာဘဲဖြစ်ပါတယ်။

234 ၂၃၄။ သတိုးသားနဲ့ သတို့သမီးတို့ရဲ့ အနာဂတ်အိမ်ဘဲ ဖြစ်ပါတယ်။ သူကပြန်လာမှာ ဖြစ်ပါတယ်။ ဒီမင်္ဂလာဆောင်ပွဲကို ပြန်လာမှာ ဖြစ်ပါတယ်။ အဲဒီမှာ (၃)ရက်နဲ့ (၃)ရက်ခွဲဘဲ ဖြစ်ပါတယ်။ တစ်ဖန်ပြန်လာမှာ ဖြစ်ပါတယ်။ မိလေနိကာလမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပျားရည်ဆမ်းခရီးဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်က မြို့တော်ကိုကျွန်တော်တို့အားလုံးကို တွေ့မြင် စေမှာ ဖြစ်ပါတယ်။ သတို့သားက သတို့သမီးကို ခေါ်ဆောင်သကဲ့သို့ဘဲဖြစ်ပါတယ်။ ငှက်ကလေးတွေ အံ့သြပြီးတော့ သူမကို ကြည့်နေမှာ ဖြစ်ပါတယ်။ သူ့ရဲ့အနာဂတ် အိမ်ကိုလည်း ကြည့်နေကြမှာဖြစ်ပါတယ်။ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကို တွေ့မြင်ကြရပါတယ်။ ဒီကမ္ဘာလောက ကြီးပေါ်မှာ ရှိပါတယ်။ ကိုယ်တော်ရှင် ဂတိပေးတော်မူခဲ့ပါတယ်။

ကိုယ်တော်ရှင်ရဲ့အသင်းတော်ကတော့ လုံးဝကယ်တင်ခြင်းရရှိမှာ ဖြစ်ပါတယ်။ ဒီနေ့ရက်ကာလတွေမှာဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ ကမ္ဘာလောကကြီး ကယ်တင်ခြင်းရမှာ ဖြစ်ပါတယ်။ ကျန်တဲ့အစိတ်အပိုင်းတွေလည်း ကယ်တင်ခြင်းရမှာ ဖြစ်ပါတယ်။ ပထမဆုံး ကိုယ်တော်ရှင်ဟာ သူ့ရဲ့လူတွေကို ကယ်တင်ခဲ့ပါတယ်။ သူတို့ရဲ့ကိုယ်ခန္ဓာကတော့ ကမ္ဘာလောကကြီးကို ထွက်ပေါ်စေပါတယ်။

235 ၂၃၅။ ကိုယ်တော်ရှင် ကျွန်ုပ်တို့ကို ကယ်မတော်မူပါ။ ဒီနေရာမှာ မသေမချာဖြစ်နေမဲ့လူတစ်ယောက် ရှိနေတယ်ဆိုရင် ကိုယ်တော်ရှင် အခုအခါမှာ လက်ခံတော်မူပါ။

အင်မတန်ကြာရှည်ပြီး ပူပြင်းနေတယ်၊ လူတွေလည်း အမြဲတမ်းရပ်မနေနိုင်ပါဘူး။ ကျွန်တော်လည်း ခင်ဗျားတို့ရဲ့ သင်းအုပ်ဆရာ တစ်ချိန်လုံးဖြစ်မှာ မဟုတ်ပါဘူး။ သေချာအောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဗရာသာဗရမ်ဟမ် နည်းလမ်းရှိပါသလား?

ဟုတ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီနှုတ်ကပတ်တော် တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ဒီနေ့အတွက် နှုတ်ကပတ်တော်ဖြစ်ပါ တယ်။ မောရှေခေတ်ကာလရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ တစ်စိတ်တစ်ဒေသတော့ မဟုတ်ပါဘူး။ အဲဒီအအပိုင်းကတော့ ပြီးဆုံး သွားပြီဖြစ် ပါတယ်။ အဲဒါကတော့ ခြေထောက်အပိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဦးခေါင်းပိုင်းဖြစ်နေပါပြီ။ ခရစ်တော် ဖြစ်နေပါတယ်။ လက်မောင်းအချိန် လူသာအချိန် မဟုတ်တော့ပါဘူး။ ခရစ်တော်တည်းဟူသော ဦးခေါင်း ကျောက်တုံးအချိန်ဘဲ ဖြစ်ပါတယ်။ ကိုယ် ခန္ဓာနဲ့ ပေါင်းစပ်ဘို့အချိန်ဘဲဖြစ်ပါတယ်။

236 ၂၃၆။ အတိအကျဘဲ သင်မခံစားရဘူးဆိုရင် ဘယ်နေရာမှာဘဲဖြစ်ဖြစ် သင်ရဲ့လက်ကိုဘဲမြှောက်ပြီးတော့ ကျွန်တော် မြင်တွေ့ နိုင်ပါတယ်။

ပြရမှာ ဖြစ်ပါတယ်။ သူတို့ဦးခေါင်းတွေကို လူတိုင်းခေါင်းငိုက်စိုက်ချနေပါ။ ဘုရားသခင် ကောင်းချီးပေးပါစေ။

ဗရာသာဗရမ်ဟမ် ကျွန်တော်တို့ကို ဆုတောင်းခြင်းနဲ့ သတိယပါ။ ကျွန်တော် အဲဒီကို အရမ်းသွားချင်ပါတယ်။ လုံးဝကျွန်တော် လွဲမသွားချင်ပါဘူး။ ကျွန်တော် စစ်ဆေးနေပါတယ်။ ကျွန်တော် လုပ်နိုင်သမျှအရာခပ်သိမ်းကို ကျွန်တော် လုပ်ပါတယ်။ အခုအခါမှာ ကျွန်တော့်အတွက် ဆုတောင်းပေးပါ။ ဘုရားကောင်းချီးပေးပါစေ။

အဲဒီအကြောင်းအရာကို သင်အခုစဉ်းစားနေတဲ့အချိန်မှာဘဲ ကျွန်တော်တို့ဆုတောင်းကြပါစို့။ ဘုရားသခင်၊ သင့်စိတ်နှလုံးထဲ ကနေ ရှိတဲ့အတိုင်းဆုတောင်းပါ။ စိတ်နှလုံးထဲမှာ တစ်ခုခု ဆို့နေတယ်ဆိုရင်လည်း ရှုပ်ထွေးနေတယ်ဆိုရင်လည်း စိတ်ရှိတဲ့အ တိုင်းဘဲ ဆုတောင်းပါ။ အဲဒီစိတ်ခံစားချက်က သူ့ဟာနဲ့သူဖေါ်ပြလာမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ လုပတဲ့မြို့တော်အတွက် ဖြစ်နေပါတယ်။ ကိုယ်တော်ရှင်က သူ့လူမျိုးတော်အတွက် သူပြင်ဆင်ထားပါတယ်။ ဒီခေတ်ကာလအားလုံးအတွက် ကယ်တင် ခြင်းရပြီးသား ဖြစ်ပါတယ်။ ဘုန်းထင်ရှားစေဘို့အတွက် သီချင်းဆိုကြမှာ ဖြစ်ပါတယ်။ ပလ္လင်ဖြူပတ်လည်မှာဘဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ ကောင်းကင်ကိုကြည့်ပြီး လွမ်းတသနေပါတယ်။ ဘုန်းတော်တွေ အဲဒီမှာ ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ကယ်တင်ရှင်ကို တွေ့ရတဲ့အခါမှာ မည်မျှဝမ်းမြောက်ဖွယ် ဖြစ်ပါသလဲ¿ အဲဒီရွှေမြို့တော်ထဲမှာတွေ့နေပါတယ်။

237 ၂၃၇။ ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ အခုအခါမှာ ကျွန်တော်တို့ကို ယူဆောင်တော်မူပါ။ ကြီးမြတ်လှတဲ့သိုးထိန်း၊ ကြီးမြတ်လှတဲ့ ကယ်တင်ရှင် သိုးထိန်းကြီး ဘုန်းထင်ရှားစေတဲ့ သိုးထိန်းကြီး သူတို့အထဲမှာ ပျောက်ကွယ်နေတဲ့အရာအားလုံးဟာ ဒီအင်မတန်ကြီး မြတ်လှတဲ့ အပြစ်နွံထဲမှာ နစ်မွန်းနေမှာ ဖြစ်တယ်။ အဲဒီမှာ ဝံပုလွေတွေရှိမယ်။ တိရိစ္ဆာန်တွေကလည်း သိုးငယ်လေးကိုဖျက်ဆီးမှာ ဖြစ်တယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်က စကြ်နကို လျှောက်သွားပြီးမှ ကမ္ဘာလောကကြီးကို ဆင်းသက်လာပါတယ်။ ကျွန်ုပ်တို့နဲ့အတူ တလုံးတဝတည်းဖြစ်ပါတယ်။ အဲဒါမှ ဘုရားသခင်ရဲ့မေတ္တာကို ကျွန်ုပ်တို့အတွက် ကြေငြာပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီမှာ ကိုယ်တော်ရှင် သူတို့ကို တွေ့ပါတယ်။ အချို့တို့က ဂိုဏ်းဂဏတွေထဲမှာ ရှိပါတယ်။ အချို့တို့ကလည်း အိမ်တော်တွေထဲမှာ ရှိပါတယ်။ အချို့တို့ကလည်း လမ်းမကြီးပေါ်မှာ မျက်စိမမြင်ဘဲနဲ့ အဲဒီထဲမှာ တစ်ချို့က လည်း လမ်းမကြီးတွေပေါ်မှာ၊ တစ်ချို့ကလည်း လမ်းသွယ်လေးတွေ ပေါ်မှာ ရှိနေပါတယ်။ အစွန်းအဖျားမှာလည်းရောက်နေပါ တယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်က ခမည်းတော်က သူကယ်တင်ဘို့ ရွေးချယ်ထားတဲ့ သူတွေအားလုံးကို ကယ်တင်မှာဖြစ်ပါ တယ်။

238 ၂၃၈။ ကိုယ်တော်ရှင်က ကျွန်တော်တို့ကို ပြန်လည်ပြီးတော့ တာဝန်ပေးအပ်ပါတယ်။ ကျွန်တော်တို့လည်း ဒီနှုတ်ကပတ်တော် တစ်စိတ်တစ်ဒေသဖြစ်ဘို့ပါဘဲ။ ဒီခေတ်ကာလရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မာတင်လူသာရဲ့ ကြီးမြတ်တဲ့ ပြုပြင် ပြောင်းလဲမှုကြီးကို အဲဒီခေတ်ကာလက တွေ့ရပါတယ်။ ဂျွန်ဝပ်စလီတို့ ပင်တေကုတ္တေတို့ကိုလည်း တွေ့ရပါတယ်။ အခုအခါမှာ ကျွန် တော်တို့က ဦးခေါင်းကျောက်ရဲ့အိမ်တော် မြို့တော်ကို ကျွန်တော်တို့ ကြည့်လျှက် ရှိပါတယ်။ အို. ဘုရားသခင် ကျွန်တော်တို့ ခေတ် ကာလကို ကြည့်ပါတယ်။ ဒီနေ့ရက်ကာလမှာ ကျွန်တော်တို့ကို ပေးအပ်ထားတဲ့ ဂတိတော်ကိုလည်း သိနေပါတယ်။ အဲဒါကို ဘယ်လို ပြန်လည်ပြီးတော့ ရရှိမှာလဲ ? ညနေခင်းအလင်းကတော့ အသီးကို မှည့်ဝင်းစေမှာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ နေ့တစ်နေ့ ပေါ်ထွက်လာပြီးတော့ အဲဒီကနေပြီးတော့ ဘယ်တော့မှ နေ့နဲ့ညနဲ့ မဖြစ်ဘဲ ထာဝရအလင်း ဘဲဖြစ်ပါတယ်။

အဲဒီဘုန်းထင်ရှားစေတဲ့ ဘုရားသခင်က မိမိကိုယ်ကို ဖေါ်ပြပြီး လူဇာတိကို ခံယူပြီး လောကကြီးကို ကြွလာပါတယ်။ ဂတိ တော်အတိုင်းဘဲ ဖြစ်ပါတယ်။ ဖာရိရှဲ၊ ဇဒ္ဒုကဲ၊ ဟေရောဒိတို့ရဲ့မျက်စိထဲမှာကတော့ အဲဒီအရာတွေကို မတွေ့ရပါဘူး။

ဒီနေ့လည်း တစ်ဖန်ထပ်မံပြီး ဖြစ်လာမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကတော့ အဲလိုဘဲ ဖေါ်ပြမှာ ဖြစ်ပါတယ်။ နှုတ်ကပတ် တော်ကတော့ လူတွေရဲ့စိတ်နှလုံးလှို့ဝှက်ချက်ကို သိနေပါတယ်။ အတိအကျဘဲ နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ ကျမ်းစာ ဖေါ်ပြ ထားတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ဘယ်လိုမှ ချိုးဖဲ့နိုင်မှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင် ကျွန်ုပ်တို့ကို သိရှိနိုင်ဘို့ ကူညီတော် မူပါ။

သူတို့လက်တွေကို မြှောက်ထားတဲ့သူတွေကို ကူညီတော်မူပါကိုယ်တော်၊ သူတို့ ပိုမိုပြီးတော့ တင်းကျပ်စွာနဲ့ ကိုယ်တော်ရှင်ရဲ့ ဧဝံဂေလိတရားနဲ့ သူတို့ ကပ်ထားနိုင်ဘို့ မစတော်မူပါ။ ဘုရားသခင်ရဲ့ ဝတ်ရုံတန်ဆာအပြည့် ဝတ်ဆင်နိုင်ဘို့ မစတော်မူပါ ကိုယ်တော်၊ ဘုရားသခင်ရဲ့ လက်နက်စုံအပြည့်အစုံကို ယူတင်ဝတ်ဆောင်ပါ။ခေါင်းမှာဆောင်းထားတဲ့ သံခမောက်လုံးကိုလည်း သေသေချာချာ ဝတ်ဆင်ပါ။ ယုံကြည်ခြင်းဒိုင်းလွှားကိုလည်း ယူပြီးတော့ ကာထားပါ။ ရှေ့ကိုချီတက်ပါ။ ဒီနေ့မှစ၍ ဆက်လက်ချီတက်ပါ။ ကိုယ်တော် ရှင်ဘုရား မစတော်မူပါ။

239 ၂၃၉။ ခဏကြာတဲ့အခါမှာ ကျွန်တော်တို့အားလုံးလည်း စုဝေးပြီးတော့ ချီဆောင်ခြင်းလည်း လာမှာဖြစ်ပါတယ်။ အုပ်စုသေး သေးလေးဘဲ ဖြစ်ပါတယ်။ ဧနောက်ကဲ့သို့ဘဲ ချီဆောင်ခြင်းခံရမှာ ဖြစ်ပါတယ်။

ထိုအခါမှာ မိန်းမရဲ့မျိုးစေ့ အကျန်အကြွင်းလေးက ဘုရားသခင်ရဲ့ ပညတ်တော်တွေကို စောင့်ရှောက်ပါတယ်။ ယုဒများက တော့ ယေရှုခရစ်ရဲ့ သက်သေခံချက်ရှိပါတယ်။ တစ်ပါးအမျိုးသားတွေကတော့ ခွေးများကဲ့သို့ အမဲလိုက် သတ်ဖြတ်ခြင်းကို ခံရပါမယ်။ သူတို့ရဲ့သက်သေခံချက်ကြောင့် သူတို့ အသက်ပေးကြရမှာ ဖြစ်ပါတယ်။

အင်မတန်ကြီးမြတ်လှတဲ့ တန်နက်ခင်းမှာ မိလေနိကာလ ကုန်ဆုံးတဲ့အခါမှာ ပျားရည်ဆမ်းခရီး စတင်မှာဖြစ်ပါတယ်။

သေဆုံးသွားတဲ့ ကျန်တဲ့လူတွေက နှစ်ပေါင်း(၁၀၀၀)အသက်ရှင်၊နှစ်ပေါင်း(၁၀၀၀)ကုန်ဆုံးတဲ့အထိ အသက်ရှင်နေထိုင်ကြမှာ မဟုတ်ပါဘူး။ ၎င်းနောက် နှစ်ပေါင်း(၁၀၀၀)ကုန်ဆုံးတဲ့အခါမှာ တရားစီရင်ခြင်း ရှိပါတယ်။ဟာမကာ သဘော်ထဲမှာ ရှိတယ်ဆိုတာကို ဖေါ်ပြထားပါတယ်။ ဟာမကာ လူနည်းစု အကြွင်းအကျန်ထဲမှာ ရှိနေဆဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာကို ကြားရတဲ့သူတွေက ငြင်း ပယ်ပြီး

တရားစီရင်ခြင်းခံရမှာ ဖြစ်ပါတယ်။

ချပေးသနားတော်မူပါကိုယ်တော်၊ သူတို့ အထဲမှာ ကျွန်တော်တို့ကို မစဉ်းစားဘဲ ထားမှာ ဖြစ်ပါတယ်။ သို့သော်လည်း မင်္ဂလာဆောင်ပွဲကိုတော့ ဖိတ်ကြားခြင်း ခံရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ သခင်ယေရှုကို ဒီနေ့အသိအမှတ်ပြုလို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ ဝင်သွားရမှာဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးရဲ့ အပြင်ဖက်မှာဖြစ်ပြီးတော့ ကိုယ်တော်ရှင်အထဲကို ဝင်သွားရမှာ ဖြစ်ပါတယ်။ အဲဒီမြို့တော်ထဲမှာ ကျွန်တော်တို့ ဆက်ပြီးလျှောက်သွားရမှာ ဖြစ်ပါတယ်။ ပြန်ထွက်လာတဲ့အခါမှာလည်း ကိုယ်တော်ရှင်နဲ့အတူ ပြန်ထွက်လာရမှာ ဖြစ်ပါတယ်။

240 ၂၄၀။ ကျွန်တော် အသက်ကြီးလာပါပြီကိုယ်တော်၊ ကျွန်တော် လိုက်ပြီးဟောပြောရမဲ့ တရားဟောချက်တွေလည်း အများကြီး မကျန်တော့ပါဘူး။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ကို တစ်ကယ်ဘဲ ယုံကြည်စိတ်ချပါတယ်။ အဲဒီမြို့တော်ကို ကျွန်တော် ရှာဖွေလျှက်ရှိပါတယ်။ ကျွန်တော့်ရဲ့အဖ အာဗြဟံကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒါရောက်လာတော့မယ်ဆိုတာ ကျွန်တော့်ထဲမှာရှိတဲ့ တစ်စုံတစ်ခုက ကျွန်တော့်ကို ပြောပြနေပါတယ်။ ကျွန်တော် နေရာတိုင်းမှာ ကြိုးစားလျှက်ရှိပါတယ်ကိုယ်တော်၊ အလင်းကို ဖြန့်ပေးပြီးတော့ သူတို့ကို ဖိတ်ခေါ်ဘို့ပါဘဲကိုယ်တော်၊ သူတို့ထဲမှာ တစ်ယောက်မှ မပျောက်ဆုံးအောင် သူတို့ မစပါကိုယ်တော်။

မည်မျှ လှပပါသလဲ? အခုလေးတင်ဘဲပြီးဆုံးခဲ့ပါပြီ။ကိုယ်တော်ရှင် ကျွန်တော့်ကို ဖေါ်ပြခဲ့ပါတယ်။ မိုင်ပေါင်း(၁၅၀၀)မှာဝေးကွာပြီးတော့ တစ်ယောက်ထဲ အတူတကွ ယနေ့နေထိုင်လျှက်ရှိပါတယ်။ နေရာတစ်နေရာထဲမှာ စုဝေးလျှက်ရှိပါတယ်။ အဲဒီမြို့တော် ကြီးပေါ်ထွက်လာဘို့ စောင့်စားလျှက်ရှိပါတယ်။ ကျွန်တော်တို့ဟာ ဘုရားဖူးတွေ၊ ဧည့်သည်တွေဖြစ်တယ်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ကျွန်တော်တို့ဟာ အပယ်ခံဖြစ်ပါတယ်။ တစ်ပါးအမျိုးသား ဖြစ်ပါတယ်။ လောကသားတွေ ဖြစ်ပါတယ်။ လှောင်ပြောင် ခံရတယ်။ ပျက်ယယ်ပြုပြီးတော့ ဟားတိုက်ခံရတဲ့သူတွေ ဖြစ်ပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ ဘာသာရေး အဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့ကို ပျက်ယယ်ပြုကြပါတယ်။ ဒါပေမဲ့လည်း အဲဒါတွေကြောင့် ကျွန်တော်တို့ တုန်လှုပ်ခြောက်ခြားခြင်း မရှိပါဘူး။ နှုတ်ကပတ်တော်ရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်စေပါကိုယ်တော်၊ လုံးဝမလှုပ်ရှားအောင် မစတော်မူပါကိုယ်တော်၊ နောက်ဆုံးသောနေ့ရက်တွေမှာ ဖြစ်ကိုဖြစ်လာမှာလို့ ဆိုထားပါတယ်။ ကျွန်တော်တို့ ဖြစ်ပါစေ ကိုယ်တော်၊ သူတို့အလယ်မှာ ကျွန်တော်တို့ကို စဉ်းစားတော်မူပါကိုယ်တော်၊ ယေရှုနာမဌ်၊ ဆက်ကပ်ဆုတောင်းပါတယ်။ အာမင်။

ခင်ဗျားတို့ ယုံကြည်ပါသလား?

ပရိတ်သတ်ကလည်း အာမင်လို့ ပြန်ဖြေပါတယ်။

ကျွန်တော်တို့ လက်တွေကို ဒီလိုမြှောက်ကြ ပါစို့။

လှပတဲ့ မြို့တော်အတွက် ကျွန်တော့်ကို ချည်နှောင်ထားပါတယ်။

ကိုယ်တော်ရှင်ကတော့ သူရွေးချယ်ထားတဲ့ သူတွေအတွက် ပြင်ဆင်ထားပါတယ်။

ခေတ်ကာလတွေအားလုံးကို ရွေးချယ်ထားပါတယ်။

ကျွန်တော်တို့ သီချင်းဆိုတဲ့အခါမှာ ဘုန်းထင်ရှားပါစေ။

ပလ္လင်ဖြူနားတစ်ဝိုက်မှာ သီချင်းဆိုကြပါတယ်။

တစ်ခါတစ်ရံမှာ ကောင်းကင်တစ်ဝိုက်မှာ သတိရပါတယ်။

ဘုန်းကြီးပါစေ။ ကျွန်ုပ်ရဲ့ ကယ်တင်ရှင်က ကျွန်ုပ်နဲ့တွေ့ဆုံတဲ့အခါမှာ အင်မတန်ဝမ်းမြောက်ဖွယ် ဖြစ်ပါတယ်။

ရွှေမြို့တော်ထဲမှာ ကိုယ်တော်ကို တွေ့ဆုံရမှာ ဖြစ် ပါတယ်။

241 ၂၄၁။ ယခု ကျွန်တော်တို့ ထိုမြို့တော်ထဲမှာ အတူတကွ ကျိန်းဝပ်ရမယ်ဆိုရင် တစ်စုံတစ်ယောက်သောသူနဲ့ လက်ဆွဲနှုတ်ဆက် ပါ။ ဘုရားကောင်းချီးပေးပါစေ၊ ဘုရားဖူးဧည့်သည်၊ ခင်ဗျားဘယ်က လာသလဲ¿ လူးစီယားနား၊ဂျော်ဂျီယာ၊ မစ္စစ်စပီကလား? ကျွန်တော်လည်း ဘုရားဖူးဘဲ ဖြစ်ပါတယ်။ မြို့တော်ကို ကျွန်တော် မြှော်လင့်လျှက်ရှိပါတယ်။

အဲဒီမြို့တော်ကို ကျွန်တော် ကြည့်နေပါတယ် ဘရာသာနက်ဗီးလ်၊ ကျွန်တော် အဲဒီမြို့ကို သွားတဲ့လမ်းကို ရောက်နေပါပြီ။ အာမင်။

ဘရာသာဂျက်စ်၊ ကျွန်တော် ထိုမြို့တော်ကို ရှာဖွေလျှက်ရှိပါတယ်။

ယနေ့ည ရှာဖွေနေဆဲ ဖြစ်ပါတယ်။

စိတ်ပျက်ခြင်း များ မရှိပါနဲ့သီချင်းကို ဘရာသာဗရမ်ဟမ်က စတင်ပြီး သီဆိုပါတယ်။ အယ်ဒီတာမှတ်ချက်၊

ဘုန်းတော်များ ရှိနေမှာ ဖြစ်ပါတယ်။

ငါ့ရဲ့ကယ်တင်ရှင်ကို ငါတွေ့ဆုံရတဲ့အခါမှာ မည်မျှ ဝမ်းမြောက်ဖွယ် ဖြစ်ပါသလဲ¿

ရွှေမြို့တော်၊ လုပတဲ့ရွှေမြို့တော်ကြီးထဲမှာဘဲဖြစ်ပါတယ်။

ဝက်ဝံကလည်း နူးညံ့သိမ်မွေ့မှာ ဖြစ်ပါတယ်။

ဝံပုလွေကလည်း ယဉ်ကျေးမှာ ဖြစ်ပါတယ်။

ခြင်္သေ့ကလည်း သိုးသူငယ်နားမှာ လဲလျောင်းမှာ ဖြစ်ပါတယ်။

သားရဲကလည်း ကလေးငယ်ရဲ့လမ်းပြမှုအတိုင်း သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ပြောင်းလဲမှာ ဖြစ်ပါတယ်။

ကျွန်တော် ဖြစ်နေတဲ့သတ္တဝါကနေ ပြောင်းလဲမှာ ဖြစ်ပါတယ်။

တစ်နေ့သော အခါမှာ ချိုင့်ဝှမ်းထဲမှာ ငြိမ်သက်ခြင်း ရှိမှာ ဖြစ်ပါ တယ်။

ကျွန်တော့်အတွက် ချိုင့်ဝှမ်းထဲမှာ ငြိမ်သက်ခြင်း ရှိမှာဖြစ်ပါတယ်။

ဝမ်းနည်းခြင်းတွေ၊ ကြေကွဲခြင်းတွေ၊ ဒုက္ခဆင်းရဲတွေ ဘယ် တော့မှ မရှိတော့ပါဘူး။ ချိုင့်ဝှမ်းထဲမှာ ကျွန်တော့်အတွက် ငြိမ်သက်ခြင်းတွေ ရှိမှာဖြစ်ပါတယ်။

242 ၂၄၂။ ကျွန်တော်တို့ တွေ့မြင်နိုင်တဲ့ဘုရင်က ဒီနေ့မနက်မှာ ဖေါ်ပြခြင်းခံရမှာ ဖြစ်ပါတယ်။ ဘေးလ်ဒေါ့ရှ်ကို ကျွန်တော် မသိပါဘူး။ သူအသက်(၉၁)ရှိနေပါပြီ။ကျွန်တော် အသက်(၅၁)ဘဲရှိပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့ ကျွန်တော့်ကို မကြည့်ပါနဲ့။ ကျွန်တော် ပြောင်းလဲမှာ ဖြစ်ပါတယ်။ ထိုနေ့ရက်ကာလမှာ ပြောင်းကိုပြောင်းလဲမှာ ဖြစ်ပါတယ်။ သားရဲ၊ ရိုင်းစိုင်းတဲ့ သားရဲ့ကတော့ ကလေးငယ်ရဲ့ လမ်းပြမှုအတိုင်း သွားမှာဖြစ်ပြီးတော့ ကျွန်တော်လည်း အားလုံးပြောင်းလဲမှာဖြစ်ပါတယ်။ အခုရှိနေတဲ့ သတ္တဝါအဖြစ်ကနေ ကျွန်တော် ပြောင်းလဲခြင်း ဖြစ်ပါတယ်။

243 ၂၄၃။ ခင်ဗျားတို့ ဝမ်းမမြောက်ပေဘူးလား? ဆံပင်ဖြူတွေအားလုံး ပျောက်သွားမှာ ဖြစ်ပါတယ်။ က်ိုင်းနေတဲ့ပုခုံးတွေ၊ ကိုင်းနေတဲ့ခါးတွေအားလုံးလည်း တည့်မတ်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လုပပြီးတော့ လုံးဝအိုမင်းရင့်ရော် သေဆုံးခြင်း မရှိတဲ့အရာတွေဟာ ကိုယ်တော်ရှင်ကဲ့သို့၊ နေကဲ့သို့တောက်ပနေမှာ ဖြစ်ပါတယ်။ မည်မျှနှစ်သက်ဖွယ် ကောင်းပါသလဲ? က်ိုယ်တော်ရှင် ကျွန်တော်ဆုတောင်းပါတယ်။ လုံးဝဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဒုက္ခဆင်းရဲတွေမရှိတော့ပါဘူး။ ကျွန်တော့်အတွက် ငြိမ်သက်ခြင်းသာ ရှိမှာ ဖြစ်ပါတယ်။

244 ၂၄၄။ အခု ကျွန်တော်တို့ ရောက်ရှိနေတာကတော့ အဲဒီအတွက်ဘဲဖြစ်ပါတယ်။ ခင်ဗျားတို့တော်တော်များများ ဒီလမ်းခရီးအ တွက် ခွန်အားလိုပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ကိုချပေးပါတယ်။ ခင်ဗျားတို့ရဲ့ ကိုယ်ခန္ဓာတွေ၊ ဖျားနာနေတာ ဘယ်နှစ်ယောက်ရှိသ လဲ¿ ဒါဏ်ရာရထားတဲ့ စစ်သားတွေဘယ်နှစ်ယောက်ရှိသလဲ¿ တစ်ဒါဇင်ထက်မကပါဘူး။ ကိုယ်တော်ရှင် ဒီနေရာမှာရှိတယ်ဆိုတာ ယုံကြည်ပါသလား¿ မတွေ့မမြင်ရတဲ့ ဘုရင်ဖြစ်ပါတယ်။ မမြင်နိုင်တဲ့အရာတွေကတော့ မမြင်နိုင်တဲ့အရာတွေကို ဖေါ်ပြခြင်းဘဲ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ ထာဝရကာလ အတူတူဘဲ ဖြစ်ပါတယ်။ မပြောင်းလဲတဲ့ ကိုယ်ခန္ဓာဘဲ ဖြစ်ပါတယ်။ ကိုယ် တော်ရှင်ရဲ့ဝိညာဉ်တော်က ကျွန်တော့်အားဖြင့် စကားပြောနေတယ်ဆိုရင် ကိုယ်တော်ရှင်က ယခင်ကပြုခဲ့တဲ့အမှုတွေကို ဒီနေ့ပြုလုပ်မှာ ဖြစ်ပါတယ်။ မည်မျှ နှစ်သက်ဖွယ်ကောင်းပါသလဲ¿

ကျွန်တော်ဟာဂတိတော်ပြည်ကို ရောက်တော့မှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာဂတိတော်ပြည်ကို ရောက်တော့မှာ ဖြစ်ပါတယ်။

ဘယ်သူ ကျွန် တော်နဲ့အတူ လာပြီးသွားမှာလဲ¿

ကျွန်တော်ဂတိတော်ပြည်အ တွက် သွားနေပါတယ်။

အဲဒီတောက်ရှောက်မှာ ကျယ်ပြန့်တဲ့ လွင်ပြင် ကြီးတွေရှိပါတယ်။

ထာဝရနေ့ရက်အတွက် တောက်ပနေပါတယ်။

သားတော်ဘုရားကတော့ ထာဝရအုပ်စိုးမှာ ဖြစ်ပါတယ်။

ညမှောင် မိုက်ခြင်းတွေကို ဖျက်ဆီးပစ်လိုက်မှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဂတိထားတော်မူရာပြည်အတွက် ဖြစ်နေပါတယ်။

ဂတိထားတော်မူ ရာပြည်အတွက် ကျွန်တော့်ကို ရွေးချယ်ထားပါတယ်။

ဘယ်သူ ကျွန်တော်နဲ့အတူ သွားမှာလဲ?

ကျွန်တော်ဟာဂတိတော်ပြည်ကို ရောက်တော့မှာ ဖြစ်ပါတယ်။

245 ၂၄၅။ လူ(၅၀၀)မြစ်ထဲကိုဆင်းလျှောက်သွားပါတယ်။ပထမဆုံး ဘုရားသခင်ရဲ့ကောင်းကင်တမန် ပေါ်ပေါက်လာတဲ့နေ့ကဘဲ ဖြစ်ပါ တယ်။ သူ့ကို်ယ်သူဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ သိနတောင်ပေါ်မှာ သူအမှုပြုသကဲ့သို့ဘဲ ကိုယ်တော်ရှင်ကို ကျွန်တော် ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော် မြစ်ထဲကိုဆင်းသွားပါတယ်။ လူရာပေါင်းများစွာတို့က ဗတ္တိဇံသီချင်းကို ဆိုလျှက်ရှိပါတယ်။ ကိုယ်တော်ရှင်ကြွလာပါတယ်။ ဆင်းသက်လာပါတယ်။ မီးတိုင်အားဖြင့်ဘဲ ဖြစ်ပါတယ်။ ပုံထဲမှာ ခင်ဗျားတို့ တွေ့ရတဲ့ မီးတိုင်အား ဖြင့်ဘဲ ဆင်းသက်လာတယ်။ မြစ်ထဲကို ရောက်သွားပါတယ်။ နောက်ပြီးတော့ ဘာဖြစ်သလဲဆိုတော့ ဂျွန်ဗတ္တိဇံယောဟန်ကို ပထမအကြိမ်ကြွလာခြင်းအတွက် ရှေ့ ပြေးစေလွှတ်သကဲ့သို့ ဒီသတင်းစကားကလည်း ဒုတိယအကြိမ် ကြွလာတော်မူခြင်းရဲ့ ရှေ့ပြေးဖြစ်တယ်လို့ ဆိုပါတယ်။ ဘယ်သူ ကျွန်ုပ်နဲ့ လာပြီးသွားမှာလဲ? ကျွန်တော်ဟာ ဂတိထားတော်မူရာပြည်အတွက် သွားနေခြင်း ဖြစ်ပါတယ်။

246 ၂၄၆။ ဒီမီးတိုင်ကတော့ ကျွန်တော်တို့နဲ့အတူ ရှိနေပါတယ်။ ခင်ဗျားတို့ အဲဒါကို သိပါသလား? ကိုယ်တော်ရှင်က တစ်ခုသောအ ရာအတွက် ကျွန်တော်တို့ကို ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အကယ်၍ သင်က သံသယမရှိဘဲ ရှိနေမယ်ဆိုရင် ယုံကြည်မယ်ဆိုရင် ကိုယ်တော်ရှင်က ဒီအဆောက်အအုံရဲ့ အလယ်မှာ ရှိနေပါတယ်။ ကိုယ်တော်ရှင်က မိမိကိုယ်ကို မိမိသက်သေပြမှာ ဖြစ်ပါတယ်။ အဲဒါ ခင်ဗျားတို့ကို ကျေနပ်စေပါသလား? လူတိုင်းကို ကျွန်တော် မရရှိဘူးဆိုရင် (၂)နာရီထိုးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် နဲနဲမြန်မြန် ပြောသွားမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့ ယုံကြည်မယ်ဆိုရင် ကျွန်တော်တို့အပေါ်ကို သက်ရောက်စေပါ။ ကျွန်တော်တို့ ယုံကြည်ခြင်း ဘယ်မှာရှိပါသလဲ? ခင်ဗျားတို့ ယုံကြည်ဘို့ လိုပါတယ်။ ခင်ဗျားတို့ သံသယမရှိပါနဲ့။ လုံး၀ သံသယမရှိပါနဲ့။ အဲဒီ အဖြစ်အပျက် ဖြစ်လာမှာ ဖြစ်ပါတယ်။

ကျွန်တော် မှတ်မိတာကတော့ ခရစ်တော်တည်းဟူသောပုဂ္ဂိုလ်အတွင်းမှာ ဘုရားသခင် ကျိန်း၀ပ်တော်မူခြင်း ဖြစ်ပါ တယ်။ ခရစ်တော် နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်းဘဲ နှုတ်ကပတ်တော်က နှစ်ဖက်အသွား ထက်တဲ့ ဓါးကဲ့သို့ ထက်မြက်ပါတယ်။ အရိုးချဉ်ဆီတွေကို ဖြတ်တောက်သွားနိုင်တယ်။ စိတ်နှလုံးအကြံအစည်တွေကိုလည်း ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ စိတ်နှလုံးထဲမှာရှိတဲ့ အကြံအစည်တွေ၊ နှလုံးသားထဲမှာရှိတဲ့ လျှို့၀ှက်ချက်တွေကို ဖော်ပြမှာ ဖြစ်ပါတယ်။

247 ၂၄၇။ ဘာကြောင့်လဲ? ဒီအရာတွေကို ကျွန်တော် မသိပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မသိခဲ့ပါဘူး။ ကျွန်တော် အဲဒီအ ကြောင်းကို ပြောတဲ့အခါမှာ အဲဒါကို မသိပါဘူး။ သူဘာလုပ်သလဲဆိုတာကို ကြည့်ပါ။ သူဘာပြောသလဲဆိုတော့ လူတွေကို လက်နဲ့ဆွဲကိုင်ပြီးတော့ ဘာကိုမှ စဉ်းစားမှာ မဟုတ်ပါဘူး။ ဘယ်လိုပုံသဏ္ဍာန်နဲ့ ဖော်ပြမလဲဆိုတာဘဲ ကြည့်ပါ။ အဲဒါကတော့ အတိတ်ဘဲ ဖြစ်ပါ တယ်။ ဘာဘဲဖြစ်ဖြစ် ဖြစ်နိ်ုင်ပါတယ်။ ၎င်းနောက် ဘာပြောလဲဆိုတော့ အဲဒါကို လုပ်စရာမလိုလောက်အောင် ပေါ်ထွက်လာမယ်လို့ဘဲ ဆိုပါတယ်။ သူတို့ထဲမှာရှိတဲ့အရာတွေကို ပိုင်းခြားနားလည်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တုပခံရခြင်း အမျိုးစုံရှိပါတယ်။ ကျွန်တော်တို့ သိပါတယ်။ ရွေးချယ်ထားခြင်း ခံရတဲ့သူတွေကိုတောင်မှ လှည့်ဖျားသွားနိုင် လောက်အောင် ဖြစ်ပါတယ်။ နှုတ်ကပတ်တော်နဲ့ အတူ ကျန်တဲ့အရာတွေ ဘယ်လိုဖြစ်သွားသလဲဆိုတာကို ကြည့်ပါ။ အဲဒါမှ အမှားအမှန်ကို သင်သိမှာ ဖြစ်ပါတယ်။ သခင်ယေရှုက တော့ မနေ့၊ ယနေ့၊ ထာ၀ရကာလ ဘာမှ ပြောင်းလဲခြင်း မရှိပါဘူး။

248 ၂၄၈။ ဖျားနာနေတဲ့သူ ဘယ်နှစ်ယောက်ရှိပါသလဲ? ခင်ဗျားတို့ကို ကျွန်တော် မသိပါဘူး။ ခင်ဗျားတို့ လက်ထောင်ပြပါ။ ကျွန်တော့်ကိုလည်း ခင်ဗျားတို့ သိမှာ မဟုတ်ပါဘူး။ နေရာတိုင်းက လာတယ်လို့ ကျွန်တော်ထင်ပါတယ်။ ခင်ဗျားတို့ လုပ်ရမဲ့အ ရာတစ်ခုတည်းဘဲ ရှိပါတယ်။ ယုံကြည်ဘို့ဘဲ ဖြစ်ပါတယ်။

ယုံကြည်ပါ။ ယုံကြည်ပါ။

အရာခပ်သိမ်းဟာ ဖြစ်နိုင်ပါတယ်။ ယုံကြည်ခြင်းသာ လိုပါတယ်။

ယုံကြည်ပါ။ ယုံကြည်ပါ။

အရာခပ်သိမ်းဟာ ဖြစ်နိုင်ပါတယ်။ ယုံကြည်ခြင်းသာ လိုပါတယ်။

249 ၂၄၉။ သခင်ယေရှု မိန့်တော်မူတာကတော့ သောဒုံမြို့နဲ့ ဂေါမောရမြို့ရဲ့ နေ့ရက်ကာလများကဲ့သို့ဘဲ ဖြစ်ပါတယ်။ လူသားပြန်ပြီး ကြွ လာတဲ့အခါမှာ နောက်ဆုံးသောနေ့ရက်ကာလမှာ ထိုကဲ့သို့ဘဲ ဖြစ်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဘုရားသားတော်ကို မြင်တွေ့ရမှာ ဖြစ် ပါတယ်။ အဲဒီအချိန်မှာ မိမိကိုယ်ကိုမိမိ ဖော်ပြမှာဖြစ်ပါတယ်။ အရင်ကနေ့ရက်တွေ မဟုတ်ပါဘူး။ အလယ်က နေ့ရက်တွေ မဟုတ်ပါ ဘူး။ နောက်ဆုံးသောနေ့ရက်ကာလဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဖော်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်ဆုံးသောနေ့ရက်ကာကို ရောက်နေပါပြီ။ သောဒုံမြို့ကတော့ အတိအကျဘဲ ဖြစ်နေပါပြီ။ သတင်းစကား ပို့ဆောင်သူ တွေကလည်း ထိုနည်းအတိုင်း ဖြစ်နေပါတယ်။

အာဗြဟံ၏ အုပ်စုနှင့် ခေါ်ထုတ်ခြင်းခံရသော ကျန်ကြွင်းသော လူနည်းစုကလေးမှာ ဘာဖြစ်သွားပါသလဲ¿ သူတို့အထဲမှာကိုယ်တော်ရှင် ကြွလာပါတယ်။ လူသားဇာတိကို ခံယူပြီး ကြွလာခြင်းဖြစ်ပါတယ်။ လူသားဇာတိနဲ့ ကိုယ်စားပြုပါတယ်။ သူတို့နဲ့အ တူ စားသောက်တယ်။ သူတို့အစားအသောက်ကိုဘဲ သူတို့က စားသောက်ခြင်းဖြစ်ပါတယ်။ သူတို့အလယ်မှာ သူရပ်တည်ပြီး သတင်းစကားကို သူပြောကြားပါတယ်။ နောက်ပြီးတော့ သူဘာပြောသလဲဆိုရင် ဒီကြီးမြတ်တဲ့အရာကို ငါပြုလုပ်မယ်လို့ဆိုပါ တယ်။

250 ၂၅၀။ အာဗြဟံက ဆက်လက်ပြီးလေ့လာနေပါတယ်။ အဲဒါ ဟုတ်ပါသလား? ငါကတော့ မြို့တော်တစ်ခုကို ရှာဖွေနေပါတယ်။ အဲဒီမြို့တော်ရဲ့ဘုရင်က ဒီကိုယ်တော်ရှင်ဘဲ ဟုတ်ပါသလားလို့ သူကမေးပါတယ်။

သူက ဘာပြောသလဲဆိုတော့ စာရာဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ဘာကြောင့် သံသယဖြစ်ပါသလဲ? တဲတော်ထဲမှာ သူ့ရဲ့ နောက်မှာ

ဘာဖြစ်ပါသလဲ?

အာဗြဟံ မိန့်တော်မူတာကတော့ ကိုယ်တော်ရှင် သခင်ဘုရား (အီလိုဟင်း)စာရာရဲ့ စိတ်နှလုံး အကြံအစည်တွေကို ကိုယ်တော် ရှင်က သိမြင်သောကြောင့် ဖြစ်ပါတယ်။

သခင်ယေရှုမိန့်တော်မူတာကတော့ အဲဒီ နောက်ဆုံးသောနေ့ရက်ကာလမှာ သူ့ကို ဖေါ်ပြတဲ့အခါမှာ အဲဒီအကြောင်းအရာက တစ် ဖန်ပြန်လည် ပေါ်ထွက်လာအုန်းမှာ ဖြစ်ပါတယ်။ ထိပ်ဆုံးမှာရှိတဲ့ ကျောက်ကတော့ ကိုယ်ခန္ဓာထဲကို ဝင်ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါက ကယ်တင်ခြင်း ရပြီးသား ဖြစ်ပါတယ်။ သူ့ထဲကို ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွနုပ်တို့နဲ့အတူ ရှိတော်မူပါတယ်။

251 ၂၅၁။ လက်(၁၂)ချောင်းခန့်လောက်ဘဲ ထောင်ပြပါတယ်။ ဘုရားသခင်ကလူတိုင်းကို အနာရောဂါငြိမ်းစေပါတယ်။ သင်တို့လည်း ယုံကြည်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီပုဂ္ဂိုလ်တစ်ဦးက အဲဒီနေရာကို သေသေချာချာ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ ကျွန်တော် မယုံပါဘူး။ ဒီလိုအချိန်မှာ၊ ဒီလိုအနေအထားမျိုးမှာ လုံးဝမသိဘဲနဲ့ တစ်စုံတစ်ခုကို အသိအမှတ် ပြုနေမှာ ဖြစ်ပါတယ်။

ကျွန်တော် ဆုတောင်းလိုပါတယ်။ သင်နဲ့ပတ်သက်လို့ ဘယ်လိုများ အမှားအယွင်းရှိသလဲဆိုတာကိုလည်း ကျွန်တော် သိလိုပါ တယ်။ သင်တို့ စိတ်နှလုံးထဲမှာဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် စတင်ပြီး ဆုတောင်းလိုပါတယ်။ ကိုယ်တော်ရှင် ယေရှုဘုရား ဒီအရာကို ဖေါ်ပြတော်မူပါ။ ကျွန်တော်နဲ့ပတ်သက်လို့ ဘာအမှားအယွင်းရှိသလဲဆိုတာကို ကျွန်တော် ပြောဆိုနေပါတယ်။ အခုအချိန်မှာ သင်က သင့်ရဲ့သန့်ရှင်းသောဝိညာဉ်တော်ကို ဗရာသာဇရမ်ဟမ်ထံ စေလွှတ်ပါတယ်။ သူပြောတဲ့အရာက အမှန်တရားဖြစ် တယ်ဆိုတာကို ပြည့်စုံစေချင်လို့ဘဲ ဖြစ်ပါတယ်။ ဤသတင်းစကားထဲမှာ ဒီနေ့ ကိုယ် တော်ရှင်အကြောင်းကို ပြောကြားပါတယ်။ အဲဒါ က သမ္မာတရားဖြစ်တယ်ဆိုတာကို ကျွန်တော် သိပါတယ်။ ယခုအခါမှာ ကျွန်တော့်ကို ဖေါ်ပြတော်မူပါကိုယ်တော်၊ ကျွန်တော့်ကို စ ကားပြောတော်မူပါ။

252 ၂၅၂။ အခုအခါမှာ အားလုံးက တကွဲတပြားဖြစ်နေပါပြီ။ ဒီမှာနဲ့ ဟိုပတ်လည်မှာ ဖြစ်နေပါပြီ။ ဒါကြောင့်မို့လို့ ဆုတောင်းပါ။ သင့်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါ။ ဘုရားသခင် ချပေးသနားတော်မူမယ်ဆိုတာ ယုံကြည်ပါ။

အခုအခါမှာ ကျွန်တော့်ကို ကြည့်စေလိုပါတယ်။ နောက်ပြီးတော့ ဆုတောင်းကြမှာ ဖြစ်ပါတယ်။ ပေတရုနဲ့ ယောဟန်ဆိုသကဲ့ သို့ အကျွနုပ်တို့ကို ကြည့်ပါ။ ကိုယ်တော်ရှင်က တစ်စုံတစ်ရာကို လိုလားနေပါတယ်။ သူအဲဒါကို လက်ခံယုံကြည်နေချင်ပါတယ်။ သင်တစ်စုံတစ်ခုကို လိုလားနေပါတယ်။ သင်ကတော့ အဲဒါကို လက်ခံဘို့ရှိတယ်ဆိုတာကို ကျွန်တော် ယုံကြည်ပါတယ်။ သူဘာပြောသ လဲဆိုတော့ ကျွန်တော်တို့ကို ကြည့်ပါလို့ ပြောပါတယ်။

ရွှေနဲ့ငွေ ကျွန်တော့်မှာ မရှိဘူး။ ဒါပေမဲ့လည်း ငါ့မှာရှိတဲ့အရာကို ငါပေးမယ်လို့ ဆိုပါတယ်။

အနာရောဂါငြိမ်းစေခြင်း ကျွန်တော့်မှာ လုံးဝမရှိပါဘူး။ ခရစ်တော်အထဲမှာဘဲ ရှိပါတယ်။ ကျွန်တော့်မှာ ရှိတဲ့အရာကတော့ ဘုရားသခင်ပေးတဲ့ ဆုကျေးဇူးဘဲ ဖြစ်ပါတယ်။ သင့်ကို ပေးမှာဖြစ်ပါတယ်။ ယုံကြည်နိုင်တဲ့ ဆုကျေးဇူးဘဲ ဖြစ်ပါတယ်။ ခရစ်တော် ယေရှုရဲ့နာမ၌ သင်တို့အားလုံး အနာရောဂါငြိမ်းaစေပါ။ ယုံကြည်ပါ။ အကယ်၍ သင်မယုံကြည်နိုင်ပါက ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

253 ၂၅၃။ အမျိုးသမီးကြီးတစ်ယောက် အဲဒီမှာ ထိုင်ပြီး ကျွန်တော့်ကို ကြည့်နေပါတယ်။ သူမက ငိုနေပါတယ်။ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က ဆုတောင်းနေပါတယ်။ သူ့မှာ သိုင်းရိုက်ရောဂါနဲ့ ပတ်သက်လို့ ပြဿနာရှိပါတယ်။ ရောဂါဖြစ်နေလို့ သူခံစားနေရပါတယ်။ ခင်ဗျားကို ကျွန်တော် မသိပါဘူး။ ခင်ဗျားကတော့ ကျွန်တော့်အတွက် တစ်စိမ်းတစ်ယောက်ဘဲ ဖြစ်ပါတယ်။ အဲဒါအမှန်ဘဲ ဖြစ်ပါတယ်။ အဲဒီ အမျိုးသမီးကလည်း မှန်ပါတယ်လို့ ဝန်ခံပါတယ်။ (အယ်ဒီတာမှတ်ချက်) ခင်ဗျားကတော့ ဒီက မဟုတ်ဘူး။ ချီကာဂိုကဖြစ် တယ်။ မစ္စ် အလက်ဇန်ဒါးဖြစ်တယ်။ အဲဒါမှန်ရင် ခင်ဗျား လက်ကို ဝှေ့ရမ်းပြပါ။ အခု ချီကာဂိုကိုပြန်ပြီးတော့ ကျန်မာလိမ့်မည်။

သူမ ဘာကို ထိတွေ့လိုက်သလဲ? သွေးသွန်နာစွဲတဲ့ အမျိုးသမီး ထိတွေ့လိုက်တာကို သူထိတွေ့လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ဝတ်ရုံတော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဝတ်ရုံမဟုတ်ပါဘူး။

ဒီမှာ မိန်းကလေးငယ်တစ်ယောက် သူတို့ကြားထဲမှာ ထိုင်နေပါတယ်။ ကျွန်တော့်ကို နားလည်နိုင်အောင် သူမကို လုပ်မယ်ဆို ရင် ခင်ဗျားခေါင်းကို ထောင်ပြီးတော့ ဒီဘေးတစ်ဖက်တစ်ချက်မှာ ထောင်နေမယ်ဆိုရင် ခင်ဗျားကိုတော့ ကျွန်တော် သိမှာ မဟုတ်ပါ ဘူး။ ခင်ဗျားကတစ်စိမ်းတစ်ယောက်ပါဘဲ။ ဒါပေမဲ့လည်း ခင်ဗျားက အစာအိမ်နဲ့ ပတ်သက်တဲ့ရောဂါကို ခံစားနေရပါတယ်။ ခင်ဗျားရဲ့ ဘေးနားမှာ ခင်ဗျားရဲ့ ခင်ပွန်းသည် ထိုင်နေပါတယ်။ သူ့နားနဲ့ ပတ်သက်လို့လည်း ပြဿနာရှိပါတယ်။ ခင်ဗျားရဲ့နံမယ်ကတော့ ခရက်ဒ် ဖြစ်ပါတယ်။ ခင်ဗျားက ကျွန်တော့်အတွက်တော့ တစ်စိမ်းတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ခင်ဗျား တို့ ဒီကလည်း မဟုတ်ပါဘူး။ ခင်ဗျား တို့ မီရှီဂန်က လာတာဖြစ်ပါတယ်။ အဲဒါမှန်တယ်ဆိုရင် ခင်ဗျားတို့ရဲ့လက်ကို လှုပ်ရမ်းပြပါ။ မီရှီဂန်ကို ပြန်သွားကြပါ။ ခင်ဗျားတို့ရဲ့ ယုံကြည်ခြင်းဟာ ခင်ဗျားတို့ ရောဂါကို ပျောက်ကင်းစေပါပြီ။ ခင်ဗျားတို့ မယုံကြည်နိုင်ဘူးဆိုရင် ဘာမှမဖြစ်နိုင်ပါဘူး။ ယုံကြည်နိုင်မှ သာ အရာခပ်သိမ်းဟာ ဖြစ်နိုင်မှာ ဖြစ်ပါတယ်။

254 ၂၅၄။ လည်ချောင်းနာနေတဲ့ အမျိုးသမီးလေးတစ်ယောက် ဟိုးအနောက်ဖက်ဆုံးမှာ နေပါတယ်။ ဂျော်ဂျီယာပြည်နယ်ကဘဲ ဖြစ်ပါ တယ်။ အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားပါတယ်။ ပြန်သွားပါ။ ဂျော်ဂျီယာကို ပြန်သွားပါ။ သခင်ယေရှုက ခင်ဗျားကို အနာရောဂါ ငြိမ်းစေပါပြီ။ ခင်ဗျား အဲဒါကို ယုံကြည်ပါသလား?

ဟိုမှာ ထိုင်နေတဲ့ အမျိုးသမီး ကျွန်တော့်ကို ကြည့်နေပါတယ်။ သူမက ထိုင်ခုံရဲ့ညာဖက်အစွန်ဆုံးမှာ ထိုင်နေပါတယ်။ သူမမှာ အာရုံကြောအားနည်းတတ်တဲ့ ရောဂါရှိပါတယ်။ သူမက ယုံကြည်မှာ ဖြစ်ပါတယ်။ ဘုရားသခင် သူမကို အနာရောဂါ ငြိမ်းစေမှာ ဖြစ်ပါတယ်။ မစ္စစ်ဘရောင်း စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါ။ သခင်ယေရှုက သင့်ကိုသိပါတယ်။ သင့်ရဲ့အနာရောဂါကို ငြိမ်းစေပါတယ်။ ယုံကြည်ပါသလား¿ လက်ကိုထောင်ပြပါ။

ဒီထမ်းစင်ပေါ်မှာ လဲလျောင်းနေတဲ့သူ ရှိပါတယ်။ သူမ ဒီဖက်ကို ကြည့်စေပါ။ သူမကတော့ ရောဂါဝေဒနာကို ခံစားနေ ရပါတယ်။ သူမ အနာရောဂါ ငြိမ်းစေမယ်ဆိုရင် ကျွန်တော် ပြုလုပ်လိုပါတယ်။ ကျွန်တော်ကတော့ အနာရောဂါပျောက်ကင်းစေတဲ့သူ မဟုတ်ပါဘူး။ သူမကလည်း ဒီအရပ်က မဟုတ်ပါဘူး။ အဝေးကွာတဲ့နေရာက ဖြစ်ပါတယ်။ ခင်ဗျားက မစ်ဇိုရီက ဖြစ်ပါတယ်။ ခင်ဗျား ရဲ့ရောဂါတွေကတော့ အတွင်းရောဂါတွေဘဲ ဖြစ်ပါတယ်။ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်တယ်ဆိုရင် လုံးဝသံသယ မရှိပါနဲ့။ သခင်ယေရှုက ခင်ဗျားကို အနာရောဂါငြိမ်းစေမှာ ဖြစ်ပါတယ်။ ခင်ဗျားမစ်ဇိုရီကို ပြန်သွားပြီးတော့ ကျန်းမာနေမှာ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ သက်သေခံချက်ကို ပြန်ပြီးတော့ သက်သေ၊ အနာရောဂါငြိမ်းစေတဲ့ သက်သေခံပါ။ ခင်ဗျားယုံကြည် ပါသလား? အဲဒါဆိုရင် လက်ခံပါ။ ခင်ဗျားထမ်းစင်ကို ခင်ဗျားထမ်းပြီးတော့ အိမ်ပြန်ပါ။ သခင်ယေရှုက ခင်ဗျားကို အနာရောဂါ ငြိမ်းစေပြီဖြစ်ပါတယ်။

255 ၂၅၅။ ခင်ဗျားယုံကြည်ပါလား? အဲဒါကတော့ ထာဝရဘုရင် ရှိတော်မူတဲ့ အမှတ်အသားပြုခြင်းဘဲ ဖြစ်ပါတယ်။ အခုအချိန်မှာ ခင် ဗျားယုံကြည်ပါသလား? စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား¿ ကိုယ်တော်ရှင်က ဒီအဆောက်အအုံကြီး ပတ်ပတ်လည်ကိုဝိုင်းရံထား ပါတယ်။ ခင်ဗျား ယုံကြည်ပါသလား? စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား? ကိုယ်တော်ရှင်ရဲ့ ရှေ့တော်မှောက်ကို သင်ရောက်ရှိနေ တယ်ဆိုတာ သင်ယုံကြည်ပါသလား?

အခုအချိန်မှာ ယုံကြည်ပါသလား? ကိုယ်တော်ရှင်ရဲ့နိုင်ငံတော် ကိုယ်စားလှယ်ဖြစ်တယ်ဆိုတာ ယုံကြည်လက်ခံပါသလား? လက်ကို ထောင်ပြပါ။ သခင်ယေရှု မိန့်တော်မူတာကတော့ ယုံကြည်တဲ့သူတွေအတွက် ဒီနိမိတ်လက္ခဏာတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဖျားနာသူတွေအပေါ် လက်ကို ဆန့်တန်းပြီးတော့ သူတို့က ပြန်ပြီးသတိရလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် တစ်ယောက်ရဲ့တစ်စိတ် တစ်ဒေသလောက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ခင်ဗျားရဲ့ တစ်စိတ်တစ်ပိုင်းဘဲ ဖြစ်ပါ တယ်။ ခရစ်တော်အတွက် ကိုယ်ခန္ဓာအစိတ်အပိုင်း အမျိုးမျိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ အတူတကွ တစ်ယောက်အပေါ်တစ်ယောက် လက်ကို ဆန့်တန်းပြီးတော့ ဆုတောင်းကြမှာ ဖြစ်ပါတယ်။

အမျိုးသမီးတစ်ယောက် ထမ်းစင်ပေါ် လဲလျောင်းနေတယ်။ ဒါပေမဲ့ အခုနကထပြီး လှုပ်ရှားနိုင်ပြီ။ ကျန်းမာပြီးတော့ အိမ်ပြန် သွားပါပြီ။ အာမင်။

256 ၂၅၆။ ခင်ဗျားတို့ အယောက်တိုင်း အနာရောဂါ ငြိမ်းသွားပြီဖြစ်ပါတယ်။ ခင်ဗျားတို့ ယုံကြည်တယ်ဆိုရင် တစ်ယောက်အပေါ် တစ်ယောက် လက်ကို တင်ပြီးတော့ သင်တို့ဟာ ခရစ်တော်ရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ ခင်ဗျားတို့ လက်တင်ထားတဲ့ သူတွေအတွက် ခင်ဗျားတို့ ဆုတောင်းပေးပါ။ ခင်ဗျားတို့ကို ဆုတောင်းပေးစေလိုတဲ့ဆန္ဒအတိုင်းဘဲ ခင်ဗျားတို့ ဆုတောင်းပါ။

သခင်ယေရှုဘုရား ကိုယ်တော်ရှင်ကို ကျွန်တော်တို့ အသိအမှတ်ပြုကြပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ရဲ့ ဘုရင်ဖြစ် ပါတယ်။ ကျွန်တော်တို့ကြားမှာ ကိုယ်တော်ရှင်ဟာ မိမိကိုယ်ကို ဖေါ်ပြပါတယ်။ ကိုယ်တော်ရှင် ရှိတော်မူတဲ့အတွက် ကျေးဇူးတော် ကို ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ ဒီတောင်ကို ရွေ့စေပါလို့ဆိုရင် ရွေ့သွားမှာ ဖြစ်ပါတယ်။ လုံးဝသံသယ မဖြစ်ပါနဲ့။ လုံးဝယုံကြည်ပါ။ သင်ပြောတဲ့အတိုင်းဘဲ ဖြစ်မယ်ဆိုတာကို လုံးဝယုံကြည်ပါ။ ရကိုရမှာဖြစ်ပါတယ်။ သင်ပြောတဲ့အတိုင်းဘဲ သင်ရရှိမှာ ဖြစ်ပါတယ်။

ဒီပညတ်တော်ကို နာခံတဲ့အနေနဲ့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို နာခံတဲ့အနေနဲ့ ဘယ်လိုမှ ဆုံးရှုံးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ဟာ ကိုယ်တော်ရှင်ရဲ့ ကိုယ်စားလှယ်များဖြစ်၍ မိုင်ပေါင်း(၁၅၀၀)စတုရန်းရှိနေပြီး မြို့တော်ကဲ့သို့ ဖြစ်နေပါတယ်။ စာတန်ကိုလည်း ကျွန်တော်တို့ ပြောပါတယ်။ ဆုံးရှုံးခြင်းရောက်တဲ့ နတ်ဆိုးဖြစ်ပါတယ်။ သင့်ရဲ့ဆုံးရှုံးမှုကို လောင်ကျွမ်းစေမှာ ဖြစ်ပါတယ်။ စတုရန်းပတ်လည်ရှိတဲ့ မြို့တော်ကို ကျွန်တော်တို့က ကိုယ်စားပြုခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီမြို့တော်ကတော့ သိုးသူငယ်က အလင်းဖြစ်တဲ့မြို့တော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကြီးမြတ်တဲ့ ဘုရားသခင်ရဲ့ဖေါ်ပြခြင်းခံရတဲ့ လက္ခဏာတော်ဘဲ ဖြစ်ပါတယ်။ သခင်ယေရှု ကတော့ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိပါတယ်။

စာတန်ထွက်ခဲ့ပါ။ ဒီဖျားနာနေတဲ့သူကို စွန့်ခွာပြီး ထွက်ခဲ့ပါ။ ယေရှုနာမ၌ ဆုတောင်းပါတယ်။ သန့်ရှင်းသော လက်တော်တွေ နဲ့ကယ်တင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က နှုတ်ကပတ်တော်ကို ယုံကြည်ပြီးတော့ ဘုရားသခင်ရဲ့အတွေးတွေရဲ့ လက္ခဏာတော်တွေကို ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့လက်တွေဟာ တစ်ဦးပေါ်ကိုတစ်ဦး တင်လျှက်ရှိပါတယ်။ သင့်အနေနဲ့ သူတို့ကို ဘယ်လိုမှ ဆွဲကိုင်မထားနိုင်တော့ပါဘူး။ ထွက်ခဲ့ပါ။ ယေရှုနာမ၌ ထွက်ခဲ့ပါ။

257 ၂၅၇။ ကိုယ်တော်ရှင် သခင်ယေရှုရဲ့နာမ၌ဟုပြောတဲ့အခါမှာ ကိုယ်တော်ရှင် ရှိနေပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်က သူဒီမှာရှိတဲ့အကြောင်း ပြောပါတယ်။ သင်ရှိနေခြင်းနဲ့ သင်ယုံကြည်ခြင်းအားဖြင့် ပြောသောစကားသည် ကိုယ်စားပြုသူတစ်ဦး ဖြစ်ပါသည်။ အဲဒီအကြောင်းကို ပြောပါတယ်။ သင်ဟာ ကိုယ်စားပြုသောသူတစ်ယောက် ဖြစ်မယ်ဆိုရင် ပထဝီသဘောအရ ပြောရမယ်ဆိုရင် အတိုင်းအတာတိုင်းအားလုံးမှာ ကျွန်တော်တို့ ဖေါ်ပြနိုင်ခြင်း ဖြစ်ပါတယ်။ သင်တို့ဟာ ကယ်တင်ခြင်းရတဲ့ ဘုရားသခင် သားသမီးတွေဖြစ် တယ်ဆိုတာကို အသိအမှတ် ပြုနိုင်ပါသလား? သင့်ရဲ့အိမ်ထဲမှာ သင်အသိအမှတ် ပြုနိုင်ပါသ လား? ဒီနေရာကတော့သင်သွားနေတဲ့ နေရာဘဲ ဖြစ်ပါတယ်။

အဲဒီ အကြောင်းကြောင့် သင်ဒီကို ရောက်လာပါတယ်။ ခရစ်တော် အကြောင်းကြောင့် သင်ဒီကို ရောက်လာရခြင်း အကြောင်း ရင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို သင်က စားသုံးနေရပါတယ်။ ဤကဲ့သို့သော အချိန်ကို သင်ရရှိနိုင်မယ်ဆိုရင် သူဖေါ်ပြထားတဲ့ သူ့ရဲ့ပုံသဏ္ဍာန်တော်တွေအတိုင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ရှေ့တော်ကိုရောက် တဲ့အခါမှာ ဘယ်လိုဖြစ်မှာလဲ? နှစ်သက်ဖွယ်ကောင်းမှာဖြစ်ပါတယ်။ သင်တို့တစ်ဦးစီက အနာရောဂါငြိမ်းစေတဲ့အခွင့်ရှိမယ်။ ဖျားနာတဲ့သူတွေအပေါ်မှာ လက်ကိုတင်ပြီး ဆုတောင်းနိုင်တဲ့အခွင့်ရှိမယ်။ သင်တို့တစ်ဦးစီကလည်း ဗတ္တိဇံပေးဘို့ အခွင့်ရှိမှာ ဖြစ်ပါတယ်။

258 ၂၅၈။ ယေရှုနာမ၌ ဗတ္တိဇံမခံရသေးတဲ့သူ တစ်စုံတစ်ယောက်ရှိမယ်ဆိုရင် ရေကန်က အားနေပါတယ်။ ရေကန်က ကြိုဆိုပါ တယ်။

အဲဒီနည်းလမ်းတစ်နည်းလမ်းအားဖြင့်သာ သင်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဘုရားသခင်နှုတ်ကပတ်တော်ကို နာခံဘို့ဘဲ ဖြစ်ပါ တယ်။ နှုတ်ကပတ်တော်လေးတစ်ကြောင်းကို အစကပြန်စပြီး ယုံကြည်ဘို့ဘဲ ဖြစ်ပါတယ်။ အဲဒီအားဖြင့် ကမ္ဘာလောကကြီးကို အပြစ်ဖြစ်စေပါတယ်။ သခင်ယေရှု မိန့်တော်မူတာကတော့ ဒီနှုတ်ကပတ်တော်ထဲက ပေါင်းထည့်ခြင်း၊ နုတ်ယူခြင်း ပြုလုပ်တဲ့ သူတွေ ဘယ်သူဘဲဖြစ်ဖြစ် ကောင်းကင်နိုင်ငံ ဝင်ခွင့်မရှိဘူးလို့ဆိုထားပါတယ်။ အသက်စာစောင်နဲ့ သူ့နံမယ်ကို ပယ်ဖျက်ပစ် လိုက်မှာ ဖြစ်ပါတယ်။

သမ္မာကျမ်းစာထဲမှာ နေရာမရှိပါဘူး။ ဘယ်သူဘဲဖြစ်ဖြစ်၊ ဗတ္တိဇံခံယူတာဘဲဖြစ်ဖြစ်၊ အသင်းတော်ထဲမှာဘဲဖြစ်ဖြစ် ယေရှုနာမ၌ ဗတ္တိဇံခံမှသာ ဗတ္တိဇံစစ်မှန်တယ်လို့ သမ္မာကျမ်းစာထဲမှာ ဖေါ်ပြထားတာရှိပါတယ်။ အဲဒီနည်းလမ်းအတိုင်း ဗတ္တိဇံ မခံဘူးဆိုရင် အဲဒီ နည်းလမ်းအတိုင်း ဗတ္တိဇံခံသင့်ပါတယ်။

ဘာကွာခြားမှုမှ မရှိပါဘူးလို့ သင်ကပြောမှာ ဖြစ်ပါတယ်။ ဧဝအတွက် ဆိုခြင်းဖြစ်ပါတယ်။

စာတန်က ဘုရားသခင်ကို သေချာသိပါသလား¿ သူပြောခဲ့တယ်လို့ဆိုခြင်းဖြစ်ပါတယ်။

259 ၂၅၉။ ပေတရုကို ကိုယ်တော်ရှင်က ကောင်းကင်နိုင်ငံသော့များကိုပေးပါတယ်။ ပင်တေကုတ္တေနေ့မှာဘဲ သူချည်နှောင်ထား တဲ့အရာတွေဟာ ကိုယ်တော်က ချည်နှောင်ထားမယ်လို့ဆိုပါတယ်။ ဒီအကြောင်းရင်းကြောင့် သတို့သမီးဟာ ကြိုတင်ပြီးတော့ မြင်ကွင်းမှာ ပေါ်လာပါတယ်။ ဒုတိယအချိန်မှာလည်း အသင်းတော် ရှိရမှာ ဖြစ်ပါတယ်။ နောက်ပိုင်းနေ့ရက်တွေမှာ ရွေးချယ်ထားတဲ့ အသင်းတော်ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ပထမနေ့ရက်မှာဘဲ ဖြစ်ပါတယ်။ သစ်ပင်က အမြစ်ထဲကနေ ထွက်လာပါတယ်။ ပြီးရင် သတို့သမီးသစ်ပင် ထဲကနေပြီး ပေါ်ထွက်လာပါတယ်။ အဲဒီအချိန်က ဖြစ်ခဲ့တဲ့အတိုင်းဘဲ ပေါ်ထွက်လာ ပါတယ်။ ဘုရားသခင်ရဲ့ လက်ျာတော်အတိုင်းဘဲ တစ်ဖန်ပြန်လည်ပြီးတော့ ဖြစ်လာပါတယ်။ ကျွန်တော် လွန်ခဲ့တဲ့ တနင်္ဂနွေနှစ် ပတ်က ပြောခဲ့တဲ့အတိုင်းဘဲ မြို့တော်ကို တည်ထောင်သွားဘို့ဘဲ ဖြစ်ပါတယ်။ ဘုရားကောင်းချီးပေးပါစေလို့ ယခုအခါမှာ ယုံကြည်ပါတယ်။

260 ၂၆၀။ စာတန်က ရှုံးနိမ့်သွားပါတယ်။ သူသိတဲ့အရာကတော့ သူဟာ ကမ္ဘာလောကကြီးပေါ်မှာ ရှိနေပါတယ်။ သူဟာ ဟောက်သော ခြင်္သေ့ကဲ့သို့ ဖြစ်နေပါတယ်။ ဘယ်လောက်မှ မကြာတော့ပါဘူး။ သူအဆုံးသတ်သွားရတော့မှာ ဖြစ်ပါတယ်။ သူ့အ ချိန်ကို သူသိနေပါ တယ်။ သူဟာ ခြင်္သေ့ကဲ့သို့ဘဲ ဟိန်းဟောက်သွားနေပါတယ်။

ငြိမ်သက်ခြင်းရဲ့မင်းသားက ရပ်တည်နေပါတယ်။ အင်မတန်ကြီးမြတ်တဲ့ ဘုရားသခင်နဲ့ဆိုင်တဲ့ ကြီးမားတဲ့အရာဘဲ ဖြစ်ပါတယ်။ ဗိသုကာကတော့ ဒီတည်ဆောက်တဲ့ ဗိသုကာဘဲဖြစ်ပါတယ်။ ဘယ်သူက သင့်ကို တည်ဆောက်ထားပါသလဲ? အန္တိ၊ ဗိသုကာက တည် ဆောက်တယ်ဆိုရင် အဲဒီအဆောက်အအုံကို ဘယ်လိုတည်ဆောက်ရမလဲဆိုတာကို သူသိမှာဖြစ်ပါတယ်။ မှန်ကန်တဲ့ နေရာကို သူသိမှာ ဖြစ်ပါတယ်။ ဗိသုကာထက်တောင် သူက ပိုသိမှာ ဖြစ်ပါတယ်။ ဒီနေရာကိုလာပြီး သူကသက်သေပြရ မှာဖြစ်ပါတယ်။ သူ့ကိုယ်သူသက် သေပြခြင်းဘဲ ဖြစ်ပါတယ်။

အခုအခါမှာ သင့်ရဲ့ယုံကြည်ခြင်းအပေါ်မှာ အခြေခံလျှက်ရှိပါတယ်။ ယုံကြည်ပါ။ ယုံကြည်ခြင်းသာရှိပါ။ အဲဒီမြို့တော်ထဲကို ကျွန်တော် ဝင်ခွင့်ရှိပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော့်ကို ကျွန်တော်တို့အတွက် ပြင်ဆင်ပေးပါတယ်။ ခေတ်ကာလအဆက် ဆက်က ကယ်တင်ခြင်းရပြီးသူတွေအားလုံး ဘုန်းထင်ရှားစေတဲ့ သီချင်းကို သီဆိုပြီးတော့ ပလ္လင်ဖြူပတ်လည်မှာ စုရုံးလျှက် နေကြပါတယ်။ တစ်ခါတစ်ရံမှာ ကောင်းကင်ကို ပြန်ပြီးတော့ သတိရပြီးတော့ လွမ်းမိပါတယ်။ အားလုံးပြီးသွားပြီဆိုရင် အဲဒီနေရာ မှာရှိတဲ့ ဘုန်းကို ကျွန်တော် ရရှိမှာဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ကယ်တင်ရှင် တွေ့မြင်ရတဲ့အခါမှာ မည်မျှဝမ်းမြောက်ဘွယ်ဖြစ်ပါသလဲ? အဲဒီလှပတဲ့ ရွှေမြို့တော်မှာဘဲ ဖြစ်ပါတယ်။

261 ၂၆၁။ ဒီညအသင်းတော်မှာ ပွဲတော်ရှိပါတယ်။ ဒီမြို့ထဲမှာ ခင်ဗျားတို့နေမယ်ဆိုရင် လာနိုင်ပါတယ်။ ခင်ဗျားတို့လာဘို့ ကျွန်တော်တို့ လိုလားပါတယ်။ ကျွန်တော်တို့ အောက်မေ့သတိရဘို့ ပွဲတော်ဝင်ကြမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို အောက်မေ့သတိရဘို့ဘဲဖြစ်ပါ တယ်။

ခင်ဗျားတို့ကို ကျွန်တော် ချစ်ပါတယ်။ ဘယ်လိုဖေါ်ပြရမလဲဆိုတာကို မသိတော့ပါဘူး။ ခင်ဗျားတို့ဟာ ဒီလောကရဲ့ လောက ဆားဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့အပြုအမူတွေဟာ လောကသားတွေနဲ့ မတူဘူးဆိုတာ သိရပါတယ်။ ခင်ဗျားတို့ကို ကျွန်တော် ပိုပြီးယုံ ကြည်စိတ်ချသွားပါတယ်။

ဒီအုပ်စုကလေးကတော့ ကျွန်တော်တို့ကဲ့သို့ဘဲ ချစ်စရာကောင်းနေမှာဖြစ်ပါတယ်။ ကွဲသွားမှာ မဟုတ်ပါဘူး။ ဒီနေ့ရက်တွေ မှာ ကျွန်တော်တို့ အဲဒီအကြောင်းကို အိမ်မက်မက်မိပါတယ်။ အကယ်၍ တစ်ယောက်ယောက်က သေဆုံးသွားမယ်ဆိုရင် ကျွန်တော်တို့ တစ်ဖန်ပြန်လည်ဆုံတွေ့ကြမှာ ဖြစ်ပါတယ်။

တောက်ပတဲ့မနက်ခင်းမှာ၊ မြစ်ကမ်းနံဘေးမှာ ခင်ဗျားတို့ကို ပြန်လည်ဆုံတွေ့ရမှာ ဖြစ်ပါတယ်။

ဝမ်းနည်းကြေကွဲဘွယ်ရာတွေအားလုံး မြောပါသွားမှာ ဖြစ်ပါတယ်။

ဂိတ်တံခါးတွေ ဖွင့်ထားတဲ့အချိန်မှာ ကျွန်တော်ဟာ အဲဒီနား မှာ ရပ်နေမှာ ဖြစ်ပါတယ်။

ဒီဝမ်းနည်းစိတ်ပျက်ဖွယ် ဘဝရဲ့ခရီးအဆုံးမှာဘဲ ဖြစ်ပါတယ်။

မနက်ခင်းမှာ ခင်ဗျားတို့ကို တွေ့ရပါမယ်။

တောက်ပတဲ့ မြစ်နံဘေးမှာဘဲ ဖြစ်ပါတယ်။

ချီဆောင်တဲ့အခါမှာ ဟောင်းနွမ်းတဲ့အရာတွေအားလုံး ပြန်လည်ဆန်းသစ်မှာ ဖြစ်ပါတယ်။

ခင်ဗျားတို့ကို ကျွန်တော်တို့ တွေ့ရပါမယ်။

ခင်ဗျားတို့ကို လည်း သိရပါမယ်။

မနက်ခင်းမှာ ခင်ဗျားတို့ကို သိရပါမယ်။

ကျွန်တော်ရဲ့အပြုံးအားဖြင့်ဘဲ ဖြစ်ပါတယ်။

မနက်ခင်းမှာ ခင်ဗျား တို့ကို ဆုံတွေ့ရပါမယ်။ စတုရန်းပုံဆောက်ထားတဲ့ မြို့တော်ထဲမှာဘဲ ဖြစ်ပါတယ်။

262 ၂၆၂။ ခင်ဗျားတို့ အဲဒါကို နှစ်သက်ပါသလား? ကျွန်တော်တို့ ပြန်လည် ဆုံတွေ့သည့်တိုင်ဖြစ်ပါတယ်။ အခုမတ်တပ်ရပ်ပြီးတော့ သခင်ယေရှုနာမ၌ အတူတူ ဒီသီချင်းကို ဆိုကြပါစို့။

သင်ကိုယ်တော်ကို ချစ်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ ကိုယ်တော်ရှင်ဟာ နှစ်သက်ဖွယ်မကောင်းပေ ဘူးလား? အာမင်။ ဒါအမှန်တရားဖြစ်တယ်ဆိုတာ သင်ယုံကြည်ပါသလား? အာမင်။ အဲဒီလမ်းကို သင်ဦးတည်နေပါသလား? ဘုရားကျေးဇူးတော်လမ်းအားဖြင့်ဘဲ ဖြစ်ပါတယ်။ အာမင်။ ကျွန်တော်တို့ အဲဒီနေရာကို ရောက်တဲ့အထိဘဲ ဖြစ်ပါတယ်။ ယေရှု နာမကို သင်နဲ့အတူ ဆောင်ယူသွားပါ။ အန္တာရာယ်တွေအားလုံးကို ကာကွယ်ရန်အတွက်ဘဲ ဖြစ်ပါတယ်။ သင့်ဘေးပတ်လည်မှာ စုံစမ်းနှောက်ယှက်ခြင်းတွေ ဝန်းရံနေတဲ့အခါမှာ သန့်ရှင်းသောနာမတော်ကို ဆုတောင်းခြင်းနဲ့ ရှူသွင်းလိုက်ပါ။ အဲဒါက လုပ်ရမဲ့အရာဘဲ ဖြစ်ပါတယ်။ သင်နဲ့အတူ ပြန်လည်ဆုံတွေ့တဲ့အထိဖြစ်ပါတယ်။

သခင်ယေရှုနာမကို သင်နဲ့အတူ ဆောင်ယူပါ။

ဝမ်းနည်းခြင်းရဲ့သားသမီးများ ဒီနေ့ညလားလို့ တစ်စုံတစ်ယောက်သောသူက မေးလိုက်ပါတယ်။

မဟုတ်ပါဘူး။ သင်တို့အတွက် ဝမ်းမြောက်ဖွယ်၊ နှစ်သိမ့်ဖွယ် ဖြစ်ပါ လိမ့်မယ်။

သင်သွားတဲ့နေရာတိုင်းကို ယူဆောင်သွားပါ။

မြတ်နာမ၊ ချိုသာလှပါတယ်။

ကောင်းကင်နဲ့မြေကြီးရဲ့ မြော်လင့်ရာဖြစ်ပါတယ်။

မြတ်နာမ၊ ချိုသာလှပါတယ်။

ကောင်းကင်နဲ့မြေကြီးရဲ့ မြော်လင့်ရာဖြစ်ပါတယ်။

263 ၂၆၃။ ကျွန်တော် အခုဆိုရင် ကျွန်တော့်ရဲ့တရားဟောချက်ကို ကျော်သွားပါတယ်။ တစ်နေ့သောအခါမှာ ကိုယ်တော်ရှင်အလို တော်ရှိတယ်ဆိုရင် ကျွန်တော် ပြန်လာပြီး ဒီမြို့တော်နဲ့ ပတ်သက်တဲ့ အကြောင်းအရာကို ပြန်ပြောပြမှာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အချိန်ပိုရမယ်လို့ ထင်ပါတယ်။ ခင်ဗျားတို့ အကြာကြီးနေရတဲ့အတွက်လည်း ခင်ဗျားတို့ ညောင်း နေကြမှာဖြစ်ပါ တယ်။ ဒီနေ့ ပူလည်းပူပါတယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော် သီချင်းဆိုရတာ သဘောကျမိပါတယ်။

ဒီမှာရှိတဲ့ ပတ်ဝန်းကျင်ကတော့ ဟိုတစ်နေ့ညက အပြင်ကဖွင့်ထားတဲ့ အသံချဲ့စက်ကို ပိတ်လိုက်ပါတယ်။ ဒီသတင်းစကားကို ကျွန်တော် အများကြီးကြိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီသီချင်းဆိုသံကို ဘာဖြစ်လို့ ဖွင့်ရတာလဲ? ဥပမာ၊ ဘာလို့ဖွင့်ရတာ လဲလို့ဆိုပါတယ်။ ဒါကြောင့်မို့လို့ ပတ်ဝန်းကျင်က လူတွေကို ကျွန်တော်ပြောချင်ပါတယ်။ ဒီမနက် နားထောင်နေမယ်ဆိုရင် အကောင်းဆုံးမိတ်ဆွေများ ဂျက်ဖာဆင်ဗီးလ်မှာ ကျွန်တော်တို့ ရရှိခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ကားကိုလည်း အိမ်ရှေ့တွေမှာ ရပ်ထားတယ်။ သူတို့ဘာမှ အဲဒါနဲ့ပတ်သက်လို့ မပြောပါဘူး။ ကျွန်တော်တို့ဆက်ပြီးတော့ ထားထားပါတယ်။ ခင်ဗျားတို့ကို ယခုအခါမှာ ကျေးဇူးတင်ပါတယ်။

ကိုယ်တော်ရှင် မည်မျှ နှစ်သက်ဖွယ်ကောင်းပါသလဲ¿

ဘုရားသခင်သင်တို့နဲ့အတူ ရှိပါစေ။ မြတ်နာမ၊ ချိုသာလှ၊ မြေနှင့် ကောင်းကင်ရွှင်မြူးရာ သီချင်းကို ကျွန်တော် ဆိုပါမယ်။

အခုအခါမှာ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ သင်းအုပ်ဆရာကလည်း စည်းဝေးကြီး ရုပ်သိမ်းပေးမှာဖြစ်ပါတယ်။ ဘုရားသခင် သင်တို့နဲ့အတူရှိပါစေ။ ကျွန်တော်တို့ သခင်ယေရှုရဲ့ခြေတော်ရင်းမှာ ပြန်လည်ဆုံတွေ့တဲ့အခါမှာ အဲဒီဆုံတွေ့တဲ့အချိန်၊ မြို့တော်ထဲမှာ ပလ္လင်တော်ထဲမှာ တွေ့တဲ့အတိုင်းဖြစ်ပါတယ်။ ပြန်လည်ဆုံတွေ့သည့်တိုင် ဖြစ်ပါတယ်။ ဘုရားသခင် ကျွန်တော် တို့ ပြန်လည်ဆုံတွေ့တဲ့ အထိ ဘုရားသခင် သင်တို့နဲ့အတူ ရှိတော်မူပါစေ။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)